www.burmeseclassic.com

# ရုား

## အဖြူဟုခေါ်သည်

BURMESE CLASSIC

ART GROUP

www.burmeseclassic.com

www.burmeseclassic.com

# ရှား

**အမြှုပ်ဟုခေါ်သည်**

**စာမူခွင့်ပြုချက်အမှတ်** - ၃၂၃/၂၀၀၂ (၆)

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** - ၃၃၉/၂၀၀၂ (၆)

**၂၀၀၂၊ နိုဝင်ဘာလ၊ ပထမအကြိမ်၊ ၅၀၀ အုပ်၊ ၃၀၀/=**

ထုတ်ဝေသူ... ဒေါ်မိုးဇော်နိုင် (ချိုတေးသံစာပေ-၁၆၉၂)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့(၃)၊ မင်္ဂလာဒုံ၊ ရန်ကုန်မြို့။
ပုံနှိပ်သူ ... ဦးကျော်လှိုင် (စေတနာ OFFSET) ၅၂၃၄
အမှတ် (၁၉)၊ (၁၃)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။



## နိုင်ငံရေး ဦးတည်ချက် ( ၄ ) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် ( ၄ ) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် ( ၄ ) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com



## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

စည်းကမ်းလိုက်နာ အေးကင်းကွာ
စည်းကမ်းရှိမှ တိုးတက်မည်
စည်းမျဉ်းကိုက်ညီ အေးကင်းသည်

နိုင်ငံတော်ပွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော
တာဝန်ဖြစ်သည်။

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



နေအရောင်က တကယ့်ကို ပူပြင်းလှသည့် ကျ,နေဖြစ်ပြီး အပင်ရိပ် နည်းပါးလှသည်မို့ ဝန်းကျင်သည် သွေ့ခြောက်ပြီး ကန္တာရ ဆန်လှသည်။ ဆေးရုံသည် အဝါရောင်လွှမ်းသော ကွင်းပြင်၏ရှေ့မှာ ကန္တာရထဲက အိုအေစစ်သဖွယ် ရှိပေမယ့် အပူရှိန်ကိုတော့ ခံစားရသည်ပင်။ "ကန္တာရဝတီ ငွေတောင်ပြည်" ရယ်လို့ သည့်လို အမှတ်သညာ ထားခဲ့ကြသည် ဆိုတော့လည်း ...။

အမျိုးသမီး သားဖွားမီးယပ်ဆောင်ထဲ သူ ဝင်လိုက်သည့်အခါ နေ့လယ်ခင်း နှစ်နာရီအချိန်၏ ငြီးငွေ့ ငိုက်မြည်းဖွယ်ဖြစ်ခြင်းကို ပီပီပြင်ပြင် ခံစားရသည်။ ထူးထူးခြားခြားပင် ကလေးငိုသံတွေလည်း တိတ်ဆိတ်နေခဲ့သည်။ တကယ်ဆို မွေးကင်းစ ကလေးငယ်များဖြင့် အမြဲလို နီးနီးကြားကြား ဖြစ်နေတတ်သည့် အဆောင်မဟုတ်လား ...။ လူနာတွေ တချို့ အိပ်နေကြပြီး တချို့မိခင်တွေလည်း ကလေးငယ်တွေကို နို့တိုက်နေသည်။ မြင်ကွင်းကတော့ သူ နေ့စဉ် ရင်းနှီးစွာ ဖြတ်သန်းခဲ့ရသည့် ဆေးရုံတစ်ခု၏ မြင်ကွင်းပါပဲ။ လူနာဆောင်ထဲ မဝင်သေးဘဲ တံခါးပိတ်ထားသည့် နားနေခန်းတွေရှေ့မှာ ခဏရပ်ပြီး ကြည့်နေမိသည်။

www.burmeseclassic.com



"ဟဲ့ …၊ ကလေးက မငိုဘူးဆိုတိုင်း နို့မတိုက်လို့ ဖြစ်မလား။ ကိုယ့်ကိုယ်ကို သိပ်ညှာမနေနဲ့ နို့မတိုက်ဘဲ အဲလို အကြာကြီးနေရင် နင့် နို့သီးအနာက ပိုဆိုးမှာပေါ့။ နို့ထွက်မှ ဖြစ်မယ်လေ … နည်းနည်းတော့ အနာခံပေါ့ …။ ကလေးလည်း နို့ဆာမှာပေါ့။ မွေးတုန်းက ဖောင်းဖောင်းပြည့်ပြည့်ကြီး … ခု ကြည့်စမ်း ဘယ်နှစ်ရက် ရှိသေးလဲ ကလေးက ပေါင်ချိန် ကျသွားပြီ …

အံမယ်လေး … ဟိုအမျိုးသမီး မရွှေနု လုပ်မနေနဲ့။ အနာပေါ် ပီအောင်ဖိထိုင်မှပေါ့ … အနာမကျက်ဘဲ ချုပ်ရိုး မစေ့ရင် ဆက်ကင်ဒရီ ထိမှာနော် …။ ဆေးထည့်ရင်လည်း ကောင်းကောင်းမနေဘူး၊ တွန့်လိမ်ပြီး အသံပြုနဲ့ အော်သေး တယ် …

ထိုင်စမ်း … ထိုင်စမ်း … ဒီလို မဟုတ်ဘူး။ အောက်က စောင်ခေါက်လေး ခု,ပြီးထိုင်။ အံမယ် … ကျွတ် … ကျွတ် လုပ်မနေနဲ့ ထိုင်ဆို …"

အသံက တကယ့်ကို စူးစူးရှရှကလေး …။ အဖြူ ဆွတ်ဆွတ် ခါးတိုအင်္ကျီ ထဘီအနီရဲရဲကလေးနှင့် အရပ်က မိန်း ကလေးတန်မယ့် အတော့်ကို မြင့်မားပေမယ့် ကိုယ်ခန္ဓာ သေးသေး သွယ်သွယ် ဆရာမကလေးသည် လူနာခုတင်တွေ ခုတင်စေ့အောင် ကြည့်ရင်း ပါးစပ်ကလည်း အဆက်မပြတ် ရေရွတ်နေသည် သူမ၏ အသံသေးသေးစူးစူး ကလေးသည် တိတ်ဆိတ်နေသ အဆောင်ကြီးထဲမှာ ညဥ့်နက်သန်းခေါင် ကြားရသည့် ပုစဉ်းရင် အသံတွေလိုပင် စိတ်ထဲ ကသိကအောက် ဖြစ်ချင်စရာ။ မ



တစ်နေ့ကမှ သည်ကိုရောက်သည် ဆိုပေမယ့် အဲသည်လို စကားသံမျိုးကိုတော့ ဘယ်နေရာမှာမှ မနှစ်သက်နိုင်ခဲ့တာမို့ သူက လူနာဆောင် အလယ်ထိ လျှောက်သွားလိုက်ပြီး အရပ်မြင့်မြင့် ဆရာမ၏ နောက်ကျောဘက် ခပ်လှမ်းလှမ်းမှာ ရပ်လိုက်သည်။

"ဆရာမ … လူနာတွေကို သိပ်မအော်ပါနဲ့။ နားလည်အောင် စိတ်ရှည်ရှည် ပြောမှပေါ့"

သူမသည် ချက်ချင်းပင် သူ့ဘက်ချာခနဲ လှည့်လာပြီး တစ်ခုခုပြောဖို့ နှုတ်ခမ်းတွေကို ဟ,လိုက်သည်။ အရှင်းမှာ ကျုံ့ဝင်နေသည့် သူမ၏ မျက်ခုံးထူထူ နက်နက်ကလေးတွေ တဖြည်းဖြည်း လျော့ပြေသွားပြီး မျှော်လင့်မထားသည့် အံ့သြခြင်းတွေနှင့်အတူ သွက်လက်သည့် လှုပ်ရှားမှုတွေ ရုတ်တရက် လေးကန်သွားခဲ့သည်။ ပြီးတော့ သူမ နှုတ်ခမ်းတွေထဲက ခေါ်သံတိုးတိုး ကြားရသလိုပဲ …။

သည်မျက်နှာလေး …။

မြင်ဖူးသည် ဆိုရုံမက ရင်းနှီးဖူးသည် ဟုပင်ထင်မိသည်။ သို့ပေမယ့် အလုပ်ခွင်ထဲမှာရော အလုပ်ခွင်ပြင်ပမှာပါ အမျိုးသမီး အသိမိတ်ဆွေတွေ အများကြီး ရှိခဲ့ဖူးသည့် ကိုကိုပြည့်စုံသည် သူမကို ဘယ်တုန်းက ဘယ်နေရာမှာ ရင်းနှီးခဲ့ဖူးသည် ဆိုတာ ရုတ်တရက် စဉ်းစားမရ။

ဆံပင်ရှည်ကို သပ်သပ်ရပ်ရပ် သိမ်းဆည်းထုံးဖွဲ့ပြီး ကတ်(ပ်)ဖြူဖြူလေး ဆောင်းထားသည်မို့ မိန်းမကြီးတစ်ယောက်၏ ရင့်ကျက်မှုမျိုးနှင့် ကျက်သရေတင့်တယ်ခြင်းသည် အဲသည် အဖြူ အနီတွဲလျက် ယူနီဖောင်း၏ အသက်ဝင် ရှင်သန်မှု ဖြစ်သည်ကြောင်း

www.burmeseclassic.com



နုပျိုကလေးဆန်သည့် မျက်နှာကလေးသည် သူမ၏ ယူနီဖောင်းကြောင့် တစ်မျိုးတစ်ဖုံ ပြောင်းလဲနေ၏။ အသားအရေက ဖြူဖွေးဆွတ်နေတာမျိုး မဟုတ်ပေမယ့် မွတ်မွတ်ညက်ညက် ဝင်းပနေသည်။ နှာတံထိပ်ချွန်ချွန်ကလေးနှင့် ခဲတံရာမဟုတ်ဘဲ ပင်ကိုယ်နက်မှောင်ညွတ်ကွေးသော မျက်ခုံးသည် သူမ မျက်နှာပေါ်မှာ ထင်ရှားသိသာစွာ လှပသော အစိတ်အပိုင်းများဖြစ်ပြီး အရပ်ရှည်မြင့်သည်ကလွဲလျှင် ငယ်ရွယ်နုပျိုသော မိန်းကလေးတစ်ယောက်၏ နုပျိုခြင်းဂုဏ်အရည်အချင်းကိုသာ ချီးမွမ်းစရာ ဖြစ်လိမ့်မည်။ ထူးခြားလှပသည်ဟု ပြောနိုင်စရာ မရှိပေမယ့် အဖြူအနီတွဲလျက် ဝတ်စုံနှင့် သူမသည် အတော့်ကို လိုက်ဖက်နေ၏။

သူ့ကိုကြည့်သည့် အကြည့်ကတော့ သိပ်ဟောင်းကျွမ်းဟောင်း တစ်ယောက်ကို ပြန်တွေ့ရသည့် မျက်နှာအမူအရာမျိုးသာမက အနည်းငယ် ကြောက်ရွံ့ဟန်ပင် ပါဝင်နေသည်။ မိတ်ဆွေဟောင်းတစ်ယောက်နှင့် ပြန်လည်ဆုံစည်းရသည်မို့ လိုက်လှဲဝမ်းသာရသည့် အမူအရာမျိုး နည်းနည်းမှ မပါဝင်ပါ။

သေချာပါသည် ...။

သူမနှင့် သူသည် ခင်မင်ရင်းနှီးသော မိတ်ဆွေများမဟုတ်ကြပါ။

အဲသည် စူးစူးသေးသေး အသံကလေးကို သူ ... မနှစ်မြို့ခဲ့ရတာ ...

"ဪ ..."

အာမေဋိတ်သံ တိုးတိုးသည် သူမထံကလား သူ့ထံလား မသိလိုက်ပါ။ နှစ်ယောက်စလုံး ထံကလည်း ဖြစ်နိုင်ပါသည်။



သူမ ဘယ်သူဆိုတာ သူ မမှတ်မိနိုင်ခင်မှာပင် သူမကတော့ သူ့ကို ဘယ်သူ ဘယ်ဝါဆိုတာ သေချာသိနှင့်နေပြီးဖြစ်သည်။

"ကိုကို ပြည့်စုံ"

သူမ၏ သူ့ကို သွားစွယ်ချွန်ကလေးတွေပေါ်အောင် လိုက်လှိုက်လှဲလှဲ ပြုံးရယ် နှုတ်ဆက်လိုက်စဉ်မှာတော့ သူမကို သူ ကောင်းစွာ မှတ်မိနိုင်ခဲ့ပြီ ...။

"ကျွန်မ ... အဖြူ ... ပါ"

အို ...

သိပ်ကို သေချာတာပေါ့ ... ...၊

သည်အမည်နာမနှင့် မိန်းကလေးကိုမှ သူ မမှတ်မိနိုင်ခဲ့တာ ဘယ်လောက် ဆိုးရွားသလဲ ...။

တကယ်ဆို ... သူ မေ့လျော့ပစ်ဖို့ မသင့်ပါ။

"ဟုတ်သားပဲ ... အဖြူ ... အဖြူ ..."

သူသည် ရုတ်တရက် ဝမ်းသာ အံ့ဩလျက် ခပ်တိုးတိုး ရေရွတ်လိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း(တစ်)

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁)

လွန်ခဲ့သည့် ကိုးနှစ်ကျော် ကာလငယ်လေးတစ်ခုမှာတော့ "ကိုကိုပြည့်စုံ"သည် လောကကြီးထဲက အကြောင်းအရာအတော်များများကို ကျိုးကြောင်းဆက်စပ် နားလည်ပြီး သေချာနည်းလည် ဆုံးဖြတ်ရန် ပြည့်ဝစွာ မရင့်ကျက်နိုင်သေးသည့် ဆေးတက္ကသိုလ် Part I နောက်ဆုံးနှစ်အပိုင်း(က) ကျောင်းသားတစ်ယောက်သာဖြစ်သည်။ သို့ပေမယ့် ... သူက ညီညီနှင့် ပတ်သက်လာလျှင်တော့ သူ့ကိုယ်သူ ဆုံးဖြတ်နိုင်စွမ်းရှိသူ တစ်ယောက်ဟု ခံယူထားသည်။ ထို့ကြောင့် ညီညီ မိန်းကလေးတစ်ယောက်နှင့် တတွဲတွဲ ရှိနေသည် ဟု သတင်းတွေ ကြားလာတော့ လောကကြီးထဲ တစ်ဦးတည်းသော ညီလေးအတွက် ရင်ထဲက လှိုက်နေအောင်ပင် စိုးရိမ်ပူပန်ခဲ့ရသည်။ တကယ်တော့ ညီညီသည် ကလေးတစ်ယောက်လို အသိစိတ်ဓာတ်မျိုးသာ ရှိနေသေးသည်မှန်း သူသိသည်။ ပြီးတော့ သည်နှစ်မှာ ဆယ်တန်းဖြေမည့် ကျောင်းသားလည်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ မိန်းကလေး သူငယ်ချင်းတွေ အများကြီးရှိနေသည့် ညီညီကို နား လည်နိုင်ပေမယ့် မိန်းကလေး တစ်ယောက်တည်းနှင့် စွဲစွဲမြဲမြဲ အတွဲများနေသည် ဆိုတာကိုတော့ သွေးအေးနေ၍ မရချေ။ ညီညီနှင့် ပတ်သက်လျှင် သူ့မှာသာ တာဝန်အရှိဆုံးဆိုတာ ဘယ်တော့မှ မမေ့နိုင်သည့် ခံယူချက်ပင် ...။

ဘာကြောင့်လဲ ဆိုတော့ ...

သူတို့သည် နှစ်ဦးတည်းသာရှိသည့် ညီအစ်ကိုတွေပဲမို့ ဖြစ်သည်။

အဘိုး အဘွားၡ အရိပ်အောက်မှာ မှီနိုနေရသည့် သူတို့နှစ်ဦးမှာ ဖေဖေ မေမေ မရှိ။ မိဘနှစ်ပါးစလုံးသည် ညီညီ ခြောက်နှစ်အရွယ်မှာပင် ထိမ်းပါးခဲ့ပြီမို့ သည်အသက်အရွယ်အထိ သူတို့ညီအစ်ကိုသည် ဘိုးဘိုးနှင့် ဘွားဘွား၏ အရိပ်ကိုသာ မှီနို ကြီးပြင်းခဲ့ရသည်။ ဘိုးဘိုးနှင့် ဘွားဘွားသည်လည်း အသက်အရွယ် ထောက်လာပြီမို့ ယေဝဉ်ကလို ညီညီကို မျက်စိအေါက်ထောက် ကြည့်ပြီး အုပ်ထိန်းနိုင်သည် မဟုတ်ချေ ...။

ခုတော့ ညီညီသည် မီးနှင့်ကစားမို့ ကြိုးစားချင်လေ သည်လားမသိ ...။



စာကြည့်စားပွဲ အထက်က စတီဗင် ဆီးဂဲလ်သည် သူ့ကို မျက်မှောင်ကြုတ်လျက် ကြည့်နေ၏။ ညီညီ စာကြည့်စားပွဲ ပေါ်က စာအုပ်ပုံကို မျက်လုံးဝေ့ကြည့်လိုက်သည်။ ဘာသာရပ် ဆိုင်ရာ စာအုပ်တွေကြားမှာ အပြာရောင်စာအိတ် တစ်ခုတလေများ ညပ်နေလေမည်လားဟု စိုးရိမ်မိတာကို သူ့ကိုယ်သူ အကဲပိုသည် ဟု မထင်မိပါ။ ညီညီ အိပ်ခန်းသည် သူ့အခန်းလို မဟုတ်။ အခန်းနံရံတွေမှာ ရောသီ စတီးဝဲ၊ ဖကောပီယံ၊ အာနိုးလ် စသည့် နိုင်ငံခြားအက်ရှင်မင်းသားတွေ၊ ဇေးဂိုတာအဖွဲ့တွေ အပြည့်နေရာ ယူထားသည်။ အခန်းထောင့်မှာ ငြိမ်သက်နေရသည့် ဂစ်တာသည် ခင်လျှင် သူ့ပင်ကိုယ်အသားအတိုင်း မဟုတ်။ သေနတ်တွေ ဓား တွေ စာတမ်းတွေ ပုံသဏ္ဌာန်အမျိုးမျိုး စတစ်ကာတွေ မွနေအောင် ကပ်ထားသည်။

အလျင်ကတော့ ညီညီသည် စိတ်ကူးယဉ်သမား ဟုတ်မှု၍ မိန်းကလေးများနှင့် ပတ်သက်သည့် ကဏ္ဍတွေမှာ ညီညီကို အစိုးရိမ်ကြီးစရာ မလိုဟု သူ ထင်ခဲ့၏။ ညီညီက ရုပ်ရှင်ကြည့်လျှင် အက်ရှင်ကားတွေ ဖြစ်ကားတွေကိုမှ ကြိုက်သည်။ သူ့ရဲ့ကောင်းဝါဒကို ကိုးကွယ်သည်။ ယောက်ျားပီသ တည်ကြည်သူ ဖြစ်ချင်၏။ ကိုကိုလို ဆရာဝန်လုပ်ဖို့တော့ စိတ်ကူးမရှိချေ။

www.burmeseclassic.com

www.burmeseclassic.com



ဆယ်တန်းအောင်လျှင် စစ်တက္ကသိုလ်ဝင်ခွင့် ဖြေချင်သည်ဟုဆိုတော့ ဘွားဘွားသည် သူမ သည်းသည်းလှုပ် ချစ်ရသည့် မြေးအငယ်အတွက် ရတက်မအေး ဖြစ်ရလေသည်။ စောစောစီးစီး အိမ်ထောင်ချပေးလိုက်မည်ဟု ရေးလှူကြီးပီပီ တွေး၏။ သို့ပေမယ့် ဘိုးဘိုးကတော့ ဘွားဘွား၏ အစီအမံကို မထောက်ခံချေ။

ကိုကို့ အိပ်ခန်းနံရံက အဖြူရောင်သက်သက် ဖြစ်သည်။ ညီညီ့ အခန်းမှာလို မျက်စိရှုပ်စရာဟူ၍ ဆေးစာအုပ်အထူကြီးတွေသာ ရှိသည်။ ပြီးတော့ ပလတ်စတစ် ဖရိန်တွေထဲ ထည့်ထားသည့် အရိုးတွေ၊ တစ်ရှူးတွေ၊ နာမ်ဗ်တွေ၊ ဦးခေါင်းခွံတွေ အဲသည်လို မျက်စိပသာဒ လုံးဝမရှိသည့် ရုပ်ပုံကားချပ်တွေ ရှိသည်။ တစ်ခါတစ်ရံများတော့ စာကျက်ရင်း ကြည့်မှတ်လေ့လာဖို့ အရိုး အပိုင်းအစတွေ ဦးခေါင်းခွံတွေ ဆေးစိမ်ထားသည့် ကလီစာတွေ တစ်ယောက်နှင့်တစ်ယောက် လဲလှယ်ယူလာလျှင် ကိုကို့အခန်းထဲ အိမ်ဖော်လေးတွေကအစ ဝင်မလာချင်။ ပြီးတော့ ကိုကို့အခန်းမှာ ကက်ဆက်မရှိ ဂစ်တာမရှိ။ ဆယ့်ကိုးလက်မ မော်ဒယ်လ်ခပ်နိမ့်နိမ့် တီဗီတစ်လုံးသာ ရှိသည်။ ညီညီ့အခန်းထဲမှာတော့ စီဒီသုံးချပ်ထည့်နိုင်သည့် အထပ်မြင့် တိုက်ကြီးလို ဒီဗီဒီကက်ဆက်ကြီးရှိသည်။ ဂစ်တာလည်းရှိသည်။ ကာရာအိုကေ ဆိုနိုင်သည့် တီဗီ ဗီဒီယို အတွဲလည်းရှိသည်။ ပြီးတော့လည်း ညီညီ့အခန်းထဲမှာ ဝတ္ထုဟောင်းတွေ သိမ်းဆည်းသည့် စာအုပ်စင်တစ်ခုလည်း ရှိလေသည်။

ဆေးကျောင်းသား မလုပ်ချင်သည့် ညီညီသည် ကိုကို့ထက် စာဖတ်နိုင်သူ ဖြစ်၏။ ညီညီက ဘာသာပြန်စာအုပ်



တွေ ဖတ်သည်။ ရှေးက ဂန္ထဝင်စာအုပ်ဟောင်းကြီးတွေ ဖတ်သည်။ တစ်ခါတစ်ရံ ရှိတ်စပီးယား၏ ပြဇာတ်တွေကိုပါ ဒစ်ရှင်နရီတစ်အုပ် ဘေးချပြီး ဖတ်ချင်ဖတ်၏။ အဲသည်လို ညီညီက ...

[ဆရာဝန်ဆိုတိုင်း မုညာတတ်လို့ ပြောလို့မရနိုင်ဘူးနော်။ ကိုကို ဆိုရင်တော့ ဆေးပညာဆိုတာ တစ်ခုကလွဲပြီး ဘာမှ နားမလည်တဲ့ ဆရာဝန် ဖြစ်မှာပဲ]

ဟု အစ်ကိုဖြစ်သူကို နှိပ်ကွပ်တတ်သေးသည်။

ခုလည်း ညီညီက ကျောင်းစာအုပ်ကို ဘေးချပြီး ကျောင်းစာ မဟုတ်သည့် စာအုပ်တစ်အုပ်ကိုဖတ်ရင်း တစ်ယောက်တည်း တခိခိရယ်နေသည်။ ဆိုဖာထိုင်ခုံဝိုင်းလေး ညီညီ့စားပွဲဘေးမှာ ချထိုင်ရင်း သူ ညီညီ့ မျက်နှာကို စေ့စေ့ကြည့်မိ၏။

ကြည့်စမ်း ...

ပီဘီ ကလေးလေး တစ်ယောက်လိုပါပဲ ...။

ဆယ့်ခြောက်နှစ် စွန်းရုံဆိုတော့ ဆယ်ကျော်သက် အလေးပေါ့။ သချႋာက်လှုပ်တာကိုပင် ရယ်ချင်တတ်သည်ဆိုတာ သည်လို အရွယ်လေးတွေကို ပြောတာပေါ့နော် ...

သည်လိုဆိုတော့ ကိုကိုက ... ရင့်ကျက်သည့် လူကြီးငင်းပေါ့ ...,

ရယ်ချင်စရာ အတွေးပါပဲ ...။

သူ့ဘာသာ မရင့်ကျက်နိုင်ဘူး ဆိုတာလည်း သိသားငင် ...။

"ညီညီ"

"ဗြဲ ..."

www.burmeseclassic.com

www.burmeseclassic.com



ညီညီက သူ့ကို မော်၍ပင် မကြည့် ...။

"ဟ, ဘယ်လိုဖြစ်နေတာလဲ"

"ရှယ်(ရီ)နေတာလေ ... ကိုကိုရ ...။ အရမ်းကို ရှယ်(ရီ) ရတာပဲ။ ကြိုပ်ကလေးရဲ့ ပုံပြင်တွေလေ ... ခုခေတ်မှာ ဒီလောက်ဟာသမြောက်တဲ့ ပုံပြင်တွေ ဘာလို့ မထွက်ရ တာလဲ မသိဘူး။ ကိုကို ဖတ်ကြည့်ပါလား။ ခဏတဖြုတ် ဦးနှောက်ရှင်းသွားတာပေါ့"

"ကျောင်းစာဖြင့် မကျက်ဘူး"

"ဦးနှောက် ရှင်းနေတာ ကိုကိုရ။ အားရပါးရ ရယ်လိုက် တော့ ဦးနှောက်ရှင်းသွားတာပေါ့ ...။ ပြီးမှ စာကျက် မယ်"

"ညီညီ ... မင်း စာအုပ် ခဏပိတ်စမ်းပါကွာ"

"ကျစ်"

မျက်နှာရှုံ့မဲ့ စာအုပ်ကို လက်ညှိုးခံလျက် ပိတ်လိုက် ရင်း ညီညီက မော့ကြည့်သည်။ ကြည်လင်နေသော မျက်လုံးဝိုင်း ကလေးတွေက မေမေ့ မျက်လုံးလေးတွေပေါ့ ...။ ညီညီ့ မျက်လုံး မျက်ခုံးတွေက မေမေနှင့် တစ်ထေရာတည်း တူလှသည်။ ထို့ကြောင့် လည်း ဘွားဘွားက ညီအစ်ကိုနှစ်ယောက်မှာ သမီးနှင့်တူသည့် မြေးကို ပိုပြီးချစ်ခဲ့တာ မှန်ပေမယ့် ကိုကို့အတွက် မနာလိုစရာ မဟုတ်ခဲ့ပါ။ ညီညီ့ ဆံပင်လေးတွေကပင် မေမေ့ ဆံပင်သားလို ပျော့စင်းစင်း လှိုင်းတွန့်ကလေးတွေနှင့်မို့ ညီညီ မျက်နှာသွယ်သွယ် နှင့်လည်း လိုက်ဖက်လှသည်။



"နက်ဖြန် ပြန်ပေးရမှာမို့ပါ ကိုကိုရ၊ သူငယ်ချင်းတစ်ယောက် က ငှားပေးတာ။ သူတို့အိမ်နားက စာအုပ်ဆိုင်မှာ ဒီလို စာအုပ်အဟောင်းတွေ အများကြီးပဲ ..."

"ဟုတ်လား ...။ သိပ်တော်တဲ့ သူငယ်ချင်းတွေပေါ့။ စာ အတူကျက်ဖို့တော့ မတိုက်တွန်းဘဲ ပေါက်ကရစာအုပ် ငှားပေးတယ် ..."

"ဟာ, ကိုကိုကလည်း မိန်းမကြီး ကျနေတာပဲ ပွစိ ပွစိ နဲ့ ..."

"အံမယ် ... မင်းကများ ငါ့ကို ..."

မကျေမနပ် ပါးစပ်ပိတ်သွားရပေမယ့် စာအုပ်ကို တော့ လက်ကမချသေးတာမို့ ညီညီ့ လက်ထဲက စာအုပ်ကို သူ ဆွဲယူလိုက်ရသည်။

"ပေါက်ကရစာအုပ် မဟုတ်ပါဘူး၊ စန္ဒာမဂ္ဂဇင်းအဟောင်း တွေပါ ကိုကိုရ။ အဖြူက တကူးတကန့် ငှားပေးထား တာ"

"အဖြူ"

"ဟုတ်"

"အဲဒီ အဖြူ အကြောင်းပဲ မင်းဆို ငါမေးမလို့"

မျက်လွှာပင့် ကြည့်လိုက်သည့် ညီညီ မျက်ဝန်းတွေ မှာ သူ့ရင်ထဲထိ စူးစမ်းနေသည့် အမေးပုစ္ဆာတွေ များစွာပါဝင် သည်။ စောင့်ဖမ်းဖို့ ကြိုးစားထားသည့်၊ ကြိုတင်မျှော်လင့်ထားသည့် တုန်လှုပ်ခြင်းမျိုးကိုတော့ မမြင်ရပါ။

"အဖြူ ဆိုတာ ဘယ်သူလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အဖြူ ဆိုတာ ညို့ သူငယ်ချင်း ... ပေါ့"

"မင်းနဲ့ တွဲနေတဲ့ အရပ်ရှည်ရှည် ကောင်မလေး ဆိုတာလား"

"ကိုကို မေးပုံကြီးက မဟုတ်လိုက်တာ"

"ဟုတ်ဟုတ် မဟုတ်ဟုတ် ... မေးတာဖြေ"

"အရပ်ရှည်ရှည် ကောင်မလေး ဆိုတာ ဟုတ်ပါတယ်။ ကျွန်တော်နဲ့ တွဲတာလည်း ဟုတ်ပါတယ်။ သူ့နာမည် အဖြူ ဆိုတာလည်း ဟုတ်ပါတယ်။ ကိုကို့ မေးခွန်းက မဟုတ်တာ"

ညိုညို့ အကြောင်းကိုတော့ သူက နောကျေအောင် သိသည်ပင်။ ညိုညိုက စကားပြော လည်ပတ်သည်။ ဇွဲလည်ကြောင်ပတ်လည်း လုပ်တတ်သည်။ လက်တစ်လုံးခြား အဖြစ်လွှတ်အောင်လည်း ပြောတတ်သည်။ သို့ပေမယ့် ညိုညိုသည် ညီအစ်ကိုချင်း ဖြစ်သည့် သူ့ကို မလေးမခန့် မပြောတတ်။ လိမ်ညာ၍ မပြောတတ်။ ခုထိတော့ လိမ်ညာစရာ ကိစ္စမျိုးလည်း သူတို့နှစ်ဦးသား ကြားမှာ မရှိသေးဘူး ထင်မိသည်။

"ခုတလော မင်းနဲ့သူ နှစ်ယောက်တည်း အတွဲများနေတာ"

"ဟုတ်တော့ ဟုတ်တယ် ... ဒါပေမယ့် မဟုတ်ဘူး"

"ဟော့ကောင် ... ဖိုးညို"

"ညိုနဲ့ အတွဲများတာ မှန်တယ်လေ။ ဒါပေမယ့် ညိုတစ်ယောက်တည်းနဲ့ တွဲတာမှ မဟုတ်ဘဲ သူ့မှာ သူ့သူငယ်ချင်းတွေလည်း အများကြီး ရှိတာပေါ့"

"မင်း ... ရည်းစားလား"



ညိုအပေါ်သာမဟုတ်။ ဘယ်သူ့အပေါ်မှာမဆို သူ စိတ်ရှည်နိုင်ပေမယ့် ဇွဲလည်ကြောင်ပတ် ဖြေတာမျိုးကိုတော့ ခကြိုက်ပါ။ ညိုက သူ့အပေါ် လှုလည်ကျသည် ထင်မိ၏။

"မဟုတ်ပါဘူး"

"မဟုတ်ဘူးဆို နှစ်ယောက်တည်း တွဲနေတာ ဘာသဘောလဲ"

"နေပါဦး ကိုကို့ကို ဘယ်သူတွေ ချွန်လိုက်တာလဲ"

"ဒါ ... မင်းကိစ္စ မဟုတ်ပါဘူး။ မင်း ... ငါမေးတာကိုသာ ဖြေပါ"

ကိုကိုသည် ဘယ်,သူ့စိမ်းတစ်ရံဆံကိုမှ စကားမာမာ မပြောပါ။ ကိုကို့စကား ကိုကို့အသံသည် အမြဲနူးညံ့သိမ်မွေ့သည် ဖြစ်ပြီး အဲသည်လို နူးညံ့သိမ်မွေ့ခြင်းတွေအတွက် ချီးမွမ်းခြင်းကိုလည်း ကိုကိုက အမြဲတစေ ကျေနပ်လိုချင်သူ ဖြစ်လေသည်။ သို့ပေမယ့် ညိုညို့အပေါ်မှာတော့ အစ်ကိုတစ်ယောက်၏ ဝင်ရောက်စွက်ဖက်ပိုင်ခွင့်ကိုသုံးပြီး စည်းကမ်းတင်းကျပ်သည့်အခါ တင်းကျပ်ရ၏။

"နှစ်ယောက်တည်း တွဲတယ် ဆိုတာက အဖြူမှာ ယောကျ်ားလေးသူငယ်ချင်းဆိုလို့ ညိုတစ်ယောက်ပဲ ရှိလို့လေ။ မိန်းကလေး သူငယ်ချင်းတွေ ဆိုတာကတော့ အများကြီးပေါ့။ ဒါပေမယ့် အဖြူက သူ့မိန်းကလေး သူငယ်ချင်းတွေထက် ညိုကို ပိုခင်တယ်တဲ့"

"အဲဒါကရော ... ဘာသဘောလဲ"

www.burmeseclassic.com

www.burmeseclassic.com



ညီက အတော်စိတ်ပျက်သွားပြီး စာကြည့်စားပွဲရှေ့က

ထ,ကာ သူ့ခုတင်ပေါ်သွား ပက်လက်လှန် အိပ်နေလေသည်။

"မိန်းကလေး သူငယ်ချင်းတွက အပြိုင်အဆိုင်များတယ် ...

တဲ့။ ကျောင်းစာလည်းပြိုင် တခြား အဝတ်အစား၊ အ

အထိုင် ဆိုတာတွေလည်းပြိုင် ... နေရာတကာ ပြိုင်နေ

တာတဲ့ ...။ ပြီးတော့ တစ်ယောက်နဲ့တစ်ယောက် မနာ

တာတွေ၊ ရှေ့မှာတော့ လည်ပင်းဖက်ပေါင်းပြီး ကွယ်ရာ

တော့ အပုပ်ချ အတင်းအဖျင်း ပြောဆိုတာမျိုးတွေ တဲ့ ...

ညီနဲ့သူကတော့ စာအုပ်တွေ လဲဖတ်ကြတာမျိုးပဲ

အမြူက ပွင့်ပွင့်လင်းလင်း ဟောဟောဒိုင်းဒိုင်းပဲ ... အို

တင်လည်း မများဘူး။ စိတ်ထဲရှိရင် ရှိသလိုပဲ ...။ သ

စိတ်ထဲမှာ ဘာရှိတယ်ဆိုတာ လွယ်လွယ် မြင်နိုင်တယ်

"အဲဒီ ကောင်မလေးက စာတော်လား"

"မတော်ပါဘူး"

ညီက သူ့ဘာသာ ဘယ်လို ချီးမွမ်းခန်းတွေပဲ ဖွ

ဖွင့် ... ကိုကိုကတော့ "စာမတော်ဘူး"ဆိုတာ တစ်ခုတည်းနှ

ပင် အဲသည် မိန်းကလေးကို သဘောမကျနိုင်တော့ပါ။ ကျော

သားတစ်ယောက် အတွက် အကောင်းဆုံး လုပ်ဆောင်ချ

ဆိုတာ စာကြိုးစားဖို့ ... စာတော်ဖို့ပဲ မဟုတ်လား ...။ စာ

စားသည့် အပေါင်းအသင်းရှိမှ စာကြိုးစားချင်စိတ် ကူးစက်

တတ်သည်မျိုးမို့ ကျောင်းစာမှာ မထူးချွန်သည့် မိန်းကလေး

ယောက်နှင့် လျှမြင်သူမြင်ခံ၊ အပြောခံပြီး တတွဲတွဲ လုပ်နေမှာ

ကိုတော့ သူ မဖြစ်စေချင်ပါ။



"ဒါပေမယ့် ... စာမတော်တာနဲ့ပဲ အပေါင်းအသင်း မလုပ်

ရတော့ဘူးလား ကိုကိုရာ ..."

ညီက သူပြောလာမည့် စကားကို ကြိုတင်ရိပ်မိလေ

သည်။

"စာမတော်ရင် အမြဲစိတ်ခုလို့ ယူဆထားကြတာကြီးကို

ညီတော့ လုံးဝသဘောမကျဘူး။ ဒါ လူငယ်တွေအတွက်

တော့ အရည်အချင်းကို ထိန်းချုပ်ကန့်သတ်လိုက်တာပဲ။

ကျောင်းစာအုပ်ထဲမှာ မပါတဲ့ ပညာတွေနဲ့ လူငယ်တွေရဲ့

အရည်အချင်းကို အသိအမှတ် မပြုဘူးဆိုတဲ့ သဘောပဲ။

အမေရိကန်သမ္မတကြီး အေဗရာဟင်လင်ကွန်းတို့ လေယာဉ်

ပျံကို စ,ပြီးတည်ထွင်ခဲ့တဲ့ ရိုက်ညီနောင်တို့ဆိုတာ ပညာ

တော်တယ်လို့ သတ်မှတ်ခံရတဲ့ သူတွေမှ မဟုတ်တာ ..."

"ညီညီ ... တော်ပြီ။ အဲဒီ အကျိုးမရှိတဲ့ စကားတွေကို

နားထောင်ဖို့ ကိုကို လာတာ မဟုတ်ဘူး။ ကိုကို့စာကျက်

ချိန်တွေထဲက မင်းအတွက် အချိန်မှုပေးရတာ မင်းအတွက်

စိတ်ပူလို့။ မင်း ... ငယ်ငယ်ရွယ်ရွယ်နဲ့ စိတ်ကူးယဉ်ပြီး

ထင်ရာစိုင်းနေမှာ စိုးလို့ ..."

ညီညီ ခုတင်ခြေရင်းဆီ လျှောက်သွားရင်း ညီ့ညီ့

စကားတွေ နောက်ထပ်ဆက်မလာနိုင်အောင် ပြတ်ပြတ်သားသား

တားဆီးလိုက်ရသည်။ သမ္မတကြီး လင်ကွန်း၏ အမည်ကို သူ

ကြားဖူးပါသည်။ အော်ဗီရိုက်နှင့် ဝီလ်ဗာရိုက် ညီအစ်ကိုအကြောင်း

လည်း ငယ်ငယ်က ကျောင်းစာမှာ သင်ဖူးသားဖင် ...။ သို့ပေမယ့်

ညီညီ ပြောသလို သူတို့ရဲ့ အတ္ထုပ္ပတ္တိကိုတော့ သူ မသိပါ။ စိတ်

www.burmeseclassic.com

www.burmeseclassic.com



လည်းမဝင်စားပါ။ ခုချိန်မှာ လူတစ်ယောက်၏ ခန္ဓာကိုယ်ဖွဲ့စည်းပုံ နှင့် ရောဂါများ ဆေးဝါးများ အကြောင်းကလွဲလျှင် သူ ဘာကိုမှ စိတ်မဝင်စားချင်ပါ။

သို့ပေမယ့် ... ခုတော့ အဖြူဆိုသည့် နာမည်တစ်ခု ကို စိတ်ဝင်စားနေရသည်။

"အဲဒီ အဖြူဆိုတဲ့ ကောင်မလေးအပေါ် မင်း ရိုးရိုးသားသား ပဲလား"

"ရိုးသားပါတယ်"

"ကောင်မလေး ... ဘက်ကရော ..."

"ရိုးသားတယ်လို့ ထင်တာပဲ။ မရိုးသားဘူးလို့ ထင်ချင်စရာ လည်း မတွေ့ပါဘူး။ အဖြူက တကယ့်ကို အဖြူထည် သက်သက်ပါ"

ညီညွှဲထံက အဖြူဟူသော မိန်းကလေးနှင့် ပတ်သက် သည့် မှတ်ချက်ကို သူက ထူးဆန်းသည်ဟု ထင်မိလေသည်။



အဖြူဆိုသည့် မိန်းကလေးကို သူ မသိပေမယ့် အဲသည်လို ခပ်ရိုးရိုး ခပ်တုံးတုံး အမည်နာမတစ်ခုကို တယ်လီဖုန်း ထဲမှာ စ,တင် ကြားဖူးရတော့ အတော်အံ့သြခဲ့ရသည်။

"ညီပြည့်စုံ လေ ..., ကောင်မလေးတစ်ယောက်နဲ့ တွဲနေ တယ် ကိုကို။ ကောင်မလေးက အရပ်ရှည်ရှည် ဆံပင်တိုတို နဲ့ နာမည်က အဖြူ တဲ့။ အဲဒီ ကောင်မလေးက ဗရုတ်ခပ် ကျကျပဲ။ ရွာလည်း အရမ်းရွာတာပဲ။ သူတို့မိန်းကလေး ချင်းတွေနဲ့က သိပ်မတည့်ကြဘူး။ သူ့မိဘတွေက ဈေးထဲ မှာ လက်ဖက်ရည်ဆိုင် ဖွင့်ထားတယ်လေ ...။

ခင်နှင်း ပြောတာလို့ မပြောနဲ့နော် ကိုကို ...။ ညီပြည့်က ဒီနှစ် ဆယ်တန်းဆိုတော့ ကျောင်းစာမှာ ပေါ့ သွားမှာစိုးလို့ပါ ..."

ခင်နှင်း ဆိုသည့် ကောင်မလေးကို သူ ကောင်း ကောင်းသိသည်။ ခင်နှင်းသည် ညီညီထက် အတန်းတစ်တန်းကြီး ပြီး မနှစ်က ဆယ်တန်းအောင်ခဲ့သည်။ သူတို့ညီအစ်ကိုကို အသည်းနာပတ်ဝန်းကျင်မှာ စောင့်ကြည့်နေသူတွေ ရှိသည်ဆိုတာ သူ သိသလို ညီလည်း သိသည်ပင်။ ခပ်ငယ်ငယ်ကတည်းက

www.burmeseclassic.com

www.burmeseclassic.com



အမိအဘတွေ ဆုံးပါးခဲ့ရပြီး အသိုးအဘွား အရိပ်အောက်မှာ ကိုယ့်ဒူးကိုယ်ချွန်ခဲ့ရသည့် ညီအစ်ကို နှစ်ယောက်အကြောင်း သည်ပတ်ဝန်းကျင်မှာ အားလုံးလိုလို သိထားပြီးဖြစ်သည်။ သနား ကရုဏာဖြင့်ဖြစ်စေ မလိုလားမှုကြောင့်ဖြစ်စေ စိတ်ဝင်စားမှုဖြင့် ဖြစ်စေ သက်တူရွယ်တူတွေကရော လူကြီးတွေအပါ သူတို့ညီအစ်ကို ကို စောင့်ကြည့်နေကြသည်ဟု ကိုကို ထင်သည်။ ညီညီကို မျက်စိ ဒေါက်ထောက် လိုက်မကြည့်နိုင်ပေမယ့် ညီညီ ပြည့်စုံ အကြောင်း သတင်းပေးမည့်သူတွေ များစွာရှိသည်ဖြစ်၍ သူ မပူပင်ရချေ။

"အချစ် ဆိုတာကို မင်း စိတ်မဝင်စားရဘူးနော် ... ညီ ..."

ညီညီက သူ့မျက်နှာကို စေ့စေ့ကြည့်နေရင်းက ခုတင်ပေါ်မှာ ရုတ်ခနဲ ထ,ထိုင်လိုက်သည်။

"မိန်းကလေးတွေနဲ့ သူငယ်ချင်းလိုကလွဲပြီး မပတ်သက်ရဘူး။ ကိုကို့မှာလည်း မိန်းကလေး မိတ်ဆွေတွေ သူငယ်ချင်းတွေ အများကြီး ရှိနေတာပဲ။ ဒါပေမယ့် ရည်းစားဆိုတာ မရှိဘူး။ အခု ပါသိဝမ်းရောက်တဲ့အထိ မရှိဘူး။ ကိုကို ဆရာဝန် မဖြစ်မချင်း ရည်းစားမထားဘူး ...။ ညီ အိမ်ထောင်မကျမချင်း ကိုကိုလည်း အိမ်ထောင်မပြုဘူး"

"ဟာ ... ကိုကို ကလည်း ... ..."

"မင်းလည်း ... ခု ရည်းစားမထားရသေးဘူးနော်"

ညီညီ ဟက်ဟက်ပက်ပက် ရယ်နေသည်ကို သူ ခပ်တည်တည်ပဲ ငေးကြည့်နေမိသည်။ သူ့စကားကို ညီ လက်ခံသလား လက်မခံဘူးလား ဆိုတာ သူ့ကိစ္စမဟုတ်ဘူး ထင်သည်။ သူလိုချင်သည်က လောလောဆယ်မှာ ညီညီ စိတ်မထွေပြားဖို့ပဲ။



ဆယ်တန်းစာမေးပွဲကို အမှတ်ကောင်းကောင်းနှင့် အောင်ဖို့ လိုသည်။

"ဟုတ်ပါပြီ ... ဟုတ်ပါပြီ။ ဒါပေမယ့် ညီ အိမ်ထောင်ကျမှ ကိုကို မိန်းမယူမယ် ဆိုတာတော့ မလွန်လွန်းဘူးလား ကိုကိုရာ ...။ တော်ကြာ ကိုယ့်ကတိနဲ့ကိုယ် မိပြီး ကြိုက်တဲ့ကောင်မလေး တွေ့ရင်တောင် မယူရဲဘဲ ဖြစ်နေပါဦးမယ် ..."

"ကြိုက်တဲ့ ကောင်မလေးလည်း မတွေ့ပါဘူး"

"ပြောနိုင်လား ... ကိုကိုရ။ ခု မတွေ့ပေမယ့် တစ်ချိန်ချိန်မှာ တွေ့နိုင်တာပဲ။ ကိုကိုက နေရာတကာ စာအုပ်ကြီး အတိုင်း လုပ်နေ ...။ အချစ်ဆိုတာက စာအုပ်ကြီးအတိုင်း ကိုယ်ဖြစ်ချင်တယ်ဆိုတဲ့ အချိန်မှာမှ ဖြစ်လာတာ မဟုတ်ဘူးနော် ...

သူဖြစ်ချင်တဲ့ အချိန် သူ့ဘာသာ ရင်ထဲ ရောက်လာတာမျိုးဗျ"

"အမ်မယ် ... ဟောကောင် ...။ စတ္တုတွေဖတ်ပြီး ဝတ္ထုထဲက စကားလုံးတွေ ငါ့ကို လာရွတ်ပြမနေနဲ့. အဲဒါတွေက စိတ်ကူးယဉ်ပြီး ရေးထားတာ။ တကယ် မှတ်မနေနဲ့။ တကယ့် လက်တွေ့မှာက ကိုယ့်ဘဝအတွက် ပညာထူးချွန်ဖို့က အရေးကြီးဆုံးပဲ ...။ မင်း ... အဲဒီ အဖြူ ဆိုတဲ့ ကောင်မလေးနဲ့ သိပ်ရောရောထွေးထွေး မနေနဲ့။ ဒီအရွယ်တွေ သိပ်အနေနီးစပ်တာလည်း မကောင်းဘူးနော်"

"ဟုတ်ကဲ့ ... ပါ"

www.burmeseclassic.com

www.burmeseclassic.com



ညီညီက ဝတ္တုရေးကျေး မျက်နှာမျိုးဖြင့် ခေါင်းညိတ်သည်။ အဲသည်မျက်နှာပေါ်မှာ ညီညီ့ရင်ထဲက တွန်းလှန်လိုစိတ်တွေကို သူ ဖမ်းမိနိုင်လိုက်သည့် ထင်၏။ ညီညီသည် သူ့စကားတွေကို ချောင်ထဲ ထိုးထားဖို့ ကြိုးစားနေသည်။ နှစ်အတော်ကြာကြာ ညီအစ်ကိုနှစ်ဦး နားလည်မှုများစွာဖြင့် တည်ဆောက်ခဲ့ကြသည့် စနစ်ကလေးတစ်ခုကို ညီ ဆန့်ကျင်ဖို့ ကြိုးစားနေပြီ။

ဒါပေမယ့် ... အဲယ်တော့မှ အတင်းအကျပ် မပြောတတ် မလုပ်တတ်သည့် ကိုကိုပြည့်စုံသည် ညီညီ့ကို ပို့ပြီးဂရုတစိုက် စောင့်ကြည့်ဖို့သာ ဆုံးဖြတ်ခဲ့သည်။



ကျောင်းစာ၊ စာမေးပွဲ၊ လက်တွေ့ချိန်၊ ဆေးရုံ ... စသည့် များစွာသော တာဝန်များ၊ အလုပ်များထဲမှာ ညီညီ့ကို စောင့်ကြည့်ရသည့် အလုပ်တစ်ခု ပိုလာခဲ့သည်။ သူတို့ ဆေးကျောင်းသားတွေအဖို့ စာမေးပွဲဆိုတာ သိပ်မထူးဆန်းတော့ပဲ အမြဲတစေ ရင်းနှီးနေရသည့် စကားလုံးတစ်ခု ဖြစ်ပေမယ့်လည်း ဘယ်သူမဆို ရင်တုန် ထိတ်လန့်ရသည်ပင်။ စာမေးပွဲရှိသည့် နေ့တွေကလွှဲလျှင် ညီညီ့ ကျောင်းကို သို့မဟုတ် ကျူရှင်တွေ ဝိုင်းတွေကို အချိန်ရလျှင် ရှသလို လိုက်ပြီးစောင့်ကြည့်ရသည်။ မိန်းကလေး၊ ယောကျ်ားလေး သူငယ်ချင်းတွေကြားမှာ ကိုကို့ ညီကလေး ညီပြည့်စုံသည် အမြဲ ထင်ထင်ရှားရှားနှင့် သွက်လက်တက်ကြွနေတတ်သည်။ ရယ်မောလျက်ဖြစ်စေ စကားတွေ တွတ်ထိုးလျက်ဖြစ်စေ ဆင်းလာတတ်သည့် သူတို့အုပ်စုကြားမှာ အရပ်ရှည်ရှည်နှင့် အဖြူ ဆိုသော မိန်းကလေး ပါဝင်နေသလား သူ မသိပါ။ ခုခေတ် ကောင်မလေးတွေက အရပ်တော်တော် ရှည်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အဖြူ ဆိုသော မိန်းကလေးကို စ,တင်မြင်မူးရပြီး "အဖြူ" ဟု ဇ,တင်သိရသည့် နေ့ကတော့ သာမန်လှုပ်ရှားနေရသည့် နေ့တွေထက် အနည်းငယ် ထူးခြားသည်။ အဲသည်နေ့က ကျောင်းပိတ်ရက် တနင်္ဂနွေနေ့ ဖြစ်ပါသည်။ နက်ဖြန်မှာ ဆွမ်းချိုင့်မို့ရန် ရှိသည့်အတွက် ဘွားဘွားနှင့် အိမ်ဖော် ဒေါ်တင်စိန်ကို သူ ဈေးသို့လိုက်ပို့ရသည်။ ပုံမှန်ဈေးသွားရတာတော့သူက ဘွားဘွား၏ လက်စွဲတော်ကြီး ဒေါ်တင်စိန် ဖြစ်ပါသည်။ ဘွားဘွားကတော့ ဆွမ်းဝတ်ရှိသည့်နေ့မျိုး၊ လ,ပြည့်နေ့အတွက် ဝမ်ခြမ်းစရာရှိသည့် နေ့မျိုးမှာ ဈေးသွားပြီး ဝယ်ခြမ်းစီစဉ်ချင်ပေမယ့် ဆိုင်နှစ်ဆိုင် သုံးဆိုင် လှည့်ပြီးလျှင် မောနေပြီ။ ထို့ကြောင့် ဘွားဘွားကိုတွဲဖို့ ကိုကို သို့မဟုတ် ညီ ဈေးပို့နိုင်သည့် နေ့မှသာ ဘွားဘွား ဈေးသွားလေသည်။

အချိုပွဲအတွက် သစ်သီးဝလံ၊ အခြောက်အခြမ်း ဝယ်ခြမ်းပြီးသည့်အခါ ဘွားဘွားက ကားပေါ်မှာ ပြန်ထိုင်နေသည်။ အဲသည့်မှာပဲ အဖြူ ဆိုသည့် မိန်းကလေးကို လူမမြင်ဘူးခင်က အသံကို စ,တင် ကြားရသည်။



"မင်ရောင်းဘူး ဆိုတာ မရောင်းချင်လို့ပေါ့ဟဲ့။ ရှေ့ကကြွေးတွေ ကျန်တာတော့ မပေးသေးဘဲ နောက်ထပ်လိုချင်လို့ ရမလား။ နင်တို့ကို ကြောက်ပြီး အလကား ပေးစားနေရအောင် ငါတို့က အရက်ပုန်းရောင်းတာ မဟုတ်ဘူး၊ -- အိမ်ထောင်တာ မဟုတ်ဘူး။ သမ္မာအာဇီဝ လုပ်စားနေတာ ဟဲ့၊ ပိုက်ဆံမပေးရင် မရောင်းဘူး။ အရင်က ကြွေးတွေကျန်တာ လာပေးရင် ရောင်းပေးမယ်။ ဒါပဲပေါ့ ... ဒီလောက်ရှင်းနေအောင် ပြောတာ နားမလည်သေးဘူးလား"

"ပေးမှာပေါ့ဟဲ့ ... နင်တို့ပိုက်ဆံ တစ်ပဲ ခြောက်ပြားကို ဘယ်သူက မပေးဘဲ နေမှာလဲ"

"ပေးမှာပေါ့ ... ဆိုတာ လွန်ခဲ့တဲ့ ခြောက်လကတည်းက ပြောတဲ့စကားနော်။ ပေးချင်စိတ်ရှိရင် ကျေတာကြာလှပြီ။ အဲဒီ တစ်ပဲ ခြောက်ပြားတောင် ပေးချင်စိတ် မရှိလို့။ သူများဆီက မသထာရေစာကိုမှ စားချင်တဲ့ဟာတွေ ...။

နင့်ယောက်ျား ခားကြီမ်း ကြိမ်းလည်း ငါကတော့ ကြောက်မယ် မထင်နဲ့ပေါ့ ...။ မင်းမဲ့တိုင်းပြည် မဟုတ်ဘူး ..."

"အံမယ်လေး လေး မြတ်စွာဘုရား"

ကားပြတင်းကနေ ဟိုဟိုသည်သည်ကြည့်ရင်း ရင်ဘတ်ဖိရင်း ... ဘွားဘွားက ...

"ဟဲ့,သား ... ကားတစ်နေရာရာ ရွှေ့ရပ်စမ်းကွယ်"

ဟု အသံတုန်တုန်ဖြင့် ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖိုဘက်ကမ်းမှာပါ ဘွားဘွားရဲ့ ... ကောင်မလေးတွေ ပါ"

"မိန်းကလေးတွေ ဆိုပေမယ့်လည်း ရှေ့မတွက်နဲ့သား ရေ...။ တချို့ မိန်းကလေးတွေကလည်း အာဂမိန်းမတွေ။ တော်ကြာ တွေ့ကရာနဲ့ ကောက်ပေါက်နေမှဖြင့် ..."

"လက်ဖက်ရည်ဆိုင်ထဲမှာပါ ဘွားဘွားရဲ့ ကောင်မလေးက ငယ်ငယ်လေး။ ညီတို့ အရွယ်လောက်ပဲ ရှိဦးမယ် ... အရပ်ရှည်ရှည်နဲ့ ... အဲ ..."

ဘွားဘွားကို လှမ်းပြောနေရင်း ဈေးထဲက လက်ဖက်ရည်ဆိုင် ဆိုသည့် စကားကို ဖျတ်ခနဲ သတိရသည်။ ပြီးတော့ ကောင်မလေးက အရပ်ရှည်ရှည် ... နဲ့ ... ဆိုပဲ ...။

အဖြူ ...

အဖြူ ဆိုသည့် ကောင်မလေးများလား ...။

ကြည့်စမ်း ...

ဆိုင်အပြင်မှာရပ်ပြီး သူမကို ရန်တွေ့နေသည့် အမျိုးသမီးက သူမထက် အသက်ဆယ်နှစ်မက, ကြီးနိုင်သည့် အရွယ် ...။

ရုပ်ရည်လည်း တင့်တောင့်တင့်တယ် ...။ အဝတ်အဆင်ကလည်း သပ်သပ်ရပ်ရပ်ပင် ...။

လက်ဖက်ရည်ဆိုင် အဝင် မရှိသတ် မိုလ်ပုံအလယ်မှာ မားမားကြီး ရပ်နေသည့် ထိုကောင်မလေးကတော့ ဆံပင်က ခပ်တိုတို နားရွက်အောက်ဘက် မေးအနားမှာ ဝဲနေသည့် ဒေါက်ချွန်ချွန် ပုံစံကလေးနှင့် မျက်နှာက ဖောင်းဖောင်းလေးမှာ နှာတံ



ထိပ်ချွန်ချွန်ကလေးနှင့် အဝေးကပင် သိသာထင်ရှားစွာ မြင်နိုင်သည့် မျက်ခုံးနက်နက် ကွေးကွေးကလေးနှင့် ...။ အရပ်က မိန်းကလေးတွေထဲမှာဆို အတော့်ကို ရှည်မြင့်သည့် အရပ်ဟု ပြောရမည်။ သွယ်ပြီး ကျစ်လစ်ပုံရသော ခန္ဓာကိုယ်ပေါ်မှာ နက်ပြာရောင် တီရှပ်ဖားဖားကြီးနှင့် ,... ပန်းနုရောင် အကွက်တွေ အစင်းတွေ ပါဝင်သော ထဘီက ခပ်တိုတို ... မို့ သူ့မျက်စိထဲမှာတော့ ဘယ်လိုမှ အဆင်မပြေပါ။

အဲသည် လက်ဖက်ရည်ဆိုင် တစ်ဖက်ကမ်း မျက်နှာချင်းဆိုင်လောက်မှာ သူတို့ကားက, ရပ်ထားသည်မို့ မြင်ကွင်းက ရှင်းရှင်းကြီး ဖြစ်နေပြီး ကိုကိုသည် ထိုကောင်မလေး၏ နှုတ်သီးကောင်းပုံကို ကောင်းစွာ လေ့လာသုံးသပ်ခွင့် ရ,ခဲ့လေသည်။ အော်ကြီးဟစ်ကျယ် ရန်ပွဲမျိုး အတော့်ကို ကြုံရခဲ့သည့် ကိုကိုတို့ အသိုင်းအဝိုင်း အလယ်မှာ ဆိုလျှင်တော့ သည်စကားတွေလောက် ... ပင် မကြားဝံ့ မနာသာ ထင်ကြပေမည်။ ခုပင် ဘွားဘွားသည် ... တ်ထိတ်ပျာပျာနှင့် မျက်နှာလေး ငယ်နေရှာသည်။

"မိတင်စိန် တို့ကလည်း ကြာလိုက်တာ"

ဟု အသားဟင်းလျာ ဝယ်နေသည့် ဒေါ်တင်စိန်ကို ... နေလေသည်။ ကားတွေကလည်း ဈေးရုံကြီးကို ကျောပေး ... ရပ်ထားသည်ဖြစ်ပြီး ကားတစ်စီးစာ နေရာရဖို့ပင် မလွယ် ... မို့ ဘွားဘွား စိတ်ညစ်နေသည်ကို သူ မမြင်ဟန်ဆောင်နေ ... ရသည်။

"အေး ..., နင်တို့နဲ့လည်း ကျေးဇူးခံ ကျေးဇူးစား ရှိတာ မဟုတ်ဘူး။ နင့်ဘာသာ တိုင်ချင်ရာတိုင်။ ကိုယ့်ဘာသာက

www.burmeseclassic.com

www.burmeseclassic.com



မှန်နေလို့ကတော့ အာဏ်ကောင်မှ ကြောက်လိမ့်မယ် မထင်နဲ့။ ဒီလို လာခြောက်လို့ ရမလား ... စမ်းကြည့်လိုက်ပေါ့"

ကြွေးတောင်းခံရသည့် အမျိုးသမီးသည် ဆိုင်ရှေ့မှာ ချာခနဲ လှည့်ထွက်ပြီး ပါးစပ်ကလည်း စကားလုံးကြမ်းကြမ်းတွေ မရပ်မနား အော်ဟစ်ရေရွတ်လျက် ဈေးရုံဘက်ခြမ်းသို့ လျှောက်လာသည့်တိုင် ဆံပင်တိုတို ကောင်မလေးသည် ဆိုင်ရှေ့မှာ ခါးထောက်ရပ်လျက် တရစပ် ရန်တွေ့နေဆဲပင် ...။

သည်လို ရန်ပွဲတွေကို စက်ဆုပ်လှပေမယ့် အရပ်ရှည်ရှည် ဆံပင်တိုတိုနှင့် ကောင်မလေးသည် သူ့ကို တစ်နည်းတစ်ဖုံ ဆွဲဆောင်ထားသည်မို့ ကားစတီယာရင် နောက်ကနေ ... အသံသေးသေးစူးစူးနှင့် နုနုနယ်နယ် မျက်နှာကလေးနှင့် မလိုက်အောင်ပင် စွာလှသော ကောင်မလေးကို သူ မမိုတ်မသုန် စောင့်ကြည့်နေဖြစ်သည်။

"လည်ပင်းမှာတော့ တစ်ဆယ်သားလောက် ကြိုးကြီးဆွဲပြီး ဈေးလာတဲ့ လူတကာကို လည်ကြွားနေတာ။ သူများအကြွေးကျတော့ မပေးချင်ဘူး"

"ဟဲ့ ... အဖြူရယ် ... တော်ပါတော့"

"မတော်ဘူး ...။ မေမေတို့ အဲ့လို နေရာတကာ ကြောက်နေလို့ သက်သက် အနိုင်ကျင့်တာ ...။ တစ်သက်လုံးပဲ သူတို့ကို အလကား ကျွေးနေရတော့မှာလား"

"လာစမ်းပါ ... အဖြူရယ် ... မိန်းကလေးတန်မဲ့ ..."

အသားဖြူဖြူနှင့် မျက်နှာတစ်ခုလုံး နီမြန်းနေသည့် အမျိုးသမီးကြီးက နှုတ်မှ တဖျစ်တောက်တောက် ရေရွတ်ရင်း



ကောင်မလေး လက်မောင်းရင်းမှ အတင်းဆွဲခေါ်နေသည်။ အဖြူဆိုသည့် အမည်နာမကို သေသေချာချာ ပီပီပြင်ပြင် ကြားရသည့်အခါမှာတော့ ကိုကိုသည် နှလုံးအိမ်ထဲမှာပင် တဆတ်ဆတ်တုန်လျက် အသက်ရှူမဝသလို ဖြစ်လာပြီး သက်ပြင်းမောကြီး ရှိုက်မိလေသည်။

ညီညီ ...

ဘယ်လိုမိန်းကလေးမျိုးကိုမှ သံယောဇဉ် တွယ်နေတာပါလိမ့်။

"ဟဲ့ ... ကိုကို ... အဖြူ ဆိုပါလား"

သူ စိုးရိမ်သလိုပင် ညီညီ အတွက် စိုးရိမ်ရသူလည်းရှိနေသေးသည်ဟု ဘွားဘွားအသံကြားတော့ သူ ချက်ချင်းသတိရသည်။

"ဟုတ်တယ် ဘွားဘွား ...။ အဲဒါ အဖြူပဲ"

ဘွားဘွားသည်လည်း ... ညီ အကြောင်းတွေကို သူ ပြန်ပြောသလောက် ကြားပြီးပြီမို့ အဖြူဆိုသည့် အမည်နာမကို ကြားသည့်အခါ ဟန်မဆောင်နိုင်လောက်အောင် ထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီး သူ့နောက်ကျောကနေ ပခုံးစွန်းကို ကိုင်လှုပ်လျက် ...

"အဲဒီ ကလေးမလား"

ဟု အသံတုန်တုန်ဖြင့် မေးလေသည်။

"ဟုတ်တယ် ဘွားဘွား။ အဲဒီ ကောင်မလေးပဲ"

"မင်းက သိနေတယ်ပေါ့"

"မသိပါဘူး ...။ ကျွန်တော်လည်း ဘွားဘွားကြားသလိုပဲ

www.burmeseclassic.com

www.burmeseclassic.com



ကြားတာပဲ ... ဒါပေမယ့် ဈေးရှေ့လက်ဖက်ရည်ဆိုင်က အရက်ရှည်ရှည် ဆံပင်တိုတို ကောဇ်မလေး ဆိုတော့ သေချာပါတယ်။ ဒီကောင်မလေးပဲ ... စွာလိုက်တာလည်း နာမည်ကြီး ... ဆိုတာ ...”

“ဘုရား ... ဘုရား ... ဒီလိုကောင်မလေးမျိုးနဲ့များ လည်ပင်းဖက် ပေါင်းနေရတယ်လို့ကွယ်။ ဘယ်လိုမှ စဉ်းစားလို့ မရပါဘူး ...။ ဒီလို အဆင့်အတန်း ဒီလို စရိုက်မျိုးနဲ့ ...

တစ်စက်ကလေးမှ မိန်းကလေးနဲ့တူတဲ့ သိမ်မွေ့နူးညံ့တာရယ်လို့ မရှိဘူးနော် ...။ မင်းညီကို နည်းနည်း ကြပ်မတ်ဦးနော် ကိုကို”

“သူငယ်ချင်းတွေပါ ဘွားဘွားရဲ့”

ဘွားဘွားကို စိုးရိမ်တကြီး မဖြစ်ရလေအောင် နှစ်သိမ့်ရပေမယ့် သူ့ရင်ထဲမှာတော့ ညီကို သည်ကောင်မလေးနှင့် ဘယ်လိုကိုင်တွယ်ရမည် ဆိုတာကို စဉ်းစားရင်း ပူလောင်နေခဲ့သည်။ ဘွားဘွား မနှစ်မြို့နိုင်တာ ဘာဆန်းသလဲ ...။ နှစ်ထပ်အိမ်အကျယ်ကြီးမှာ စကားကိုပင် မျက်နှာချင်းဆိုင် ကြားသာရုံ အသံတိုးတိုး ပြောတတ်သည့် ဘွားဘွားနှင့် အမြဲပြုံးနေပြီး စကားနည်းလှသည့် ဘိုးဘိုး၏အရိပ်မှာ ငယ်စဉ်ကတည်းက ကြီးပြင်းသည်အထိ သိမ်မွေ့ခြင်း ဆိုတာကို မြင့်မြတ်သည့် ကိုယ်ကျင့်တရားတစ်ခု အဖြစ် စွဲစွဲမြဲမြဲ ယုံကြည်မှတ်ထင်လာခဲ့သူတွေ ဖြစ်သည်မဟုတ်လား။

ညီညီမှာ သည်လိုအပေါင်းအသင်းမျိုး ရှိနေသည် ဆိုတာကိုပင် သူ အံ့ဩမဆုံး ...။



သည်လိုမိန်းကလေးမျိုးသာ သူတို့အသိုက်အဝန်းထဲ ဝင်လာခဲ့လျှင်တော့ ...။

ကားကူရှင်ပေါ် ခေါင်းမှီချလျက် မျက်စိစုံမှိတ်ထားရင်း ...

“ညီညီ ... ညီညီ”

ဟု ရင်ထဲမှာ ပဲ့တင်ထပ်အောင် ရေရွတ်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)

သူ ရင်တထိတ်ထိတ် စောင့်ကြည့်နေခဲ့ရသော ညီညီသည် ဆယ်တန်းစာမေးပွဲမှာ နှစ်ဘာသာဂုဏ်ထူးဖြင့် နှစ်ချင်းပေါက် အောင်မြင်ခဲ့ပါသည်။ ညီညီတို့ ဆယ်တန်းအောင်စာရင်းတွေ ကပ်မည့်ညကတော့ ကာယကံရှင် ညီညီက တည်ငြိမ်နေသလောက် ကိုကိုတို့ မြေးအဘိုးသုံးယောက်မှာ ဘယ်လိုမှ တည်ငြိမ်မှုမရ။ တီဗီရှေ့မှာလည်း ကောင်းကောင်းမထိုင်နိုင်၊ စာကြည့်စားပွဲရှေ့မှာလည်း ကောင်းကောင်းမထိုင်နိုင်။ ဝရန်တာကနေ မျှော်ကြည့်လိုက်၊ အပေါ်ထပ်တက်လိုက် အောက်ပြန်ဆင်းလာလိုက်နှင့် အောင်စာရင်းကပ်မည့် ညနှစ်နာရီ သုံးနာရီအထိ ဂနာမငြိမ်နိုင်။ သွေးအေးလှသည့် ညီကတော့ သူ့အခန်းထဲမှာ ဗီဒီယိုဇာတ်လမ်းကြည့်ရင်း အိပ်ပျော်သွားလိုက်သည်မှာ တရှူးရှူးအသံပင်ထွက်လို့ ...။ တီဗီကြီးလည်း ပွင့်လျက်သား ...။

"မင်း ... ညီ အောင်မှာပါကွာ။ ဒီစစေးရှင်းသာ ဘယ်နှစ်ခု ပါမယ်မသိ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောသည့် ဘိုးဘိုး အသံပင် လှိုက်ခါနေသည် ထင်ရ၏။ စာကျက်ရင်း အောင်စာရင်းကပ်ချိန်ကို စောင့်ရသည်။

ကိုကို့ အောင်စာရင်းတုန်းကလည်း သည်လိုပါပဲ။

ကိုယ်တိုင် ဖြေခဲ့သူမို့ အမှတ်တွေကို မှန်းမိနေပြီး သူက စိတ်အေးလက်အေး ရှိသလောက် ဘိုးဘိုးနှင့် ဘွားဘွားမှာ ဂနာမငြိမ်နိုင်ကြ။ ဒေါ်တင်စိန်ကြီးပါ အချောင် အိပ်ရေးပျက်ရသည်။ ဒေါ်တင်စိန်ကြီးကတော့ သူတို့ညီအစ်ကို နှစ်ယောက်ကို သံယောဇဉ်ကြီးသူမို့ အောင်စာရင်းကြည့်ပြီးသည်နှင့် တစ်ရပ်ကွက်လုံး အိပ်ရေးပျက်စေမည့် အသံကြ အသံဝါကြီးနှင့် ခြံထဲကားဝင်လာကတည်းက တောက်လျှောက်အော်လာသည်။

ညီ့ အလှည့်မှာတော့ ဒေါ်တင်စိန်ကြီး အိပ်ပျော်နေပြီ။

အောင်စာရင်းကပ်တော့ သူတစ်ယောက်တည်း စိတ်မချနိုင်ဘဲ ဘိုးဘိုးပါ အတူလိုက်လာသည်။ "ညီညီပြည့်စုံ"ဆိုသော အမည်နာမနှင့် ဘေးဘက်က ဂုဏ်ထူးရဘာသာ ဆိုတာကိုသာ အလောတကြီး ဖတ်ခဲ့ပြီး ညီ ... အောင်ရုံမက ဂုဏ်ထူးနှစ်ခု ရ,သည်ကိုသာ သူတို့က တစ်ညလုံး အိပ်မပျော်နိုင်အောင် ပြောနေကြသည်။

ညီ့ကို နှိုးပြောသော်လည်း မျက်ခွံတွေ လေးလေးပင် ပင် ဖွင့်လျက် ...

"ဟုတ်လား"

ဟု တစ်ခွန်းသာ ပြောဖော်ရလေသည် ...။



သူတို့ ပျော်ရွှင်နေသလောက် ကာယကံရှင် ညီကတော့ နံနက်စောစော အောင်စာရင်းသွားကြည့် ပြန်လာပြီးကတည်းက သူ့အခန်းထဲက မထွက်ဘဲ အိပ်ရာထဲ ခွေနေသည်။ နေ့လယ်ခင်း အိမ်ကပျောက်သွားပြီး ညနေစောင်းမှ ပြန်ရောက်လာ၏။ ဘွားဘွားက စာကျက်နေသည့် ကိုကို့အနား ရောက်လာပြီး ...

"မင်းညီတော့ သိပ်အကဲမရဘူး။ နည်းနည်း မေးစမ်းဦး"

ဟု တိုးတိုးတိတ်တိတ် သတိပေးသည့် အချိန်အထိ ညီညီပြည့်သနားကို သူ မရိပ်မိဘဲ ဆေးစာအုပ်တွေထဲ ခေါင်းမြှုပ်နေခဲ့သည်။ ညီ စာမေးပွဲအောင်ပြီဆိုတော့ သူ့ပခုံးပေါ် ထမ်းထားရသည့် ဝန်ထုပ်ဝန်ပိုးကြီး တစ်ဝက်မျှ လျော့ပါးသွားပြီလေ ...။ သည်ရက်ကိုပဲ သူ မျှော်လင့်ခဲ့ရသည်။ သူ့ကိုယ်သူ စိုးရိမ်ပူပန်သည်ထက် ပိုပြီး ညီ့အတွက် စိုးရိမ်ပူပန်ရသည်။ ကိုယ့်ကိုယ်ကို စိတ်ချယုံကြည်သလောက် ညီ့ကိုတော့ သူ မယုံကြည်နိုင်ဘူးလေ။

ညီက _ ပေါ်တီကိုအပေါ် လ,သာဆောင်မှာ ဂစ်တာ တစ်လက် ရင်မှာအပ်ပြီး တွေဝေ ငေးမောနေသည်။ ညီ့ထံက ပျော်ရွှင်တက်ကြွမှုတွေကို သိမ်းနုတ်ယူငင်သွားနိုင်ရလောက်အောင် အင်အားကြီးမားသည့် အရာက ဘယ်လိုအရာမျိုးပါလိမ့် ...။

www.burmeseclassic.com

www.burmeseclassic.com

သည်လိုနေ့မျိုးမှာ ညီသည် အပြာရောင်ကောင်းကင် နောက်ခံမှာ တလူပ်လူပ် မျောလွင့်နေသည့် လေတံခွန်လို ဖြစ်နေလိမ့်မည်ဟု သူက ထင်ခဲ့သည်။

"ညီ ..., ဘာဖြစ်နေတာလဲ"

ညီက တံခါးဝမှာ ရပ်နေသည့် သူ့ထံ မျှော်ခနဲ လှည့်ကြည့်ပြီး မျက်လွှာချသွားပြန်သည်။ ဂစ်တာကိုယ်ထည်ပေါ် မေးထောက်ငြိမ်သက်နေသည့် ညီညီ့ကိုကြည့်ရင်း သူ အားမလို အားမရ ဖြစ်လာသည်။ စိုးရိမ်ပူပန်စိတ်တွေက ရင်နှင့်မဆန့်အောင် ဖြစ်လာပြန်သည်။

"စာမေးပွဲအောင်တာကို မပျော်နိုင်လောက်အောင်ကွာ ..."

"ကျွန်တော် အောင်ပေမယ့် ... အဖြူ ကျတယ် ကိုကိုရ"

"အဖြူ"

"သူ ဉာဏ်ကောင်းရက်သားနဲ့ ...။ အင်္ဂလိပ် ကျတာပါနေမှာ။ ကျွန်တော်တက်တဲ့ဝိုင်းမှာ လိုက်တက်ပါ ဆိုတာ ပြောလို့မရဘူး။ အဲဒီ ကောင်မလေးက သိပ်ထေတာပဲ"

ရယ်လည်း ရယ်ချင်လျက် ဝမ်းလည်းနည်းမိသည်။ ကိုကို့ညီလေးက မိန်းကလေးတစ်ယောက်အတွက် ကိုယ့်ရဲ့ပျော်ရွှင်မှုကိုတောင် ဥပေက္ခာပြုပြီး စိတ်ထိခိုက်နေရသတဲ့လား။ ညီ့ရင်ထဲက ရစ်တွယ်မှု အထုအထည်ကို သူ ကောင်းစွာ သိမြင်ခဲ့ရသည့် အချိန်မှာတော့ ညီ့အတွက် သူ့အတွက် ... နာကျင်စိတ်ထိခိုက်ခဲ့ရသည်။ သူကတော့ ညီ့စကားကို ယုံကြည်ဖို့ ကြိုးစားခဲ့ပါသည်။

တစ်လောကလုံးမှာ ... သည်ညီအစ်ကို နှစ်ယောက်တည်း အရင်းနှီးဆုံး ...၊ နားအလည်နိုင်ဆုံးဟု ထင်ခဲ့တာ ...။



နုတော့ သည့်လို မဟုတ်ပါလား ...။

ညီ ရှေ့တည့်တည့်မှာ သူ ခုံတစ်လုံးယူပြီး ထိုင်ချလိုက်ပါသည်။

"အဲဒါကြောင့် မင်းက မပျော်နိုင်ဘူးပေါ့"

"ညီ ပျော်ပါတယ် ... ဒါပေမယ့် သူ့အတွက်တော့ စိတ်မကောင်းဘူး"

"ဒါက ... သူ့ကြိုးစားမှုရဲ့ ရလဒ်ပဲလေ"

"သူ ကြိုးစားပါတယ်"

"ကြိုးစားရင် အောင်မှာပေါ့ကွ"

"ကိုကို ... အဲလို မပြောပါနဲ့။ ဆယ်တန်းဆိုတာ ကြိုးစားတိုင်း မအောင်ပါဘူး။ ဒါကို ကိုကို သိပါတယ်။ ကိုကို ကိုယ်တိုင် ဖြေလာတာပဲ"

"ဟာ ညီညီ"

သူ တအံ့တဩ ပြီးတော့ အနည်းငယ် စိတ်တိုလာပြီး အော်ပစ်လိုက်မိသည်။ ညီညီက ဂစ်တာကို ကြမ်းပြင်မှာခုံကို မှီလျက်ထောင်လိုက်ရင်း မျက်နှာကတော့ စိတ်ရှုပ်ထွေးခြင်းတွေ ပြည့်သိပ်ပြီး တင်းမာမှုန်ကုပ်နေသည်။ ညီညီ့မျက်နှာ အပြောင်းအလဲသည် ပထမဆုံးအကြိမ် မဟုတ်ပေမယ့် ... ညီညီ ခုလို သူ့အပေါ် တင်းမာရသည့် အကြောင်းရင်းကို စဉ်းစားမိလျှင်တော့ စိတ်ထိခိုက်စရာ ကောင်းလှသည်။ ညီညီသည် ငယ်စဉ်ကတည်းက သူ့အပေါ် ရှိသမျှ သံယောဇဉ်အားလုံးဖြင့် မှီတွယ် အားကိုးလာခဲ့ရသည် မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com

"မင်း ... ဘယ်လို ဖြစ်ရတာလဲကွာ ...။ ဒီမိန်းကလေး အတွက်နဲ့ ဒီလောက်ဖြစ်ရတယ်လို့ ...။ မဟုတ်တော့ဘူး ထင်တယ်။ မင်း ... ပြောတော့ သူငယ်ချင်းတွေဆို ..."

"သူငယ်ချင်းတွေပါ ..."

"ညို ... မင်း ကိုကို့ကို ညာတယ်"

"မညာပါဘူး ကိုကိုရာ။ တကယ့်ကို သူငယ်ချင်းတွေပါ"

"ညို ... မင်း ကိုကို့ကို ကြည့်စမ်း"

သူ့ကို မဆန့်ကျင်ရဲသည့်ကြောင့်သာ ညိုသည် သူ့မျက်လုံးတည့်တည့်ကို မျက်နှာချင်း ဆိုင်ကြည့်ရပေမယ့် မျက်တောင်တွေက တစ်ခုခုကို သိမ်းကွယ်ဖို့ ကြိုးစားနေလေသည်။ ညိုမျက်လုံးတွေကို ကြည့်မိတိုင်း မေမေ့ကိုသာ သူ မြင်ယောင်သည်။ ညိုကတော့ ငယ်ရွယ်သေးတာမို့ မေမေနှင့်ဖေဖေကို ခွဲခွာရကာစ အချိန်မှာ ကြေကွဲရခြင်းက စိတ်ထိခိုက်စရာ သနားစရာ အရူး တစ်ပိုင်းလို ဖြစ်ခဲ့ရပေမယ့် နှစ်တွေအကြာကြီး ကြာလာတော့ အဖြစ်အပျက် အတော်များများကို ပြန်မမှတ်မိနိုင်တော့။ တစ်နည်း အားဖြင့်တော့လည်း ကိုကို့လို ရင်ထဲမှာ တနုံ့နုံ့ စွဲကျန်ရစ်ရသည့် ကြေကွဲခြင်းမျိုးကို မခံစားရသည့်အတွက် ညို ကံကောင်းပါသည်။

ကိုကိုကတော့ အသက်အရွယ်ကလေးလည်းရ,ပြီး သိတတ်ချိန်လည်း ဖြစ်နေပြီ။ ခြောက်တန်းကျောင်းသားမို့ အံရာရာ ကို စ,တင်လေ့လာစူးစမ်းသည့်အရွယ်၊ စွဲစွဲမြဲမြဲ မှတ်သားတတ် သည့် အရွယ်လည်း ဖြစ်သည်။

*[ပြန်လာရင် သားတို့အတွက် လိမ္မော်သီးတွေ ခြင်းကြီးနဲ့ ဝယ်ခဲ့မယ်နော်။ အရုပ်တွေလည်း အများကြီး ဝယ်ခဲ့မယ်]*



ညို့ကို ပွေ့ရင်းနမ်းရှုပ်ရင်း သည်လိုပြောခဲ့သော မေမေနှင့် ဖေဖေသည် သူတို့ညီအစ်ကိုထံ ယနေ့အထိ ပြန်ရောက် မလာခဲ့တော့ ...။

"ကိုကို့ကို မညာပါနဲ့ ညို ..., မင်း ... ဒီကောင်မလေးအပေါ် မှာ သံယောဇဉ် တွယ်နေပြီ။ အဲဒါ မင်းရဲ့မျက်လုံးထဲမှာ ပေါ်နေတယ်။ မင်းဟာ ညာလို့ရတဲ့သူ မဟုတ်ပါဘူး ညိုညိုရာ ..."

ညိုက မျက်လွှာချလျက် ငြိမ်သက်သွားခဲ့ပါသည်။ ရင်ထဲမှာ ပြောစရာ စကားတွေ တစ်ခွန်းမှ မရှိတော့သလို ဟာလာဟင်းလင်း ဖြစ်သွားပြီး မျက်စိရှေ့မှာ ညို့ကိုလည်း မမြင် ချင်ဘဲ ခေါင်းငိုက်စိုက်ကျလျက် တိတ်ဆိတ်နေမိသည်။ ညို့ထံက ပင့်သက်ရှိုက်သံကိုတော့ မကြာခဏ ကြားရပါသည်။

ဘာပဲဖြစ်ဖြစ် မြစ်တစ်စင်းကိုတော့ ညို ကျော်နိုင်ခဲ့ ပြီ မဟုတ်လား ...။

ဒါပေမယ့်လည်း မတ်စောက်ပေးလဲလှသည့် တောင် တန်းတွေဆီ ခရီးဆက်ရဦးမည်။ တောင်တွေကိုကျော်ရဦးမည်။ ညို့ဘေးနားက အဖော်သည် ညို့ကို အားပေးထောက်ကူနိုင်မည့် အဖော်ပဲ ဖြစ်သင့်သည်။

ခဏကြာတော့ ဂစ်တာသံကို ကြားရသည်။ ညို့ ဂစ်တာသံသည် ယခင်အကြိမ်များစွာကလို သွက်လက်မြူးကြွမနေ၊ ကြည်လင်ပြတ်သားမှု မရှိ။ လက်ချောင်းတွေ အားပျော့ပြီး ဗလုံ ဗထွေး တီးနေသည့် ဂစ်တာသံမျိုး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



... အားလုံး ... အားလုံး ... ချစ်ခြင်းတရားကို ... ယုံပါ
... အားလုံး ... အားလုံး ... ပေးဝေကာ ... စားသုံး ...
... အချစ်များနဲ့ ... ခံစားချက်တို့ ... မလိုသူ ...
... ထူးဆန်းလွန်းသတဲ့ ... ဒီကမ္ဘာကြီးထဲမှာ ...

ခပ်တိုးတိုး သီချင်းညည်းသံကို ကြားရတော့ မျက်လွှာပင့်ကြည့်မိသည်။ ညီညီက သူ့ကိုမကြည့်ပါ။ ညီညီ သူ့ကို လှောင်သည်ဟု ထင်ပေမယ့် ထူးဆန်းစွာပင် သူ့ရင်ထဲမှာ ဒေါသအနည်းအကျဉ်းပင် မရှိ ...။

"သိပ်စောလွန်းသေးတယ် ညီညီ ...။ အချစ်ဆိုတာ မင်းပတ်သက်ရမယ့်ကိစ္စ မဟုတ်သေးဘူး။ ပြီးတော့ အဲဒီကောင်မလေးကို ကိုကို လုံးဝလက်မခံနိုင်ဘူး"



"ကိုကို ... ခဏ ခဏ"

"ဘာလဲကွ ..."

"ကားလေး ခဏ ဘေးချ ပေးပါလား"

ညီညီ ထိတ်ထိတ်ပျာပျာ (သို့မဟုတ် ဝမ်းသာအားရ ဟုလည်း ပြောနိုင်ပါသည်) အော်လိုက်သည့် နေရာသည် ဆိုက်ကားဂိတ်၊ စာအုပ်အငှားဆိုင်တို့နှင့် မလှမ်းမကမ်း လမ်းချိုးကလေး၏ ထိပ်မှာ ဖြစ်သည်။ အဲသည် လမ်းသွယ်လေးသည် ဈေးသို့သွားရာ လမ်းလည်း ဖြစ်ပါသည်။ ကိုကိုတို့အိမ်မှ ဒေါ်ဟင်စိန်ကြီး သည် ဈေးသို့လာလျှင် ဘတ်စ်ကား သုံးမှတ်တိုင်စီးပြီး လမ်းသွယ်ထဲ လျှောက်သွားမှ ရောက်နိုင်သည်။ သီးခြားဖြစ်သော သူ့ဘို့လမ်းနှင့် အလှမ်းဝေးပေမယ့် သည်မြို့နယ်အတွင်းမှာတော့ အနီးဆုံးဖြစ် ဈေးသည်လည်း သွပ်မိုးအဆောက်အဦနှင့် နှစ်ထပ်ဈေးရုံနှင့် သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်းမို့ ဘွားဘွားကိုယ်တိုင်က သည်ဈေးကို သဘောကျပါသည်။

ရွှံ့အိုင်ကို ရှောင်ပြီး ဆိုက်ကားဂိတ် အရှေ့ဘက် ကားကို ရပ်ပေးလိုက်သည်။ ညီညီ ဘာကိုမြင်ပြီး ဝမ်းသာအားရ ဖြစ်သွားရသည်ဆိုတာ သူ စဉ်းစားမရခင်မှာပဲ အသံစူးစူးသေး

www.burmeseclassic.com



သေးကလေးက သူ့နားထဲ ပုရွက်ဆိတ်တစ်ကောင် ဝင်ကိုက်သလို စူးရှစွာ တိုးဝင်လာသည်။

"သူတောင်းစား ...။ နောက်တစ်ခါ နှိုးဆီလာပို့ရင် လက်ဖက်ရည်မတိုက်ဘဲ နေလိုက်မှာနော်။ ဆိုက်ကားနင်းတာဖြင့် တစ်နှစ်မပြည့်သေးဘူး။ လူပါးဝတဲ့ အတာတ်တွေ တတ်လာပြီ ဟုတ်လား ... အောင်မာ ... ဆေးပေါ့လိပ်နဲ့ ...။ ရုပ်ကလေးကဖြင့် ကလေးရုပ်တောင် မပျောက်သေးဘူး ပေးစမ်း အဲဒီ ဆေးပေါ့လိပ် ..."

"ဟာ ... မဖြူ ... မလုပ်နဲ့ဗျ ...။ အစ်မကြီးကလည်း ..."

"နင့်အမေကို ငါ ပြန်တိုင်မှာ သိလား"

ကားဘေးမှန်ကနေ နောက်ဘက်မှာ ကျန်ရစ်သည့် ဆိုက်ကားဂိတ်က မြင်ကွင်းကို သူ မျက်ခုံးကြုတ်ပြီး ကြည့်နေစဉ်မှာပဲ သူ့ညီတော်မောင်က ကားပေါ်က ကသောကမျော ဆင်းသွားပြီ။

"ဟော့ ... အဖြူ"

တော့ကော် ...

ဘယ်လောက်များ စိတ်ပျက်စရာ ကောင်းလိုက်ပါလိမ့် ...။

"ဟာ ... သိပြည့်"

အော်လိုက်သည့် အသကလည်း ခုနစ်သံချီ ...။

ညီ့ကို မြင်ပြီး ဝမ်းသာအားရ ဖြစ်သွားပုံကလည်း မိန်းကလေးတစ်ယောက်အဖို့ နည်းနည်းမှ မဆီမလျော်ဟု သူ ထင်မိသည်။ မှန်သေးသေးလေးထဲက မြင်ကွင်းကို စိတ်မသက်



မသာ ကြည့်နေရသည်မှာ တကယ်တော့ ညီ့ကို ချစ်လွန်းလို့ပါပဲ။ သည့်ထက်ပိုပြီးတော့ဖြင့် ခွင့်မပြုချင်ပါ။

"ခွေးကောင် ... မတွေ့ရတာကြာတော့ ပိုတောင် စမတ်တ်ကျလာသလိုပဲ။ အသားတွေတောင် ပိုဖြူလာတယ်။ ဘယ်လိုလဲ ... ငါ့ကို သတိရသေးရဲ့လား"

မြတ်စွာဘုရား ...

ဒါ ... မိန်းကလေးက မေးရမယ့် စကားလား ...။

ညီ့အသံကိုတော့ သူ မကြားရပါ။ ညီက သိချင်းဆိုလျှင်သာ တခြားလူငယ်တွေလို အားရပါးရ အော်ကြီးဟစ်ကျယ်ဆိုတတ်တာ ...။ စကားပြောတော့ ကိုကို့ထက်ပင် တိုးချင်သေးသည်။

"စိတ်တော့ မကောင်းဘူးပေါ့နော်။ ဒါပေမယ့် ဘာတတ်နိုင်မှာလဲဟာ။ ဒီနှစ်မအောင်ရင် နောင်နှစ်ပေါ့ ...။ နောင်နှစ် မအောင်ရော့ နောက်တစ်နှစ်ပေါ့ ...။ အောင်,အောင်တော့ ဖြေမှာပါ ...

ဒါသမယ့် ဆရာဝန်တို့ ဘာတို့တော့ မမှန်းရဲဘူးလေ ...။ ခပ်ညံ့ညံ့ထဲက မဟုတ်လား ...

ညီရော ... ဘယ်လိုလဲ။ မယ်ဒီကယ်လ်ဘဲ လျှောက်မှာလား ..."

ဟွန်းတီးလိုက်ရမလား စဉ်းစားသည်။ သည်ကောင်[illegible]သည် ကားရှေ့မှာ အစ်ကိုတစ်ယောက်လုံး ရှိနေသည်ကိုပင် [illegible]နည်းလေးမှ အရေးစိုက်ဟန် မပေါ်။ ဘာကိုမှ မဖြူသည့် [illegible]ယ့် မထုံတက်သေး ဟန်ကလေးနှင့်။ တန်းစီရပ်ထားသည့်

www.burmeseclassic.com

www.burmeseclassic.com



ဆိုက်ကားဂိတ်ရှေ့မှာမို့ ဆိုပြီးတော့လည်း ဆင်ဆင်ခြင်ခြင် ရှိချင်ပုံမရ။ ညီ့ကို ဆက်ဆံပုံက ရှင်းရှင်းနှီးနှီး ရောရောဝင်ဝင် ရှိလွန်းသည်။ ယောကျ်ားရုပ်ကြီး ဖိုးရိုးဖားရားနှင့် ထဘီက သည်တစ်ကြိမ်မှာတော့လည်း မြေကြီးပေါ် ပုံကျမတတ်။ ဝတ်ဝန်းကျင် ဆိုတာကို အငဲလေးထားရမည်ဆိုသည့် အသိမျိုး လုံးဝကို မရှိသည့်ဟန်ကလေးနှင့် ...။

"ဟီး ... ဟီး ... တို့ကတော့ ဆရာဝန်ကတော် မလုပ်ချင်ပေါင် ... နော်။ ဒါပေမယ့် ... မင်းဝါသနာပါတယ် ဆိုရင်တော့ အားပေးမှာပေါ့။ ဖြူကတော့ ... ညီ့ကို ယူနီဖောင်းနဲ့ဆိုရင် လိုက်မယ်ထင်တာပဲ ...။ သဘောအရာရှိဖြစ်ဖြစ်၊ တပ်မတော်အရာရှိဖြစ်ဖြစ် ...။ ညီ ဆရာဝန်,မဖြစ်လည်း ဘာဖြစ်လဲ ... နော။ လူကြီးတွေ ဖြစ်စေချင်တဲ့အတိုင်း လျှောက်လုပ်မနေနဲ့ ...။ ကိုယ့်စိတ် ထက်သန်တာကိုပဲ လုပ် ...။ လူကြီးတွေ ဆိုတာက နေရာတကာ ဩဇာပေးချင်နေတာ။ သူတို့စကား နားထောင်ပြီး တစ်သက်လုံး စိတ်ညစ်နေရတော့ ဘာလုပ်မှာလဲ"

တကယ်ကို ... အာဂပါလား ...။

သွားသေးသေးလေးတွေပေါ်အောင် ဖြီးလျက် အာပေါင်အာရှင်းသန်သန် ပြောနေသော ကောင်မလေးသည် သူ့ညီမ မဟုတ်ခဲ့သည်မို့ တော်ပါသေးရဲ့ ...။

သည်လိုဆိုပေမယ့်လည်း ညီ့ကိုသာ ဖျက်မရဘူးဆိုလျှင်တော့ အဲသည်လို အချိုးမပြေ ထောင့်မကျိုးလှသည့် ဘယ်နေရာမှ မိန်းမ မပီသသည့် မိန်းကလေးသည် တစ်နေ့နေ့မှာ



သူတို့မိသားစုဝင် ဖြစ်လာတော့မည်။ သည့်ထက်ပို၍ပြီး အရေးကြီးတာကတော့ ညီ့အဝ တစ်သက်တာမှာ ဘယ်လိုမှ မျက်နှာမရဘဲ သူ့အထင်အမြင်သေးစရာ ဇနီးတစ်ယောက်အဖြစ် ပြန်လည်ပြုပြင်နိုင် အခွင့်အရေးလည်း မရတော့ဘဲ ညီ နောင်တ,တွေ ပွေ့ပိုက်စိတ်ဆင်းရဲနေရမည့် အဖြစ်မျိုး ... ...,

ဟင့်အင်း ...

သည့်လိုမျိုး ဘယ်တော့မှ မဖြစ်စေရဘူးညီ။

သူမ အသံတိတ်သွားတော့ ထူးဆန်းသလိုထင်ပြီး နံ့ထဲကနေ ကြည့်မိပြန်သည်။

သြော် ...

မရွှေချောက ကားအနား ရောက်နေပြီကိုး ...။

"ကိုကို"

"အင်း"

ကျောင်းက ပရော်ဖက်ဆာတွေလို မျက်နှာကြီးတင်းရာမြှဲဆည်ထားရသည့် ကိုကို့ကို သူမက ရယ်ချင်လှောင်ချင်ပုံပေါ်စေစေနဲ့ ...။

"ဒီမှာ ... အဲဖြူလေ"

ညီညီ့ စကားသံကတော့ ထုံးစံအတိုင်း ခပ်တိုးတိုးပင် ...

"သြော် ... အေး ... အေး ... ညီ မကြာခဏ ပြောပါတယ်"

"အဟုတ်လား"

သူမက အံ့သြသွားပုံနှင့် မျက်ခုံးကလေးချီပြီး ညီ့ကို လှမ်းမေးသည်။ ညီက ပြုံးရုံသာ ပြုံးနေပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ညို့ အစ်ကို ... ကိုကိုပြည့်စုံ ... တဲ့။ ဖိုင်နယ်လ်ပတ်တ်ဝမ်းက"

ဆိုပြီး သည်လို ကောင်မလေးနှင့် လူကြီးလူကောင်း ဆန်ဆန် မိတ်ဆက်ပေးနေသည်။

"သိပါတယ် ညီရာ ...။ မကြွားစမ်းပါနဲ့။ ညီ့ကိုကို အကြောင်းက ခုထိ ကျောင်းမှာ ဆရာ ဆရာမတွေ ပြောတုန်းဥစ္စာ"

သူမ စကားက သူ့ကို တိုက်ရိုက် ရည်ညွှန်းပေမယ့် သူ့ကို ပြောသည်မဟုတ်။ သူ့ရှေ့မှာ ညီ့ကိုသာ ဦးတည်ပြီး စကားတွေ ပြောနေသည့် အဖြူ ဆိုသည့် မိန်းကလေး မျက်နှာပေါ်မှာ ပန်းဖျော့ဖျော့သွေးကလေး စိုလက်လို့ ...။

ညီ့ကိုကြည့်သည့် အကြည့်တွေက နေအလင်းရောင်လို တဖျပ်ဖျပ် တောက်ပလို့ ...

ခေတ်အလိုက် ခေတ်စရိုက် ဆိုပေမယ့် ညီသည် စရိုက်ပျက်သည့် လူငယ်မျိုး မဟုတ်။ မထေမဲ့မြင် ကန့်လန့်တိုက်ချင်သည့် လူငယ်မျိုး မဟုတ်။ ပြီးတော့ ညီသည် အဘိုးအဘွားလက်ပေါ်မှာ ကြီးပြင်းရသူပီပီ ယဉ်ကျေးမှု ဆိုတာကို နားလည်လိုက်နာတတ်သည့် ကလေးတစ်ယောက်လည်း ဖြစ်သည်။ သည်မိန်းကလေး၏ အကျင့်စရိုက်တွေကို ညီ ဘယ်လိုများ နားလည်လက်ခံခဲ့တာပါလိမ့် ...။

ဒါမှမဟုတ် မလွန်ဆန်နိုင်သည့် တပူးတွဲတွဲ နီးစပ်နေသည့် သဘာယာမှု၊ သံယောဇဉ် ဆိုသည့် ဖြေမရသည့် ကြိုးတွေကပဲ ငြိနေလို့လား ...။



"ညီရေ ... ဘွားဘွား စိတ်ပူနေမှာနော်။ ဘိုးဘိုးကို စပါယ်ရှယ်လစ်စ်ဆီ လိုက်ပို့ဖို့လည်း ရှိသေးတယ် မဟုတ်လား"

"ဟုတ်ကဲ့ပါ ကိုကို"

သည်လို လူရှေ့သူရှေ့မှာ ရှိသေကျိုးနွံ လှတာတော့ အင်မတန် ချစ်ဖို့ကောင်းသည့် ကိုကို့ညီလေး၏ အကျင့်တစ်ခုဖြစ်သည်။

"အဖြူ ... ညီ သွားမယ်နော်"

"အိုကေ။ အားရင် လာခဲ့ဦးနော်"

ညီက ခေါင်းညိတ်ရုံသာ ညိတ်သည်။

"ကိုကိုလည်း ညီနဲ့ အိမ်လိုက်လည်ပါဦးနော်"

"ကောင်းပါပြီ ခင်ဗျာ"

သည်လိုတော့လည်း ယဉ်ကျေးဖော်ရွေသည့် မိန်းကလေးတစ်ယောက်ပုံသဏ္ဍာန် ပေါ်လာသားပင် ...။

သို့ပေမယ့် သူတို့ ကားစက်နှိုး မထွက်ခင်မှာပင်...

"ဟဲ့ ... ငါ့စာအုပ်တွေနော် ...။ ငါ ဦးထားတာနော် ပေးစမ်း"

ဆိုသည့် အသံစူးစူးကို စိတ်မချမ်းမြေ့ဖွယ် ကြားရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မြင်တယ် မဟုတ်လား ညီ ...။ မင်း ကောင်မလေးရဲ့ စရိုက်ကို ..."

"ဘာဖြစ်လို့လဲ ကိုကိုရဲ့"

"ဆိုက်ကားသမားတွေနဲ့ လုံးထွေးနေတာလေ။ ရယ်လိုက် မောလိုက် အော်လိုက် ဟစ်လိုက်နဲ့ ပတ်ဝန်းကျင်က အမြင်မတော် အကြားမတော် ..."

"သူက အဲလိုပဲ နေတတ်လို့ပါ ကိုကိုရ။ ပြီးတော့ ဆိုက်ကားသမားလည်း လူပဲဥစ္စာ။ ကိုကို ပြောပုံက ဆိုက်ကားသမားနဲ့ စကားပြောရင်ပဲ ပတ်ဝန်းကျင်အမြင်မှာ မသင့်လျော်ဘူးဆိုတော့ ..."

"တော်စမ်းပါ ... စကားကို ကတ်သီးကတ်သတ် ပြောမနေနဲ့။ ငါ ဘာကို ဆိုလိုတယ်ဆိုတာ မင်းသဘောပေါက်ရက်သားနဲ့"

အဲသည်နောက်မှာတော့ ညီအစ်ကိုနှစ်ယောက်၏ စကားရည်လုပွဲမှာ ကားပေါ်မှာ လမ်းကနေ အိမ်အထိ အပြီးမသတ်နိုင်တဲ့ နှစ်ဦးသားကြား အဖုအထစ် ကြီးကြီးမားမားလို ဖြစ်ခဲ့ရသည်။ နောက်ဆုံးတော့ သည်လို ငြင်းခုန်နေရုံဖြင့် တစ်ဖွတ်တိုး



ဆုံးဖြတ်တော့မည့် ညီညီ့ကို တားဆီးနိုင်မှာ မဟုတ်ဘူးဆိုတာ သူ သဘောပေါက်ခဲ့ရသည်။

"ဘယ်လိုပဲဖြစ်ဖြစ် ဒီကောင်မလေး အပေါ် သဘောထား မပြောင်းနိုင်ဘူးလို့ မင်းက ဆိုလိုချင်တာပေါ့လေ ...။ ကိုကို စကားကို နားမထောင်တော့ဘူးပေါ့"

သူ့အသံက အမှန်တကယ်ပင် စိတ်ထိခိုက်မှုဖြင့် အက်ကွဲလှပ်ခါနေခဲ့သည်။ ကားကို ပေါ်တီကိုအောက်မှာ ရပ်ခဲ့ပြီးသည့်အခါ သူ နောက်လှည့်မကြည့်တော့ဘဲ သူ့စာကြည့်စားပွဲရှိရာ အိပ်ခန်းထဲသို့ တန်းတန်းမတ်မတ် တက်လာခဲ့ပြီး စာကြည့်စားပွဲရှေ့မှာ အရုပ်တစ်ရုပ်ကို မတုန်မလှုပ် ထိုင်နေခဲ့သည်။ သူတို့ ညီအစ်ကို နှစ်ဦးကြားမှာ အကြီးမားဆုံးသော စိတ်သဘောကွဲလွဲမှုဟု သူက ထင်ခဲ့သည်။

ခဏကြာတော့ သူ့အိပ်ခန်းထဲ ဘွားဘွား ရောက်လာပါသည်။

"ဒီလိုကိစ္စမျိုးဆိုတာ တစ်ထိုင်တည်းနဲ့ ဖြေရှင်းလို့ ရတာမျိုး မဟုတ်ဘူး ကိုကိုရဲ့။ ဒီအချိန်မျိုးမှာ သူတို့ ဘာကိုမှ မမြင်နိုင်ဘူး။ အမှားအမှန် ဆုံးဖြတ်ဖို့ ဆိုတာဝေးရော...။ သူ့စိတ်ထဲမှာ ဒီမိန်းကလေးဟာ အပြစ်ဆိုလို့ မြူတစ်မှုန်တောင် မရှိဘူးလို့ သူ ထင်နေမှာ ...။

ဒါပေမယ့် ... သားရေ...။ နည်းနည်းလေး စောင့်ကြည့်လိုက်ပါဦး။ တဏှာသိုလ်တက်ရရင် မင်း,ညီ အချိုးပြောင်းသွားပါလိမ့်မယ်။ ဒီမိန်းကလေးနဲ့လည်း ဝေးသွားပြီလေ ...

www.burmeseclassic.com

www.burmeseclassic.com



ခုလောလောဆယ်မှာတော့ သူတို့ချင်း နီးနီးစပ်စပ် မနေနိုင်အောင်၊ မတွေ့နိုင်အောင်သာ ထိန်းပေး ... သိပ် စိတ်မပူပါနဲ့သားရယ်။ ညို ... ဒီကောင်မလေးကို တစ်နေ့နေ့ စိတ်ကုန်သွားမှာပါ"

ဘွားဘွားက သူ့ကို စိတ်ရှည်လက်ရှည် ဖျောင်းဖျသည်။ ဘွားဘွားစကားတွေ မှန်ကောင်းမှန်နိုင်သည်ဆိုတာ သိပေမယ့် ညို သူ့ကို ဆန့်ကျင်နိုင်တာ ဆန့်ကျင်ရဲတာကိုပင် သူ စိတ်ထိခိုက်မဆုံးခဲ့။ ညိုညိုပြည့်စုံဟာ ငယ်ငယ်ကတည်းက သူ တယုတယ ထိန်းသိမ်းစောင့်ရှောက်ခဲ့ရသည့် ပန်းကလေး ...။ သူ့ဘဝမှာ ညိုညိုနှင့် သူ့ပညာရေးကလွဲလျှင် ဘယ်အရာကိုမှ လေးလေးနက်နက် အာရုံမဝင်စားခဲ့။ ညိုကလည်း သူ့စကားကို ဘယ်တုန်းကမှ ဆန့်ကျင်ခဲ့ဖူးသည် မဟုတ် ...။

ခုတော့မှ ... ဘာမဟုတ်သည့် မိန်းကလေးတစ်ယောက်အတွက် ...

"သူက ... အဲဒီ ကောင်မလေးကိုမှ တကယ့်ကို တန်ဖိုးထားနေတာ ဘွားဘွားရဲ့ ...။ ကျွန်တော့်ကိုတောင် အရေးမစိုက်ဘူးဆိုတဲ့ ပုံစံမျိုး။ တစ်သက်လုံး အရိပ်ကြည့်လာခဲ့တဲ့ အစ်ကို,ကိုတောင် ဆန့်ကျင်ရဲတယ် ဆိုတဲ့ ပုံစံမျိုးနဲ့ ..."

သူ့မျက်ဝန်းအိမ်တွေ ပူနွေးလာခဲ့သည်။ ဘွားဘွားက သူ့ဆံပင်တွေကို လက်ဖဝါးဖြင့်အုပ်လျက် ပွတ်သပ်ချော့မော့နေသည်။ သည်ညီလေး အပေါ်မှာ သူ့အချစ်တွေအားလုံး စုပုံထားခဲ့ရတာကို ... ညိုက မသိသား ဆိုးရွားလှသည်။



"ညိုက ကျွန်တော် သူ့ကို ဘယ်လောက်ချစ်တယ်ဆိုတာ မသိဘူး ဘွားဘွားရဲ့"

ဘွားဘွားက ခပ်ဖွဖွ ရယ်မောပါသည်။

"ဩော် ... ဘွားရဲ့သားကြီးက တယ်ပြီး စိတ်ထားနူးညံ့တာပဲကိုး ...။ အဲသလောက်လည်း စိတ်မပျော့နဲ့သားရေ။ လူတွေဟာ တစ်နေ့တော့ ကိုယ့်လမ်းကိုယ်ဖောက်ပြီး လျှောက်ရမှာကွယ့် ... ညိုလည်း တစ်နေ့တော့ သူ့လမ်းသူ လျှောက်သွားမှာ။ ခံနိုင်ရည်ရှိအောင် ခုတည်းက ကြိုးစားထားသားရေ ..."

ညိုကို မတားဆီးနိုင်ဘူး ဆိုလျှင်တော့ ...

ဘွားဘွား ပြောသလို သူ ခံနိုင်ရည် ရှိဖို့တော့ လိုပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)

စိုးရိမ်ပူပန်မှုတွေ ကြားကပင် ညီသည် ရေကြောင်းသိပ္ပံပထမနှစ်ကျောင်းသားတစ်ယောက် ဖြစ်လာခဲ့ပြီး ပြောင်းလဲသွားခဲ့သော ပတ်ဝန်းကျင် အဝန်းအဝိုင်းမှာ ဖျတ်လတ်တက်ကြွလျက် ညီညီပြည့်စုံ၏ ပုံမှန်အနေအထားအတိုင်း ပြန်ဖြစ်လာခဲ့သည်။ စာမေးပွဲတွေ အနည်းငယ် အလှမ်းဝေးနေသော တစ်ညနေမှာ ညီအစ်ကိုနှစ်ယောက် ပေါ်တီကို အမိုးပေါ်က လ,သာဆောင်မှာထိုင်လျက် ညီညီက ဂစ်တာတီးရင်း သူကတော့ အစ,အဆုံးမရသည့် သီချင်းတွေ ဟိုတစ်ပုဒ် သည်တစ်ပုဒ် ယိုက်ညည်းရင်းအတော်ပင် စိတ်ကြည်နူးစရာ ကောင်းခဲ့သည်။ အဲသည် အချိန်မှာ ညီညီအတွက် စာတစ်စောင် ရောက်လာခဲ့သည်။

"ညီရေ ... မင်းအတွက် စာတဲ့ကွ"

ဆိုပြီး ဘိုးဘိုးက မျက်နှာခပ်ပြုံးပြုံးဖြင့် သူတို့ညီအစ်ကိုရှိရာ ရောက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"လက်ရေးကတော့ မိန်းကလေးလက်ရေး ထင်ရတာပဲကွ။ ခပ်သော့သော့ပဲ"

ဘိုးဘိုးပြောသည့် ခပ်သော့သော့ပဲ ဆိုတာကို သူတို့ ညီအစ်ကိုနှစ်ယောက်လုံး နားမလည်ပါ။ ဘိုးဘိုးသည် အသက်ခြောက်ဆယ်ကျော် ဆိုပေမယ့် ခေတ်နှင့်မျက်ခြည်ပြတ်နေသည့် အတိတ်ကိုသာ ပြန်လည်တမ်းတ, နေတတ်သည့် အဘိုးကြီးမျိုး မဟုတ်ပါ။ ဘိုးဘိုးကတော့ မျက်စိကောင်းလျှင် ကွန်ပျူတာတောင် သင်ချင်သေးတာ ... တဲ့။ သက်တူရွယ်တူတွေထဲမှာတော့ ဘိုးဘိုးက အကောင်းဆုံး ဂေါ့ဖ်ကစားသမား ဖြစ်ပါသည်။ ပါတိတ်ရှပ်လက်တို၊ သက္ကလပ်ဆောင်းဘီ၊ လျှာထိုးဦးထုပ်နှင့် နေကာရောင်မျက်မှန်နှင့် ဘိုးဘိုး ဂေါ့ဖ်ရိုက်သွားသည့်အခါ ...

"သူ့ကိုယ်သူ အသက်နှစ်ဆယ်ကျော် လူပျိုလေးများ မှတ်နေသလား မသိဘူး"

ဟု မေမေ့ပြောတတ်သည့် ဘွားဘွားမျက်နှာက ကျေနပ်သည့် ပီတိပြုံးတွေနှင့်သာ ဖြစ်သည်။

စာအိတ်ပေါ်က လက်ရေးကို ခပ်လျှမ်းလျှမ်းကြည့်ပြီး ညီက သူ့ရှေ့မှာတင် စာအိတ်ကို ဖောက်ဖတ်လိုက်သည်။ ဘယ်သူ့ဆီက ဆိုတာ သူ မှန်းမိသည်မို့ ညီမျက်နှာကို သိသိသာသာ အကဲခတ် ကြည့်မိသည်။

"ဘယ်သူ့ဆီကလဲကွ"

ညီ့ ကိုယ်ရေးကိုယ်တာကို သိချင်မိသည်ကြောင့် သူ့ကိုယ်သူ လူမှုရေး မသိတတ်သူ၊ ရိုင်းစိုင်းလှသူဟု ဘယ်တုန်း



ကမှ မထင်မိပါ။ သူတို့ညီအစ်ကို နှစ်ယောက်ကြားက ရင်းနှီးမှုမှာ ဘယ်လို အတားအဆီးမျိုးမှ မရှိခဲ့။

"အဖြူ ဆီကပါ"

"ဪ ..."

"သူ ... နယ်ရောက်သွားပြီဆိုတဲ့ အကြောင်းပါ။ သူ့အဒေါ်အိမ်ကနေ ဆယ်တန်းဖြေမယ်တဲ့။ ဒီနှစ်တော့ အောင်မယ်လို့ မျှော်လင့်ပါတယ် ... တဲ့။ ပြီးတော့ ... ညီ့ကို သတိရပါတယ် ... တဲ့"

"မင်း ငါ့ကို အစ်ပြဲတိုက်နေတာတော့ မဟုတ်ပါဘူးနော်"

ဘိုးဘိုးလည်း ပြန်ထွက်သွားပြီမို့ သူက စိတ်ထဲရှိသည့်အတိုင်း ညီ့ကို မျက်နှာထားတည်တည်ဖြင့် မေးလိုက်သည်။

"ဟာ ... မဟုတ်ပါဘူး ကိုကိုကလည်း။ ကိုကို့ကို ဘာဖြစ်လို့ ချွဲ့ရမှာလဲ"

"အဲဒီထက် ပိုတဲ့ စာကြောင်းတွေ ဆက်ဖတ်ပြနေဦးမှာလား ... လို့"

"ဟာ ... ကိုကိုကလည်း။ ကျွန်တော်က Main Clause တွေကိုသာ ဖတ်ပြတာပါ"

"မင်းတို့နှစ်ယောက်က အဆက်အသွယ် မပြတ်ကြသေးဘူးပေါ့"

စာအိတ်ကို ခေါက်သိမ်းနေသည့် ညီမျက်နှာ ရဲ့မဲ့သွားပါသည်။

"ကိုကို မေးတာကြီးကလဲ ... ..."

www.burmeseclassic.com

www.burmeseclassic.com



"သဘောမတူဘူးလို့ ကိုကို ပြောပြီးပြီနော်"

"သိပါတယ် ကိုကိုရာ ...။ အဖြူလည်း သိပါတယ်"

"သိတယ်"

သူက တအံ့တသြ ရေရွတ်လိုက်သည်။

"ကိုကိုနဲ့ လမ်းမှာ တစ်ခါဆုံဖူးကတည်းက ကိုကို သူ့ကို မလိုလားဘူးဆိုတာ သိပါတယ် ... တဲ့။ ပြီးတော့ ကိုကို့ ကိုတောင် သူက မှတ်ချက်ချလိုက်သေးတယ်"

"ဟင် ..."

"မာအုပ်ကြီးသမား ... တဲ့၊ သားလီမွာလေးတဲ့ ...၊ ကိုကို သဘောကျမယ့် မိန်းမမျိုးက ကုန်းဘောင်ခေတ်က မင်းသမီးမျိုး ... တဲ့"

"ဘာ ..."

သူ ဆောင့်ကြီးအောင့်ကြီး အော်ပစ်လိုက်သည့်အခါ ညီက သူ့ကိုကြည့်ပြီး အားရပါးရ အော်ဟစ်ရယ်မောလေသည်။

"သိသားပဲ ...။ အဲဒါ ပြောရင် ကိုကို အဲဒီလို ဖြစ်မယ် ဆို"

"အဲဒါ ... မင်းက သူ့ကို သဘောကျနေတာပေါ့။ ဒါ ဒီလိုဖြစ်တာကို သဘောကျတာ ... ပေါ့ ...။ အေး ... ဒါဘယ်လိုမိန်းမကိုပဲ သဘောကျကျ သူ့ကိုတော့ မင်း သဘောမကျရဘူး။ သူ့လို မိန်းမမျိုးကို မင်း မယူရဘူး"

"ဘာ ... ကိုကိုကလည်း ဘယ်လိုဖြစ်နေတာလဲ"

ညီက ရယ်သံကို လက်စမသတ်ဘဲ သူ့ကိုပြောသည်။ ညီစကားတွေကို ဒေါသထွက်ရတာ အမှန်ပေမယ့် အဲသည့်ဒေါသကို



သူ ချက်ချင်းသိမ်းဆည်းလိုက်နိုင်ပါသည်။ ရင်ထဲက ခံစားချက်တွေကို လူမမြင်အောင် ထိန်းသိမ်းထားဖို့ ညီညီ အဖို့ မလွယ်ကူပေမယ့် ကိုကိုပြည့်စုံ အတွက်တော့ လုံးဝ မခဲယဉ်းပါ။ အုတ်ဘောင်မှာ မှီထားသည့် ဂစ်တာကို ဆွဲယူပြီး ကြိုးတွေကို ထိရုံ ကစားကြည့်လိုက်သည်။ သူ ဂစ်တာ မတီးတတ်ပေမယ့် ဂစ်တာ မဘီး တတ်လျှင် ရှက်စရာကောင်းသည်ဟု တစ်ခါမှ မယင်ခဲ့ဘူးပါ။ သူနှင့် အတန်းတူ သူငယ်ချင်း အတော်များများသည်လည်း ဂစ်တာ မတီးတတ်ကြပါ။

"ကိုကို မေးတာကို အတတ်နိုင်ဆုံး တည်တည်ငြိမ်ငြိမ်နဲ့ ဖြေပါ ညီ"

ညီက ပြုံးနေသည့် နှုတ်ခမ်းတွေကို လျှော့ချပစ်လိုက်ပြီး သူ့ကို ခပ်စိမ်းစိမ်း မျက်လုံးများဖြင့် ကြည့်သည်။

"မင်း ... သူ့ကို ယူဖို့ စိတ်ကူးသလား"

အကြည့်တွေ မလွှဲဖယ်ဘဲ ညီက ခပ်ဖြည်းဖြည်း ခေါင်းယမ်းလေသည်။

"ညီ အိမ်ထောင်ပြုဖို့ လုံးဝ စိတ်မကူးရသေးဘူး ကိုကို"

"ဒါဆိုရင် ဘယ်လိုမိန်းကလေးမျိုးကို လက်ထပ်မယ်လို့ ရည်ရွယ်ထားတာမျိုး မရှိဘူးပေါ့"

"မရှိသေးပါဘူး"

"အဖြူလို မိန်းကလေးမျိုးကို လက်ထပ်သင့်တယ်လို့ ထင်သလား"

ညီ မဖြေဘဲ အကြာကြီး တွေဝေနေသည်ကို သူ စိတ်ရှည်လက်ရှည် စောင့်ရသည်။

www.burmeseclassic.com



"တကယ်ချစ်တယ်လို့ သေချာရင်တော့ လက်ထပ်မိမယ် ထင်တာပဲ"

"ကိုကို ကတော့ ချစ်ရုံနဲ့ လက်မထပ်သင့်ဘူးလို့ ထင်တယ်"

"အဲဒါ ... ကိုကို တကယ်မချစ်ဖူးသေးလို့ ပြောတာပါ"

ညီ့စကားအဆုံးမှာ သူ့မျက်လုံးတွေ ပြူးကျယ်သွားရသည်။

မချစ်ဖူးသေးလို့ ... တဲ့။

မိန်းကလေး တစ်ယောက်ကို ချစ်သည့် အချစ်ဆိုသည့် ခံစားမှုဟာ ဘယ်လောက်ထိများ နက်ရှိုင်းသိပ်သည်းနိုင်တာပါလိမ့်။ အဲသည် အချစ်ကြောင့် အရာအားလုံးကို ဥပေက္ခာပြုနိုင်သည် ဆိုတာကို သူ မယုံကြည်ပါ။ အရာအားလုံးကို စွန့်လွှတ်နိုင်သည်ဆိုတာ မယုံကြည်ပါ။ တဒင်္ဂလေးမှာ ဆုံးဖြတ်ခဲ့သည့် ဆုံးဖြတ်ချက်တွေအားလုံး တစ်ချိန်ချိန်မှာ နောင်တ,အဖြစ် ပြောင်းလဲသွားခဲ့မည်ဆိုလျှင် အဲသည်"အချစ်"ဆိုတာကို ဘယ်လိုမှတ်ချက်ချရမ[illegible]ဲ။

အ[illegible]အတွေ့အကြုံ[illegible]ပြီး မခိုင်မာခဲ့တာလို့ ငြင်းဆိုဦးမည်လား ...

ကိုက[illegible] အချစ်ဆိုတာကို လုံးဝမယုံကြည်ခဲ့ချေ။ ဖြစ်နိုင်လျှင်တော့ အမှန်တကယ် [illegible]သည့်အရာ မဟုတ်ဘူးဟုပင် ဆိုချင်သည်။

"ချစ်တယ် ဆိုတဲ့ ခံစားချက်ကို ညီက ယုံကြည်တယ်လား။ အဲဒီ အချစ် ဆိုတာ ညီ့ရင်ထဲမှာ ဘယ်လောက်ကြာကြာ



စွဲမြဲနေမယ်လို့ ထင်သလဲ ...။ ကိုကိုကတော့ အချစ်ဆိုတာကို တဒင်္ဂ စိတ်ခံစားမှုလို့ပဲ ယုံကြည်တယ်။

ထားပါလေ ... ကိုကို ပြောချင်တာက အချစ်အကြောင်း မဟုတ်ဘူး။ အဖြူ အကြောင်းပါ"

ညီ့ မျက်လုံးတွေက ပိုပြီးအရောင်တောက်လာသည်။ သို့ပေမယ့် ဆယ့်ကျော်သက် လူငယ်လေးတစ်ယောက်၏ စိန်ခေါ်မှုမျိုးကိုလည်း ညီ့မျက်စန်းတွေ၊ အပြုံးတွေမှာ မြင်နိုင်သေး၏။

"မင်း ..., အဖြူအပေါ် သံယောဇဉ်ကြီးနေတယ်ဆိုတာ ကိုကို သိတယ်။ ဒါပေမယ့် မင်းနဲ့ အဲဒီကောင်မလေးရဲ့ စရိုက်တွေ ကြီးပြင်းရတဲ့ အသိုင်းအဝိုင်းတွေကတော့ တခြားစီပဲ ညီ။ ခံယူချက်ချင်းလည်း တခြားစီ ဖြစ်လိမ့်မယ်လို့ ကိုကို သိတယ်။ အဲဒီ အချက်တွေက မင်းတို့နှစ်ယောက်ကို တဖြည်းဖြည်းနဲ့ ဝေးကွာသွားစေမှာပဲ။

ပြီးတော့ ... မိန်းမ မပီသတဲ့ မသိမ်မွေ့ မယဉ်ကျေးတဲ့ ဇနီးတစ်ယောက်အတွက် မင်းရဲ့ အသိုင်းအဝိုင်းအလယ်မှာ မင်းဟာ အမြဲတမ်း မျက်နှာပျက်စရာ၊ အရှက်ရစရာ ဖြစ်နေမှာပဲ ညီ ... အဖြူဟာ လုံးဝမသိမ်မွေ့ဘူး။ အဲဒါကိုတော့ မင်း ငြင်းမယ် မဟုတ်ပါဘူးနော် ..."

မျက်လွှာပင့်ကြည့်လိုက်တော့ ညီက ငြိမ်သက်နေသည်။ မျက်ခုံးနှစ်ဖက်က စုရုံ့လျက် တစ်ခုခုကို ငြင်းချက်ထုတ်ရန် ကြိုးစားနေလေသလား မသိ။

"ကိုကိုတို့ ငယ်ငယ်ကတည်းက သိမ်မွေ့ဖို့၊ ယဉ်ကျေးဖို့၊ ဘာသာတရားကို အလေးထားဖို့ ကိုယ်ကျင့်တရားကို

www.burmeseclassic.com

www.burmeseclassic.com



စောင့်ထိန်းဖို့ ဆိုတာ စာကျက်သလို အမြဲကျက်ခဲ့ရတာ။ ညီက ငယ်သေးတော့ ကိုယ်နဲ့ ရေရှည်လက်တွဲရမယ့် အဖော်ဟာ ဘယ်လိုလူမျိုး ဖြစ်သင့်တယ်ဆိုတာ လေးလေးနက်နက် မတွေးနိုင်သေးဘူး။ ညီ စိတ်ကူးယဉ်ဖူးတဲ့ ညီရဲ့ ဖန်းဆိုတာ အဖြူလို မိန်းကလေးမျိုးလား။ဟုတ်မယ် မထင်ဘူးနော် ...

ညီလိုချင်တဲ့ မိန်းကလေးဟာ သိမ်သိမ်မွေ့မွေ့နဲ့ မိန်းကလေးပီသပြီး နူးညံ့တဲ့ မိန်းကလေးမျိုးပဲ ဖြစ်မှာပါ ...

ခုတော့ ... ဈေးလယ်ခေါင်မှာ အော်ကြီးဟစ်ကျယ် ရန်ဖြစ်ရဲတယ်၊ ဆိုက်ကားသမားတွေ အလယ်မှာ အကျယ်ကြီး ရယ်မောစကားပြောရဲတယ်၊ ကျောင်းမှာလည်း မိန်းကလေးသူငယ်ချင်းတွေနဲ့ မတည့်ဘူး ...၊ ဘဝမှာ ဘာဖြစ်ရမယ်လို့ နိုင်မာတဲ့ ရည်မှန်းချက် မရှိဘူး၊ စာ မကြိုးစားဘူး၊ သူ့အတွက် ပညာတော်ရမယ်၊ လူတွေရဲ့ ချီးမွမ်းတာကို ခံရမယ်၊ သူ့ရဲ့ ဘဝမြင့်မားရမယ်ဆိုတဲ့ ... ရည်ရွယ်ချက်မျိုး နည်းနည်းလေးမှ ရှိပုံမပေါ်ဘူး။ ဖြစ်ချင်ရာဖြစ်ဆိုပြီး ဘဝကို ရေစုန်မျောသွားချင်တဲ့ ပုံစံမျိုးပဲ ...။

ကိုကိုတော့ ညီ့ကို အဲလိုမိန်းကလေးမျိုးနဲ့ သဘောမတူနိုင်ဘူး၊ ဘိုးဘိုးနဲ့ ဘွားဘွားလည်း သဘောမတူဘူး။ ဖေဖေနဲ့ မေမေသာ ရှိရင်လည်း သဘောတူမှာ မဟုတ်ဘူး"

ငြိမ်သက်နေရာကနေ ညီ ဆတ်ခနဲ ခေါင်းမတ်လာသည်။ စောစောကလို ပျောင်ရိပ်သန်းသည့် နှုတ်ခမ်းတွေ မရှိ



တော့။ အရောင်ညှိုးသွားသည့် ညှိုမျက်ဝန်းများက အဓိပ္ပာယ်တွေကို သူ ဖတ်၍ ရသည်။

"အဲတော့ ... သူနဲ့ ဆက်သွယ်နေတာကို ရပ်လိုက်ပါတော့ ညီ။ သူ့ကိုလည်း ပြတ်ပြတ်သားသား ပြောလိုက်ပါတော့။ ကိုကိုက သဘောမတူနိုင်လို့ ...လို့ ညီ ပြောချင်ပြော။ ညီ ကြိုက်သလိုပြောပါ။ အချိန်တွေ အကြာကြီး အမှုင်မပြတ်ဘဲ ဇာတ်မျောကြီး ဖြစ်နေတာမျိုး ကိုကို မလိုလားဘူး"

ကြည်နူးစရာ ဖြစ်သော ညီအစ်ကိုနှစ်ဦး၏ ညနေခင်း အချိန်ကလေးသည် မထင်မှတ်ဘဲ ရောက်လာသည့် စာတစ်စောင်ကြောင့် ပျက်စီးသွားခဲ့ပါသည်။ ညီ့ထံက ကျေနပ်လောက်အောင် ကတိစကား မရခဲ့ပေမယ့် သူ့သဘောကို ညီ ဆန့်ကျင်မှာ မဟုတ်ဘူးဟု သူ မရဲတရဲ ယုံကြည်ခဲ့မိသည်။ ဘဝမှာ အရေးပါဆုံး၊ ဆုံးဖြတ်ချက် တစ်ခုကို ချမှတ်ဆိုလျှင် ညီညီသည် တစ်ဦးတည်းသော အစ်ကို့ကို မေ့ထားမှာ မဟုတ်ဘူးဟု သူ့ကိုယ်သူ ဖြေသိမ့်ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သည့်နောက် ကိုးနှစ်ကျော် ကာလမှာတော့ အရပ်ရှည်ရှည် ဆံပင်တိုတို အသံစူးစူးသေးသေးနှင့် မိန်းကလေး၏ပုံရိပ်သည် ကိုကို့ ဦးနှောက်ထဲမှာ ခပ်ရေးရေးပင် စွဲမြဲ မကျန်ရစ်တော့ပါ။ ဘာကြောင့်လဲဆိုတော့ သည်မိန်းကလေးနှင့် ပတ်သက်ပြီး သူ စိုးရိမ်ပူပန်ရလောက်သည့် အနေအထားမျိုး ညီညီပြည့်စုံမှာ မရှိတော့သည်မို့ ဖြစ်ပါသည်။

"အချစ်"ဆိုသည့် အကြောင်းအရာနှင့် ပတ်သက်ပြီး သူတို့ညီအစ်ကိုနှစ်ယောက် နောက်ထပ် မဆွေးနွေးဖြစ်ကြတော့ပါ။



# အပိုင်း(နှစ်)

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄)

"အသက်သုံးဆယ် ကျော်ပြီတဲ့"

"ဟုတ်တယ် ဟဲ့ ..., ပြီးတော့ လူပျို ... တဲ့"

"ကဲ ... ငါ မပြောဘူးလား ... လူပျိုပဲ ဖြစ်မှာပါဆို ...။ ရုပ်ကတော့ ရေရေလည်လည် သန့်ပြန့်တယ်နော်"

"အင်းနော် ... ဒါပေမယ့်လည်း အိုဂျီဆောင်ကို လူပျိုဆံရာဝန်က A.S နဲ့ ရောက်လာတယ်ဆိုတော့ ... အဆင်ပြေပါ့မလား မသိဘူး နော် ..."

"ဟဲ့ ... အဖြူမ တစ်ယောက် ငြိမ်လှချည်လား။ ဘယ်လိုဖြစ်နေတာလဲ"

ဖျတ်ခနဲ တစ်ယောက်က ပခုံးကို လာပုတ်သည်။ နောက်လှည့် မော့ကြည့်လိုက်တော့ သူမ၏ စီနီယာ မမတင်မျိုးခိုင်၏ ပြုံးချိုသော မျက်နှာကို မြင်ရ၏။ နဖူးပြင် ပြောင်ရှင်းနေအောင် ဆံပင်တွေကို သိမ်းထားပြီး ဇာကပ်လေးအုပ်လိုက်တော့ မျက်နှာလေး ဖောင်းဖောင်းပြည့်ပြည့်လေးက ပိုပြီး ကျက်သရေ ရှိသွား၏။

www.burmeseclassic.com

www.burmeseclassic.com

အဖြူ အနီ တွဲလျက် မြင်ရသည့် အဖြူတို့လို ကျောင်းဆင်းပြီးစ နှာစ်လေးတွေအားလုံး တစ်ယောက်နှင့်တစ်ယောက် မျက်နှာလေးတွေက ဆင်သလိုလို ... အရွယ်လေးတွေကလည်း မတိမ်းမယိမ်း အရပ်အမောင်းလေးတွေကလည်း သိပ်မကွာလှတာမို့ ... စစ်တပ်တစ်တပ်လို တူညီသည့် အစုအဝေး၊ အသိုက်အဝန်းကလေးဟု မြင်နိုင်သည်။ ဘယ်သူ့ကို ကြည့်ကြည့် နုနယ် သန့်စင်သည့် မျက်နှာမျိုး အပြုံးကိုယ်စီနှင့် ...။

"ငြိမ်မှာပေါ့ အစ်မရဲ့ အဖြူက ရင်ခုန်စရာတွေ ဖြစ်သွားတာကိုး ..."

နော်ထီးမူက အသံလေးဝဲဝဲနှင့် အဖြူ့ကို ချစ်စနိုးကျီစယ်လေသည်။ အဖြူသည် ရယ်စရာဆိုလျှင်လည်း အောင့်မထားနိုင်ဘဲ အော်ကျယ်ဟစ်ကျယ် အားပါးတရ ရယ်ပစ်တတ်သည့် အကျင့်အတိုင်းဖင် နော်ထီးမူ စကားအဆုံးမှာ ဟက်ဟက်ပက်ပက် လက်ခုပ်လက်ဝါးတီးပြီး ရယ်ချပစ်လိုက်သည်။ တိုးတိုးကျိတ်ကျိတ် အတင်းအုပ်နေကြသည့် အမျိုးသမီးမတွေအားလုံး မျက်နှာတွေရှုပ်မဲ့ပြီး ...

"ဘယ်လိုဖြစ်တာလဲ"

ဟု အဖြူ့ကို အပြစ်တင်ချင်သည့် မျက်နှာပေးဖြင့် ဝိုင်းပြီး မျက်စောင်းထိုးကြလေသည်၊

"ဟဲ့ ... အဖြူ ဘာဖြစ်လို့ အဲလောက်အကျယ်ကြီး အော်ရယ်ရတာလဲ"

မမတင်မျိုးခိုင်ကပါ အထိတ်တလန့်ဖြင့် အဖြူ့ကို ဟန့်တော့မှ မွေးကတည်းက ကျယ်လာခဲ့သည့် အသံကို ဘရိတ်အုပ်လျက် တိုးတိုး ကျိတ်ရယ်ရပေမယ့် ရယ်ချင်စိတ်ကိုတော့ တော်တော်နှင့် အမျှင်ဖြတ်မရ။

"ရယ်ချင်တာပေါ့ မမရာ။ ထီးမူရဲ့ စကားက ရယ်စရာကြီးကိုး။ ဖြူ့ ရင်ထဲမှာ ဘယ်လိုဖြစ်သွားတယ်ဆိုတာ သိရင်ပိုပြီး ရယ်ချင်ဦးမယ်"

"အံမယ် ... တော် ... တယ်ပြီး ညွှန်းလိုက်ပါလား"

"ရင်ခုန်ဖို့ နေနေသာသာ ဒီဆေးရုံကနေ ဘယ်ထွက်ပြေးပြီး ပုန်းရမယ်မှန်းတောင် မသိဘူး"

"ဟဲ့ ... ဘယ်လိုဖြစ်လို့လဲ"

အဖြူနှင့် သူ ဘယ်လို မျက်နှာချင်းဆိုင်ခဲ့ရသည် ဆိုတာကိုတော့ အိုဂျီဝါ့ဒ်မှာ တာဝန်ကျသည့် သူငယ်ချင်းတွေ အားလုံး သိကြပြီး ဖြစ်ပါသည်။ မနေ့တစ်နေ့ကမှ ရောက်လာသည့် ဆရာဝန်တစ်ယောက်ကို သည်မှာ အသားကျနှင့်ပြီးသူတွေက စိတ်ဝင်တစား ကြိုဆိုကြတာ မဆန်းလှသည်မို့ ... ဒေါက်တာကိုကိုပြည့်စုံကို သူမတို့ စိတ်ဝင်တစား ရှိကြသည်မှာလည်း ဖြစ်ရိုးဖြစ်စဉ်တစ်ခု ဖြစ်ပါသည်။ သို့ပေမယ့် ကံကြမ္မာကို မယုံကြည်တတ်သူ အဖြူကတော့ သည်လောက်တောင် ဆိုးရွားတိုက်ဆိုင်တတ်သည့် ကံကြမ္မာ ဆိုတာကို မုန်းတီးကျိန်ဆဲနေဖြစ်ခဲ့သည်။ ဒါပေမယ့် စိတ်ပျက်လက်ပျက်တော့ မရှိလှပါ။ ဘယ်နေရာရောက်ရောက် စိတ်ချမ်းသာအောင်နေဖို့၊ ကိုယ်နဲ့ ပတ်သက်သူတွေ စိတ်ချမ်းသာစေဖို့ ... ဆိုတာ ဖြူ ကိုယ်တိုင် ယုံယုံကြည်ကြည် လိုက်နာခဲ့သည့် ဆုံးဖြတ်ချက်တစ်ခု မဟုတ်လား ...။

"အဲဒီ ဒေါက်တာနဲ့က ..."



www.burmeseclassic.com

www.burmeseclassic.com



"အသိတွေလား ..."

အဲလိုပဲ ...

ရှိုးတစ်ယောက်တော့ အမြဲတမ်း အလောတကြီး သိချင်တတ်သည်၊

"ဘယ်ကလဲ ...။ မဟာရန်သူတော်ကြီးဟဲ့"

"ဟောတော့ ..."

အာမေဋိတ်သံတွေ အတော်ကျယ်ကျယ်လောင်လောင် ကြားလိုက်ရတော့ အဖြူ အတော်ကျေနပ်သွားပါသည်။

"သူက ... ငါ့ဆို တစ်စက်ကလေးမှ ကြည့်လို့ရတာ မဟုတ်ဘူး"

"ဟုတ်မှာ ... ဒါကတော့ ယုံတယ် ..."

"ကျိုးအာသီးမ ..."

"ကြည့်ပါလား ... အသံပြဲနဲ့ ဆေးရုံကို စတွေဒီယိုများ မှတ်နေသလား မသိ ..."

ခိုးခိုးခစ်ခစ် ရယ်သံတွေ ထွက်လာပြီးနောက် တစ်ဆက်တည်းလိုလို ...

"ဟဲ့ ကလေးမလေးတွေ ..."

ဆိုသည့် ဘာလူးစတာမ်ဖ် မမ၏ အသံဆစ်အစ်ကို အခန်းအပြင်ဘက်ဆီက ကြားလိုက်ရသည်။

"နိုးနိုးကြားကြား ရှိကြမှပေါ့။ အခန်းထဲရုပြီး ဘာတွေ စွတ်ထိုးနေကြတာလဲ ...၊ တော်ကြာနေ မမအိုဂျီ ... Round လာတော့မှာနော် ...။ ဒီနေ့ လေဘာပိန်း (Labour Pain) တစ်ယောက်မှ မရှိလို့ အကဲသာခိုနေကြတယ် ဟုတ်လား"



အခန်းထဲမှာ ရှိနေသည့် လေးယောက်လုံး ဇက်ကလေးတွေ ပုပြီး တစ်ယောက်နှင့်တစ်ယောက် မျက်စ,ပစ်ကြသည်။

"ဟော့ ... ဂျူတီပြီးမှ ... ဂျူတီပြီးမှ ..."

ချိုက ပြောရင်း အဖြူ့ကို မေးဆတ်ပြလေသည်။ သွေးပေါင်ချိန်သည့် ကိရိယာလေးကိုင်ပြီး ဖြူ အခန်းထဲက ခပ်သွက်သွက် ထွက်လာခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ညနေ အတော်ကြီး စောင်းလာသည့်အခါ အဖြူတို့ နှစ်ယောက် အိပ်ခန်းလေးခေါင်းရင်းက တ,တိုင်းမွေးပန်းရုံက ပန်းရနံ့သည် တဖြည်းဖြည်း ရူးရှသင်းကြိုင်လာ၏။ အဲသည်လို အနံ့ရူးရူးတွေကို ဖြူက မုန်းတီးတတ်ပေမယ့် ဘာမှမတတ်နိုင်ပါ။ ဖြူသည် သူတစ်ပါးအိမ်က အခန်းကလေးတစ်ခန်းမှာ အခ,ပေး နေထိုင်ရသူ တစ်ယောက်သာ ဖြစ်သည်။ ကံကြမ္မာသည် ဖြူ့ကို ဘယ်တုန်းကမှ မျက်နှာသာ မပေးခဲ့ဘူးဟု ယူဆချင်ပေမယ့် ခေါင်းမာလှသည့် ဖြူကတော့ သည်လိုအခြေအနေမျိုးရောက်အောင် သူမကိုယ်တိုင်ပင် ဖန်တီးခဲ့တာ ...,ဟု အမြဲခံယူခဲ့သည်။ ခုလည်း ဖြူသည် ပိုးသတ်ဆေးနံ့တွေ အမြဲမွှန်းထုံနေသည့် ဆေးရုံထဲမှာ နေသားကျအောင် ကြိုးစားခဲရပြန်ပြီ။

ဟော ... ပြီးတော့ ... ...

သိပ်ပြီး မျက်နှာချင်း မဆိုင်လိုလှသည့် လူတစ်ယောက်နှင့် သည်နေရာမှာ ပြန်ပြီး မျက်နှာချင်း ဆိုင်ရပြန်ပြီ။

ဒါကတော့ ဆိုးရွားသည့် တိုက်ဆိုင်မှု သက်သက်ပဲ။

ကံကြမ္မာကိုမှ မကျိန်ဆဲလျှင် ဘယ်သူ့ကို ကျိန်ဆဲရမည်လဲ။



နက်ဖြန်ဝတ်ရမည့် ယူနီဖောင်းကို မီးပူတိုက်ပြီးလျှင်တော့ ဖြူသည် စိတ်လွတ်လပ် ပေါ့ပါးစွာ ပြတင်းပေါက်မှာ ရပ်မိတော့သည်။ ဖြူတို့ အခန်းလေးက လူနှစ်ယောက် နေသာရုံတော့ ကျယ်ဝန်းပါသည်။ ခုတင်နှစ်လုံး၊ စားပွဲနှစ်လုံး၊ ကုလားထိုင်နှစ်လုံးနှင့် အဝတ်အစားထည့်သည့် သေတ္တာတွေကတော့ ခုတင်အောက်မှာ ထားရသည်။ အဝတ်ရေစိုတွေကို အိမ်ဆောင်းမှာ လှန်းရသည်။ အခန်းထဲမှာတော့ ခုတင်တွေခြေရင်းမှာ အဝတ်လှန်းဖို့ သစ်သားအဝတ်တန်းတစ်ခုစီ ဝယ်ထားရသည်။ အဆောင်မှာ နေရသလို ဆိုပေမယ့် ဖြူတို့နေသည့်အိမ်က အဆောင်မဟုတ်ပါ။

ဖြူတို့ မှာစ် ထရိန်နင် တက်ခဲ့စဉ်က သူငယ်ချင်းဖြစ်သည့် ကျားမြာတို့ သားအမိတတွေရဲ့ နေအိမ်ဖြစ်သည်။ ဆန်ကုန်သည်များဖြစ်သည့် ကျားမြာ၏ မိဘများက ဖြူနှင့်ချို့ကို သမီးဖြစ်သူ၏ ခင်မင်ရင်းနှီးသော သူငယ်ချင်းများအဖြစ် သူတို့အိမ်ပေါ်ထပ် အခန်းတစ်ခန်းမှာ နေခွင့်ပြုထားသည်။ ထမင်းကျွေးထားသည်။ အိမ်လခ ထမင်းလခ ဆိုတာလည်း သဘောလောက်မို့ လောလောဆယ်တော့ ဖြူတို့အတွက် အစစ အရာရာ အဆင်ပြေနေလေသည်။

ဆေးရုံနှင့် အနည်းငယ် အလှမ်းဝေးပေမယ့် စက်ဘီးကလေးတစ်စီးလောက် ရှိလျှင်ဖြင့် အလှမ်းဝေးသည် မဆိုသာပါ။ ဖြူသည် မနေ့က နံနက်ပိုင်းအထိတော့ အလုပ်ခွင်ထဲမှာ စိတ်အနှောင့်အယှက် ကင်းစွာဖြင့် ပျော်ရွှင်ခဲ့သည်။ မနက်ဖြန်အတွက် ဆိုလျှင်တော့ မမျှော်လင့်နိုင်ဘူး ထင်သည်။

ဘယ်လိုတွေများ ကြုံလာရဦးမှာလဲ။

www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်တာတွေ ဘာတစ်ခုမှ ဖြစ်မလာခဲ့သော ဘဝမှာ မမျှော်လင့်တာတွေ ဖြစ်လာခဲ့တော့လည်း ဖြူ့အတွက် သိပ်ပြီး အံ့ဩစရာ မဟုတ်တော့ပါ။

"ဟွဲ ... အဖြူမှ"

နောက်ကျောကို ပြန်းခနဲ ရိုက်လိုက်တော့ ရုတ်တရက်မို့ ဖြူ လန့်ဖြန့်သွားမိသည်။

"လန့်လိုက်တာ ချိုရယ်"

"ထမင်း မစားသေးဘူးလား"

"သိပ်မဆာသေးပါဘူးဟာ ... နင်ရော ဆာပြီလား"

"အရမ်းကြီး ဆာလှတယ်တော့ မဟုတ်သေးပါဘူး။ ဒါပေမယ့် ... ဆေးခါး ဟင်းနံ့လေးက စားချင်စရာမို့"

"ဟင် ... ကြိုက်ပါဘူး"

"ငါတော့ သိပ်ကြိုက်တာပဲ။ နင်က လှုကြည့်တော့ ဒေါင်းတိမောင်းဟိုနဲ့၊ သိပ်ဟင်းချေးများတာပဲ"

ချိုက ရှုံ့မဲ့ပြီး ပြောသည်။

"အကျင့်ပါနေလို့ပါ [illegible]။ နောက်ဆို ချေးမများတော့ပါဘူး။ ဂျူးမြာ ဒီနေ့ အသံမကြားဘူး Night လား မသိဘူး"

"ပြန်လာပါပြီ ... [illegible] နေတယ်။ ပြန်လာတာမှ တစ်အိမ်လုံး [illegible] ကျယ်ကို ဖြစ်လို့။ သူတို့ အော်သိမှာ ဒီနေ့ [illegible] အရမ်း [illegible] တဲ့"

"ဟုတ်လား ... ဘာဖြစ်လို့လဲ"

ချိုက နဖူးပေါ် ပစ်လှဲချလိုက်ရင်း ...

"ကားမှောက်လို့တဲ့လေ"



ဟု လေသံတိုးတိုးဖြင့် ပြောသည်။ သည်နေ့ ဖြူ Off (အော့ဖ်)ရတာမို့ အိမ်မှာပဲ အဝတ်ဟောင်းတွေလျှော်ဖွပ်၊ မီးပူတိုက်၊ အခန်းသန့်ရှင်းရေးလုပ် စသည့် ဗာဟီရကိစ္စများဖြင့် သာ အချိန်ကုန်ခဲ့သည်။ ဆေးရုံမှာ ထူးထူးခြားခြား ကိစ္စတွေကို ချိုနှင့် ကျားမြာ ရောက်လာမှသာ ကြားရသည်။ တကယ်တော့ ချိုသည် ခန္ဓာကိုယ်ကလည်း သေးသေးသွယ်သွယ်၊ အရပ်ကပုပု နှင့် သွေးမြင့်လျှင် အော့ချင် အန်ချင် ရင်တလှပ်လှပ်တုန်ပြီး မူးချင်၊ မောချင်တတ်သူ ...။ သို့ပေမယ့် ချိုသည်လည်း ဖြူ့လို ပင် ဘဝမှာ မဖြစ်ချင်ဘာတွေ ကိုယ်နှင့်သဟဇာတ မဖြစ်လှသည့် အဖြစ်တွေကိုချည်း ကြုံခဲ့ရသည်။

"တော်ပါသေးရဲ့နော် ...။ ငါ အိုဂျီ ရောက်နေလို့။ အော်သိုတို့ ဆာဂျီကယ်လ်တို့မှာ ဆိုရင်တော့ ..."

"အင်း ... နင့်ကို အရင်ဆုံး ခွဲခန်းထဲ သွင်းရမယ်၊ နှလုံး ရပ်သွားလို့"

"အဟုတ်ပဲ ... အဟုတ်ပဲ ... ဟီ ဟိ"

ချိုက အသံသေးသေးကလေးနှင့် ခပ်တိုးတိုးရယ်သည်။ ချို စကားပြောသည့်အခါ ဖြူသည် အားမလို အားမရ ဖြစ်ရတိုင်း "ဟင်" ဆိုပြီး နှစ်ခါ နှစ်ခါ ပြန်မေးရတတ်သည်။

ချို့အသံက တိုးတိုးလေး။ သင်တန်းမှာ စာတွေဘာကြီးတွေ ဆရာတွေ စာမေးလျှင် အသံက တိုးသည့်ကြားထဲ ကြောက်ပြီး တုန်နေတတ်သေးတာမို့ မကြာခဏ အအော်အငေါက်ခံရ၊ အဆူခံရတတ်သူ။ ချက်ချင်း မျက်ရည်တွေဝဲ၊ မျက်ပုံးအိမ်တွေ

www.burmeseclassic.com

www.burmeseclassic.com



နိုရဲလာပြီး မျက်လုံးလေး ပေကလပ် ပေကလပ်ဖြင့် သူများတွေ နောက်နား ခပ်ကွယ်ကွယ် ရပ်နေလျှင် ဖြူကပဲ အတင်းဆွဲခေါ်ရသည်။

"ဟော့ ... နင့်ရဲ့ ကိုကိုပြည့်စုံ ကတော့လေ ..."

"ဟာ ... လာပြန်ပြီ။ အဲဒီ 'နင့်ရဲ့' ... ဆိုတာကို မထည့်စမ်းပါနဲ့။ မတန်မရာ"

ဖြူ့စကားဆုံးမှာ ချိုက နှုတ်ခမ်းလေး ငေါက်ခနဲ ထ,ထိုင်သည်။

"နင်ကများ မတန်မရာ ဖြစ်ရသေးတယ်"

ဟု မဲ့ရွဲ့ပြောရင်း ပြေးကျလာသည့် သူမဆံပင်ရှည်ကြီးကို ဆတ်ခနဲ နောက်ဖက်ပစ်လိုက်ပြီး နှစ်ပတ်ချွိုဆံထုံး ခပ်မြန်မြန်လေး ထုံးလိုက်သည်။

"ဟဲ့ မတန်မရာမို့ မတန်မရာ ပြောတာပေါ့။ သူတို့အဘိုးအဘွားတွေက တကယ့်ထိတ်ထိတ်ကြဲ သူဌေးတွေ။ ဘိုးစဉ်ဆောင်ဆက်ကနေ သစ်လုပ်ငန်းနဲ့ ချမ်းသာလာတာ။ သူ့အဖေနဲ့ ဒ မေလည်း အဲဒီလုပ်ငန်းကြောင့်ပဲ ငယ်ငယ်ရွယ်ရွယ်နဲ့ ဆုံးရတာ"

"ဟင်, ဘာဖြစ်လို့လဲ"

"သစ်ကွက်ထဲ သွားရင်း ကားမှောက်ပြီး ဆုံးတာလေ။ အဲဒါကြောင့် ငယ်ငယ်ကတည်းက အဘိုးအဘွားကပဲ သူတို့ညီအစ်ကို,ကိုမွေးခဲ့ရတာ။ ချမ်းသာတာကတော့ ... ဘာချမ်းသာသလဲ မမေးနဲ့။ အဘိုး အဘွားကလည်း ချစ်လိုက်တာ တုန်လို့။ ခု ဒီလိုနေရာမျိုး ရောက်လာတာတောင်



ငါက အံ့သြနေတာ။ သူတို့ဖို့ အမွေအနှစ်တွေက ဒီတစ်သက် စားမကုန်နိုင်ဘူး"

ချို့ ပခုံးလေး တွန့်ပုံကို ဖြူက သဘောကျပြီး ရယ်မိသည်။

"သိလှချည်လား ... ကေန္တတော့ ဧကန္တပဲ"

ချိုက မျက်လုံးလေး စွေကြည့်လျှင် ပိုရယ်ချင်လာသည်။ မိန်းကလေးတွေ သဘာဝ သည်လိုကိစ္စမျိုးဆို ပိုပြီးစိတ်ဝင်စားတတ်ပါသည်။ အဲဒါကြောင့်မို့လားမသိ။ ကျားမြှာသည်လည်း မျက်နှာသုတ်ပဝါလေးချုံပြီး ဖြူတို့အခန်းဝသို့ ကုပ်ချောင်းချောင်းဖြင့် ရောက်လာသည်။

"ကြားလိုက်တယ်နော်၊ ကြားလိုက်တယ်"

"ဟဲ့ ... ဘယ်မိလဲ ကျား။ နင် နောက်မှာလား"

ဘယ်တော့မှ ဖျောက်မရနိုင်သော အသံကျယ်ကျယ်စူးစူးဖြင့် ဖြူက နောက်,ရင်း အော်ရယ်ပစ်လိုက်သည်။

"စကားလွှဲမနေစမ်းနဲ့။ နင်တို့ အိုဂျီကို ရောက်လာတဲ့ ဒေါက်တာ အသစ်လေ ...။ တို့ အော်သိုက ဆရာတွေလည်း စိတ်ဝင်စားနေကြတယ်ဗျ။ ဒီနေ့ ပြောနေသံကြားခဲ့တယ်။ အဲဒီ ကိုကိုပြည့်စုံက သိပ်ချမ်းသာတာ ... ဆို။ ပြီးတော့ ... လူပျိုတဲ့ ...။ စာလည်း သိပ်တော်တာတဲ့"

ဖြူ့နှုတ်ခမ်းတွေ အလိုလို ညွတ်ကွေးကျလာသည်။

"အဲဒါနဲ့ ... ငါတို့လည်း တိတ်တိတ်လေး သွားချောင်းကြည့်ကြတာပေါ့။ အံမယ် ... သန့်လိုက်တဲ့ ရုပ်ရည် ... နော် ..."

"ဩော် ... ဩော် ... ချောင်းကြည့်ခဲ့ပြီးပြီပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ချိုနှင့်ဖြူက မျက်စောင်းထိုး ကြည့်သည်ကို ကျားမြွေသည် ကျေကျေနပ်နပ်ပင် ခံယူရင်း သွားဖြီးရယ်လိုက်သေး၏။

"ငါ့ကိုလည်း ပြောပြတယ်။ ဒါမှ နက်ဖြန်ကျ ငါ့ဆရာတွေကို လက်ဖက်ရည်တိုက်နိုင်းဖို့ အကွက်ရမှာ။ ဝါ့သ်ထဲက မိန်းမတွေကို ပြန်ကြွားရမယ်လေ။ ငါ့သူငယ်ချင်း အဖြူက ကိုကိုပြည့်စုံနဲ့ ... ... အတူ နေဖူးတယ် ... လို့"

"ဟင် ... ဘာ ... အတူနေဖူးတာလဲ"

"ဟို ... ဟိုလေ ... ရန်ကုန်မှာ အတူ ..."

မျက်မှောင်ကြုတ်ပြီး ငေါက်ဆတ်ဆတ် မေးလိုက်သည့်အခါမှာမှ ကျားမြွေသည် မျက်လုံးကလေးဝိုင်းလည်လျက် စကားတွေ ထစ်ငေါ့ကုန်တော့သည်။ ပြီးတော့မှ မျက်နှာကြီး ပုပ်သိုးမျက်စောင်းထိုးလျက် ...

"အော်လိုက်တာ အရမ်းကြီးပဲ။ မဟုတ်ဘူး ဆိုလည်း ဖြည်းဖြည်း ပြောပါလား"

ဟု ဖြူ့ကို ရန်တွေ့၏။

"ဟော့ ... အဖြူ ...။ နင် ဆရာအကြောင်း [illegible]ယ်လိုသိတယ် ဆိုတာ တို့ကို ပြောပြဟာ"

အိုက်တင်ခံဖို့ သတိရပေမယ့် အဖြူသည် နည်းနည်းလေးမှ အိုက်တင်ခံတတ်သူ မဟုတ်ချေ။

"ဟို မိန်းမ ... ထဘီရေစိုကြီးနဲ့၊ အအေးပတ်မယ် ... အဲလောက် စပ်စုရသလား"

ဆိုပြီး ကျားမြွေကို စိုးရိမ်သလိုလိုနှင့်တော့ မှုလိုက်သေး၏။



"ဒါဆို ... ထမင်းစားပြီးနော်"

ဟု ချိုက ကောင်းဆိုသောအခါ ဖြူသည် မိန်းမပီသလှသည့် သူငယ်ချင်းမ,များကို သဘောကျ ရယ်မောမိလျက်ကပင် ဖြူ့ကို မိန်းမ မပီသသူဟု သတ်မှတ်အထင်သေးခဲ့သည့် လူတစ်ယောက်ကိုလည်း သတိရနေမိလေသည်။

www.burmeseclassic.com



## အခန်း(၅)

"ညီပြည့်"ဟု သူငယ်ချင်းများက ချစ်စနိုး ခေါ်ကြသည့် ညီညီပြည့်စုံနှင့် မခင်မင် မရင်းနှီးခင် အချိန်အထိ မည်သူကမှ အဖြူ့ကို မိန်းမ မပီသဘူး၊ မသိမ်မွေ့ဘူးဟု ကဲ့ရဲ့သည်မရှိပါ။ (ဖြူ မသိခဲ့တာလည်း ဖြစ်ချင် ဖြစ်နိုင်ပါသည်) ဖြူ့ပင်ကိုယ်စရိုက်မှာ နူးညံ့သိမ်မွေ့မှုဆိုတာ မပါဝင်ခဲ့ဖူးလားဟု ဖြူ တစ်ခါမှ မဆန်းစစ်ခဲ့ဖူးပါ။ ဖြူ ငယ်စဉ်ကပင် ယောကျ်ားလေးများနှင့် အရုပ်ပစ်၊ ဂေါ်လီရိုက်၊ ဂျင်ပေါက် စသည့် ကစားနည်းများ ကစားခဲ့ဖူးသလိုပင် မိန်းကလေးသူငယ်ချင်းများနှင့်လည်း သားရေပင်ခုံ၊ ထုပ်ဆီးတိုး စသဖြင့် ကစားခဲ့ဖူးသည်ပင်။ ပြီးတော့ ဖြူ့မှာ ကြောက်လန့်စိတ်ရယ်လို့ သိပ်မရှိ။ ဘယ်သူ့ကိုမှလည်း အောက်ကျို့ဝင်လိုစိတ်မရှိ။ ရန်ဖြစ်လျှင် လက်မြန်ခြေမြန်နှင့် ကိုယ်ကဦးအောင် ဆော်ထည့်လိုက်ပြီး အတိုင်ခံရလျှင်လည်း ကျေကျေနပ်နပ် အရိုက်ခံလိုက်တာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



သည့်လိုနှင့်ပဲ အဖြူသည် ကိုးတန်းရောက်သည့်နှစ်မှာ ညီပြည့် ဆိုသော ကောင်လေးနှင့် အတန်းတူ ကျခဲ့သည်။ ညီပြည့်သည် အဖြူတို့ အထက်တန်းကျောင်းကြီးမှာ ဘယ်တော့မဆို A အတန်းက မဆင်းရသည့် နာမည်ကြီး ထိပ်သီးစာရင်းဝင်ဖြစ်သည်။ အဖြူဟုသာ အများသိကြသော ဖြူဖြူစံ သည်လည်း A အတန်းမှာ တက်ရဖို့ ကြိုးစားရင်း ဘယ်တော့မှ မရောက်နိုင်ဘဲ B လောက်နှင့်သာ ကျေနပ်ပြီး ရှစ်တန်းနှစ်အထိ ဘီခန်းမှာသာ ပုံမှန်တက်ခဲ့ရသူ ဖြစ်သည်။ ရှစ်တန်းအောင်ပြီး ကိုးတန်းရောက်သည့်နှစ်မှာမှ အဖြူသည် ဖူးပါမင်း(န်)က ကုပ်ဆွဲခေါ်သွားသလို အမှတ်တွေ မြင့်တက်ပြီး ညီပြည့်တို့ အတန်းအေသို့ ရောက်သွားရသည်။

'အေ'သို့ ရောက်ချင်ခဲ့သည့် အဖြူသည် ညီပြည့်တို့ အတန်းရောက်မှ မကြုံစဖူး လုပသည့် ဒုက္ခကြီးကြီးနှင့် ရင်ဆိုင်တွေ့ရကောသည်။ ထူးချွန်သူတွေချည်း စုနေသည့် အတန်းမို့ အဖြူသည် နေ့မအိပ် ညမအိပ် ကြိုးစားပါသော်လည်း စာမေးပွဲဖြေပြီး အဆင့်က အမြဲသုံးဆယ် လေးဆယ် နောက်ဆုံးနားမှာ ကပ်နေခဲ့သည်။ ထို့ထက်ကြီးမားသည့် ဒုက္ခကတော့ အင်မတန်မှ ထူးချွန်ချင်လှပြီး သိုသိပ်လျှို့ဝှက်တတ်သည့် မိန်းကလေးသူငယ်ချင်းများ၏ စိတ်ပုပ်ခြင်းကြောင့် ကျောင်းတစ်ရက် ပျက်မိလျှင်ပင် စာကူးရန် စာအုပ်ငှားဖို့ ခက်ခဲလှခြင်းပင်ဖြစ်သည်။

အဲသည်လို ကျောင်းပျက်ရက်အတွက် စာအုပ်ငှားရင်း ညီပြည့်နှင့် သူမ သိကျွမ်းခဲ့ရသည်။ တကယ်တော့ ညီပြည့်သည် ယောကျ်ားတန်မဲ့ သိမ်မွေ့သူ ဖြစ်၏။ ဆရာ ဆရာမများက



မျက်နှာသာ ပေးချင်လောက်အောင်ပင် ရိုကျိုးနှိမ့်ချသူ ဖြစ်၏။ သို့ပေမယ့် ညီပြည့်သည် ကုပ်ချိချို စာဂျပိုးတစ်ယောက် ပုံစံမျိုးတော့ မဟုတ်။ အင်မတန်မှ နုနယ်အပြစ်ကင်းသော မျက်နှာနှင့် ခေတ်အလိုက် လိုက်လျောညီထွေ ရှိလှသော ချစ်စဖွယ်ကောင်လေးတစ်ယောက် ဖြစ်နေသည်မို့လည်း အဖြူသည် ညီပြည့်နှင့် ပတ်သက်ပြီး မိန်းကလေးအများစု၏ မနာလိုဝန်တိုမှုကို ခံခဲ့ရသည်ဟု ထင်သည်။ ငယ်ရွယ်သူတွေရဲ့ ဟန်ဆောင်မှုမရှိတဲ့ စိတ်နှလုံးဟူ၍တော့ ခုချိန်မှာ ဖော့တွေး၍ ရလာသည်။ အဲသည်အချိန်တုန်းကတော့ အဖြူသည် ရန်လိုသူတစ်ယောက် မဟုတ်လျှင်တောင် လျင်မြန်စွာ လက်တုံ့ပြန်တတ်သူတစ်ယောက် ဖြစ်သည်ဆိုတာတော့ သေချာခဲ့သည်။ အော်ကြီးဟစ်ကျယ် ရန်ဖြစ်ဖို့လည်း ဝန်မလေးတတ်။ ကိုယ့်ကို ကျီစယ်လှောင်ပြောင်သည့် ယောကျ်ားလေးတစ်ယောက်ကို ကွန်ပါချွန်နှင့်ထိုးဖို့၊ လက်သည်းနှင့် မျက်နှာကို ကုတ်ခြစ်ပစ်ဖို့ လုံးဝ လက်မတွန့်တတ်။'

ထို့ကြောင့်လည်း အထက်တန်း ကျောင်းကြီးမှာ ဖြူဖြူစံကို ရည်းစားစာ ပေးရဲသူ တစ်ယောက်မှ မရှိခဲ့။ အဲသည်လို မိန်းကလေးမျိုးက အမှတ်(၃)ကျောင်း၏ ဂုဏ်ဆောင်ကျောင်းသား လူတော်ကလေး ညီပြည့်နှင့် ရင်းနှီးခဲ့ရသည့် ကိစ္စသည် ကျောင်းတစ်ခုလုံး ဟိုးလေးတကျော် ဖြစ်ရလောက်အောင် အရေးပါခဲ့သည်ဆိုတာ ဖြူရော ညီပြည့်ပါ မသိခဲ့။

"ညီပြည့်ရဲ့ အစ်ကိုက ဆေးတက္ကသိုလ်မှာ။ တို့ ထ(၃)ကပဲ အောင်ခဲ့တာပေါ့။ ဆရာမတွေရဲ့ အသည်းစွဲ။ ကျောင်းအုပ်ကြီးကအစ ကိုကိုပြည့်စုံ ဆိုရင် ခုထိချီးမွမ်းလို့မဆုံးဘူး"

www.burmeseclassic.com

www.burmeseclassic.com



အဲသည်လို စ,တင်ကြားခဲ့ရပြီး ကိုကိုပြည့်စုံ ဟူသော အမည်နာမသည် ဖြူ့ဦးနှောက်အကန့်တွေထဲက တစ်နေရာမှာ စ,တင် နေရာယူခဲ့သည်။ ဖြူသည် အဲသည်အချိန်ကာလကတည်းက, ကိုကိုပြည့်စုံ ဆိုသည့် အမည်နာမကိုပင် အားကျစိတ်၊ အထင်ကြီး လေးစားစိတ်တို့ဖြင့် မှတ်မှတ်သားသား ရှိခဲ့သည်။

*[နှင့် အစ်ကိုက အရမ်းစာတော်တာပဲဆို ညီပြည့်။ ကျောင်းတစ်ကျောင်းလုံးက ဆရာ ဆရာမတွေ အားလုံး သူ့နာမည်ကို မကြားဖူးတဲ့သူ၊ မသိတဲ့သူ မရှိဘူးနော်။ အဲလိုမျိုးတော်ချင်လိုက်တာဟယ် ... တကယ်ပဲ ...]*

*[တော်ချင်ရင် ကြိုးစားပေါ့ဟ။ ငါ့အစ်ကိုလည်း ရိုးရိုးလူပဲ၊ သူ့မှာ ဘယ်လို ပါဝါမျိုးမှ ရ,မထားပါဘူး ...]*

တဲ့ ...။

ညီပြည့်က ခပ်ရိုးရိုးပင် ပြောခဲ့သည်။

အဲသည် အပြောလေးကိုပင် ဖြူက ချစ်ခဲ့ရတာ ...။ တကယ်တော့ ညီပြည့်သည် သူ့အစ်ကိုနှင့် လုံးဝမတူညီပါ။ အဲဒါကို ... ဖြူ သိခဲ့တော့ အတော်လေး နောက်ကျခဲ့ပြီ။ ပြီးတော့လည်း ... ဖြူနှင့် မသက်ဆိုင်ဘူးလေ ... ဟု စိတ်အေးလက်အေး ရှိခဲ့သည်။

သို့ပေမယ့် ...

ဖြူ မထင်မှတ်သော နေ့တစ်နေ့မှာတော့ ဖြူသည် ကိုကိုပြည့်စုံဟူသော လူတစ်ယောက်ကို မုန်းတီးစိတ်ပျက်ခဲ့ရဖူးပါသည်။



အကယ်၍သာ ... ဖြူသည် အချစ်ဆိုတာကို မစမ်းသပ်ခဲ့ဖူးဘူး ဆိုလျှင်ဖြင့် သည်ကနေ့မှာ သူမသည် ကိုကိုပြည့်စုံ ရှေ့မှာ ခပ်ရဲရဲ ရပ်နိုင်ပြီး မျက်လုံးစိမ်းစိမ်းများဖြင့် ခေါင်းမော့ကြည့်နိုင်လိမ့်မည်သာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆယ်ကျော်သက် ဆိုသည့် အရွယ်သည် အင်မတန် အံ့ဩ၊ စိတ်လှုပ်ရှားဖွယ်ကာလဟု ဖြူကတော့ ဆိုချင်သည်။ အဲသည် အရွယ်မှာတုန်းက ဖြူသည် ဘယ်တော့မှ ပြန်မရနိုင်လောက်အောင် လှပဆန်းပြားသော စိတ်ကူးလေးများရှိ၏။ ထို့အတူပင် ခုချိန်မှာ ဘယ်လိုမှ စဉ်းစားမရနိုင်သည့် ရဲဝံ့မှုတွေရှိခဲ့၏။ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးခြင်းတွေ ရှိခဲ့၏။ အဲသည် အသက်အရွယ် လူငယ်ကလေးများ၏ စိတ်ကူးစိတ်သန်းသည် တွန့်ဆုတ်တွေဝေခြင်းနှင့် ဆင်ခြင်တုံတရား ဆိုတာတွေ အင်အားနည်းပါးလျက် မိမိကိုယ်မှာသာ အမှန်တရားရှိသည်ဟု တစ်ထစ်ချယုံကြည်ထားခဲ့သည်။ ဖြူကတော့ ပြန်တွေးမိလျှင် တစ်ယောက်တည်း ပြုံးမိတတ်ပြီး ဘယ်သူ့ကိုမှ အပြစ်ရှာမရပါ။ ညီပြည့်နှင့် ပတ်သက်ပြီး အများကြီး ရင်ဆိုင်ခဲ့ရသည်ဟု သူမ ထင်မှတ်ယုံကြည်ခဲ့တာတွေလည်း ခုတော့ ရယ်စရာသက်သက်ပါပဲ။

သည်တုန်းက ...

"နင်နဲ့ ညီပြည့်က ရည်းစားလား"



ဟု ဖြူ့ကို မျက်နှာချင်းဆိုင် မေးရဲခဲ့သော မာမာဆွေကို ခုတော့ မလိုမုန်းထားစိတ်တွေ မရှိတော့ပါ။

"နင် ညီပြည့်နဲ့ ဝေးဝေးနေစမ်းပါ။ ညီပြည့်နဲ့နင် တန်လို့လား"

သည်လိုစကားမျိုးကို ခုချိန်မှာ မာမာဆွေ ပြောရဲတော့မှာ မဟုတ်သလိုပင် ဖြူသည်လည်း ခုချိန်မှာ ဘယ်သူ့လည်ပင်းကိုမှ လက်သည်းဖြင့် မကုတ်ပစ်ရဲတော့ပါ။ အဲသည်တစ်ရက်ကတော့ဖြင့် ဖြူသည် မာမာဆွေ့ လည်တိုင်ဖြူဖြူလေးမှ အစင်းရာထင်အောင် လက်သည်းရှည်ဖြင့် ကုတ်ခြစ်ပစ်ခဲ့သည်။ ဆယ်တန်း၊ နှစ်ဝက်မရောက်ခင် မိုးဖွဲဖွဲ ရွာနေသည့် နေ့တစ်နေ့မှာ ဖြစ်ပါသည်။

စိန်ပန်းတွေ ရဲနေအောင် ကြွေထားသည့် လမ်းပေါ်မှာ ဖြူက တစ်ယောက်တည်း၊ တစ်ဖက်ကတော့ သုံးယောက်ဖြစ်သည်။ ပါးစပ်ကလည်း ရေပက်မဝင်အောင် ရန်တွေ့စကားတွေ ဆိုရင်း ဖြူသည် မာမာဆွေ ဆိုသည့် အသားဖြူဖြူ ကောင်မလေး၏ မျက်နှာနှင့် လည်တိုင်ကို လက်သည်းဖြင့် ကုတ်ဖဲ့ဖို့ကြိုးစားခဲ့သည်။ ဖြူနှင့်မာမာဆွေ ရန်ဖြစ်ကြသည့် သတင်းသည် အမှတ်(၃)ကျောင်းတစ်ခုလုံး လျှင်မြန်စွာ ပျံ့နှံ့သွားခဲ့၏။

ညီပြည့်ကတော့ ရှက်စရာ ကောင်းသည်တဲ့။

ဖြူကတော့ မိုက်မဲစွာပင် စိန်ခေါ်ခဲ့သေးသည်။

*[ညီပြည့်နဲ့ငါ ဆယ်ရက်အတွင်း နင်တို့ပြောသလို ဖြစ်စေရမယ်, သိလား]*

www.burmeseclassic.com

www.burmeseclassic.com

ပြန်တွေးမိလျှင် မျက်နှာတစ်ပြင်လုံး ပူနွေးရှိန်းဖိန်းလာအောင်ပင် ရှက်ရွံ့မိသည်။ သို့ပေမယ့် အဲသည်လို အချိန်ကာလတွေကိုရော အဲသည်လို မိုက်ရူးရဲ စိတ်တွေကိုပါ ဖြူ ဘယ်တော့မှ ပြန်မရနိုင်တော့ပါ။



"ဖြူ ရာ ... ဘာဖြစ်လို့ အဲလောက်ထိ ဖြစ်ရတာလဲ။ သိပ်ရှက်စရာ ကောင်းတာပဲ"

သည်လို ပြောခဲ့သည့် ညီပြည့် မျက်နှာကို ဖြူ ဘယ်တော့မှ မမေ့နိုင်ပါ။ ဖြူ့ပြီး ကြည်လင်နေသော ညီ့မျက်နှာသည် ပုံမှန်မဟုတ်ဘဲ ဟိုတစ်ကွက် သည်တစ်ကွက် နီမြန်းနေလျက် အသက်ရှူသံတွေက မြန်ဆန်နေခဲ့သည်။

"ဟဲ့ ... ငါ့ကို မတရားပြောတာ ငါက ငြိမ်ခံနေရမှာလား။ ငါ့ကိုများ နင်နဲ့ မတန်ဘူးတဲ့။ မတန်ရအောင် ငါက ဘာဖြစ်နေလို့လဲ ဟင် ...။ နင့်ကိုများ ငါက သူတို့လိုကျိတ်ပြီး အရူးအမူး ဖြစ်နေမယ် ထင်လို့၊ ညီညီပြည့်ရဲ ဆိုတဲ့ကောင်ကို အထင်ကြီး ကိုးကွယ်နေမယ် ထင်လို့၊ သူ့ငွေးသားမို့ နွာမရအောင် ကပ်ထားတာလို့ ထင်လို့ ...

အဲလို ထင်တာတွေကို ငါက ငြိမ်ခံနေရမှာလား။ ဖြူဖြူစုံကို ဒီလိုလာကြောလို့များ ရမယ်ထင်နေလား"

"နင် ... မိန်းကလေး မဟုတ်လား ဖြူ။ ဘာဖြစ်လို့ အဲလောက်ကြမ်းတမ်းနေရတာလဲ။ မိန်းကလေးဆိုတာ အ[illegible] အထိုင် အပြောအဆို သိမ်မွေ့ရတယ်ဟ ...။ အဲဒါကြောင့် ကိုကိုက ပြောတာ ..."

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ညီ့စကားကြောင့် ဖြူ့လက်ထဲမှာ ကိုင်ထားသည့် စာအုပ် လွတ်ကျသွားရသည်အထိ ဖြူ့စိတ်ဝင်စားမှု အံ့သြသိချင်မှုတွေ အားကြီးခဲ့ရသည်။ ဘတ်စ်ကားဂိတ် အမိုးအောက်က ခုံတန်းလေးမှာ ဖြူ ငြိမ်ငြိမ်ထိုင်မနေနိုင်တော့ဘဲ ညီ မဖြေချင်သည့် မေးခွန်းကို အတင်းမေးခဲ့ပါသည်။

"နင့်အစ်ကိုက ငါ့ကို ဘာပြောသလဲ ပြောစမ်း"

"နင့်ကို မဟုတ်ပါဘူး"

"ဟုတ်တယ် ...။ ငါနဲ့ ပတ်သက်ပြီး တစ်ခုခု ပြောကို ပြောတယ်။ ညီ ... နင် ငါ့ကို လျှို့မထားနဲ့ ပြော"

ညီ့လက်မောင်းကို အတင်းဖမ်းဆုပ်ပြီး ဖြူ မေးမိသည့် အခါမှာတော့ ညီက စိတ်ရှုပ်ထွေးစွာ၊ ပြီးတော့ ဒေါသဖြင့် ဖြူ့လက်တွေကို ခပတ်ဆတ်ဆတ် ပုတ်ချပြီး ...

"နင် ငါ့ကို အတင်းအကျပ် မလုပ်နဲ့"

ဟု ခပ်ကျယ်ကျယ် အော်ပစ်လိုက်သည်။

ညီညီပြည့်စုံ၏ ဘဝတစ်သက်တာမှာ ပထမဆုံး အရှက်ရစရာကိစ္စလည်း ဖြစ်နိုင်ပါသည်။ ဖြူကတော့ မသိသားဆိုးရွားစွာပင် ညီပြည့်ကို ပိုပြီး စိတ်ဆိုးခဲ့သည်။ ညီပြည့်တို့ညီအစ်ကိုသည် ဘာအတွက်ကြောင့် ဖြူ့အကြောင်း စကားစပ်ဟပ်ပြောခဲ့ရသလဲ။ ညီပြည့်အစ်ကို ဖြူတို့ကျောင်းမှာ နာမည်ကြီးလှသည့်၊ ဖြူ အားကျလေးစားရသည့် ကိုကိုပြည့်စုံက ဖြူ့ကို ဘယ်လိုမှတ်ချက်မျိုးတွေ ချခဲ့သည်လဲ ...

ဖြူ ... တကယ်ပင် သိချင်သည်။



အဖြေက ကောင်းသောအဖြေ မဖြစ်နိုင်ဘူး ဆိုတာကိုတော့ ဖြူ မျှော်လင့်၍ရသည်ပင်။

ဖြူလိုချင်သည့် အဖြေကို ဆယ်တန်းစာမေးပွဲ အောင်စာရင်းတွေထွက်ပြီး ရက်အတော်ကြာမှ ဖြူ သိခွင့်ရခဲ့ပါသည်။ ကိုကိုပြည့်စုံကို ပထမဆုံး မျက်နှာချင်းဆိုင် မြင်ဖူးခြင်းလည်း ဖြစ်သည်။ တကယ်တော့ ညီပြည့်က ဖြူ့ကို သူ့အစ်ကိုနှင့် တွေ့စေချင်သည် မဟုတ်ပါ။ ဖြူကသာ ကိုကိုပြည့်စုံ ဆိုတာကို မြင်ဖူးချင်ခဲ့တာမို့ ညီပြည့်ကို အတင်းနားပူနားဆာတိုက်ပြီး သူ့အစ်ကိုနှင့် မိတ်ဆက်ပေးနိုင်းခဲ့ခြင်း ဖြစ်သည်။

ကိုကိုပြည့်စုံသည် ညီပြည့်နှင့် ယှဉ်လိုက်သည့်အခါ တကယ့်ကို သီးခြားဖြစ်နေသည့် လူကြီးလူကောင်း ဖြစ်သည်။ သူ့နှုတ်ခမ်းက အပြုံးသည် မိန်းကလေး အတော်များများအတွက်တော့ ကျေနပ်စရာ ဖြစ်ကောင်းဖြစ်လိမ့်မည်။

သို့ပေမယ့် ... အဖြူ့အတွက် သူ့အပြုံးက မနွေးထွေးပါ။ လိုက်လျှောမှုမပါ ဝတ္တရားကျေ ဖော်ရွေမှုကလေးသာဖြစ်ပြီး သူ့ မျက်ဝန်းတွေ အေးစက်နေတာကို ဖြူက ကောင်းစွာ ဖတ်နိုင်ခဲ့ပါသည်။ သူ ... ဖြူ့ကို မလိုလားဘူးဆိုတာ ဖြူ အလွယ်တကူ သိနိုင်ခဲ့သည်။ သိနိုင်အောင်လည်း သူက မျက်ဝန်းတံခါးကို ဖွင့်ထားခဲ့သည်။ သူနှင့် အဖြူ့ကြားမှာ ညီပြည့်သည် ရိုးစင်းသည့် ကလေးတစ်ယောက်သာသာပင် ဖြစ်သည်။

သူမက ညီပြည့်သည် သူ့အစ်ကို့ကို ဆန့်ကျင်ရဲသည့် သတ္တိတွေ ရှိ၊မရှိဆိုတာကို သိချင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ "အိချစ်"ဆိုတာကို စမ်းသပ်ချင်ခဲ့သည်။ ဆယ်ကျော်သက်အရွယ်၏ ရင်ခုန်သံဆိုတာကတော့ တကယ့်ကို ဆွတ်ပျံ့ဖွယ် လွမ်းမက်ဖွယ် ခံစားမှုသာဖြစ်ပြီး အိပ်မက်တစ်ခုထဲမှာ ရောက်နေသလို အမှန်တကယ် ခံစားရသည်။

ဒါပေမယ့် အိပ်မက်ဆိုတာ အမှန်တကယ် ဆုပ်ကိုင်ဖမ်းယူရတာမျိုးမှ မဟုတ်ဘဲ ...။

ဖြူ့ကို မဆန့်ကျင်လိုသည့် အတွက်သာ ညီပြည့်က သူ့အစ်ကိုနှင့် ဖြူ့ကို မိတ်ဆက်ပေးခဲ့ရပေမယ့် ကိုကိုပြည့်စုံနှင့် ဖြူ့ကို ထိပ်တိုက်ရင်ဆိုင် တွေ့စေလိုသည့်ဆန္ဒမျိုး ညီပြည့်မှာ မရှိဘူးဆိုတာ အဲသည်အချိန်မှာပင် ဖြူ တစ်ပြိုင်နက်တည်း သိခဲ့ရပါသည်။ ညီပြည့်တို့၏ ကိုရိုလာဗင်(န်)ကားကလေး သူမတို့နှင့် ခပ်လှမ်းလှမ်းမှာ ရပ်သွားသည့် အချိန်သည် ဖြူ စာအုပ်ဆိုင်ထဲက ထွက်လာပြီး ဆိုက်ကားဂိတ်မှာ ချစ်လွန်းနှင့် စကားပြောနေချိန်ဖြစ်သည်။ ချစ်လွန်း ဆိုတာက ဖြူတို့ လက်ဖက်ရည်ဆိုင်မှာ အဖျော်ဆရာဖြစ်သည့် ဦးဝင်း၏ သားလေးဖြစ်ပါသည်။

ဒါကို မြင်တွေ့ခဲ့သည့် ညီပြည့်က ...

"ဘာတွေများ အော်ကြီးဟစ်ကျယ် ဝရုန်းသုန်းကား ဖြစ်နေရတာလဲ"

ဟု အပြစ်တင်လိုဟန်ဖြင့် ပြောခဲ့သည်။ နောက်ကြောင်းမအေးသည့် ညီပြည့်၏ မျက်ဝန်းများကို မြင်ကတည်းက ကားပေါ်က တစ်စုံတစ်ယောက်သည် ဖြူ့ကို ကြည့်ဖြူနိုင်မည့်သူ မဟုတ်ဘူးဆိုတာ ဖြူ ရိပ်မိနိုင်ခဲ့ပါသည်။

"ကားပေါ်က ဘယ်သူလဲ"



"ကိုကိုပါ"

"ဟုတ်လား ... ငါ မြင်ဖူးချင်လိုက်တာ ညီရယ်"

"ရှူး"

ညီက လှုပ်လှုပ်ရှားရှား ဂနာမငြိမ် ဖြစ်သွားသည့် ဖြူ့ကို မျက်မှောင်ကြုတ်ကြည့်လျက် ...

"ဣန္ဒြေမရလိုက်တာနော်"

ဟု အလိုမကျစွာ ပြောသည်ကို ဖြူ နည်းနည်းမှ အရေးမစိုက်ဘဲ အတင်းကြီး ညီ့ကို မိတ်ဆက်ပေးနိုင်းခဲ့တာ ... သိပ်မှားခဲ့မှန်း နောက်ချိန်မှာမှ နောင်တရဖြစ်သည်။ အကယ်၍ ကိုကိုနှင့်သာ တစ်ကြိမ်တစ်ခါမှ မျက်နှာချင်း မဆိုင်မိခဲ့ဘူးဆိုလျှင် သည်နေ့ သည်အချိန်မှာ သူမသည် ကိုကိုပြည့်စုံ ဆိုသည့် လူတစ်ယောက်အတွက် သည်လောက်ထိ စိတ်အနှောင့်အယှက်ဖြစ်မှာ မဟုတ်ဘူး ထင်မိသည်။

ကိုကိုပြည့်စုံ ဟူသော ညီ့အစ်ကိုသည် ညီနှင့်ဆင်သည်ဆိုရုံမျှသာ ဆင်သည်။ ညီ့အစ်ကိုဟု သိသာစေသည့် ရုပ်လက္ခဏာမျိုး ရှိသည်။ သို့ပေမယ့် ညီနှင့် လုံးဝမတူသည့် အချက်တွေကတော့ အတော်များများ ရှိနေပါသည်။

ဥပမာ ... ဆိုရလျှင် ညီက ပွင့်လင်းသည်။ စိတ်ဆတ်ပြီး စိတ်ပြေလွယ်သည်။ ညီ့မျက်နှာက ဟန်ဆောင်မရသည့် မျက်နှာမျိုး ...။ လူတကာအပေါ် အလွယ်တကူ လိုက်လျောအားနာတတ်သူမျိုး။ ကိုကိုကတော့ အဲသည် ညီ့လက္ခဏာတွေနှင့် ဆန့်ကျင်ဘက်ပင် ...။

www.burmeseclassic.com

www.burmeseclassic.com



လျှို့ဝှက် သိပ်သည်းသည်။ မျိုးသိပ်ပြီး စိတ်အစွဲကြီးတတ်ပုံမျိုး ...။ သိမ်မွေ့နူးညံ့သလောက် အဲသည်လို သိမ်မွေ့ခြင်းကို ဂုဏ်တစ်ရပ်လို ထိန်းသိမ်းတတ်သူမျိုး ...။ သည်လိုလူမျိုးကို ဒေါသထွက်အောင် စ,ရလျှင် တော်တော်ပျော်စရာကောင်းမှာပဲဟု ဖြူ တွေးမိခဲ့သည်။

သို့ပေမယ့် တည်ကြည်သန့်ပြန့်ခြင်း ဆိုတာကိုတော့ နည်းနည်းလေးမှ လျော့ကျသွားအောင် ဖြူ မတွေးတတ်နိုင်ခဲ့။

ကိုကို့ ရုပ်ရည်က လူတကာ ချီးမွမ်းရလောက်အောင်ပင်၊ သတိထားမိရလောက်အောင်ပင် သန့်ပြန့်လွန်းနေတာကြောင့် ဖြူသည် သူမ၏ နဂိုဗီဇအတိုင်း လူတစ်ယောက်ယောက်အပေါ် ခပ်ရွှတ်ရွှတ် ပြောနေကျ ခပ်ပေါ့ပေါ့ ပြောနေကျ ရင်းနှီးစွာကျီစယ်စကားမျိုးပင် မပြောတတ်နိုင်ခဲ့ ...။

ဒါပေမယ့် ... သိခဲ့တာပါဘဲ။

ဖြူ့အပေါ် သူ့ အမြင်မကြည်လင်ဘူး ဆိုတာကို ဘယ်သူမှ မပြောလည်း သိနိုင်ခဲ့တာပါဘဲ။

အဲလို သိပေမယ့်လည်း ညီ့နှုတ်က ထုတ်မပြောခဲ့ဘူး ဆိုလျှင်ဖြင့် ဖြူဖြူ့ရဲ့ မာနကို ထိပါးနိုင်စရာ မရှိတာမို့ မိုပြီးဖြေသာနိုင်ဦးမည်ပင် ...။

ခုတော့ မာနတရားအတွက် သူမ နာကျင်ခံစားခဲ့ရပါသည်။



“ညီပြည့်လို ကောင်လေးမျိုးကို ချစ်သူတော်ရလျှင်” ဆိုတာ ... ဖြူ မကြာခဏ စိတ်ကူးယဉ်မှုးသည့် အိပ်မက်ဖြစ်ပါသည်။ ညီညီပြည့်စုံကို ဖြူ့လိုပင် စိတ်ကူးယဉ်ချင်သူ မိန်းကလေးတွေ အများကြီး ရှိလိမ့်မည် ထင်ပါသည်။ အဲသည်လို စိတ်ကူးယဉ်မှုမျိုးနှင့်ပင် ဖြူသည် ညီပြည့်ကို ချစ်တယ်ဟု ခေါင်းညိတ်ခဲ့မိသည် ဆိုလျှင် ဖြူ့မှာ အပြစ်မရှိနိုင်ဘူး ထင်သည်။ သို့သော်လည်း “အချစ်”ဆိုတာကို အမှန်တကယ် ခံစားခဲ့မိတာလား၊ စိတ်ကူးယဉ်မိရဲ့ ပိုင်ဆိုင်ချင်ရုံ သက်သက်ဖြင့် “အချစ်”ဟု ယုံမှတ်ခဲ့မိတာလား ဆိုတာကိုတော့ ခုချိန်ထိ ဖြူ သေချာမဝေခွဲနိုင်ခဲ့ပါ။

ညီပြ ့်နှင့် ဖြူ ချစ်သူတွေ ဖြစ်ခဲ့ကြသည်ဟု ပီပီပြင်ပြင် ဆိုနိုင်သောနေ့က ဆယ်တန်းအောင်စာရင်းတွေ ထွက်သည့်နေ့ပဲ ဖြစ်သည်။ ညီပြည့်က နှစ်ဘာသာ ဂုဏ်ထူးဖြင့် အောင်ခဲ့ပြီး ဖြူကတော့ ဘယ်လိုမှ မထင်မှတ်စွာပဲ ဆယ်တန်းစာမေးပွဲရှုံးခဲ့သည် ... တဲ့။ ဘာသာတိုင်းကို ဖြေဆိုနိုင်ခဲ့ပေမယ့် အင်္ဂလိပ်စာမှာ စိတ်ကျေနပ်မှု မရခဲ့တာတော့ ကိုယ့်ဘာသာသိခဲ့သည်။ သို့ပေမယ့် သည်လောက်ထိ (စာမေးပွဲကျသည်အထိ)တော့ အခြေအနေဆိုးသွားမည် မထင်ခဲ့ ...။

www.burmeseclassic.com

www.burmeseclassic.com



ညီပြည့်က သူမအိမ် ရောက်လာပြီး ဖြူတို့နှစ်ယောက် ညီ့ကားကလေးနှင့် ကန်တော်ကြီး ရေပြင်နှင့် ကရဝိတ်ပဲ့ိတယ်ကို နီးကပ်စွာ မြင်နိုင်သည့် ရေစပ်ကမူလေးမှာ ရေခဲမုန့်တစ်ခုစီဖြင့် ထိုင်ဖြစ်ခဲ့ကြသည်။ ညီ သူမကို စိတ်ဖြေသိမ့်ဖို့ အားပေးဖို့ ရောက်လာသည်ဆိုတာ ဖြူ သိပါသည်။ သို့ပေမယ့် ထူးဆန်းစွာပင် ဖြူ့ရင်ထဲမှာ ဝမ်းနည်းအားငယ်ခြင်းတွေ ရှိမနေတာမို့ ညီ့ နှစ်သိမ့်စကားတွေကို လက်မခံချင်ပါ။

ဖြူ့ ရင်ထဲမှာ နာကြည်း ခံပြင်းခြင်းတွေသာ ရှိသည်။

ဒေါသတွေသာ ရှိသည်။

ဖြူ ဘယ်သူ့ကို ဒေါသထွက်နေတာမှန်း မသိပေမယ့် ... ကိုယ့်စိတ်တွေကို ကိုယ်ကျိတ်ချေမရနိုင်ပါ။ ညီက ဖြူ့ကို စောင့်ကြည့်ရုံသာ ကြည့်နေခဲ့ပြီး ... စကားတစ်ခွန်းမှ မပြောပါ။ ထို့ကြောင့်လည်း ညီ့ကို ကျေးဇူးတင်ရသည်။

ညီဟာ ... ဖြူ့ရဲ့စိတ်ကို နားအလည်နိုင်ဆုံးပဲ ...။

သည်လို တွေးခဲ့ ထင်ခဲ့မိသည်။

ဖြူတို့ နှစ်ယောက် သစ်ပင်တွေအောက်မှာ ငြိမ်သက်စွာ ထိုင်နေရင်း ညီက ဖြူကို ငေးကြည့်နေသလိုပင်။ ဖြူကလည်း ဝမ်းနည်းရိပ်သန်းနေသည့် ညီပြည့် မျက်လုံးတွေထဲ စိုက်ကြည့်နေခဲ့မိသည်။ သူမတို့နှစ်ဦးသားကြားက ကွာဟချက်ဆိုတာ အဲသည်ကာလမှာ ပိုပြီး သိသာထင်ရှားလာခဲ့တော့သည်။ ညီပြည့်နဲ့မတန်ဘူးဟု ဆိုသူတွေကလည်း ဆိုခဲ့ပြီ။ ပါးစပ်က ဖွင့်ထုတ်မပြောလျှင် တောင် မိန်းကလေးတချို့က အဲသည်အဓိပ္ပာယ်မျိုး အဲသည်လို အကြည့်မျိုးဖြင့် အဖြူ့ကို ကြည့်တတ်ကြသည်ဆိုတာ သူမ အကြိမ်ကြိမ် အခါခါ နားလည်ခဲ့ရပြီ။



ရေခဲမုန့်တွေအားလုံး ကုန်သွားသည့်အခါ အောက်ပိုင်းမှာ ကျန်နေသည့် ဝေဖာကတော့ကို ဖြူက ရေထဲလွှင့်ပစ်လိုက်သည်။ ရေထဲမှာ တွန့်တွန့်လိမ်လိမ် ထင်နေသည့် သစ်ပင်ရိပ်တွေ လှုပ်ရှားသွား၏။ ရင်ထဲမှာ အစိုင်အခဲ တစ်ခုလို ဖြစ်နေသည့် မကျေနပ်မှုကို ဖွင့်ထုတ်ချင်ပေမယ့် ဘယ်လိုဖွင့်ထုတ်ရမှန်း မသိပါ။ ဘာကြောင့် ဘာကို မကျေနပ်ဘူး ဆိုတာကိုပင် ကိုယ့်ဘာသာ ဆန်းစစ်ဖို့ ခဲယဉ်းနေခဲ့တာ ...။

စာမေးပွဲကျတာကို မကျေနပ်တာလား ...

ညီပြည့်နှင့် ပိုပြီး ဝေးကွာသွားပြီဆိုသည့် အသိက မကျေနပ်စိတ်ကို ဖြစ်စေတာလား။

ဝမ်းနည်းနေသည့် ညီပြည့် မျက်ဝန်းများကပင် ဖြူ့ကို လှောင်နေသလို ခံစားရသည်။ တစ်ယောက်တည်း ဆုံးဖြတ်ရစက်နေသည့် အခြေအနေမျိုးမှာ ဖြန်းဆို ဖြူ မတ်တတ်ရပ်လိုက်ပြီး ...

"ပြန်ကြစို့ ညီပြည့်ရာ"

ဟု ရုတ်တရက် ပြောလိုက်သည်။ ညီပြည့်က အဖြူ့အနား အတော်နီးနီးကပ်ကပ်မှာ ရပ်လိုက်ပြီး သူ့နားရွက်အောက်နားမှာ ရောက်နေသည့် ဖြူ့မျက်နှာကို ငုံ့ကြည့်လိုက်စဉ်မှာ မျှော်လင့်မထားခဲ့သည်မို့ ဖျတ်ခနဲ ရင်ခုန်လှိုက်ဖိုသွားခဲ့ရသည်။ ဖြူ့ဘဝမှာ ယောကျ်ားတစ်ယောက်နှင့် ပတ်သက်ပြီး ပထမဆုံးအကြိမ် စိတ်လှုပ်ရှားခဲ့ရသည့် နေ့လယ်ခင်းတစ်ခု ဖြစ်ပါသည်။ ဖြူတို့

www.burmeseclassic.com



နှစ်ဦးသည် အမြဲတမ်း နီးကပ်နေခဲ့သည် မှန်ပေမယ့် တိတ်တခိုး စိတ်ကူးအိပ်မက်တွေသာ ရှိခဲ့ပြီး သည်လို ပရမ်းပတာ ရင်ခုန်ရသည့် အခြေအနေမျိုးလည်း မရှိခဲ့ …။ တမင် ရည်ရွယ်ချိန်းဆိုခဲ့သည့် စိတ်ကွယ်ရာ ဆိုတာမျိုးလည်း မရှိခဲ့ …။

"အဖြူ … နင့်ကို ငါ ချစ်တယ်"

"မြတ်စွာဘုရား"

"အဲဒါကို ဒီနေ့မှ ငါ သိခဲ့ရတာ။ ဟုတ်တယ် …။ အောင်စာရင်းမှာ ငါ့နာမည် ပါပေမယ့် နင့်နာမည် မတွေ့ရတော့ ငါ လုံးဝ မပျော်တော့ဘူး။ နည်းနည်းလေးမှ မပျော်တော့ဘူး။ ဘယ်လိုဖြစ်ရတာလဲလို့ ငါ တစ်ချိန်လုံး စဉ်းစားနေတာ …

နင် မပါတဲ့ ငါ့ဘဝဟာ ဘယ်လိုမှ အဓိပ္ပာယ်မရှိတော့ဘူး သိလား …။ အဲဒါ နင့်ကို ငါ ချစ်နေလို့ပေါ့နော်"

"ညီပြည့်"

"ဟုတ်တယ်လို့ ပြောစမ်းပါ အဖြူ ရယ်"

"အရူး"

အဖြူက သူ့ရင်ဘတ်ကို ခပ်ကြမ်းကြမ်း ဆောင့်တွန်းပစ်လိုက်သည်။ ပြီးတော့ အကျယ်ကြီး အော်ရယ်ပစ်လိုက်သည့်အခါ သူ အတော်ရှက်သွားပြီး မျက်နှာကြီးတစ်ခုလုံး ပန်းသီးတစ်လုံးလို နီရဲတွတ်လာသည်။ စိတ်ဆိုး မာန်ဆိုးနှင့် …

"နင်ဟာလေ တကယ့်ကို မိန်းမ မဆန်ဘူး"

ဟု ရှူးရှူးရှားရှားနှင့် ပြောသေးသည်။ တကယ့်ကို



တုံးလိုက်သည့် ကောင်လေးပါပဲ။ ဖြူ့ရင်ဘတ်တဲက ကလီစာတွေ ပြုတ်ထွက်မတတ် ရင်ခုန်နေရတာကိုတော့ သူ မသိခဲ့ဘူးလေ။

သို့ပေမယ့် … သူဆက်ပြောလိုက်သည့် စကားကတော့ ဖြူ့နှလုံးခုန်သံတွေကို ရပ်တန့်သွားစေနိုင်ပါသည်။

"အဲဒါတွေကို နင့်ကို သဘောမကျတာ။ နည်းနည်းလေးမှ မသိမ်မွေ့တဲ့မိန်းမ … မိန်းမပီသတဲ့ နူးညံ့တဲ့ အမူအရာ ဘာတစ်ခုမှ မရှိဘူး …"

"ဘာပြောတယ် … ဘာပြောတယ်"

ဆယ့်ကျော်သက် မိန်းမငယ်လေးတစ်ယောက် ပီသစွာပင် အဖြူသည် တဖျပ်ဖျပ် တုန်လှုပ်နာကျင်သွားရ၏။ ညီပြည့်ကို လက်တုံ့ပြန်ဖို့ စကားလုံးတွေက ရင်နှင့်အပြည့် တစ်ဆို့နေလျက် လည်ချောင်းထဲမှာပင် ကျပ်ညပ်နေခဲ့ပြီး ဘာတစ်ခွန်းမှ ထွက်မလာခဲ့တော့ပါ …။

"ဒါဆိုလည်း ငါ့ကို ဘာဖြစ်လို့ ချစ်တယ်လို့ ပြောသေးလဲ"

ညီပြည့် မျက်နှာကို စေ့စေ့ကြည့်ပြီး အေးစက်စက် ပြောခဲ့ပြီးသည့်အခါ သူ့ရှေ့ကနေ သူမ ခြေဆောင့်လျက် ထွက်လာခဲ့တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆိုးခဲ့သည့် ဖြူ့နောက် ညီပြည့်က တကောက်ကောက် လိုက်ရင်း၊ တဖွဖွတောင်းပန်ရင်း သက်တမ်းရင့် ချစ်သူစုံတွဲတွေလို သူမတို့ ရယ်မောစိတ်ပြေသွားပြီးသည့် အခါမှာတော့ ဖြူသည် မင်းသားလေးတစ်ပါးလို သူမ စိတ်ကူးယဉ်အိပ်မက်မက်ခဲ့ရသည့် ညီညီပြည့်စုံ ဟူသော ကောင်လေးကို "ချစ်တယ်" ဟု အလွယ်တကူ ခေါင်းညိတ်အဖြေပေးခဲ့မိသည်။ သူ့အပေါ် အမှန်တကယ် ချစ်နေမိပြီလားဟု စဉ်းစားဖို့ထက် လတ်တလော ထိန်းသိမ်းမရသည့် ရင်ခုန်သံတွေကို တွန်းလှန်နိုင်ဖို့က ဖြူ့အဖွက် မလွယ်ကူပါ ...။

ဖြူသည် မရင့်ကျက်သေးသည့် ဆင်ခြင်နိုင်စွမ်းနည်းပါးသေးသည့် ဆယ်ကျော်သက် မိန်းကလေးတစ်ယောက်သာ ဖြစ်နေသေးသည်မို့ ... ...။



ချစ်သူတွေ ဆိုပေမယ့်လည်း အဖြူနှင့် ညီပြည့်သည် သူငယ်ချင်းဘဝမှာ သံယောဇဉ်တွေ ပိုခဲ့ရသူတွေမို့ သူငယ်ချင်းတွေလို ဆက်ဆံရေးမျိုးသာ ရှိခဲ့တာပါ။ နှစ်ယောက်တည်း တွေ့ရသည် ဆိုတာမျိုးလည်း မရှိခဲ့။ ပုံစံခွက်ထဲမှာ ကြီးပြင်းရသည်ဟု မလိုတမာ မှတ်ချက်ချခဲ့ပေမယ့်လည်း တကယ်တော့ ညီပြည့်တို့လို အစစ အရာရာ စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ထားခံရသည့် ဘဝမှာ ကြီးပြင်းရသည့် အနေအထားမျိုးကို အဖြူ အားကျလိုချင်ခဲ့တာ အမှန်ဖြစ်သည်။ အဲသည်လို အတွေးမျိုး ဆန္ဒမျိုးက ကိုကို ပြည့်စုံနှင့် ရင်ဆိုင်တွေ့ခဲ့ပြီးသည့် နောက်ပိုင်းမှာမှ ပိုပြီးပြင်းထန်လာခဲ့သည်။ စာအုပ်ကြီးသမားဟု မှတ်ချက်ချခဲ့ပေမယ့် ဖြူသည် သူတို့လို ဘဝမျိုးနှင့် သူတို့လို စာအုပ်ကြီးထဲမှာ ကြီးပြင်းရဖို့ ပံ့ပိုးပေးမည့်သူ ရှိလျှင် ဘဝကို အစ,ကနေ ပြန်စ,ချင်မိသည်။

ခုတော့ အဖြူ့မှာ သည်လိုအခွင့်အရေးမျိုး မရှိပါ။ သူတို့ကိုကြည့်ပြီး အားကျစိတ်တွေကို ဖုံးဖိမျိုသိပ်ရင်း သူမ၏ အားနည်းချက်တွေအပေါ် နိမ့်နိမ့်ချိုးချိုး ဆက်ဆံလာမှာကိုပဲ အချိန်တိုင်းမှာ စောင့်ကြည့်နေခဲ့မိတာ ဘယ်လောက် ဝမ်းနည်းဖို့ကောင်းသလဲ နော် ...။

www.burmeseclassic.com



ပြီးတော့ ... မျှော်လင့်ထားသည့်အတိုင်းပင် ညီနှင့် ခွဲခဲ့ရတာပါဘဲ။

ဘ၀နှစ်ခုက မညီမျှခဲ့ဘူး ဆိုလျှင်ဖြင့် စိတ်ကူးယဉ်လွသည်ဟု ပြောချင်သူတွေ ရှိကောင်းရှိမှာပါဘဲ။ ညီထံက ...

"ကိုကိုက သဘောမတူနိုင်ဘူးတဲ့"

ဟူသော စကားကို ကြားရကတည်းက အဆုံးသတ်ဆိုတာကိုလည်း ပြက်ပြက်ထင်ထင် သိနှင့်သည်ပင်။ ဖြူ ဆယ်တန်းအောင်ခဲ့ပြီး နှာစ်ထရိန်နင်ဖြေဖို့ ဆုံးဖြတ်ခဲ့ပြီးသည့် တစ်ညနေမှာ ဖြူတို့နှစ်ယောက် ဆုံဖြစ်ခဲ့သည်က နောက်ဆုံးဖြစ်ပါသည်။

"အချစ်"ဆိုတာ နီးခြင်း ဝေးခြင်းတွေရဲ့ အပေါ်မှာ တည်မှီပြောင်းလဲသွားတတ်တာမျိုး မဟုတ်ဘူးဟု ဖြူ ကြားဖူးထားခဲ့ပေမယ့် အနေဝေးပြီး အေးစက်သွားခဲ့သလားဟု သံသယရှိချင်သည့် ဖြူတို့နှစ်ဦးကြားက "အချစ်"ဆိုတာကို ဖြူ တတ်နိုင်သလောက်တော့ ရှည်သထက် ရှည်အောင် ဆွဲဆန့်ထားချင်မိသေးသည်။ ညီပြည့်မှာ ရွေးချယ်ထားသည့် လမ်းကြောင်းရှိနေပြီ ... လမ်းစပေါ် ရောက်နေခဲ့ပြီ။ ထို့အတူပဲ ဖြူ့မှာလည်း ရွေးချယ်လိုက်ရသည့် လမ်းကြောင်းရှိနေပြီ။

"မျှော်ကြည့်ရင် အဝေးကြီးလိုပဲ ဆိုပေမယ့် မရောက်နိုင်တဲ့ ခရီးမှ မဟုတ်တာ အဖြူရယ်။ တစ်နေ့နေ့တော့ ရောက်ရမှာပါ။ အလုပ်အကိုင်ရပြီး အိမ်ထောင်တစ်ခုကို သက်သောင့်သက်သာ ဦးဆောင်နိုင်ပြီဆိုတဲ့ အခြေအနေရောက်မှ လက်ထပ်ချင်တယ်။ ပြီးတော့ နှစ်ဘက်လူကြီးတွေရဲ့ သဘောတူကျေနပ်မှုလည်း ရစေချင်တယ်ပေါ့ ..."



ညီက စကားပြောရာမှာ နူးညံ့သိမ်မွေ့သူ ဖြစ်သည်။ ပြီးတော့ ဝေ့ကာဝိုက်ကာနှင့် သူလိုရာသို့ လှည့်ပတ်ခေါ်ဆောင်တတ်သူ ဖြစ်သည်။ ဖြူကတော့ အဲသည်လို ဝက်ဝုက္ကိတွေကို စိတ်မရှည်ချင်လှပါ။

"ဘာဖြစ်လို့လဲ ညီ ...။ ညီ့အိမ်က သဘောမတူဘူးတဲ့လား"

"ကိုကိုက ဖြူ့ကို တစ်မျိုးမြင်နေတယ်။ သဘောမတူနိုင်ဘူး ဖြစ်နေတယ်"

"ဘာလဲ ... အခြေအနေချင်း မတူလို့လား"

ဖြူက ရယ်ဟာဟာဖြင့် (ရင်ထဲကတော့ နာကျင်ခံခက်စွာ) မေးမိသည်။

"အဲလိုကြောင့် မဟုတ်ပါဘူး ...။ ဒါပေမယ့် ကိုကိုက မိန်းကလေးဆိုရင် မိန်းမပီပီသသ သိမ်သိမ်မွေ့မွေ့ နူးနူးညံ့ညံ့လေးမှ ကြိုက်တာ။ စကားပြောတာ၊ လမ်းလျှောက်တာ၊ လှုပ်ရှားတာကအစ မိန်းမဟာ မိန်းမနဲ့ တူရမယ် ... တဲ့။ ကြမ်းကြမ်းတမ်းတမ်း ... အော်ကြီးဟစ်ကျယ်နဲ့ ..."

"တော်ပါပြီ ... သဘောပေါက်ပါပြီ။ အဲလိုဆိုလည်း ညီ့အစ်ကို ပေးစားတဲ့ မိန်းမနဲ့သာ ယူလိုက်တော့ ... နော်"

"ဟာကွာ ... အဖြူကလည်း ..."

"ယောက်ျားတစ်ယောက် ရဖို့အရေး ကိုယ့်စရိုက်ကို မြေလှန်ပစ်ရမယ် ဆိုတာတော့ လုံးဝ လုံးဝဘဲ။ မလုပ်နိုင်ဘူး သိလား ...

နင့် အစ်ကို့ကိုး အဲလိုပဲ ပြောလိုက်ညီ"

"မပြောပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"မပြောရင်လည်း ပြီးရော ... ငါ့ကို မယူနဲ့ပေါ့။ ညီညီပြည့်စုံကို မရလို့လည်း လူဖြစ်ရှုံးသွားတာမျိုး မဟုတ်ဘူး။ ငါ့ကို အဲလို ပြောလို့ကတော့ တစ်သက်လုံး မရဘူးမှတ် ..."

ညီညီပြည့်စုံသည် မိန်းမတစ်ယောက်ရှေ့မှာ အသနားခံတောင်းပန်မည့် ယောက်ျားမျိုး မဟုတ်မှန်း ဖြူ သိပါသည်။ ရင်ထဲမှာ နှမြောစိတ် ရှိပေမယ့် သူနှင့် ကွဲကွာသွားရမှာကို အရှုံးအမှုး စိုးရိမ်နေမိတာမျိုးတော့ မဟုတ်ခဲ့ဘူးထင်သည်။ ဒါက ဝေးသွား သွေးအေးသွားသည့် အခြေအနေမျိုးမှာ ပြန်တွေးကြည့်မိသည်မို့လည်း သည်လို အဖြေမျိုး တွေးမိခဲ့တာပါ။

အဲသည်တုန်းက မျက်ရည်မကျဖြစ်ခဲ့ပေမယ့် ရင်ထဲမှာ အကြိတ်အခဲတွေ ထုထည်ကြီးကြီးမားမား တစ်ဆို့လေးလံလျက် နာကျင်နေခဲ့သည်။ အရွက်ဝါဝါလေးတွေ မြေပြင်မှာ ကြွေနေတာကိုတော့ ပြန်သတိရသည်။ ဘာအရွက်တွေမှန်း မသိတော့။ ဖြူတို့ ရပ်ခဲ့သည့် အပင်ရိပ်သည် ပိတောက်ပင်ရိပ်လား၊ ခရေပင်ရိပ်လား မမှတ်မိတော့ပါ။ ဘုန်းကြီးကျောင်းဝင်းကြီး လမ်းဆုံးမှာ ရှိနေသည့် အဲသည်လမ်းရှည်ကလေးထဲ ဖြူတို့နှစ်ယောက် ခပ်ဖြည်းဖြည်း လျှောက်ခဲ့ကြသည်။

"အဖြူက တို့နှစ်ယောက် အတူနေရဖို့ ကိစ္စမှာ တို့ဘက်ကပဲ ရှေ့ကို တိုးပေးရမယ်ဆိုတဲ့ သဘော ... အဖြူ့ဘက်က ခြေတစ်လှမ်းမှ မရွှေ့နိုင်ဘူးဆိုတဲ့ သဘောပေါ့ ... ဟုတ်လား။ ဘဝတစ်ခုကို တည်ဆောက်တော့မယ်ဆိုရင် နှစ်ဦးစလုံး ညီညီမျှမျှ ညှိနှိုင်းရမယ်၊ နားလည်မှု ရှိရမယ်၊ ခွင့်လွှတ်နိုင်ရမယ် မဟုတ်လား အဖြူရဲ့"



"ဟုတ်ပါတယ် ...။ ဒါပေမယ့် ခုဟာက ညီ တို့အပေါ် ခွင့်လွှတ်နိုင်တယ်ဆိုရင် ပြီးတာပဲ မဟုတ်လား၊ ညီအစ်ကိုရဲ့ သဘောထားက အရေးကြီးသလား"

"အင်း ..., အရေးကြီးတာပဲ"

"ဘာရယ်"

သစ်ပင်ရိပ်တစ်ခုမှာ ဖြူ ခြေစုံရပ်လိုက်မိသည်။ ညီ့ ကားရပ်ထားခဲ့သည့် လက်ဖက်ရည်ဆိုင်ကလေးသည် လမ်းထိပ်မှာ ကျန်ရစ်ခဲ့ပြီ။

"ဖြူက ညီနဲ့ ယူမှာပဲ ... ညီ့အစ်ကို ကိုကိုပြည့်စုံနဲ့ ယူမှာမှ မဟုတ်တာ"

ညီ့မျက်နှာ မှုန်ကုပ်သွားခဲ့သည်။ အဲသည်လို အပြောတွေကို ညီ သဘောမကျမှန်း ဖြူ သိပါသည်။ တကယ်တော့ ဖြူတို့နှစ်ယောက်လုံးသည် ဘဝဆိုတာကို ဘယ်တုန်းကမှ ရှည်ရှည်ဝေးဝေး မျှော်ကြည့်ပြီး စီမံကိန်း ချထားသူများ မဟုတ်ကြ။ သို့ပေမယ့် မတူညီနိုင်သည့် အချက်က ... ညီ့မှာတော့ ညီ့ကိုယ်စား ညီ့ဘဝကို လမ်းကြောင်းရှာပြီး တည့်မတ်အောင် ဖေးမထိန်းသိမ်းပေးနိုင်မည့် အစ်ကိုတစ်ယောက်ရှိနေသည်။

"စကားကို ကတ်မပြောနဲ့ အဖြူရာ။ ညီ့ဘဝ ဘယ်လိုဆိုတာ အဖြူလည်း သိနေတာပဲ။ ညီ့မှာ ကိုကိုတစ်ယောက်ပဲ မောင်နှမသားချင်းရယ်လို့ ရှိတာ၊ ပြီးတော့ မိဘလည်းရှိတာ မဟုတ်ဘူး။ ကိုကိုဟာ ညီ့ရဲ့ အဖေလည်းဟုတ်၊ အမေလည်း ဟုတ်တယ်။ အိမ်ထောင်ကျသွားပြီးရင်တောင် ကင်းကွာပြတ်ပြတ် နေနိုင်မယ့်သူတွေမှ မဟုတ်ဘဲ ..."

www.burmeseclassic.com

www.burmeseclassic.com

ဒီတော့ ညီ့အိမ်ထောင်ရေးနဲ့ ပတ်သက်ပြီး ကိုကို စိတ်ဆင်းရဲရတာမျိုး မဖြစ်စေချင်ဘူး။ အဖြူ့အနေနဲ့ကရော ကိုကိုပြောသလို ဖြူ့ရဲ့အနေအထိုင် အပြောအဆိုတွေကို ပြင်လိုက်ရင် ဖြူ့အတွက် ဆုတ်ယုတ်သွားမှာမို့လား"

"ဗီဇ ဆိုတာ မြင်လို့လွယ်တာမှ မဟုတ်ဘဲ။ ပြီးတော့ ဖြူဟာ အများလုပ်နေတာမှ မဟုတ်ဘဲ။ ဖြူ့ဘက်က အမြဲမှန်ခဲ့တာပဲ ညီရဲ့။ ဖြူကစပြီး သူများကို ဒုက္ခမပေးဘူး၊ ရန်မလိုဘူး၊ မနာလိုဝန်တိုစိတ်မျိုးလည်း မရှိဘူး။ ကိုယ့်ကို လာထိရင်တော့ ဘယ်သူမဆို လက်တုံ့ပြန်ချင်တာပဲ မဟုတ်လား၊ အဲဒါကို စွာတယ်လို့ ပြောကြသေးတယ်။ ဖြူ့ဘက်က စေတနာမှန်နေတာပဲ"

"ဒါပေမယ့် အဲလို ရင့်ရင့်သီးသီး တုံ့ပြန်လိုက်တော့ ရန်စရှည်တယ်လေ။ ပြီးတော့ ... မိန်းကလေးရဲ့ ဣန္ဒြေသိက္ခာ ထိပါးစရာတွေ ဖြစ်တာပေါ့"

"ဒါဆို ကိုယ့်ကို စော်ကားလာရင်လည်း ခေါင်းငုံ့ခံလိုက်လို့ ဆိုချင်တာလား ညီရဲ့"

"တော်ပြီ အဖြူရာ၊ ညီ မိန်းကလေးတစ်ယောက်နဲ့ စကားမများချင်ဘူး"

အဲဒါ ညီညီပြည့်စုံပဲ ဖြစ်သည်။ သူတို့ညီအစ်ကို၏ လူကြီးလူကောင်း ဆန်လှသော ဣန္ဒြေစောင့်ထိန်းမှု ဗီဇသွေးထဲမှာ အဖြူဟာ ဘယ်လိုလုပ်ပြီး ရောနှောလို့ ဖြစ်နိုင်ပါ့မလဲ။ အဲသည် ညနေခင်းတစ်ခုမှာပင် ဖြူသည် ညီညီပြည့်စုံနှင့် ဖြူဖြူစံ၏ အနာဂတ်ဆိုတာကို လုံးဝမေ့ပစ်ခဲ့တော့သည်။



## အခန်း(၆)

မွေးဖွားပြီး လူနာခန်းထဲ ခပ်သုတ်သုတ် ဝင်လာသည့် သူ့ကို မြင်လိုက်ရတော့ ဖြူ နည်းနည်းစိတ်ညစ်သွားပါသည်။ တမင်တကာ အပြစ်ရှာတတ်သလား ဆိုတာမျိုး မထင်ချင်ပေမယ့် သူ့ကျ နေရာတကာ စေ့စပ်သေချာမှု ပိုလွန်းပြီး ဂရုစိုက်လွန်းတာလား ဖြူကပဲ နမော်နမဲ့ နိုင်လှသည်လား မသိ။ သူရောက်လာပြီးမှ ဖြူသည် လေဘာရွမ်း(Labour Room မွေးခန်း)ထဲမှာ မကြာခဏ အော်ငေါက်ခံရသည်။ အိုဂျီဝှါဒ်(သားဖွားမီးယပ်ဆောင်)မှာ တာဝန်အကြီးဆုံးဖြစ်သည့် မမအိုဂျီသည် ခွဲစိတ်ရမည့် မွေးလူနာများရှိလျှင် ခွဲစိတ်ခန်းထဲ ဝင်ရတတ်သည်မို့ သာမန်မွေးလူနာတွေ အတွက် အလှည့်ကျ တာဝန်ယူရသည့် ဆရာဝန်တွေထဲမှာ ကိုကိုပြည့်စုံ ... ဆိုလျှင် ဖြူ စိတ်ညစ်ရသည်။ ဖြူ့သူငယ်ချင်းတွေလည်း စိတ်ညစ်ရသည်ဘဲ ထင်၏။ လူပျိုဆရာဝန် ဆိုပေမယ့် မွေးဖွားရာမှာ မွေးဖွားပြီးအကိုက်ပိ ပြုလုပ်ရာမှာ ကိုကိုပြည့်စုံသည်

www.burmeseclassic.com

www.burmeseclassic.com



စေ့စပ်သေချာမှု အရှိဆုံးဖြစ်သည်ဆိုတာကိုတော့ အဖြူတို့အားလုံး ဝန်ခံရမည်။

"ကိုကို လာပြီဟေ့"

မလှုပ်ရဲသည့် ကြားကပင် ဖြူ့နံဘေးက နော်ထီးမူသည် အသံတိုးတိုးဖြင့် ခပ်အုပ်အုပ် ရေရွတ်ရင်း ပြုံးဖြီးဖြီး ဖြစ်နေလိုက်သေး၏။

"CATHETER (ဆီးချုပိုက်) ထည့်ရမယ်နော် ...။ အဆင်သင့် ပြင်ထားပြီလား"

"ဟုတ်"

"ဒီလို အချိန်မှာ ဖြစ်နိုင်ရင် ကသီတာ မထည့်ရရင် အကောင်းဆုံးပဲ။ မဖြစ်မနေ လုပ်ရမယ် ဆိုရင်တော့ တော်တော့ကို ဂရုစိုက်ရမယ်နော် ...။ ကဲ ... လာ ... ဘယ်သူလုပ်မှာလဲ"

"ကျွန်မပါ"

ဖြူ ရှေ့ခြေတစ်လှမ်း တိုးလိုက်သည်။ ပေါင်းခံထားပြီးဖြစ်သော ဆီးချုပိုက်နှင့် ကိရိယာတန်ဆာပလာ အစုံထည့်သည့် လင်ပန်းကလေး ကိုင်ထားသည့် နော်ထီးမူသည် ဖြူ့နောက်မှ ကပ်ပါလာ၏။

"ကဲ ... ဘယ်မလဲ လက်အိတ်"

"ဩော် ..."

"ဟော့ ... မင်းလက်နဲ့ မကိုင်နဲ့ဦးလေ။ လက်အိတ်စွပ်ပြီးမှ ဒီပစ္စည်းကိရိယာ အားလုံးကို ကိုင်တွယ်ရမယ် မဟုတ်လား။ ခပ်ပေါ့ပေါ့လုပ်လို့ မရဘူးနော်။ ထည့်တဲ့ပစ္စည်းက မသန့်



ရှင်းရင် အကိုပြီ လုပ်ထားတဲ့အထဲ ပိုးဝင်သွားနိုင်တယ် မဟုတ်လား။ သွား ... သွား ... နောက်တစ်စုံ သွားလဲခဲ့။ လက်အိတ်လည်း တစ်စုံယူလာခဲ့ဦး"

နော်ထီးမူက လင်ပန်းကလေးကိုကိုင်ပြီး ခပ်သွက်သွက်ထွက်သွားသည်။

"ကသီတာ ထည့်ထားပြီးရင် အဖျားရှိမရှိ ဂရုစိုက်ပြီး ကြည့်ရမယ်နော်။ လူကြီးရော ကလေးပါ နှစ်ယောက်လုံးကို ပြောတာ။ အဖျားရှိရင် ချက်ချင်းလာပြောပါ ဟုတ်လား"

"ဟုတ်ကဲ့ပါ ဆရာ"

"အခုတစ်ခါ သေသေချာချာလုပ်ပါ။ လက်အိတ်မစွပ်ရသေးခင် ဘာကိုမှ မကိုင်တွယ်ပါနဲ့။ ပစ္စည်းတွေ အောက်လွတ် မကျစေနဲ့။ အိပ်ရာခင်း၊ စောင်ပေါ်တောင် ပြုတ်မကျစေနဲ့။ ပိုက်ကို အထဲထိ နေရာတကျရှိအောင် သွင်းရမယ်နော်"

"ဟုတ်ကဲ့ ... ဆရာ"

"ခေါင်းချည်းပဲ ညိတ်မနေနဲ့ ဦးနှောက်ထဲလည်း ထည့်ထားဦး"

မေးကြောတွေ နာကျင်လာသည်အထိ ဖြူ အံကြိတ်ထားလိုက်မိသည်။ လည်ချောင်းထဲ စပ်ဖျဉ်းဖျဉ်း ဖြစ်လာပြီး မျက်ဝန်းတွေ ပူနွေးလာပေမယ့် အဖြူသည် လွယ်လွယ်ကူကူ မျက်ရည်ကျတတ်သည့် မိန်းကလေးမျိုးတော့ မဟုတ်ပါ။

[အင်းလေ ... သင်တန်းမှာလည်း ဒီလို အဆူ အငေါက်ခံနေကျပါပဲ။ သူပြောတာလည်း မှားတာမှ မဟုတ်ဘဲ။ လူနာတွေအတွက် မဟုတ်လား]

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကို အထပ်ထပ် အခါခါ ဖြေသိမ့်ရသည် အဖြူသည် ... ယခင် ကိုးနှစ်ကျော်က ဆယ်တန်းအောင်ပြီး ကျောင်းသူကလေး ဖြူဖြူစုံ မဟုတ်တော့ပါ။ အရာအားလုံးသည် အချိန်ဆိုသော ရေစီးမှာ တရွေ့ရွေ့ လိုက်ပါပြောင်းလဲခဲ့ပြီ ဖြစ်သည် ...။



"ဟာ ... ၊ ပြဿနာပဲ"

ဖြူ့ခန္ဓာကိုယ် တစ်ခုလုံး ကြမ်းပြင်ပေါ် ဘိုင်းခနဲ ပစ်လဲကျချင်လောက်အောင်ပင် ဖြူ စိတ်ဓာတ်တွေ ဟိုးအောက်ဆုံး အထိ ကျသွားရသည်။

"ဟဲ့ ... ဘာတွေ ဖြစ်နေကြတာလဲ"

"အခန်း နှစ်က လူနာ အဖျားတက်လို့"

"ဟယ် ... အဲဒါ ဆရာကို သွားပြောလေ မြန်မြန်"

ဖြူ ဆီးပိုက် ထည့်ပေးခဲ့သည့် လူနာ၊ ညနေပိုင်းမှာ အဖျားတက်လာခဲ့သည်။ ပစ္စည်းကရိယာ မသန့်ရှင်းမှု၊ တပ်ဆင်ပေးသူ၏ မဧသဲသမ်မှု၊ လူနာကိုယ်တိုင်မှာပင် ရောဂါပိုး ကိုယ်တွင်းမှာ ရှိနေခြင်း စသည့် အကြောင်းပြချက်တွေ များစွာ ရှိနိုင်ပေမယ့်လည်း ဒေါက်တာကိုကိုပြည့်စုံ အဖို့တော့ အကြောင်းပြချက်က တစ်ခုတည်း ရှိလိမ့်မည် ထင်သည်။ ပြီးတော့ သည်နေ့က ဒေါက်တာကိုကို၏ နှစ်ဆယ့်လေးနာရီ တာဝန်ချိန်၊ ချက်ချင်း သတင်းပို့ပြီး မွေးလူနာကို ဘီပီ(သွေးပေါင်ချိန်)တိုင်း၊ အဖျားတိုင်း၊ စသည့် သာမန် ပြုလုပ်နေကျ ဝတ္တရားတွေ ပြုလုပ်ရင်း ဆရာကို စောင့်ရသည်။ မွေးလူနာ၏ အခန်းကျဉ်းကလေးသည် ဖြူ့အတွက် အသက်ရှူဖို့ပင် ခဲယဉ်းလွန်းသလိုပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



လူနာ ခေါင်းရင်းက ပြတင်းပေါက်ကို ပိတ်ထားပြီး လျော့လျဲလျဲ ကျနေသည့် အဝါရောင် ခန်းစီးစ,ကလည်း ကွယ်ထားသည့်အတွက် အပြင်ဘက် ပတ်ဝန်းကျင်ကို ကောင်းစွာ မမြင်နိုင်။ အပြင်မှာ အလင်းရောင်က လျင်မြန်စွာ လျော့ကျနေသည်။ ညနေစောင်းသည်နှင့် အပူရှိန်က သိသိသာသာ လျော့ကျသွားပြီး အအေးဓာတ် စိမ့်ဝင်လာသည်။ ကလေးငယ်ကလေးသည် ကျစ်နေအောင် ထုပ်ထားသည့် အနီးထုပ်ဖြူဖြူလေးထဲမှာ နှစ်ခြိုက်စွာ အိမ်မောကျနေ၏။

ဒါ ... လူ့လောကရဲ့ ပုံသဏ္ဍာန်တွေ အများကြီးထဲက တစ်ခုနော် ...။

ကလေးငယ်လေးတစ်ယောက် မွေးဖွားလာတိုင်း သူဟာ သီးခြား ပုံသဏ္ဍာန် တစ်ခုနှင့် ဘဝတစ်ခု၊ ပြီးတော့ လမ်းကြောင်းကလည်း သူ့အတွက် တစ်ခုနော် ...။ ဒါပေမယ့် တစ်နေ့နေ့ တစ်ချိန်ချိန်မှာ သူနဲ့ တစ်လမ်းတည်း လျှောက်မယ့် အဖော် တစ်ယောက်တော့ တွေ့ကောင်းပါရဲ့ ...။

"အဖြူ ... ဘာငိုင်နေတာလဲ ... ရီကော့ဒ်"

ကျော့ကို ခပ်ဆဆ ပုတ်ရင်း ပြောလိုက်သည့် မတင်မျိုးခိုင် စကားကြားမှ ခုတင်ခြေရင်းမှာ ချိတ်ထားသည့် လူနာ မှတ်တမ်းကို အပြေးအလွှား ယူရသည်။ သူ အခန်းထဲ ရောက်နေပြီ။ ဘယ်သူ့ကိုမှ မကြည့်ဘဲ မိခင်ရော ကလေးပါ သွေးခုန်နှုန်းစမ်း၊ ရင်ဘတ် နားကျပ်ဖြင့်ထောက်၊ ကိုယ်ပူချိန် တိုင်းနေရင်း ... ပါးစပ်ကလည်း ...



"သွေးဖောက်မယ် ... မလေးရီးရား အတွက်"

ဆိုပြီး တစ်ခုပြီး တစ်ခု အော်နေခဲ့သည်။

"ခုချက်ချင်း စစ်ခိုင်းနော်။ ရတာနဲ့ ရီဇတ်ကို ပြန်လာပြ။ ဖြူဖြူစုံ ... အမ်ပီဆလင် အင်ဂျက်ရှင်း ... ကလေးရော လူကြီးပါ ..."

"ဟုတ်ကဲ့"

သူ့ကို မကြည့်ရဲဘူးဟု ကိုယ့်ကိုယ်ကိုယ် ထင်ခဲ့ပေမယ့် တကယ်တော့ သူ့လှုပ်ရှားမှုတွေကိုသာ တစ်ချိန်လုံး စောင့်ကြည့်နေခဲ့မိတာ၊ ဖြည်းဖြည်း ပြန်စဉ်းစားကြည့်မှ သိလာသည်။ သူ့မျက်လုံးတွေက ဖြူ့ကို တစ်ကြိမ်တစ်ခါမှ လှမ်းမကြည့်ခဲ့ဘူးဆိုတာ ဖြူ သိနေခဲ့သား နော် ...။ ဒါပေမယ့် ... ဖြူ့ကို တစ်ချိန်လုံး အပြစ်တင်နေခဲ့သလိုပါပဲ ...။

လူနာရော ကလေးပါ ဆေးထိုးပြီး ကလေးငိုသံ တိတ်သွားမှာ ဖြူတို့အားလုံး ပင့်သက်ချနိုင်သည်။ သို့ပေမယ့် အခြေအနေကို ခပ်စိပ်စိပ် စောင့်ကြည့်ရဦးမည်။ လေဘာရွမ်း အပြင်မှာ တန်းစီနေသည့် လူနာခန်းတွေထဲ သူက တန်းစီ စစ်ဆေးနေသည့်အခါ နောက်က တစ်ကောက်ကောက် ပါရပြန်သည်။ ခုချိန်ထိ ကိုကိုသည် ဖြူ့ကို စကားလုည့်မပြော။ မျက်နှာချင်းလည်း မဆုံ ...

အင်းလေ ...

တကယ်တော့ အရေးလုပ်ပြီး ပြောစရာအကြောင်းလည်း မရှိပါ။

www.burmeseclassic.com

www.burmeseclassic.com



လူနာတွေ အားလုံး စစ်ဆေးပြီးသွားသည့်အခါမှာ ခန်းမကျယ်ထဲ မဝင်ခင်မှာ သူက အဖြူတို့ သူနာပြုတွေရှေ့မှာ ရတ်တရက် ရပ်လိုက်သည်။

“ပေါင်းအိုးနဲ့ ပိုးသတ်တဲ့အခါ သတ်မှတ်ထားတဲ့အချိန်ကို ဂရုစိုက်ဖို့ လိုတယ်နော်။ အချိန်မပြည့်ရင် ပိုးသတ်တဲ့ အဆင့် မပြည့်စုံဘူး၊ ပိုးမသေဘူး၊ ပေါ့ပေါ့ဆဆ မလုပ်ကြပါနဲ့။ ပစ္စည်းတွေကို စနစ်တကျ ကိုင်တွယ်ပါ။ သန့်ရှင်းအောင် ဂရုစိုက်ပါ။ အဏုဇီဝပိုးဆိုတာ မျက်စိနဲ့ မြင်နိုင်တာ မဟုတ်ဘူး ...။ ဆိုးပိုးဆိုတာကတော့ အလွယ်တကူ ဝင်နိုင်သလောက် နိုင်အောင် ချေမှုန်းဖို့ကြတော့ သိပ်ခက်တာ ... ဘာမဟုတ်တဲ့ ကိစ္စလေးနဲ့ လူနာရဲ့အခြေအနေ ဆိုးသွားနိုင်တယ်နော် ...။ အဲဒါကို အမြဲသတိရပါ ...

အထူးသဖြင့် ... လူသစ်ကလေးတွေ ...။ လူငယ်ဆိုတော့ အရာရာကို အလေးအနက် မထားဘဲ ပေါ့ပေါ့ဆဆ လုပ်တတ်တာတွေမျိုး ဂရုစိုက်ပါ။ လူနာရဲ့ အသက်ဟာ ခင်ဗျားတို့ လက်ထဲမှာ ရှိနေတယ်နော်”

ဖြူ့လက်ချောင်းတွေ၊ ခြေထောက်တွေ အေးစက်နေကြသည်။ နှုတ်ခမ်းလွှာတွေက မာကျောလျက် စေ့ပိတ်နေ၏။ လင်းလက်လာသော ဖန်မီးချောင်း အရောင်အောက်မှာ ဒေါက်တာကိုကိုပြည့်စုံ၏ သဏ္ဌာန်ကို ခပ်ဝါးဝါးသာ မြင်သည်။

“နောက်တစ်ခုက လူနာတွေကို မငေါက်ပါနဲ့နော် ...။ လူနာဆိုတာ ဆရာဝန်တွေ၊ သူနာပြုတွေကို အားကိုးနေရတဲ့ သူတွေ၊ ဘယ်လိုအကြောင်းနဲ့ပဲ ဖြစ်ဖြစ် ဝေဒနာရဲ့ နှိပ်စက်တာကို ခံနေရတဲ့ သူတွေ၊ ကိုယ်ချင်းစာပါ ... စိတ်ရှည်ရှည်ထားပါ ...

သိမ်သိမ်မွေ့မွေ့ စကားပြောပါ၊ ကိုင်တွယ်ပါ၊ ခင်ဗျားတို့ဟာ သူနာပြုတွေပါ ...၊ အနှိပ်သည်တွေ နပန်းသမားတွေ မဟုတ်ဘူးနော်”

ဘုရား ... ဘုရား ...

သည်ဝင်္ကြေးဟာ ဘယ်လောက်ထိများ ရှည်ကြာဦးမှာပါလိမ့် ...။

နှစ်လပြည့်လျှင်တော့ အနိုက်အတန့် လွတ်မြောက်ကောင်းပါရဲ့နော် ...။

ချိုက ဖြူ့လက်တွေကို ဖမ်းဆုပ်လိုက်ပြီးမှ အထိတ်တလန့် ဖြစ်သွားပြီး မျက်လုံးပြူးဝိုင်းဝိုင်းဖြင့် ဖြူ့ကို လှည့်ကြည့်နေလေသည်။

www.burmeseclassic.com



"အဲဒီလိုလည်း စိတ်ထဲ မထားနဲ့ပေါ့ ဖြူရယ် ...။ တို့တွေက အသက်လည်းငယ်၊ အတွေ့အကြုံကလည်း နုတော့ ဆရာက စေတနာရှေ့ထားပြီး ဆုံးမတာ၊ ပညာပေးတာနေမှာပါ ...။ နင့်ကိုမှ တမင် စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်တာတော့ ဟုတ်မယ် မထင်ပါဘူး"

"အေးလေ ... , ဟိုတုန်းက ကိစ္စတွေ ဆိုတာလည်း ကြာပြီပဲနော် ...။ သူ့ညီတောင် အိမ်ထောင်ကျသွားပြီဆို"

သူငယ်ချင်းများ၏ နှစ်သိမ့်စကားတွေကို ကြားတစ်ချက် မကြားတစ်ချက်ဖြင့်ပင် အဖြူသည် ပျံ့လွင့်နေသော စိတ်တွေကို စုစည်းဖို့ကြိုးစားနေမိ၏။ စိတ်အလျဉ်က ဘယ်နေရာမှာ တည်တည်တံ့တံ့ ရပ်ရနားရမယ် မသိသော လိပ်ပြာတစ်ကောင်ကဲ့သို့ ဟိုသည်ကူးလူး လွင့်ပျံ့လျက် တွေဝေနေသည်။ သို့ပေမယ့်လည်း ညနေခင်း ထိုင်နေကျ နေရာလေးမှာ ခဏ နားလိုက်ရတော့ ထွက်ပေါက်တစ်ခု တွေ့သွားသလိုပင် အနည်းငယ် စိတ်သက်သာရာရသည်။

လုံးလုံးလျားလျား ပေါ့ပါးသွားအောင် မေ့ဖျောက်နိုင်သည်ရယ်လို့ မဟုတ်။ ရင်ထဲက သံသယစိတ်တွေကို မထိ



ရောက်လှသည့် ဖြေသိမ့်စကားများဖြင့်သာ သက်သာအောင် ကြိုးစားနေမိသည်။

အေးစက်သည့် အုတ်လှေကားထစ်များ၏ အတွေ့ကြောင့် ခြေဖဝါးတွေမှာ အေးစက်လာ၏။ သို့သော်လည်း သည်နေရာလေးသည် အဖြူ့အတွက် စိတ်ပျော်ရွှင် ကြည်နူးမှုကို အတော်အတန် ပေးနိုင်လေသည်။ တောင်ကွဲစေတီပေါ်က မြင်ရသည့် ရှုမျှော်ခင်းလို ဟိုးဝေးဝေး မှုန်ပြပြ တောင်ခြေတွေအထိ ကျယ်ပြန့်စွာ မြင်ရသည် မဟုတ်ပေမယ့် သည်မြို့နံ့ စေတီကလေးသည် ဒယ်အိုး၏ အနားသတ်နေရာလို အမြင့်ပိုင်းမှာ ရှိသည်မို့ မြို့၏ အနိမ့်ပိုင်း ဘီလူးချောင်း၏ ဟိုဘက် သည်ဘက် မြို့ကွက်တွေကို လှမ်းမြင်နိုင်သည်။

မှန်စီရွှေချ ဂန္ဓကုဋိတိုက်ဆောင်၏ ပတ်ရံထားသည့် လှေကားထစ်အဆင့်ကလေးတွေပေါ်မှာ အဖြူတို့ သူငယ်ချင်းတွေ အားလပ်သည့် ညနေချိန်တွေဆို ထိုင်ဖြစ်ကြသည်။ မြို့နံ့စေတီတော်သည် မြို့၏ အစွန်ပိုင်းမှာ အနည်းငယ် ကွာလှမ်းသလို ဖြစ်နေသည့်အတွက် ဖူးမြော်သူ ကျဲပါးတတ်သည်။ သို့ပေမယ့် အဖြူတို့ ဆေးရုံသို့ သွားရာလမ်းပေါ်မှာ ရှိသည်။ မြို့လယ်ခေါင်နှင့်တော့ နည်းနည်း အလှမ်းဝေးသလို ထင်ရပေမယ့် ရန်ကုန်လို မြို့ကြီးနှင့် နှိုင်းစာလိုက်လျှင်တော့ လှိုင်ကော်သည် ဘယ်လိုနေရာမျိုးမှ တစ်ခုနှင့်တစ်ခု မဝေးကွာလှချေ။

လေယာဉ်ကွင်းရှေ့ လမ်းမကြီးအတိုင်း အဖြူသည် ရှမ်းပြည်နယ် ဖယ်ခုံသို့ ရောက်ဖူးသည်။ ကုန်းလမ်းခရီးဖြင့် လာလျှင် ပင်လောင်းမြို့ကိုလည်း ဖြတ်ရသည်။ နာမည်ကြီး

www.burmeseclassic.com

www.burmeseclassic.com



မိုးဗြိဆည်ကနေ့ မော်တော်ယာဉ်ကလေးဖြင့် အင်းထဲသို့တိုင် ရောက်ဖူးပြီ။ နှုတော့ဖြင့် ဖြူဖြူစုံသည် ဘယ်တုန်းကမှ စိတ်ကူးမယဉ်ခဲ့ဖူးသည့် နယ်မြေတစ်ခုမှာ ဘယ်လိုမှ မျှော်လင့်မထားခဲ့သည့် အလုပ်အကိုင် တစ်ခုဖြင့် အသားကျလျက် ရှိနေခဲ့ပြီ။

ရယ်စရာတော့ ကောင်းသားနော် ...

ဆယ်ကျော်သက်က စိတ်ကူးယဉ်ခဲ့ဖူးသည့် အိပ်မက်တွေဟာ လက်တွေ့ဆန်ဆန် ဘဝရဲ့ ခရီးလမ်းမှာ အရိပ်အယောင်မျှပင် မထင်ဟပ်ခဲ့ပါလားကွယ် ...။

"ဒါဆို ... နင်တို့နှစ်ယောက် ကွဲခဲ့တာဟာ ဆရာကြောင့်လို့လည်း ပြောနိုင်တာပေါ့နော် အဖြူ ..."

ချိုက ဘယ်လို တွေးမိသည် မသိ။ ရုတ်တရက် ကောက်ကာငင်ကာ မေးသည်။

"အဲလိုလည်း မဟုတ်ပါဘူးဟယ် ..."

"သူ့စကားကို သူ့ညီက နားထောင်ခဲ့တယ် မဟုတ်လား"

"ဖြစ်ချင်လည်း ဖြစ်မယ် ...။ ဒါပေမယ့် အဓိက,ကတော့ အနေဝေးပြီး သွေးအေးသွားတာပါပဲ ...။ အသက် ဆယ့်ခုနစ်၊ ဆယ့်ရှစ်ဆိုတဲ့ အရွယ်တွေက ဘာကိုမျှား စွဲစွဲလမ်းလမ်း တွယ်တွယ်ငြိငြိ ဖြစ်နေမှာလဲ ...။ ငါ ဒီရောက်စကတော့ စာရေးဖြစ်သေးတယ်။ သူ့ဆီကလည်း စာသုံး လေးစောင် ရပါတယ် ...။ ဒါပေမယ့် ... စာတွေက အသက်မဝင်တော့ဘူးလေဟာ ...။ စကားလုံးတွေက အစ ယျော့ရိလျော့ရဲ တွေချည်းကျောပဲ ...



ငါ, ကိုယ်တိုင်ကလည်း အဲဒီလို ဖြစ်လာတယ် ထင်တာပဲ ..."

"နင် သူ့ကို တကယ် မချစ်လို့ ဖြစ်မှာပေါ့"

ကျားမြော စကားကို ဖြူက ပြုံးမိသည်။ ချိုကလည်း ပြုံးစစဖြင့် မေးဆက်ပြသည်။

"အချစ်ဆိုတာကို နားမလည်ပါဘူးဟာ ...။ သူ လက်ထပ်သွားတဲ့သတင်း ဖတ်ရတော့ ခပ်ဆွေးဆွေးလေးတော့ ဖြစ်လိုက်သားပဲ ...။ ဒါပေမယ့် တစ်ညအိပ်ကလေးတောင် မခံလိုက်ပါဘူးနော် ...။ နောက်တစ်နေ့ စာမေးပွဲရှိတာနဲ့ အသေအလဲ စာကျက်ရတော့တာ ...။ ဖြေရမယ့် ဘာသာကလည်း ကိုယ့်သိပ်ကြောက်တဲ့ အနှာတမိ ဆိုတော့ ..."

"နောက်တော့လည်း မေ့သွားရော မဟုတ်လား"

ခပ်မြန်မြန် ခေါင်းညိတ်ပစ်လိုက်တော့ သူငယ်ချင်းမနှစ်ယောက်က ဟက်ဟက်ပက်ပက် ရယ်ကြသည်။

"သူ့ကို မေ့နေတာ ကြာလှပြီ။ စကတည်းက မဖြစ်နိုင်မှန်းလည်း သိပါတယ်။ သူတို့လို အဆင့်အတန်းမျိုးထဲ ငါလို မိန်းမတစ်ယောက်က ဘယ်ဝင်ရဲပါ့မလဲဟယ် ...။ ငါ့ဘက်မှာ ကျားကန်ထားစရာက ဘာဆို ဘာမှ မရှိ၊ ဒီကြားထဲ ဆယ်တန်းက တစ်နှစ်ကျလိုက်သေးတာ ဆိုတော့ ..."

"တစ်နှစ်တည်းများ ... ဟာ ..."

"အဲဒီတစ်နှစ်တည်းက အရမ်း အလှမ်းကွာသွားခဲ့တာ ချိုရဲ့ ...။ အောင်ပြန်တော့လည်း နာ့စ်ထရိန်နင် ဖြေခွင့်

www.burmeseclassic.com

www.burmeseclassic.com



ရဖို့ ငါက တစ်နှစ် စောင့်လိုက်ရသေးတယ်လေ ...။ ငါ ကျောင်းစ,တက်နေချိန်မှာ ညီက ရေကြောင်းသိပ္ပံ တတိယ နှစ် ရောက်နေပြီ ...။ ကိုကိုကတော့ ဟောက်စ်ဆာဂျင် တောင်ပြီးလို့ အလုပ်ဝင်နေပြီပေါ့ ..."

"ကိုကို ... တဲ့လား ဟီဟိ"

ကျားမြှာက ချို့ကို လက်တို့ပြီး ဖြူ့ကို လှောင်သည်။

"အကျင့်ပါနေတာပါဟဲ့ ...။ အရင်ကတည်းက ညီက သူ့အစ်ကိုအကြောင်း ကိုကို ... ကိုကိုနဲ့ ပါးစပ်ကမချ ပြောလွန်းလို့ ... နားထဲစွဲနေပြီး အကျင့်ပါနေတာ"

"ရှေ့မှာများ ယောင်ပြီး ခေါ်မိရင်တော့နော် ..."

"ဘုရား ... ဘုရား ... အဲ်လိုတော့ မဖြစ်စေရဘူးနော်။ နကိုကမှ အမြင်မကြည်ရတဲ့ကြားထဲ နှစ်လမပြည့်ခင် ဝါသ် ပြောင်းပြေးရလိမ့်မယ် ..."

အဖြူတို့ သင်တန်းဆင်း အလုပ်သင်တွေ အတွက် အမြဲတမ်း ပုံမှန် ဝါသ်တစ်ခုမှာ မြဲနေရသည် မရှိ။ နှစ်လ တစ်ကြိမ် ဝါသ်တစ်ခုမှ တစ်ခုသို့ ပြောင်းနေရသည်။ တကယ် တော့ နှစ်လဆိုတာ သိပ်ပြီး ကြာမြင့်လှသည်ဟု အဖြူ မထင်ပါ။ အတွေ့အကြုံတွေ အများကြီး၊ ပညာတွေ အများကြီး ... နောက် ထပ် သိစရာ သင်စရာတွေ မကုန်နိုင်ဘူးဆိုတာ ဖြူ တဖြည်းဖြည်း နားလည်လာခဲ့ပြီ။

တကယ်တော့ ... ကိုကိုပြည့်စုံလို ဖြူက ဆရာဝန် ဖြစ်ချင်ခဲ့တာ ...။



သူနာပြုတစ်ယောက် ဖြစ်လာဖို့ ဆိုတာတော့ ဖြူ့ ရည်မှန်းချက်တွေထဲမှာ ဘယ်တုန်းကမှ မရှိခဲ့သည့် အမှတ်စဉ် တစ်ခုဖြစ်သည်။

"မဟုတ်သေးပါဘူး ... ဖြူရဲ့၊ နင် အဲလို စိတ်ထဲမှာ စွဲမထားပါနဲ့ ...။ မှန်လိုပဲ တစ်ယောက်က ပြုံးပြရင် ... အရိပ်ကလည်း ပြန်ပြုံးလာရမှာပေါ့။ သူလည်း တစ်နေ့ နင့်ကို ပြုံးပြလာရမှာပါ။ နင့်ရင်ထဲမှာ ရှိနေတဲ့ အမုန်းတွေ သဲသယတွေကို ဖျောက်လိုက် ..."

"အံမယ်လေးလေး ... သင်းအုပ်ဆရာမရယ် ..."

ကျားမြှာက ခရစ်ယာန်ဘာသာဝင်မို့ ရယ်စွန်း ပတ်စွန်း ဆိုရသည်။ အမှောင်သည် တဖြည်းဖြည်းနှင့် သူမတို့ သူငယ်ချင်းသုံးယောက်ထံ ချဉ်းနင်းရွေ့လျားလာ၏။

လူခြေတိတ်ချိန်မှာ စက်ဘီးနင်းပြီး အိမ်ပြန်လျှင် တော့ ဘီလူးချောင်း ရေစီးသံကိုပင် ကြားရတတ်သည်။

"ငါ့ ရင်ထဲမှာ အမုန်းတွေ မရှိတော့ပါဘူးဟယ်။ သူနာပြု တစ်ယောက် လုပ်မယ်လို့ ကိုယ့်ကိုယ်ကိုယ် စိတ်ဆုံးဖြတ် ပြီးကတည်းက ငါဟာ အရင်တုန်းက ဖြူဖြူစုံ မဟုတ် တော့ပါဘူး။ အရင်ကလို စိတ်မျိုးသာ ဆိုရင်တော့ ငါ့ကို ဒီလို အချိုးမျိုး လာလုပ်ကြည့်ပါလား ...။ လူရှေ့သူ ရှေ့ မှာကို အော်ကြီးဟစ်ကျယ် ရန်တွေ့ပစ်လိုက်မှာ ...

နောက်မှ ဘယ်လိုပဲ အရေးယူ ခံရ ... ခံရ ..."

"ယုံတယ် ... ယုံတယ်"

www.burmeseclassic.com

www.burmeseclassic.com



ချိုနှင့် ကျားမြာ တွတ်တိုးပြီး ရယ်ကြပြန်သည်။

"နှာစ် ဆရိန်နှင် ဆင်းပြီး ကတည်းက ငါ့စိတ်တွေကို တော်တော်ကြီး ပြောင်းလဲပစ်လိုက်နိုင်ပြီလို့ ခံစားခဲ့ရတယ်။ တော်တော်လည်း ကျင့်သားရပြီး နေရာတကာ အနိုင်ရချင်တဲ့ စိတ်မျိုးကို သည်းခံနိုင်တဲ့ စိတ်က ဖုံးပြီး ကိုယ့်ကိုယ်ကိုယ်လည်း ကျေနပ်နေမိတာ"

"ဪ ... သည်းခံနိုင်ပေလို့ပဲ နော်"

"တစ်ခါတလေ မထိန်းနိုင် မသိမ်းနိုင် အော်ငေါက်တတ်တာလေး တစ်ခုပါပဲ"

"ဒါကတော့ ... ဇီဇာကိုက ပျောက်မရတာဟဲ့ ... စိတ်ထဲကပါလို့ မဟုတ်ဘူး"

စောစောလေးကအထိ ကျိတ်မနိုင် ခဲမရ ဖြစ်နေသည့် အစိုင်အခဲတွေ ပြေလျော့သွားပြီး သူငယ်ချင်းတွေရဲ့ အထေ့အငေါ့စကားတွေပါ လိုက်ပါ ရယ်မောရင်း ညနေခင်းလေးက လှပသွားပြန်ပါသည်။ ဓာက်ဘီးကလေးတွေ ကိုယ်စီတွန်းပြီး ဘုရားကပြန်ခဲ့သည့်လမ်းမှာတော့ အဖြူတို့ သုံးယောက်လုံး ...

အားလုံး ... အားလုံး ... ချစ်ခြင်းတရားကို ယုံပါ ...

ဆိုသည့် တေးသွားလေးကို ခပ်တိုးတိုးနှင့် သံပြိုင်ဆိုညည်းလာမိကြသည်။ လ,ရောင်အောက်မှာ ဘီလူးချောင်း၏ ရေအလျဉ်သည် တလှပ်လှပ် အရောင်တွေ တောက်ပနေ၏။ ကုန်းအဆင်းအတက် အနိမ့်အမြင့်-ခပ်ပြေပြေရှိသော လမ်းကလေးတွေက ရှင်းလင်းသပ်ရပ်လျက်ပင် ...။



ရန်ကုန်ကို လွမ်းဆွတ်လှပေမယ့် မြို့ပြနှင့် မှုန်းသိပ်ကျပ်ညပ်ခြင်းတွေကြားက လွတ်မြောက်ခွင့်ရသည့် အနိက်အတန့်ကို အဖြူ တန်ဖိုးထားရမည်။

အနိက်အတန့် ...

သည်စကားရပ်က အဖြူ့အတွက်မှ ဟုတ်ပါလေစ ...။

ဘ၀ဆိုတာ ဟောသည့် လှိုင်ကော်မြို့ပေါ်က လမ်းကလေးတွေလိုပဲ ...။

www.burmeseclassic.com



လက်တစ်ဖက်က ယူနီဖောင်း ထည့်ထားသည့် အဝတ်အိတ်ကလေးကို ဆွဲပြီး တစ်ဖက်က ထီးဆောင်းထားရင်း ဆေးရုံရှေ့ကနေ လွင်တီးခေါင်ဆန်လှသည့် လမ်းရှည်ကို ဖြတ်နေစဉ်မှာ နောက်ဘက်ဆီက အဆက်မပြတ် မြည်လာသော ကားဟွန်းသံကို ကြားရပြီး ... ခြေလှမ်းတွေ လမ်းဘေးချပြီး စုံရပ်လိုက်တော့ ... ရှေ့တည့်တည့်မှာ ဗင်(န်)ကားအဖြူရောင်လေးတစ်စီး ညင်ညင်သာသာ ရပ်လာသည်။ ကားရှေ့ မောင်းသူနေရာမှာ မြင်ရသည့် မျက်နှာတစ်ခုသည် သည်လိုပုံစံမျိုးဖြင့် အဖြူ့ရှေ့ ရောက်ရှိလာမည်ဟု ဘယ်တုန်းကမှ မျှော်လင့်မထားခဲ့သည့် မျက်နှာတစ်ခု ဖြစ်နေခဲ့တာမို့ အဖြူ အတော်ကြီး အံ့သြသွားခဲ့ရပါသည်။ ဒေါက်တာကိုကိုပြည့်စုံက အနည်းငယ် ပြုံးရိပ်သမ်းသော မျက်နှာဖြင့် ...

"ဘယ်သွားမလို့လဲ"

ဟု အဖြူ့ကို နှုတ်ဆက်သည်။

"အိမ်ပြန်မှာ ဆရာ ..."

"ကျွန်တော် ... လိုက်ပို့ပါရစေ"



အဲသည်လို ယဉ်ကျေးချိုသာလှသည့် ခပ်တိုးတိုး စကားသံမျိုးဖြင့်ပင် သူတို့ညီအစ်ကိုရဲ့ ဂုဏ်အဆင့်အတန်းဆိုတာက တစ်မျိုး မြင့်မားနိုင်ခဲ့တာနော် ...။ အဖြူနှင့်တော့ လုံးလုံးလျားလျား ဆန့်ကျင်ဘက်ပါပဲ။

"ရပါတယ် ဆရာ ... အိမ် သိပ်မဝေးပါဘူး"

"ကျွန်တော်ကတော့ ဒီလမ်းကို နေ့ပူပူထဲ လျှောက်ရတာနဲ့တင် အတော်ဝေးလှပြီလို့ ထင်မိတယ်။ လာပါဗျာ ... သူစိမ်းတွေမှ မဟုတ်ဘဲ ...။ ညီ သူငယ်ချင်းပဲဥစ္စာ။ နောက်ပြီး ရန်ကုန်က လာတဲ့သူချင်း မဟုတ်လား ...။ ကျေးဇူးတင်စရာ မလိုပါဘူး"

"ကျေးဇူးတင်ရမှာ စိုးလို့ မဟုတ်ပါဘူး ဆရာရဲ့"

ထီးကို ပိတ်ပြီး ကားနောက်ခန်းတံခါးကို ဖွင့်လျက် ဝင်ထိုင်လိုက်သည်။ သစ်ရိပ်မရှိသော လမ်းသည် လွင်တီးခေါင်ဆန်လှသည်။ ပူပြင်းလှသည် မှန်ပေမယ့် သည်လမ်းကိုပင် ဖြူနေ့စဉ် လျှောက်ရသည် မဟုတ်လား။ ဖြူ့အတွက်တော့ ထူးထူးခြားခြား ဆင်းရဲပင်ပန်းသည် မထင်မိတော့ ...။ ကိုကိုပြည့်စုံအတွက်တော့ သည်လိုအခြေအနေက ကန္တာရ ခရောင်းတောပဲ ဖြစ်မှာပါ။

"ကျွန်တော့်ကို လမ်းပြနော် ..."

"ဟုတ်ကဲ့ ...။ ဘုရားကျောင်း နောက်ဘက်တင်ပါ ဆရာ"

ပြောမိပြီးမှ ခရစ်ယာန်ဘုရားကျောင်းတွေ အတော်များများ ရှိသည့် သည်မြို့မှာ သည်လို လမ်းညွှန်ပုံနှင့်တော့ နေဝင်လျှင်တောင် အိမ်ပြန်ရောက်မှာ မဟုတ်ဘူးဟု တွေးမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ချိန်နှင့် ကျားမြဲသော မြင်လျှင်တော့ နောက်ပြောင်ကျီစယ်လို့ ဆုံးမှာမဟုတ် ...။ သူငယ်ချင်းတွေက ကွယ်ရာမှ သူ့ကို ဖြူရဲ့ အချစ်တော်ကြီး ... တဲ့ ...။

"ဒီ ရောက်တာ ကြာပြီလား"

"ဟုတ်ကဲ့ ... ဖြူက ဒီမှာပဲ နှစ်ထရိန်နင် တက်တာပါ ဆရာ"

"သြော် ... ဒီကပဲ ကျောင်းဆင်းထားတာလား"

"ဆရာအတွက် အိမ်ရလား, အစားအသောက် အဆင်ပြေရဲ့လား ဆရာ"

"အိမ်ရပါတယ် ...။ ဆေးရုံနောက်ဘက်က လမ်းမှာပဲ လေ။ အစားအသောက်ကတော့ လောလောဆယ် ကြုံသလိုပေါ့။ ဒီက အခြေအနေ မသိသေးတော့ ဘာမှလည်း မစီစဉ်ခဲ့ရဘူးလေ။ သိပ်တော့ ကြာမယ် မထင်ပါဘူး။ မဖြစ်မနေ နယ်ဆင်းရမယ် ဆိုတော့လည်း ဆင်းလိုက်တာပေါ့ .. ဂျူနီယာ ကွန်ဆာလ်တင့်(န်) အတွက်လေ ..."

"ဟုတ်လား ..။ ဆရာက အမ်အက်စ်စီ ပြီးပြီပေါ့"

"အင်း ..., ပြီးခဲ့ပြီ။ အမ်ဆက်စ်စီ လျှောက်ဖို့ ဘာလျှောက်ရမှန်း မသိဖြစ်နေတာ။ ဆရာကြီးတွေက အိုဂျီ ဝင်ဖြေနိုင်းတော့ ရသွားရော။ ဘာသာရပ်အနေနဲ့ကတော့ စိတ်ဝင်စားပါတယ်။ စာမေးပွဲဖြေတိုင်းလည်း ဂရိတ်ဖိုး ထွက်ခဲ့တာ ဆိုတော့ ...

ဒါပေမယ့် ... လုပ်ငန်းအနေနဲ့ ဆိုရင်တော့ အမျိုးသမီးအိုဂျီတွေလောက် အလုပ်မဖြစ်ဘူး"



"အဲလိုလည်း ပြောလို့မရပါဘူး ဆရာရယ် ...။ ရန်ကုန်မှာဆို နာမည်ကြီးတဲ့ အမျိုးသားအိုဂျီတွေ အများကြီးပဲ ဥစ္စာ ..."

"ဒီလို နေရာမှာ မျက်နှာသိ တစ်ယောက်တွေ့လိုက်တော့ ကော်တော် ဝမ်းသာသွားတယ်။ လုပ်ငန်းခွင်ထဲမှာတော့ လူသစ်ဆိုပေမယ့် ဝိုင်းပြီး ကူညီကြတာပေါ့လေ။ တခြား လူမှုရေးပိုင်းမှာတော့ နယ်ခံတစ်ယောက်ယောက် ရှိထားရင် အဆင်ပြေမယ် ထင်တာ ..."

"ဆရာအတွက် လိုအပ်တာ ... ဒါမှမဟုတ် တစ်ခုခု လုပ်ချင်တာရှိရင် ပြောပါ ဆရာ ...။ ဖြူတို့ လုပ်ပေးမှာပေါ့။ ခု အဖြူနေတဲ့ အိမ်ကလည်း ဆွေမျိုးလိုပါပဲ၊ ရောက်ရင် ဆရာနဲ့ မိတ်ဆက်ပေးမယ်လေ ...။ သူတို့က ဆန်ကုန်သည်တွေဆိုတော့ အသိအကျွမ်းလည်း များတယ် ...။ လှိုင်ကော် မြို့နဲ့အောင် လည်ပြီးပြီလား ဆရာ"

"ဘယ်မှ မရောက်ဖြစ်သေးပါဘူးဗျာ ... နာမည်ကြီးတဲ့ တောင်ကဲ့ ဆုတိတောင် မရောက်ရသေးဘူး၊ ဘွားဘွားက တော့ မြကလပ်လည်း ဖူးဖြစ်အောင် ဖူးခဲ့ပါဦး ... တဲ့"

"ရောက်မှတော့ နှံ့အောင် လည်သွားပေါ့ ဆရာရယ်။ ကော်ကြာ ခဏလေးနဲ့ ပြန်ပြောင်းသွားရရင် ပြောစရာ မကျန်ရစ်ဘဲ ဖြစ်နေမယ်"

စကားတွေ အများကြီး ပြောဖြစ်နေပါလား ...

တကယ်တော့ ညီနှင့် ပတ်သက်ပြီး လမ်းမှာ မိနစ်ပိုင်းလောက်သာ မျက်နှာချင်း ဆိုင်ဖူးတာ ...။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ...

အဖြူ့ကို မိန်းမ မပီသဘူး၊ မနူးညံ့ မသိမ်မွေ့ဘူး ဆိုတဲ့ မှတ်ချက်နဲ့ ညီရဲ့ အိမ်ထောင်ဘက်လောင်း အဖြစ်ကနေ ပယ်ချခဲ့တာ ...။

ဘယ်လိုမှ မလွှမ်းဆွတ်တော့ဘူး ဆိုပေမယ့် သူဟာ အဖြူ့ကို နည်းနည်းမှ အထင်မကြီးသူ ဆိုတာကိုတော့ မေ့မရနိုင်ပါ။

"ရန်ကုန်ကို ပြန်ဖြစ်သေးလား"

ခဏာ တိတ်ဆိတ်သွားပြီးမှ သူက မေးသည်။

"ခွင့်ရရင် ပြန်ဖြစ်ပါတယ်။ ဒါပေမယ့် အလွန်ဆုံး သုံးလေးရက်ပါပဲ။ နယ်မှာနေတာ ကြာတော့ ရန်ကုန် ပြန်ရောက်ရင် အသက်ရှူ မဝသလိုပဲ"

သူ့ရယ်မောသံက အလွန်ညင်သာသည်။ လူနာတွေ ရှေ့မှာဆိုလည်း သူဟာ နူးညံ့သိမ်မွေ့သူပါပဲ။ သည်တော့ လူနာတွေပဲဖြစ်ဖြစ်၊ လူနာရှင်တွေပဲဖြစ်ဖြစ် သူ့ကို ခင်မင်လိုကြလျက် ဂျူတီကုတ် ဖားဖားကြီးဝတ် နားကြပ်ကလေး လည်ပင်းမှာရိုတ်၊ အင်္ကျီအိတ်ထဲ လက်နှစ်ဖက်ထည့်ပြီး သူမို့ လမ်းလျှောက်လာပြီ ဆိုလျှင် နှုတ်ဆက်ကြဖို့ အပြုံးမျက်နှာနှင့် စောင့်မျှော်နေကြသည်က လူနာဆောင်တစ်ခုလုံးပါပဲ ...။

ဆရာဝန်ချင်း တူလျှင်တောင် ပညာချင်း၊ အရည်အချင်းချင်း တူလျှင်တောင် သူ့ကိုဆို လူနာတွေ၊ လူနာရှင်တွေက ပိုလို့ အားကိုးချင်ကြသည်။

"ဆရာရော ရန်ကုန် ပြန်ဖြစ်လား"



"ရှေ့တစ်ပတ်ထဲ မမ ပြန်ရောက်လာရင် ပြန်ဖို့ပဲ။ ဒီက မမအိုဂျိလည်း ပြောင်းဖို့ရွှေ့ဖို့ ကြိုးစားနေတယ် ထင်တယ်"

"မမ ပြောင်းမယ်ဆိုရင် ဆရာ ... ကွန်ဆာလ်တင့်(န်) ဖြစ်မှာလား"

"ဒါတော့ မပြောနိုင်ဘူးလေ ... စီအက်စ် ဖြစ်ရင်တောင် ရန်ကုန်နဲ့နီးနီး နေရာမျိုးမှာပဲ ဖြစ်ချင်တာ။ ဒီနေရာကတော့ ဝေးလွန်းတယ်။ ပြီးတော့ ... လေယာဉ်တွေကလည်း ပုံမှန်ရှိရင်တောင် လက်မှတ်ရဖို့က သိပ်ခက်တာ ..."

"ဒါပေမယ့် ... ဆရာရယ် ...။ အဲလိုသာ မလာချင်ကြဘူး ဆိုရင် ဒီဒေသက လူတွေရဲ့ ကျန်းမာရေးကို ဘယ်လို လုပ်မလဲ ...။ မြို့နဲ့ဝေးတဲ့ တောင်ပေါ်တွေမှာဆို တိုက်နယ်ဆေးရုံတောင် မသွားနိုင်လို့ မသေသင့်ဘဲ သေရတဲ့ လူနာတွေ အများကြီးပဲလေ ...။ ဒီလို ပြည်နယ်မြို့တော်ကြီးရဲ့ ဆေးရုံကြီးမှာ အဖြူတို့ ရောက်နေရတာ ကံကောင်းသေးတာပေါ့ ဆရာ။ ဟိုးဘက် အစွန်အဖျား ဘော်လခဲတို့ ရှားတောတို့လို တိုက်နယ်ဆေးရုံမျိုးတွေမှာ တာဝန်ကျခဲ့ရင် ခုထက် ပိုဆိုးတော့မှာပေါ့ ...

အဲဒီ ဒေသတွေမှာဆို အစားအသောက်က ရှားပါး၊ နေရာထိုင်ခင်းက အဆင်မပြေတဲ့အပြင် ဘာသာစကား အခက်အခဲကလည်း ရှိသေးတယ် ...

တချို့ အဲဒီကနေ ဒီအထိ ခက်ခက်ခဲခဲ ဆေးရုံလာ တက်ရတဲ့ တိုင်းရင်းသားတွေ ရှိတယ်။ ဒီရောက်တော့လည်း ကုန်ကျစရိတ် မတတ်နိုင်လို့ ဆေးရုံကနေ စိုက်ထုတ်ပေး

www.burmeseclassic.com



ရတာက များပါတယ်။ တကယ်ဆို အဲဒီလို လူတွေအတွက် ကိုယ်ချင်းစာတရားလေးနဲ့ တွေးပေးဖို့တော့ သင့်တာပေါ့ ဆရာ"

သူက အဖြူ့စကားကို အဖော် စိတ်ရှည်လက်ရှည် နားထောင်ပေးရှာနှ် ဟုပါသည်။

"ဟုတ်ပါလား ဆရာမရဲ့။ တကယ့် ပြည်သူ့ဝန်ထမ်းကောင်းပဲနော် ...။ ဒါပေမယ့် အဲလို နေရာတွေချည်းတော့ ဘယ်နေနိုင်ပါ့မလဲ မဟုတ်ဘူးလား။ လူမှန်ရင် အတ္တစိတ်ရှိကြတာပဲ မဟုတ်လား ...။ ကိုယ့်အတွက် မဟုတ်ရင်တောင် ကိုယ့် မိသားစုအတွက် အစစအရာရာ အဆင်ပြေတဲ့ နေရာဒေသ ဆိုတာကို ရွေးချယ်ရမှာ မဟုတ်လား ဆရာမရဲ့ ...

ဆရာမတို့လည်း ... မကြာခင် တာဝန်ကျမယ့် ဆေးရုံတွေ မဲနှိုက်ရတော့မှာနော်"

"ဆရာ ... ရှေ့က လမ်းချိုးလေး ..."

သူ့စကားကို အဖြူက တုံ့ပြန်ဖို့ အခွင့်မရလိုက်ပါ။ ခြံဝင်းသဲ ကားကွေ့ဝင်လိုက်တော့ ဒေါ်အော့ဖ် ဖြစ်ပြီး အဝတ်ဟောင်းတွေ လျှော်လှန်းနေသည့် ချိုက အုံ့သြတကြီး ကြောင်အမ်းဝေး ကြည့်နေသည်။

"ချို ... ဆရာပါ၊ လာတယ်။ အိမ်ထဲ ဝင်ထိုင်ပါဦး ဆရာ"

"ဟာ ... ဆရာ လိုက်ပို့တာကိုး၊ လာပါ ... ဝင်ပါ ဆရာ"

"အတော်ပဲ ... မနက်စာ စားသွားနော် ဆရာ။ ထမင်းစားချိန် နီးနေပြီ"



"ဟာ ... ထမင်းတော့ မစားပါရစေနဲ့ ... နောက်ရက်တွေကြုံမှ စားတာပေါ့"

"အားနာစရာ မဟုတ်တာ ဆရာရယ်။ လာပါ ...။ အရင်က ... ဟိုဘက်မှာ အိမ်ငှားနေတဲ့ ဆရာဆိုလည်း ဒီမှာ စားနေကျပါ။ ဒီအိမ်က လှိုင်ကော်မြို့ရဲ့ တကယ့် အိမ်ရှင် စစ်စစ် ...။ ဝင်ထိုင်ပါဦး ဆရာ ... ရဲ့ ...။ အမိုးကြီးရေ အဖြူတို့ ဆရာ လာလည်တယ်"

ပါးစပ်က ပြောရင်း၊ ကားပေါ်ကလည်း ခုန်ပေါက်ဆင်း ... ဆရာ့ကားရှေ့ခန်း တံခါးကို အတင်းဆွဲဖွင့်ပြီး ခေါ်တော့ အင်မတန် ဣန္ဒြေကြီးလှသည့် ဒေါက်တာကိုကိုပြည့်စုံ က နှုတ်ခမ်းလေးကော့ရုံ ပြုံးထားရင်း ဖြူ့ကို မျက်လွှာပင့်ကြည့်လေသည်။

www.burmeseclassic.com


## အခန်း(၇)

ဆေးရုံကြီး၏အရှေ့ ရပ်ကွက်အတွင်းလမ်းကလေးကတော့ သစ်ပင်ကြီးများ၏ အရိပ်နှင့်မို့ အေးအေးချမ်းချမ်းနှင့် ဆိတ်ငြိမ်သည်။ လူနေအိမ်လည်း ပြွတ်ပြွတ်သိပ်သိပ်မရှိ။ ခြံဝင်းကျယ်များနှင့် သီးသန့်နေရာတစ်ခုလို ဖြစ်နေပြီး တစ်ဘက်နောက်ကျောမှာလည်း စစ်ဒေသ၏ ပိုင်ဆိုင်သော နေရာအကျယ်အဝန်းနှင့်မို့ အသွားအလာလည်း ကျဲပါးလှသည်။ ကျားမြ၏ ဖီးဆင့်စက်ဘီးလေးရှေ့ ခြင်းတောင်းထဲမှာ လေးဆင့်ချိုင့်ကလေး ထည့်ထားသည်။ ကျားမြက ဒီနေ့နားရက်မို့ ကျားမြစက်ဘီးကို အဖြူ ယူလာနိုင်ခဲ့ခြင်း ဖြစ်သည်။ ကျားမြနှင့်ရော ချိုနှင့်ပါ ဂျူတီချိန်မတူသည့်ရက် ဆိုလျှင်တော့ အဖြူသည် အိမ်မှဆေးရုံသို့ လမ်းလျှောက်သွားပြီး လမ်းလျှောက်ပြန်လာ၏။

ဆေးရုံဝန်ထမ်း (ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးတွေ)အတွက် သီးခြားပေးထားသည့် လုံးချင်းအိမ်တွေရှေ့

www.burmeseclassic.com



ရောက်တော့ ကုန်းအတက်ကို အားစိုက်နင်းခဲ့ရသည့်အတွက် အဖြူ အတော်မောဝန်း အားကုန်နေပြီ။ ကိုကိုပြည့်ရဲ့အတွက် အိမ်ကလေးသည် အုတ်ဖိနပ်နှင့် အခြေမြင့်မြင့် အုတ်ညှပ်အိမ်ကလေးဖြစ်၏။ အိမ်ရှေ့မှာ သံဇကာကွက်လေးတွေ ရှိသည်။

ဘယ်အရာကိုမှ မတွန့်ဆုတ်တတ်သည့် ဖြူသည် ရဲရဲတင်းတင်းပင် အုတ်လှေကားပေါ် တက်သွားပြီး သံဇကာတပ်ထားသည့် အိမ်ခါးပန်းရောက်မှ …

"ဆရာ"

ဟု ခပ်ကျယ်ကျယ် အသံပြုလိုက်သည်။ အိပ်ခန်းထဲက သီချင်းသံတိုးတိုး ကြားနေရ၏။ ယောက်ျားပျိုတစ်ယောက်တည်း နေသည့်အိမ် ဆိုပေမယ့် အိမ်ဧည့်ခန်းလေးက ရှင်းလင်းသပ်ရပ်နေသည်။ အိပ်ခန်းတံခါးအပြင်မှာ တရုတ်ပိတ်အပြာရောင်ခံ အရုပ်ကလေးတွေ ပါဝင်သော ခန်းဆီးစ,လေးသည် အရောင်သစ်လွင်တောက်ပလျက် ပြန့်ပြန့်ပြူးပြူး ရှိနေ၏။

"ဩော် … အဖြူ စောစောစီးစီး"

"အမိုးက ထမင်းချိုင့် ပို့နိုင်းလိုက်လို့ ဆရာ။ ဆရာတစ်ယောက်တည်း စားရေးသောက်ရေး ဒုက္ခရောက်မှာစိုးလို့ အိမ်က ပို့ပေးပါ့မယ် တဲ့ …"

"ဟာ … ဟာ … အဲလိုတော့ မလုပ်ပါနဲ့ဗျာ …။ အဲဒါ ကျွန်တော် သဘောမတူဘူး။ ကြုံတဲ့အခါ ကျွန်တော်ဝင်စားပါ့မယ်၊ တကူးတကန့်ကြီး မလုပ်ပါနဲ့။ ပြီးတော့ … ဒေါက်တာဖေသက်အောင်တို့ကလည်း သူတို့အိမ်မှာပဲ ထည့်စားပါ ပြောထားလို့"



"ဟုတ်ကဲ့ပါ ဆရာ။ အမိုးကို အဖြူ ပြန်ပြောလိုက်ပါ့မယ်။ ဒီနေ့တော့ ဆရာ့အတွက်ဆိုပြီး ပို့ခိုင်းလိုက်တာမို့ …။ မီးဖိုချောင်ထဲဝင်ပြီး ဖွင့်ထားမယ်နော် ဆရာ"

"ဟို … နေပါစေ"

သည်တစ်ရက်မှာတော့ သူ့မျက်နှာကို အမှတ်ထားအရေးလုပ်နေဖို့လည်း စိတ်မပါတော့သည့် ဖြူက သူ့အိမ်အတွင်းထိဝင်ပြီး ထမင်းစားပွဲပေါ်မှာ ထမင်းချိုင့်ကို ဖွင့်လိုက်သည်။ ထမင်းစားပွဲလေးက ယိုးဒယားဖြစ် ခေါက်စားပွဲဖြစ်သည်။ လေးဆင့်ပန်းကန်စင်ပြာပြာလေး တစ်ခုပေါ်မှာ ထမင်းပန်းကန်တစ်ချပ်နှင့် ဟင်းပန်းကန် သုံးလေးလုံးတွေ့သည်။ နိုင်ငံခြားဖြစ် လျှပ်စစ်မီးဖိုပြာပြာလေးတစ်ခု တွေ့သည်။ COLD KEEPER ခပ်ကြီးကြီးတစ်လုံးနှင့် စတီးလ်ရေခွက်ကို ထမင်းစား စားပွဲပေါ်တင်ထားသည်။ ပစ္စည်းပစ္စယ ဘာဆိုဘာမျှ မရှိလှသည့် ထမင်းစားခန်း (သို့မဟုတ်) မီးဖိုခန်းသည် လိုအပ်သည်ထက် ပိုပြီး ရှင်းလင်းနေ၏။ ထမင်းချိုင့်ကို အဆင့်တွေ ဖြုတ်လိုက်ပြီး အုပ်ဆောင်းလိုက်ရာပေမယ့် အုပ်ဆောင်းမတွေ့။

"ထမင်းအုပ်ဆောင်း မရှိသေးဘူး ထင်တယ်"

"ဟုတ်တယ် … ဟုတ်တယ် … ရောက်ကတည်းက သူများဆီမှာချည်း စားနေတော့ ဘာမှ မဝယ်ရသေးဘူး။ အိမ်ကပါလာတဲ့ အိုးတွေ ခွက်တွေတောင် ထုတ်မသုံးဖြစ်ဘူး"

ထမင်းစားခန်း အဝသို့ ရောက်လာသည့် ကိုကိုပြည့်ရဲ့က ရုပ်အင်္ကျီလည်ဖွင့်ကြယ်သီးကို စေ့တပ်ရင်း အဖြူ့ကို ခပ်လျှမ်းလျှမ်းကြည့်ရင်း ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com

"ရပါတယ်။ ဆင့်သာ ထားလိုက်ပါ"

"ပန်းကန်တွေနဲ့ အုပ်ထားလိုက်မယ် ဆရာ"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

"ချိုင့်တော့ ညနေ ပြန်မှ ဝင်ယူတော့မယ်"

"ရပါတယ် ... ကျွန်တော် စားပြီးရင် ဝါသ်ထဲ ယူလာခဲ့မယ်"

"ဆရာ လျှော်စရာ ဖွပ်စရာ ရှိရင်လည်း အားမနာနဲ့နော်"

"မရှိပါဘူး ... ဒါတွေ ကျွန်တော့်ဘာသာ လုပ်နေကျပါ"

ခုပဲ အပြင်ထွက်တော့မလိုလို မီးဖိုထဲ ဝင်လာတော့မလိုလို အခန်းဝ ရောက်လာလိုက် ဧည့်ခန်းဘက် လျှောက်သွားလိုက်နှင့် ယောက်ယက်ခတ်နေသည့် သူ့ကို မြင်ရသည်မှာ စိတ်မသက်သာစရာ ကောင်းလှသည်။ ထမင်းချိုင့်တွေကို ပန်းကန်ပြား၊ ဟင်းသောက်ပန်းကန်များနှင့် ဖုံးအုပ်ပေးထားခဲ့ပြီးသည့်အခါ ဧည့်ခန်းထဲ ပြန်ရောက်လာသည့် အဖြူ့ကို သူက ...

"ထိုင်ပါဦးလား"

ဟူ၍ပင် လူမှုရေးအရ မဖိတ်ခေါ်။

"လိုအပ်တဲ့ ပစ္စည်းရှိရင် စာရင်းလေးနဲ့ မှတ်ထားပေးလေ ဆရာ။ အားတဲ့တစ်ရက် အဖြူ ဈေးမှာ သွားဝယ်ပေးမယ်"

"ကိစ္စမရှိပါဘူး။ အဖြူတို့ လာရတာ ဝေးပါတယ်။ ကျွန်တော် လိုတဲ့အခါ ပြောပါ့မယ် ဒီထိ မလာပါနဲ့"

"ဆရာ့အိမ်လာတာ မကြိုက်လို့လား ဆရာ"



မျက်ခုံးတွေ သူ့အလိုလို မြင့်တက်သွားသည်။ မျက်နှာနီမြန်းပြီး သူ အထိတ်တလန့် ဖြစ်နေပုံက ရင့်ကျက်လှသည့် ဆရာဝန်တစ်ယောက် မဟုတ်သလိုပဲ။ အရှက်အကြောက်ကြီးလှသည့် လူပျိုပေါက်လေး တစ်ယောက်လိုပဲ ...။

ဘယ့်နှယ်ကွယ် ...

အဲလောက်ထိ ဖြစ်စရာ လိုလို့လား ...။

အဖြူသည် ကျောင်းသူတစ်ယောက် ဘဝကလိုပင် အကဲဆတ်လှသည့် သူ့ကို အရွဲ့တိုက်ချင်စိတ်တွေ ပေါ်လာပြီး အားပါးတရ ရယ်ချပစ်လိုက်သည်။

"ဟုတ်ပါပြီ ... ကျွန်မ နားလည်ပါပြီ ဆရာ"

"ဘာကို နားလည်တာလဲ"

"အိမ်ကို ကျွန်မ ဝင်ထွက်တာ ... ဆရာ့အတွက် သိက္ခာကျစရာ ..., ဖြစ်"

"ဟင် ... မင်းအတွက်တော့ သိက္ခာမကျရတော့ဘူးလား အဖြူရဲ့။ လူပျိုတစ်ယောက်တည်းနေတဲ့အိမ်ကို မိန်းကလေးတစ်ယောက် ဝင်ထွက်နေတာ ဘေးကမြင်ရင် မပြောဘဲနေမှာလား။ ပြီးတော့ အလုပ်ခွင်ထဲမှာ ပုံကြီးချဲ့စရာ ဖြစ်လာရင် မင်းအတွက် ပိုမနစ်နာဘူးလား ...။ မင်းဟာ ခုထက်ထိ တစ်ဇွတ်ထိုးပါပဲလား ...။ ဘာကိုမှ လေးလေးနက်နက် ရှည်ရှည်ဝေးဝေး တွေးမိတာမျိုး မရှိဘူး၊ တကယ့်ကို မရင့်ကျက်နိုင်သေးဘူးဘဲ ..."

ကောင်းသားပဲ ...။

www.burmeseclassic.com

www.burmeseclassic.com



အဲလို ဟန်မဆောင်ဘဲ ပြောချလိုက်ရတာ သူ့အတွက် အတော့်ကို စိတ်လက်ပေါ့ပါး သွားမှာပဲ ...။

အဖြူကလည်း အဲသည်လို ဆက်ဆံရေးမျိုးကို မျှော်လင့်နေခဲ့တာ ...။

ဆရာဝန်နှင့် သူနာပြု ဆိုတာမျိုးနှင့် မသက်ဆိုင်ဘဲ ညီရဲ့ရည်စားဟောင်း ... သူအထင်သေးသည့် မိန်းကလေးတစ်ယောက် အနေအထားမျိုးနှင့်ပေါ့ ...။

ဖြူက လက်ခုပ်လက်ဝါးတီးပြီး ရယ်ပစ်လိုက်တော့ သူက ဖြူ့ကို မကောင်းဆိုးဝါး တစ်ကောင်လို စိုက်ကြည့်နေပါသည်။

"ခုမှပဲ ကိုကိုပြည့်စုံ အစစ်ဖြစ်တော့တယ်။ ဖြူကတော့ ဖြူ့အပေါ် အမြင်တွေ ပြောင်းလဲလာပြီလားလို့"

"ဘာ ရယ်"

ဒေါသတကြီး မဟုတ်ပါ။ ကိုကိုပြည့်စုံရဲ့ အဲသည်လို ဣန္ဒြေပျက်လောက်အောင် ဖေါက်ကွဲမှုမျိုးကို ဘယ်တော့မှ မြင်ရမှာ မဟုတ်ဘူး ထင်သည်။

"ဖြူ့အပေါ်မှာ ဆရာ ဘယ်လိုသဘောထားတယ် ဆိုတာ ဖြူ အစောကြီးကတည်းက သိထားပြီးသားပါ ဆရာရဲ့။ ဖြူဟာ ခုထိ မရင့်ကျက်နိုင်သေးဘဲ ဆိုတာ ဟုတ်ပါတယ်။ ဒါပေမယ့် ရင့်ကျက်ချင်ဟန် ဆောင်နေတာတော့ မဟုတ်ဘူး။ ဖြူ ဆရာ့ကို စိတ်ထဲက အရင်းအတိုင်း ခင်မင်ရင်းနှီးနေမိတာပါ။ ညီရဲ့အစ်ကိုတစ်ယောက် အနေနဲ့။



ညီရဲ့ အချစ်ဆုံးအစ်ကို ဆိုတဲ့ အသိနဲ့ ... ပြီးတော့ ဖြူ လေးစားရတဲ့ ဆရာဝန်တစ်ယောက် ဆိုတဲ့ အသိနဲ့။

အရင်ကတည်းက ပတ်ဝန်းကျင် ဆိုတာကို ဖြူက အလေးအနက် မထားခဲ့ဘူး၊ ဖြူက ကိုယ့်ရဲ့ အရွှတ္တကိုပဲ ကိုယ် အလေးထားတယ် ယုံကြည်တယ်။ မျက်လုံးတွေ ပါးစပ်တွေ အစုံပေါင်းများစွာကို လိုက်ကြောက်နေရမယ့် အလုပ်မျိုး ဖြူ ဘယ်တော့မှ မလုပ်ဘူး။ ဘယ်တော့မှလည်း မကြောက်ဘူး ဆရာ ...

အဲဒါ ဖြူ့ရဲ့ ဗီဇပဲ"

"ဟုတ်ပါပြီ ဒေါ်ဖြူဖြူစံ ...။ ခင်ဗျားရဲ့ သိက္ခာကို စော်ကားမိခဲ့တဲ့အတွက် ကျွန်တော်ကပဲ တောင်းပန်ပါတယ်"

ဖြူ့ရှေ့မှာ သူက မတ်မတ်ရပ်လိုက်သည်။ သူ့မျက်နှာ တွေ ကုပ်ကျနေဆဲပင်။ သူ့နှုတ်ခမ်းတွေကတော့ အနည်းငယ်ပြုံးယောင်သမ်းလာပြီ။

"ညီ ... လက်ထပ်သွားပြီ"

"သိပါတယ်"

"ဘယ်လို သိတာလဲ"

"သတင်းစာထဲမှာ တွေ့တာပေါ့"

"စိတ်မကောင်းပါဘူး"

"တော်စမ်းပါ ...။ အဲဒီလို လူကြီးလူကောင်း ဟန်ဆောင်တာကို ဖြူက အမုန်းဆုံးပဲ။ တကယ်တော့ ကျေနပ်နေတာ မဟုတ်လား။ ဖြူနဲ့ ကွဲသွားလို့လေ ..."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ရင်လည်း ဟုတ်မှာပေါ့။ ဒါပေမယ့် ... ဒါတွေက ကြာခဲ့ပါပြီ။ ညီကိုယ်တိုင်တောင် အာရုံထဲ မရှိတော့တဲ့ ကိစ္စ ကိုယ်က ပိုပြီး မေ့ပြီပေါ့။ မေ့မေ့ပျောက်ပျောက် ဖြစ်နေပါပြီ။ ညီကိုလည်း အပြစ်တင် မနေပါနဲ့"

"မတင်ပါဘူး။ အပြစ်တင်စရာ အကြောင်းကို မရှိဘူး။ ညီညီပြည့်စုံ ဆိုတာ အဖြူနဲ့ မတန်ဘူးလို့ အစောကြီးကတည်းက သိပါတယ် ...။ ကဲ ... အဖြူ သွားတော့မယ်"

"အဖြူ ..."

သူ့မျက်လုံးတွေ အေးစက်နေရာကနေ ရုတ်တရက် လှုပ်ရှားသွားသည်ကိုတော့ မြင်ဖြစ်အောင် မြင်လိုက်ပါသေးသည်။ အဖြူက စက်ဘီးကို အရှိန်မြှင့်တွန်းပြီး နင်းလာစဉ်မှာ သံဇကာကွက်တွေနောက်မှာ အရုပ်တစ်ရုပ်လို ရပ်လျက် သူ ကျန်ရစ်ခဲ့သည်။ ဘယ်လိုပဲဖြစ်စေ အဖြူတို့နှစ်ယောက်ကြားက လိဝိစိတည်းလည်း အခြေအနေမျိုးကို ဖျက်ဆီးပစ်လိုက်သည့်အတွက် ဖြူ ကျေနပ်သည်။ မျက်နှာဖုံးတွေရဲ့အောက်မှာ မနေချင်ပါဘူးကွယ်။

ဖြူဖြူစုံဟာ မွေးကတည်းက ဟန်ဆောင်တတ်သူ မဟုတ်သလိုပင် အရာရာမှာ ထိန်းသိမ်းနိုင်စွမ်းလည်း နည်းပါးလှသည်ဆိုတာ သူကတော့ သိမှာမဟုတ်ပါ။



"အဖြူ"

သည်လို ပါးလျလျ တိုးတိုးကလေး ခေါ်သံကြားရသည့်အခါတိုင်း ဖြူ့ရင်တွေ ဒိတ်ခနဲ ဆောင့်ခုန်သွားတတ်သည်။ သူ့ အသံမဟုတ်ဘူးလို့ သိပေမယ့်လည်း ဖြူ မကြာခဏ အထိတ်တလန့် ဖြစ်ရပါသည်။ လက်ထဲက ဝတ္ထုစာအုပ်ကို လက်ချောင်းဖြင့် ညှပ်ပိတ်လိုက်ရင်း ဖြူ့ကျောဘက်မှာ ရပ်နေသည့်သူကို လှည့်ကြည့် မျက်နှာချင်း ဆိုင်လိုက်ရသည်။

သည်ကနေ့ ... သူရော အဖြူပါ ဝါ့သ်ထဲမှာ နိုက် (Night Duty) ဂျူတီကျသည်။ ဖြူတို့ နှစ်တွေက တစ်ယောက်တစ်လှည့်စီ နားရင်း အလှည့်ကျ စောင့်ကြရသည်။ ဆရာဝန်တွေကတော့ အရေးတကြီး စောင့်ကြည့်ရမည့်လူနာ မရှိဘူးဆိုလျှင် အိမ်ပြန်နားကြတာပါပဲ။ သည်ကနေ့မှာတော့ သွေးသွန့်ပြီး (D.N.A) လုပ် သွေးသွင်းထားရသည့် အရေးတကြီးလူနာ ရှိသည့်အတွက် ညဦးပိုင်းမှာ ကိုကိုပြည့်စုံက ကိုယ်တိုင်စောင့်ကြည့်နေသည်။ သူဟာ လူနာတွေအပေါ် စေတနာအပြည့်အဝနှင့် ဂရုစိုက်တတ်သည် ဆိုတာကိုတော့ ဖြူ လက်မခံချင်လည်း မရ။ အင်မတန်နူးညံ့ညင်သာပြီး သိမ်မွေ့ယဉ်ကျေးသော စေတနာပြည့်ဝသော

www.burmeseclassic.com



ဆရာဝန်တစ်ယောက် ဖြစ်လာဖို့ကို ငယ်စဉ်ကတည်းက မိဘနှစ်ပါးကို ဆုံးရှုံးခဲ့ရသူ တစ်ယောက်အဖို့ သူ့ကိုယ်သူ ထိန်းမတ်ပဲ့ကိုင်နိုင်သည့် အရည်အချင်းမျိုး ရှိမှသာလျှင် ဖြစ်ပေလိမ့်မည်။

"ဆရာ ... ဘာခိုင်းမလို့လဲ ဆရာ"

"ဂိုင်နီကျွေစ် သွားကြည့်သေးလား"

"စောစောကတင် သွားကြည့်ပြီးပါပြီ ဆရာ။ ဘီပီလည်း ပုံမှန်ပါပဲ။ ဖီဗာလည်း မရှိဘူး ဆရာ"

"အေး ... တော်သေးတာပေါ့။ ဖီဗာ ရှိမှာပဲ စိုးရိမ်နေတာ"

လူနာဆောင် ခန်းမရှည်ထဲ မျက်လုံးဝေ့ကြည့်ရင်း ...

"တစ်ယောက်တည်းပါလား"

ဟု သူက မေးသည်။

"ခက်တို့ လက်ဖက်သုပ်ဖို့ သွားဝယ်နေကြလို့ ဆရာ"

"လက်ဖက်သုပ်စားပြီး အိပ်ကြမယ်ပေါ့"

"ဟာ ... မဟုတ်ပါဘူး ဆရာရဲ့"

ရယ်သံနည်းနည်း ကျယ်သွားသည်ကို သူက မျက်လုံးမြှုံကြည့်သည်။ အသအဖော်ကလေးကုပ်ပြီး ပါးစပ်ကို လက်ဖဝါးဖြင့် အုပ်ထားလိုက်ရ၏။

"ကိုယ် ... ရန်ကုန်ပြန်ဖို့ ရှိတယ်"

"ဟုတ်လား ... ခွင့်ပြန်မှာလား"

"မဟုတ်ပါဘူး အစည်းအဝေးပါ။ အဖြူ ဘာမှာ အိမ်ကို ချင်သေးလဲ။ မှာစရာရှိရင် မှာလိုက်လို့ရတယ် ... အားမနာနဲ့နော်"

ဖြစ်ရပြန်ပြီ ...။



စိတ်ထဲမှာ နှစ်ပေါင်းများစွာက ရင်းနှီးနေပြီးသားမို့ အဲသည်လို ပေါ့ချင်သည့်စိတ်ကို ထိန်းသိမ်းစရာဘဲ နှုတ်ခမ်းလေးက နည်းနည်းတော့ ခွဲပြီး ပြုံးလိုက်မိသေးသည်။ လုပ်ငန်းခွင်ထဲမှာ နေ့စဉ်မြင်တွေ့ ရင်းနှီးနေရသူတွေဆိုတော့ ကလေးတွေလို စိတ်ကောက်ချင်လည်း ဖြစ်မှာမှ မဟုတ်တာနော်။

ပြီးတော့ ... သူက ကိုယ့်ရဲ့အထက်လူကြီး ...။

ဖြူဟာ အစကတည်းက ကိုကိုပြည့်စုံ ဆိုသည့် လူတစ်ယောက်ကို အားကျလေးစားခဲ့ရတာပါ ဆိုတာကိုတော့ သူ့ကို ပြောပြဖို့ စိတ်ကူးမရှိသေးပါ။

"မှာစရာ မရှိပါဘူး ဆရာရယ် ... တစ်လတစ်ခါလောက် ဖုန်းဆက်နေတာပဲ"

"လက်ဖက်ရည်ဆိုင် ဖွင့်ထားတုန်းလား"

"ဖွင့်ရတာပေါ့ ဆရာရယ်။ မိသားစုရဲ့ အဓိက စီးပွားရေးပဲ။ ဒါကလွဲပြီးတော့လည်း မလုပ်တတ်ဘူးလေ ..."

သူ့မှာ သည့်ထက်ပိုပြီး စပ်စုဖို့ ရည်ရွယ်ချက်ရှိမည်မထင်ပါ။ သူတို့လို လူယဉ်ကျေးတွေ ဆိုတာက ...

"ထိုင်မယ်နော်"

ဖြူ့ နံဘေးက ခုံတစ်လုံးကို ဆွဲယူပြီး သူ ထိုင်ချလိုက်သည်။ ဖြူ့စားပွဲရဲ့ ဟိုဘက်မှာတော့ လူနာစမ်းသပ်သည့် ခြေထောက်မြင့်မြင့် ဖျက်သေးသေး ခုတင်တစ်လုံးရှိသည်။ သည်နေရာသည် သားဖွားမီးယပ်ဆောင်၏ ရုံးခန်းလည်းဖြစ်ပြီး လူနာစမ်းသပ်ခန်းဆိုလည်း ဟုတ်သည်။ ပြီးတော့ သူနာပြုများ ဆရာဝန်များ၏ တစ်ခါတစ်ရံ ထမင်းစားခန်းလည်း ဖြစ်ချင် ဖြစ်တတ်ပါ

www.burmeseclassic.com



သေးသည်။ ခန်းမရှည်ကြီးထဲ အစီအရီ ရှိနေသည့် ခုတင်များပေါ်မှာတော့ မွေးလူနာများ၊ အမျိုးသမီးရောဂါနှင့် ပတ်သက်သည့်လူနာများ၊ မွေးကင်းစ ကလေးငယ်များနှင့် လူနာစောင့်များသည် မှုံသဏ္ဍာန်အမျိုးမျိုးဖြင့် အိပ်ပျော်နေကြ၏။ ဖြူတို့လို အိပ်မပျော်နိုင်သူများလည်း ရှိချင်ရှိနိုင်ပါသည်။ အိမ်ရေးပျက်သည်ဟူသော ဝေါဟာရသည် ဖြူတို့အလုပ်ခွင်မှာ ရေးကြီးခွင်ကျယ်လုပ်ပြီး ပြောစရာမဟုတ်တော့၊ ညဉ့်သန်းခေါင်ထ,ပြီး ငိုတတ်သော ကလေးငယ်များ၏ အူဝဲသံကိုပင် အသားကျနေပြီမို့ မကြားရလျှင် အနည်းငယ် ထူးခြားနေသလို စိုးရိမ်ပူပန်ရသေးသည်။

"အချစ်ဝတ္ထုပါလား"

"ဆရာ ဖတ်ချင်လို့လား"

"ဟင့်အင်း ... ကိုယ် အချစ်ဝတ္ထုတွေ မဖတ်ဘူး။ နည်းနည်း အိပ်ငိုက်လာလို့ ဟိုဟိုဒီဒီ လျှောက်ကြည့်တာပါ"

"လူနာ စိတ်ချရပါပြီ ဆရာ ... ဆရာ ပြန်အိပ်လို့ ရပါပြီ"

"အင်း ... ခဏနေ သွားကြည့်ပြီးရင်တော့ အိမ်ပြန်အိပ်လိုက်ဦးမယ်"

"ဒီနေ့ တော်တော် ပင်ပန်းတယ်နော် ဆရာ၊ လေဘာပိန်းသမားတွေကလည်း သုံးယောက်ဆက်တိုက် ...။မမစု ဆိုကိုယ်တွေလက်တွေတောင်ကိုက်ပြီး တစ်ခါတည်း ဖလက်ပြသွားတာပဲ။ ကိုင်နီသမားတွေလည်း ဒီနေ့များတယ် ...။ Decent (အဆင်း)သမားက သုံးလေးယောက်မို့ တော်သေးတယ်။ မဟုတ်ရင် နေရာအတွက် ခေါင်းခြောက်ရဦးမှာ"

"မစုက ဒီနေ့ တွမ်တီဖိုးအာဝါ။ သူ့နေ့လေ ...။ နေ့ခင်းက



ဖလက်ပြသွားတော့ ဒီညူ မလာနိုင်တော့ဘူးပေါ့။ နက်ဖြန်မနက်မှပဲ စောစောလာ,လို့ ပြောလိုက်တယ်"

စာအုပ်ကို ဟိုသည် လှန်ကြည့်နေရင်း ဒေါက်တာစုစုလွင် ဂျူတီချိန်အကြောင်း သူ ပြောသည်။ သည်လိုနှင့်ပဲ အလွန်ဓိဓာကြောင်လှသည့် စာအုပ်ကြီးနှင့် တူလှသည့် လူတစ်ယောက်ရှေ့မှာ ဖြူဟာ ကြွက်ကလေးတစ်ကောင်လို ကုပ်ပြီးနေရတော့မည်ဟု အတွေးရောက်ပေမယ့်လည်း၊ သူ ... ဖြူ့ရှေ့က ပျောက်သွားမှာကိုလည်း နှမြောမိပြန်သည်။

အနားမှာ ,သူ ရှိနေတာကို သာယာနေမိတာ ...

ဟင့်အင်း ... မဟုတ်ဘူး ...

အဲလို မဖြစ်ရဘူးနော် ...။

အဖြူဆိုတာက အစ်မတာန်မှ ရန်ဗွာသည့်၊ အကြောက်အရွံ့ကင်းသည့်၊ အကြောအတာင်၊မခံတတ်သည့် ဆောင့်ကြွားကြွား ထုံပေပေ ကောင်မလေးမှ မဟုတ်တော့တာ ...။

ပြီးတော့ ... စိတ်ကူးယဉ်တတ်သည့် ဉာဉ်ကလေးပင် တစ်ကြိမ်တစ်ခါ ကြုံဖူးသည့် အချစ်ဆိုတာကြောင့် လွင့်ပြယ်ခဲ့ရပြီ။ ခုတော့ ဖြူသည် အချစ်ဆိုသည့် စကားကို ကြားမိလျှင်ပင် ရယ်ချင်ချင် ...။

"ညီနဲ့ တွေ့ရင်တော့ ပြောပြရဦးမယ်"

အဲသည်စကားသံက ဖြူ့အတွေးတွေကို အဆုံးသတ်ပစ်လိုက်သည်။

"ပြောပြလိုက်ပါ။ မိသားစုနဲ့ လာလည်ပါဦးလို့။ ဖြူက လည်း တွေ့ချင်ပါသေးတယ်လို့"

www.burmeseclassic.com

www.burmeseclassic.com



"ညီ့ကိုလား"

"ညီ့ရဲ့ ဇနီးကိုရောပေါ့"

"တကယ် တွေ့ချင်တာလား"

မယုံသင်္ကာမေးသည့် စကားပဲ။ ဖြူ့ရင်ထဲမှာ ညီနှင့် ပတ်သက်ပြီး ဘယ်လောက်ထိ လေးနက်ခဲ့သည် ဆိုတာကို ညီ့အစ်ကိုက သိချင်မည်လား။ ဖြူတို့နှစ်ယောက်ကို ခွဲပစ်ခဲ့သည့် တရားခံဟု ကိုကိုကို စွပ်စွဲလျှင်ဖြင့် မတရားလွန်းရာ ကျမည်ပင်။ ညီက တွေဝေခဲ့ပြီး အဖြူ ကိုယ်တိုင်ကလည်း ညီတို့အသိုင်းအဝိုင်းထဲ ခေါင်းလျှိုဝင်ရမှာကို မနှစ်မြို့နိုင်ခဲ့တာလည်း တစ်ကြောင်းပင်။ တဖြည်းဖြည်း ဝေးသွားကြတော့ သွေးအေးသွားသည်လို့လည်း ဆိုချင် ဆိုနိုင်ပါသည်။

ဖြူက နှုတ်ခမ်းတွန့်ရုံ ပြုံးမိပါသည်။

"တကယ်ပါ"

"ညီ့ကောင်မလေးက နုနုနယ်နယ် သိမ်သိမ်မွေ့မွေ့လေး ..."

"အဲဒီလို ဖြစ်မယ်လို့ သိထားပြီးသားပါ။ ဒီလို အသိုင်းအဝိုင်းက လက်ခံတဲ့ မိန်းကလေးဆိုတာ ဒီလိုပုံစံမျိုးပဲ ဖြစ်ရမှာပေါ့။ ဒါပေမယ့် ... ဖြူ ဝမ်းနည်းသွားလိမ့်မယ်လို့ မထင်ပါနဲ့နော်။ သူ လက်ထပ်သွားတာ ဖြူ့ သတင်းစာထဲမှာ တွေ့တော့ ဝမ်းတောင် သာမိပါသေးတယ်။ တကယ်တော့ သူငယ်ချင်း အနေအထားနဲ့ တော်တော်ကြီးကို ခင်ခဲ့ကြတာ။ တစ်ယောက်စိတ် တစ်ယောက် နားလည်ပြီးတော့လေ ..."

သူက ဖြူ့ကို မျက်နှာခပ်လွှဲလွှဲထားလျက် ...



"ဟုတ်လား"

မူ တိုးတိုးတိမ်တိမ် ရေရွတ်လေသည်။

"ညီကတော့ ချစ်သူတွေ ဖြစ်ခဲ့ကြတယ်လို့ ... ပြောဖူးတယ်။ မဟုတ်ခဲ့ဘူး ဆိုရင် တောင်းပန်တယ်နော်"

"ဖြစ်ခဲ့ဖူးပါတယ် ...။ အဲဒါကလည်း စိတ်ညစ်စရာ ဖြစ်ခဲ့တာပေါ့။ သူငယ်ချင်းတွေ ဘဝက ဖြူဖြူစင်စင် ပျော်ခဲ့တာလေးတွေ လုံးဝမကျန်တော့လောက်အောင် ...။ သေချာစဉ်းစားကြည့်တော့ ဆယ်ကျော်သက်ကလေးတွေရဲ့ စိတ်ကစားတာ သက်သက်ပါပဲ။ ပြန်တွေးကြည့်ရင် နောင်တရစရာတွေပဲ ကျန်ခဲ့တယ် ...။

ခုနေ ညီနဲ့ ပြန်တွေ့ရင် အဖြူ လိုက်လိုက်လှဲလှဲ နှုတ်ဆက်မှာပါ။ အဖြူ့စိတ်ထဲမှာ ဘာမှ မကျန်ရစ်ဘူး ဆိုတာ ညီလည်း သိမှာပါပဲ ..."

"သူတို့ ဒီကို ခဏတဖြုတ် လာလည်ကြဦးမှာပါ။ ဘာပဲဖြစ်ဖြစ် ပြန်ဆုံကြရင်လည်း တစ်မျိုး ပျော်စရာလေးပေါ့လေ"

"အရင်ကတော့ စိတ်ညစ်စရာတွေ ဖြစ်ခဲ့တယ် မဟုတ်လား။ တစ်ဦးတည်းသော ညီလေးတော့ ရေတိမ်နစ်တော့မယ် ဆိုပြီးတော့လေ ..."

"အဲဒီအတွက်တော့ အဖြူကို ကျွန်တော် တောင်းပန်စရာ မလိုပါဘူးနော်။ အဖြူ စိတ်မှဆိုးဘူး မဟုတ်လား"

ဪ ...

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုရယ် ...။

ခုတော့ စိတ်ဆိုးဖို့ အခွင့်အရေးတောင် ဖြူ့မှာ မရှိတော့ပါဘဲလား။

သည်စကားကိုတော့ မရယ်ချင်လှဘဲ နှုတ်ခမ်းတွေ တင်းနေလျက်က သူ့မျက်နှာကို တမေ့တမော စိုက်ကြည့်နေဖြစ်သည်။ ကိုကိုနှင့် ညီသည် တချို့နေရာတွေမှာတော့လည်း ထပ်တူညီလုနီးပါး,ပါလား။ မိန်းကလေးတွေနှင့် ပတ်သက်ပြီး နည်းနည်းလေးမှ ခေါင်းမလျှော့ချင်သည့် စိတ်ဓာတ်မှာတော့ ကိုကိုကပို၍ပြီးသာမည် ထင်ရသည်။

ကိုကိုပြည့်စုံဟာ IM I (အိုင်အမ်ဝမ်း)မှာလည်း မိန်းကလေးတွေကြားထဲ သတင်းကြီးလှသူ ... တဲ့ ...။

"ဆရာ မှတ်ချက်ချခဲ့တဲ့အတိုင်း မှန်နေတာပဲမဟုတ်လား။ အဖြူ စိတ်မဆိုးပါဘူး ... အဖြူဟာ တကယ်လည်း မိန်းမ မပီသဘူး။ မသိမ်မွေ့ဘူးလေ။ အဖြူကြီးပြင်းခဲ့ရတဲ့ အသိုင်းအဝိုင်းနဲ့ ဆရာတို့ရဲ့ အသိုင်းအဝိုင်းနှစ်ခုဟာ ဘယ်လိုမှ ဆက်စပ်လို့ မရဘူးလေ ... အဲတော့ အဖြူနဲ့ညီ စောစောစီးစီး လမ်းခွဲလိုက်တာ အမှန်ကန်ဆုံးပဲပေါ့ ...။ အဖြူကတော့ အဖြူ့ရဲ့ ဗီဇကို မဖျောက်နိုင်ဘူးလေ ...

"ဘယ်တော့မှလဲ ဖျောက်လို့ရမှာ မဟုတ်ဘူး"

"အဲဒါတော့ မဟုတ်ဘူး"

သူ့နှုတ်ခမ်းတွေ အနည်းငယ် ကော့တက်လာလျှင်ပင် အလွန်ကြည့်၍ကောင်းပါသည်။ အဲသည် သိမ်မွေ့သော နှုတ်ခမ်း



လွှာတွေဆီက ထွက်ပေါ်လာသည့် စကားသံတိုးတိုးသည်လည်း ကြားရသူတွေစိတ်ကို ညွှတ်ပျောင်းစေနိုင်သည်ပင် ...။

"ဖျောက်လို့ရပါတယ် ...။ ရကို ရတယ် ...။ ခု အဖြူဟာ ညီသူငယ်ချင်း စွာလန်တေးမှ မဟုတ်တော့ပဲ ...။ ဒီယူနီဖောင်းလေးနဲ့ အတော်ကြီးကို သိမ်မွေ့လာပြီ"

"ဒါပေမယ့် ... အကျယ်ကြီး အော်ရယ်၊ အော်ပြောတာက တော့ ဘယ်လိုပြောပြော စိတ်ပျက်စရာ ဖြစ်နေသေးတာပဲ မဟုတ်လား"

ပြောပြောဆိုဆိုပင် ဖြူက သတိလက်လွှတ် အော်ရယ်မိပြန်သည်။ တိတ်ဆိတ်နေသည့် ညာ၏ အိပ်ခန်းဆောင်ထဲ၌ ရယ်သံသည် ရုတ်ချည်းပျံ့သွားပြီး ချက်ချင်း ပြန်လည်တိတ်ဆိတ်သွား၏။

"ဟောတော့ ... ဆရာ ရောက်နေတယ် ...။ အတော်ပဲ အတော်ပဲ ...။ လက်ဖက်သုပ်နဲ့ထမင်းနဲ့ စားပါဦး ဆရာ"

ခြေသံတွေ တရုပ်ရုပ်နှင့် ခက်တို့အုပ်စု ပြန်ရောက်လာကြသည်။

"မစားတော့ပါဘူးဗျာ ...။ ကျွန်တော်က အိမ်ပြန်အိပ်မယ့်သူ၊ တော်ကြာ အိပ်မရဘဲ မျက်စိကျယ်နေဦးမယ်"

"ဆရာမေသက်အောင်ဆို လက်ဖက် သိပ်ကြိုက်တာ ဆရာရဲ့။ ဘယ်လောက် စားစား အိပ်ရေးမပျက်ဘူးတဲ့"

မမတင်မျိုးခိုင်နှင့် စကားအဆက်ရ,နေသည့် ကိုကိုပြည့်စုံဆီ မျက်လုံးရွေကြည့်ရင်း ခက်ခက်က ...

"နင့်တို့ ဘာတွေ ပြောနေကြတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဖြူ့အနားကပ်ပြီး တိုးတိုးလေး မေးသည်။ ခဏကြာမှာတော့ အဖြူတို့၏ စီနီယာမမ တင်မျိုးနိုင်ကို ခေါ်ပြီး သီးသန့် လူနာဆောင်တွေဘက် ထွက်သွားလေသည်။ သူငယ် ချင်းတွေကတော့ ...

ထုံးစံအတိုင်း ကျီစယ်နေဆဲနိုင် ...။

ဒါပေမယ့်လေ ...

စိတ်ကူး ဆိုတာကိုပင် ဖြူက မပိုင်ဆိုင်သူမို့ ...



ဂစ်တာမတီးဖြစ်တာ ကြာပြီမို့ ဂစ်တာကြိုးပေါ် ဖိထားရသည့် လက်ချောင်းထိပ်ကလေးတွေပင် နာကျင်နေခဲ့သည်။ ထွက်ပေါ်လာသည့် သံစဉ်က ပီပီပြင်ပြင် မဟုတ်ပေမယ့်လည်း ဂစ်တာသံက ဖြူ့စိတ်တွေကို နည်းနည်းကျဉ်းကျဉ်းတော့ ကျေနပ် နှစ်သိမ့်စေ၏။ ကိုယ့်ဘာသာ အဖြေရှာမရနိုင်သည့် လွင့်ပျံခြင်း မျိုးဖြင့် ဖြူ့ရင်ထဲမှာ တစ်ခုခု ဆုံးရှုံးလိုက်ရသလို လော်လော လတ်လတ် ထိခိုက်ကြေကွဲနေရတာက ဘာအတွက်ကြောင့်ပါ လိမ့် ...။

... အားလုံး ... အားလုံး ... ချစ်ခြင်းတရားကို ... ယုံပါ

... အားလုံး ... အားလုံး ... ပေးဝေကာ ... စားသုံး ...

... အချစ်များနဲ့ ... ခံစားချက်တို့ မလိုသူ ...

... ထူးဆန်းလွန်းသူတဲ့ ... ဒီကမ္ဘာကြီးထဲမှာ ...

သည်သီချင်းကို ဆိုမိပြန်သည်။ သည်သီချင်းလေး ကို ဆိုရလျှင် စိတ်တွေ ပျော်လာသလိုလို ကြည်နူးလာသလိုလို ခံစားရသည်။ သည်သီချင်းကော့ဒ်တွေကို ဖြူက ညီ့ကို သင်ပေး ခဲ့တာပေါ့ ...။ ဂစ်တာမတီးတတ်သည့် ယောက်ျားတွေကိုဆို ဖြူကဲ့ အထင်သေးချင်သည်။ အနုပညာကို ခံစားဖို့မှ နားမ လည်တတ်သူတွေရယ်လို့ပေါ့ ... ,

www.burmeseclassic.com

www.burmeseclassic.com



[ကိုကိုကတော့ ကျောင်းစာကလွဲပြီး ဘာမှ စိတ်မဝင်စားဘူး]

ဆိုတော့ ဖြူ သိပ်အထင်ကြီးလေးစားသူ တစ်ယောက်အတွက် စိတ်ပျက်မိခဲ့သေးတာ ...

ဟင်အင်း ...

မတွေးချင်ပါဘူးကွယ် ...

"ဖြူရေ့ အတော်အေးလာပြီဟ ... အထဲဝင်ရအောင်"

ချို့ပြောသလို ညက အတော်အေးလာပြီ။ နေ့လယ်ခင်းနေပူရှိန်က ပြင်းသလောက် ညနေခင်း အလင်းရောင် ပျောက်ချိန်ကစပြီး အအေးဓာတ်က တစိမ့်စိမ့် ထိုးဖောက်ဝင်ရောက်လာပြီ။ တ,တိုင်းမွေး ပန်းရုံက ပန်းရနံ့သည် လေသယ်ဆောင်ရာ အတော်ဝေးဝေးအထိ ပျံ့လျက် မွှေးနေတတ်၏။ ကြယ်တွေစုံသည့်ကောင်းကင်သည် အဖြူ့အတွက်တော့ မျက်နှာအပ်ပြီး စကားပြောချင်သည့် အဖော်ဖြစ်သည်။

အထီးကျန်ခြင်းဆိုတာ ရင်ထဲမှာ လှုင့်ဟာ မျောဝါရင်း လှိုက်တက်မွန်းကျပ်လာလိုက်၊ ငိုချပစ်ချင်စိတ်တွေ ပေါ်လာလိုက်၊ တစ်ယောက်ယောက်ဆီ ပြေးလွှား ရောက်သွားချင်လိုက်။

အဲသည်လိုမျိုးလား ...။

ဖြူတို့အိမ်ရှေ့ လမ်းကလေးမှာတော့ ဝါကျင်ကျင်မှာကျူရိမီးရောင် လင်းဖြာကျနေသည်။ လမ်းလျှောက်သွားသူ တစ်ယောက်တလေမျှမရှိ။ စက်ဘီးစီးရင်း သီချင်းညည်းသွားသူ တစ်ယောက်တလေတော့ ရှိနိုင်သည်။ သည်လို တိတ်ဆိတ်သည့် ညမျိုးမှာ အဖြူတို့သုံးယောက်စုံလျှင်တော့ မညီမညာ တစ်ပိုင်းတစ်စ သီချင်းသံတွေ၊ ရယ်မောသံတွေကို ကြားရမြဲဖြစ်သည်။



"ဝါ့သ်ထဲမှာ ဆရာကိုကို မရှိတော့ ကြွက်စီကြွက်စိနဲ့ အသံတွေကို ဆူနေတာပဲ။ ဒါပေမယ့် ပျော်စရာကောင်းတယ်ဟာ။ နည်းနည်းတော့ စိတ်လွတ်လပ်တာပေါ့နော်။ လူနာတွေကတော့ မေးကြပါ့တော် ... ဒေါက်တာ ချောချောလေး မတွေ့တာကြာပြီ ... တဲ့။ တချို့ကျတော့လည်း တော်ပါသေးရဲ့ ... တဲ့ သူနဲ့ ဗိုက်အပ်ရမှာ ရှက်လို့တဲ့ ...

"အဲဒါမျိုးက ဆရာဖေသက်နဲ့မှ ကိုက်ရော။ မရှက်ကြပါနဲ့ ကိုယ့်ယောကျ်ားလို့သာ သဘောထား ဆိုတာလေ။ မိန်းမတွေ စိတ်ဆိုးပြီး ပြန်ကုန်ကြရော ..."

"ဘယ်တတ်နိုင်မလဲနော် ... ဒီဘာသာရပ်မှာမှ ထူးချွန်ပြီး ပါရဂူဖြစ်လာတော့လည်း ယောကျ်ားရယ် မိန်းမရယ် ခွဲနေလို့ရမှာလား။ ငါလည်း နောက်လဆို အိုဂျီရောက်မှာ။ ဘယ်လိုတွေ ကြုံရဦးမယ် မသိဘူး ... ဒါပေမယ့် ဆာဂျီကယ်လ်မှာလောက်တော့ ပင်ပန်းမယ် မထင်ပါဘူး"

"မထင်နဲ့ ... မထင်နဲ့ ... ဆေးရုံမှာ အိုဂျီဝါ့သ်က လူနာအများဆုံးလို့တောင် ငါတော့ ထင်တယ်။ တစ်ယောက်ဆင်းသွားလိုက်၊ တစ်ယောက်တက်လာလိုက်နဲ့ မွေးပဲမွေးနိုင်ကြတယ်နော်"

"ဘာလိုလိုနဲ့ တစ်နှစ်ပြည့်တော့မယ်နော် ...။ ငါတော့ ဘုရားတ,နေရတယ်။ မြို့ပေါ်မဟုတ်ဘဲ ဟိုး ချောင်ကလောင်ထဲ ရောက်သွားမှ ဒုက္ခ ..."

တစ်ယောက်တစ်ခွန်း ပြောနေကြသည့် ချိုနှင့်ကျားမြာတို့ စကားသံတွေ အဲသည်အကြောင်းအရာမှာ အဆုံးသတ်

www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ သင်္ဘောဖြင်းချသံတွေပင် သံမြိုင် တူညီသွားသလို စိတ်ထဲမှာ ထင်မိ၏။ ဖြူတို့ သင်တန်းအပတ်စဉ်တူသမားတွေ အဖို့တော့ ရင်ခုန်စရာ ချောက်ချားစရာရယ်လို့ပဲ သတ်မှတ်ရမည် ထင်ပါရဲ့။ သိပ်မကြာခင်မှာ ပြည်နယ်ဆေးရုံကြီးကနေ ခွာပြီး တာဝန်ကျရာ တိုက်နယ်ဆေးရုံအသီးသီးသို့ ခွဲထွက်သွားကြရမည်။

သွားကြရတော့မည် ...။

[ကိုယ့်အတွက် မဟုတ်ရင်တောင် ကိုယ်မိသားစု အတွက် အစစအရာရာ အဆင်ပြေတဲ့ နေရာဒေသဆိုတာကို ရွေးချယ်ကြရမှာပဲ မဟုတ်လား]

ကိုကိုကရော သည့်လိုပဲ ရွေးချယ်မှာ မဟုတ်လား ...။

ဘယ်နေရာမဆို အတွေးတွေ၊ ယုံကြည်ချက်တွေ၊ ဦးတည်ရာတွေ မတူညီစဲ့တဲ့ အသိုင်းအဝိုင်းတစ်ခုစီကနေ လာကြသူတွေ ...။

အခိုက်အတန့်လေး အတွင်းမှာ အတွေးတွေကို ခါးသက်မိသလို ဖြစ်သွားသည်မို့ ဂစ်တာကြိုးတွေကို ခပ်ကြမ်းကြမ်း ခတ်မစ်လိုက်သည်။

"မေ့ထားလိုက်စမ်းဟာ ... သီချင်းဆိုကြရအောင် ..."

သုံးယောက်လုံး တစ်ယောက်မျက်နှာ တစ်ယောက် မြင်တွေ့လည့်ကြည့်မိကြပြီး သံပြိုင် အော်ဟစ်မစ်လိုက်ကြသည်။

... အားလုံး ... အားလုံး ... ချစ်ခြင်းတရားကို ယုံပါ ...

... အားလုံး ... အားလုံး ... ပေးဝေကာ စားသုံး ...



# အပိုင်းသုံး

www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၈)

"ကိုကို့ ကယ်ယားပြည်နယ်မှာ ပျော်ပုံရတယ်နော် ..., ဝတောင် ဝလာတယ်"

"ပျော်မှာပေါ့ ... ပျော်မှာပေါ့ ... မင်း ဘွားဘွားရဲ့ ဩဝါဒတွေက လွှတ်ကင်းပြီး သူ့ထင်သလိုနေရတာကိုးကွ ..."

"ဒီအဘိုးကြီး ... ကျုပ်ပဲ အပြစ်ပုံချနေ ... မြေး ပြန်လာတာနဲ့ အိပ်ရာပေါ်ကနေ ငေါက်တောက် ထ,ထိုင်တာ။ မနေ့ကဖြင့် တကယ့် လူမမာကြီး"

"မင်းကျတော့ကောကွာ။ လေးဆယ့်ငါးရက်စခန်းကို မြေး ပြန်ရောက်တာနဲ့ တစ်လမပြည့်ခင် ပြန်လာတာ မဟုတ်ဘူးလား"

ညှို့ခန်းထဲမှာ ရယ်မောသံများဖြင့် စည်ကားနေခဲ့တာ တကယ့်ကို ကျေနပ်စရာပါပဲ။ မိသားစု အသိုက်အမြုံ၏ နွေးထွေးမှုကို ပြန်လည်ခံစားခွင့်ရသည်။ တစ်ယောက်တည်း

www.burmeseclassic.com

www.burmeseclassic.com



အထီးကျန်နေရတာကိုလည်း နှစ်ပေါင်းများစွာ အကျင့်တစ်ခုလ
စွဲမြဲခဲ့တာမို့ မနေတတ် မထိုင်တတ် ဖြစ်ရလောက်အောင် မဆိ
ရှားလှပေမယ့် ခုလို ပြန်ဆုံလိုက်ရတော့ သိသိသာသာ ကွာခြ
နေသည့် အခြေအနေတစ်ခုကို မြက်မြက်ထင်ထင် မြင်လာသည်

သည်တစ်ကြိမ်မှာတော့ မိသားစုဝင် အသစ်ဖြစ်သည
ညီ့ဇနီးသည်လည်း ပါဝင်လေသည်။ အဆောင်ဆောင် အခန်းခ
များစွာနှင့် ကျယ်ဝန်းလှသော သည်အိမ်ကြီးထဲမှာ လူတစ်ယော
ပျောက်ပါးသွားရသည်ကြောင့် မသိသာဘူး ထင်ရပေမယ့် နဂိုက
လှဦးရေနည်းလှသည့် မိသားစုမို့ သူ ပြန်ရောက်လာသည
အစိုက်အတန့်လေးကိုပဲ အားလုံး လှိုက်လှိုက်လှဲလှဲ ပျော်ရွှင်
ကြသည်။

"ကိုကိုကိုသာ ပြောနေတယ်။ မင်းကျတော့ရော။ လိုတ
ထက်တောင် ပိုဝလာသလိုပဲ ... ဘီယာတွေ ဘာတွေ
မသောက်နဲ့နော်"

"ပေါက်ကရ ကိုကိုရာ"

"ကိုလက်စရောများတဲ့ အအီအဆိမ့်တွေ သိပ်မဟားနဲ့"

"အဲဒါ မိန်းမကိုမှာ ... ကိုကိုရေ၊ မိန်းမက ညီ့အတွက
အစားကောင်း အသောက်ကောင်းတွေနဲ့ နေ့စဉ်ပြုစု
တော့ ကိုကိုညီ ဒို့လိုပုံစံ ဖြစ်နေတော့တာပေါ့"

ရှက်စနိုး ပြုံးနေသည့် ခင်လေးရှိကို မြင်ရတော့
ကိုကိုသည် ရှင်ဖုံးအင်္ကျီဖြူ၊ ထဘီနီလေးနှင့် CAPလေး ဆောင်း
ထားသည့် အသံအောက်ကျယ်ဟစ်ကျယ် တက်ကြွနေတတ်သည်



နှာစ်လေးကို မြင်ယောင်လာသည်။ ညီကြားလျှင် အံ့သြမှာလား။
သဝဏ်ရ ဖမ်းနည်းနေဦးမလား။

အင်းလေ ...

ယော်ရွယ်သူတွေအဖို့တော့ ဒါဟာ အဆန်းတကြယ်
မဟုတ်နိုင်ပါဘူး။

ဘယ်သူမဆို အိပ်မက်တော့ မက်ဖူးမှာပဲနော် ...။

ခုတော့ ညီသည် ယဉ်ကျေးသိမ်မွေ့ပြီး ပညာလည်း
တော်၊ အိမ်ထောင်မှုမှာလည်း အသင့်အတင့် နိုင်နင်းသည့်
ဇနီးကောင်းတစ်ယောက်ကို ရထားပြီမို့ သူ့ဘဝကိုသူ ကျေနပ်နေ
ပါပြီ။ ကိုကို့အပေါ် ဘယ်တုန်းကမှ အပြစ်မတင်ခဲ့သည့် ညီသည်
ခုလည်း အပြစ်တင်မှာ မဟုတ်ဘူး ထင်ပါရဲ့။ သေချာစဉ်း
စားကြည့်တော့လည်း ဆယ်တန်းအောင်ပြီးစ နှလုံးသားလှုပ်ရှား
တတ်စအရွယ်မှာ အချစ်ဆိုသည့် ပိုက်ကွန်ထဲ ရုန်းမရအောင်
ငြိတွယ်ပြီး အနာဂတ်မဲ့သွားမည့် အနေအထားမျိုး မဖြစ်စေချင်တာ
ကြောင့်မို့လည်း အဲသည်တစ်ကြိမ်တည်းမှာသာ ညီ့အတွက် သူ
တင်းတင်းကျပ်ကျပ် တားမြစ်ခဲ့ဖူးတာပါ။ အဖြူနှင့် ပတ်သက်ခဲ့
သည့် ကိစ္စကလွဲလျှင် ညီ့အခြေအနေကို သူ စောင့်ကြည့်ရုံသာ
စောင့်ကြည့်နေခဲ့သည်။ သူ့ဘဝနက ဘိမ်းစောင်းမည်ထင်လျှင်
တည့်မတ်ပေးရုံ မဟုတ်လား ...။

အဖြူအတွက် မတရားဘူး ထင်မိလျှင် မတတ်နိုင်ပါ။
အဲသည်အချိန်တုန်းကတော့ မျက်မြင် အခြေအနေအရပဲ သူ
မှန်ကန်စွာ မှတ်ချက်ချနိုင်ခဲ့သည်။

www.burmeseclassic.com



ဒါပေမယ့် ညီဟာ အစ်ကိုကို အတိုက်အခံပြုနိုင်
ကြီးမားနိုင်လောက်အောင်ပင် သူမအပေါ် သံယောဇဉ် တွယ်ခဲ့သည်
ပဲ ... နော်။

လှိုက်လှိုက်လှဲလှဲ ရယ်မောနေသည့် ညီသည် အဖြင်
အာရုံထဲမှာ မှုန်ဝါးသွားခဲ့၏။



ကိုကိုတို့ အိမ်ခြံဝင်းထဲမှာ စုတော့ လှေဒါန်းကလေး
တစ်စုနှင့် သစ်ခွပန်းစင်တွေ ရှိနေပြီဖြစ်သည်။ နုပျိုတက်ကြွသည့်
မိန်းကလေးတစ်ယောက် အိမ်ရှင်မအဖြစ် ရောက်ရှိလာသောအခါ
ခြံဝင်းကျယ်ကြီးရော၊ နှစ်ထပ်အိမ်ကြီးပါ အလျင်ကထက် ပိုမို
စိုပြည်ပြီး နေချင်စဖွယ် ဖြစ်လာသည်။ ယခင်ကတော့ လမ်းစပြည့်
ကွန်ကရစ်ခင်းထားသော ခြံဝင်းထဲမှာ ဘဲဥပုံ ရှည်မျောမျော ဂျပန်
မြက်ခင်းစိမ်းတစ်စုနှင့် တစ်ပက်တစ်ချက် နံရံမှာကပ်လျက်
ထင်းရှုးပင်သာပင် နှစ်ပင်သာရှိသည်။ သူ မှတ်မိသလောက်
မေမေ ရှိစဉ်ကတော့ နှင်းဆီပန်းအိုးတွေ အများကြီးရှိသည်။ နှင်း
ဆီပင် တစ်ပင်နှင့်တစ်ပင် အရောင်အသွေးလည်း မတူ၊ အမျိုးအစား
လည်းမတူ ...။ အဝါ၊ ပန်းရောင်၊ အဖြူ၊ အနီ၊ ကြက်သွေး၊ မိတ်
ကပ်ရောင် ... စသဖြင့် အရောင်စုံလှသည့် နှင်းဆီပန်းများသည်
ပိန်ခြောက်ရှုံ့တွလျက် နောက်ဆုံး မြေဩဇာဖြစ်သွားကြရသည်
ထင်ပါရဲ့။ မေမေ့နှင်းဆီပင်များကို အမွေဆက်ခံဖို့ သည်အိမ်မှာ
နှစ်ညသိမ်မွေ့ပြီး ပန်းပင်တွေကို မြတ်နိုးတတ်သည့် အမျိုးသမီး
ငယ် တစ်ယောက်မှ မရှိပါ။ သွားသွားကတော့ ပန်းတွေကို

www.burmeseclassic.com

www.burmeseclassic.com



ဘုရားပန်းအိုးထိုးဖို့သာ စိတ်ဝင်စားသူ ဖြစ်သည်။ ပြီးတော့ ဘွားဘွားသည် မြေးနှစ်ယောက်ကလွဲပြီး ဘယ်အရာကိုမှ သံယော ဇဉ်မတွယ်။ အိမ်ကို ထိန်းသိမ်းမည့်သူ ရှိလျှင် ဝိပဿနာအလုပ်နှင့်သာ မွေ့လျော်နေတတ်သူ ဖြစ်၏။

ခုတော့ သည်အိမ်ကြီးမှာ သစ်ခွပန်းရုံကလေးတွေ ရှိလာပြီ။ ကိုကို အဝေးရောက်နေသည့် အနိုက်အတန့်မှာဝင် ပန်းရုံတွေမှာ ပန်းပင်တွေ အမျိုးအစား စုံလင်စွာ ပြည့်ကျပ်လာ၏။ သစ်ခွရုံကို ပလတ်စတစ် အမိုးကြည်ကြည် စိမ်းစိမ်းကလေးဖြင့် အုပ်မိုးထားသည်။

သစ်ခွရုံကလေးက အုတ်တံတိုင်းအ[illegible]အက်မှာ ကပ်လျက် ဖြစ်ပြီး အပြာရောင် လှဲဒါန်းကလေးက[illegible]သစ်ခွရုံနှင့် ကွန်ကရိလမ်း၏ ကြားမှာ အိမ်ခြေရင်းနံရံကို ကျောကပ်လျက် ရှိသည်။ သစ်ခွပန်းရုံသည်လည်း ညီညီအတွက် ဇုတ်ယှစရာတွေ ထဲက တစ်ခုအပါအဝင် ဖြစ်သည်။ လူဦးရေ နည်းလှသည့် အသိုက်အမြုံထဲ မိသားစုနှင့် တပေါင်းတစည်းထဲ နေနိုင်မည့် အလီမှာအိမ်ပါ ဧနီးတစ်ယောက်ကို ပိုင်ဆိုင်ခွင့်ရသည့် ညီသည် ခုလို အချိန်မျိုးမှာ ဆယ်ကျော်သက်က ယယ်ချစ်ဦးဆိုတာကို ပြန်ပြီး တမ်းတနေဦးမှာလား။

"ညီကို အံ့ဩစရာတစ်ခု ပြောရဦးမယ်"

သူ့အလုပ်ခွင်ထဲက အကြောင်းတွေကို အားတက် သရော ပြောနေသည့် ညီသည် ကြားဖြတ်ပြီး ရုတ်တရက် ပြော လိုက်သည့် စကားကြောင့် ကြောင်အမ်းပြီး နှုတ်ဆုံ့သွားသည်။

"ဘာများလဲ ကိုကို"



"ကိုကို လှိုင်ကော်လေဆေးရုံမှာ ဘယ်သူနဲ့ ပြန်တွေ့တယ် ထင်သလဲ"

"လှိုင်ကော် ... မှာ"

ယောင်ယောင်ဝါးဝါးဖြင့် ညီ တစ်ယောက်တည်း တီးတိုးရေရွတ်နေသည်။

"မင်းရဲ့ ... အမြူလေ ..."

"အမြူ"

ညီ့မျက်ဝန်းတွေ လက်ခနဲ တောက်ပသွားသည်ဟု သူ ထင်လိုက်မိပါသည်။

"သူ ... အဲဒီမှာ ရှိနေတုန်းပဲကိုး"

"သူ အဲဒီ ရောက်နေတာ ညီ သိလား"

"သိပါတယ်"

"ဘယ်တုန်းက ... , သိတာလဲ"

"ကြာပါပြီ ကိုကိုရာ ...။ သူ ဆယ်တန်းအောင်ပြီး နောက် တစ်နှစ်မှာ သူ နာ့စ်ဆင်း ဖြေမယ်လို့ ကျွန်တော့်ကို ပြော တယ်။ အမှတ်က အင်ဂျင်နီယာကျွ ကို မီတယ် ဆိုရုံပဲလေ။ တခြားဘာသာရပ်တွေကိုလည်း စိတ်မဝင်စားတော့ သူ နာ့ပြု တက္ကသိုလ်လျှောက်မယ်တဲ့ ...။ ဇက္ကသိုလ်ကလည်း လူဦး ရေ တန့်သတ်ချက် ရှိလို့လား မသိဘူး။ သူ ပြုတ်ကျန်ခဲ့ တယ်။ အဲဒါနဲ့ပဲ နာ့စ်ထရိန်နင် ဖြေမယ်လို့ စိတ်ကူးရ သွားတာပဲ ..."

ကျွန်တော်က သူ့ကို အိကို တက်စေချင်တယ် သူက ကျွန်တော့်စကားကို နားမထောင်ဘဲ လှိုင်ကော်ကို

www.burmeseclassic.com

www.burmeseclassic.com

ထွက်သွားတယ်လေ။ အဲဒီကနေ သူ လှမ်းပြီး စာရေးသေးတယ်လေ။ ညီ ဒုတိယနှစ် စာမေးပွဲဖြေမယ့် အချိန်တုန်းကပေါ့။ ခုနှစ်နှစ်ကျော်ကျော်တောင် ရှိနေပြီဆိုတော့ သူ အဲဒီမှာ ရှိနေမယ်လို့ ညီက မထင်မိဘူး"

ဘယ်လိုလဲ ... အရင်အတိုင်းပဲလား"

စကားတွေ အရှည်ကြီး ပြောပြီးမှ ညီက ပြုံးစစဖြင့် မေးသည်။ သည်လိုမေးခွန်းကိုတော့ မျှော်လင့်ထားပြီးသားပင်။ ဘယ်လို ဖြေရမည် ဆိုတာကိုတော့ ကြိုပြီး စဉ်းစားထားစရာ မလိုပါ။

"ပြောင်းလဲသွားပါတယ်။ လုံးဝတော့ မဟုတ်ဘူးပေါ့။ လူဆိုတာ ဗီဇကို ဖျောက်လို့ရတာမျိုးမှ မဟုတ်ဘဲ။ ဒါပေမယ့် နည်းနည်း တည်ငြိမ်လာတယ်။ ရင့်ကျက်လာတယ်။ အလုပ်ခွင်ထဲမှာလည်း စေတနာထားပြီး လုပ်တယ်။ အသံကတော့ ခပ်စွာစွာပဲ။ ဒါ ဘယ်တော့မှ ပြောင်းလဲမှာ မဟုတ်တော့ဘူး ထင်ပါရဲ့"

"ကိုကိုနဲ့ ကြည်လင်ရဲ့လား"

သူ ဟက်ခနဲ ရယ်မိသည်။

"ကလေးတွေမှ မဟုတ်တော့တာကွာ"

"သူက ကစဉ့်ကဆန်လုပ်တတ်တဲ့ ဥာဉ်ကလေးရှိလို့ပါ"

"ဟင့်အင်း ... , အဲလိုတော့ သူ လုံးဝမလုပ်ပါဘူး။ လုပ်လို့လည်း မရဘူးလေ။ တို့အလုပ်က အသက်ဆိုတာနဲ့ လောင်းကြေးထပ်ရတာမျိုး၊ အမှားမခံဘူးလေ။ နောက်ပြီး သူတို့ သင်တန်းကျောင်းမှာကတည်းက လေ့ကျင့်ထားပြီး



သားပါ။ ဆေးပညာနဲ့ ပတ်သက်တာတင် မကဘူး၊ ကျင့်ဝတ်တွေ စည်းကမ်းတွေ၊ စိတ်ဓာတ်တွေ၊ ဘယ်လိုလိုက်နာကျင့်သုံးရမယ် ဆိုတာ ...။ လူနာတွေအပေါ် ဘယ်လို ဆက်ဆံရမယ်ဆိုတာ ...။ ခေါက်ရိုးကျနေအောင် သင်ခဲ့ရမှာပါ ..."

"ပြောင်းလဲသွားတယ် ဆိုရင်တော့ ဝမ်းသာစရာပဲနော်။ အပြုံးက တကယ်တော့ စိတ်ရင်းကောင်းပါတယ် ကိုကိုရဲ့။ စိတ်ထားလည်း မှန်တယ်။ ဘယ်သူ့အပေါ်မှာမှ ကောက်ကျစ်တဲ့စိတ် မရှိဘူး၊ ပညာနဲ့ ပတ်သက်လာရင်လည်း မနာလိုတာမျိုး၊ လျှို့တာမျိုး မရှိဘူး။ အဆင့်အတန်းမခွဲ လူတိုင်းအပေါ် စေတနာထားတယ်။ ဒါပေမယ့် သူ့အပေါ် ကောက်ကျစ်တယ် ထင်ရင်၊ အနိုင်ကျင့်တယ် ထင်ရင်လည်း နည်းနည်းလေးမှ သည်းမခံဘူး ...

တကယ့် ဆတ်ဆတ်ကြဲစိတ်မျိုး ..."

"စိတ်မကုန်သေးဘူးပေါ့"

ခေါင်းယမ်းလျက် ရယ်နေသည့် ညီ့မျက်နှာမှာ ငံထဲက စကားတွေကို သူ ဖတ်နိုင်စွမ်း မရှိပါ။

"မဟုတ်ပါဘူး ကိုကိုရာ။ သူ့ရဲ့ စိတ်ဓာတ်ကို ညီက အမှန်အတိုင်းသိလို့ ပြောတာပါ။ သူက မိန်းမ မဆန်ဘူး ခိုတာတော့ အမှန်ပဲ။ မနူးညံ့တာလည်း အမှန်ပဲ။ ဒါပေမယ့် သူ့မှာလည်း ကောင်းတဲ့ စိတ်ကောင်းရှိတဲ့ စရိုက်လေးတွေတော့ ရှိတယ်။ အဲဒါကို ညီက ပြောချင်တာ။ သူငယ်ချင်းကောင်း၊ မိတ်ဆွေကောင်း ဖြစ်ခဲ့တာတော့ အမှန်ပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ချစ်သူကောင်း အဖော်ကောင်း မဖြစ်နိုင်ဘူးလေ၊ အဲဒီလို ဆိုလိုတဲ့ သဘောပါ"

"ညီတို့ ဘာကြောင့် ကွဲခဲ့တာလဲ ..."

မေးခွန်းက ဘောင်ကျော်သွားလေသလား မသိ။ သို့သော်လည်း ညီနှင့် ပတ်သက်ပြီး သူ ဘယ်တုန်းကမှ မတွေးဖြစ်ခဲ့ဘူးဟု သတိရသည်။ ညီအပေါ်မှာ သူ မတရားသလိုများ ဖြစ်ခဲ့သလား။

လှိုင်းခေါင်းကလေးက ခပ်လှေးလှေးနှင့် တအိအိ လှုပ်ယမ်းလျက် ရှိ၏။ ညီကတော့ နှုတ်ဆိတ်နေဆဲပင် ...။

"ကိုကိုကြောင့်တော့ မဟုတ်ပါဘူးနော်"

ညီက ရယ်လေသည်။

"ကိုကို့မေးခွန်းက အခွန်းနှစ်ဖက် မလွတ်တဲ့ မေးခွန်းပဲ။ ကိုကို့ကြောင့် မဟုတ်ဘူးဆိုရင် ကိုကို ဆုံးမတဲ့ စကားကို ညီက အလေးမထားသလို ဖြစ်မယ်။ ကိုကို့ကြောင့် ဆိုရင်ရော ...

ကိုကို့ကြောင့်ဆိုရင် ကိုကို အပြစ်မကင်းသလို ခံစားရမယ်လား ..."

"အဲလိုတော့ မဟုတ်ပါဘူး။ ကိုကို့ကြောင့်ဆိုလည်း ကိုကိုက ရှောင်တာမရပါဘူး။ ဒါပေမယ့် ကိုကို့ကြောင့် ညီ ကြေကွဲခဲ့ရသလားလို့ နှမ့ မေ့မိလို့ပါ။ အဲဒီအတွက်ဆိုရင်တော့ နည်းနည်း စိတ်မကောင်း ဖြစ်ရမှာပေါ့ ...

ဒါပေမယ့် ... ညီ အခု ညီ့ဘဝကို ကျေနပ်နေတယ် ဆိုတာ ကိုကို သိပါတယ်"



"သိပ်မှန်တာပေါ့ ကိုကိုရာ"

သူ့ပခုံးကို လာမှီသော ညီ့လက်ဖျံပေါ် သူ ခေါင်းမှီချလိုက်သည်။ ညီ့မျက်နှာ သူ့အနားတိုးကပ်လာပြီး ...

"ဒါပေမယ့် ခင်လေးကို သွားမပြောနဲ့နော်"

ဟု လေသံမျှ ပြော၏။

"ဘာဖြစ်လို့လဲ"

"ခင်လေးက သိပ်သဝန်တိုတတ်တာ ကိုကိုရ။ အဲဒီ နေရာမှာတော့ မိန်းမပီသတာ လွန်လွန်းတယ်၊ အဖြူဆိုတဲ့ နာမည် သူ့ရှေ့မှာ ဟ,မိတာနဲ့ ညီကို ရစ်လို့ ဆုံးတော့မှာမဟုတ်ဘူး"

"ဒါပေမယ့် ... , ကြည်နူးစရာ မဟုတ်လား"

စိတ်ပျက်လက်ပျက် ဟန်ဖြင့် ညီက ခေါင်းယမ်းလေသည်။

"အဲဒါတော့ လုံးဝမဟုတ်ဘူး ကိုကိုရေ ...။ တစ်ခါတစ်ခါကျတော့ ရှော့ရတာ သိပ်စိတ်ညစ်စရာကောင်းတာ"

"ကိုယ် ကျေနပ်ဖို့ အရေးကြီးတာပဲ မဟုတ်လား"

ညီက ရုတ်တရက် ငြိမ်ကျသွားပြီးမှ ...

"အဖြူ့ကိုတော့ ကျွန်တော် တစ်ခါမှ မမေ့ခဲ့ဘူး"

ဟု တစ်ယောက်တည်း ညည်းတွားသလို ခပ်တိုးတိုး ရေရွတ်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြန်ရမည့်ရက်မှာ ညီတို့ ဧနီးမောင်နှံက လေယာဉ်ကွင်းသို့ လိုက်ပို့သည်။ ဘိုးဘိုးဘွားဘွား၏ မှာတမ်းစကားတွေက လေယာဉ်ကွင်းရောက်သည်အထိ ဆယ်လျှိလာဖုန်းထဲမှာ နိုပြီး လိုက်ပါလာဆဲပင်။

"ကိုကိုကားက အင်ဂျင်ကျနေပြီဆို ...။ ညီ နားရက်ကြာကြာ ရတဲ့အခါကျရင် ကား လာလဲပေးမယ်"

"ကောင်းသားပဲ။ လည်ရပတ်ရအောင် အေးအေးဆေးဆေး လာကြလေ"

"စိတ်ချ ... ကိုကို့ခယ်မက ဧရိုးသိပ်ထွက်ချင်တာ။ ဘိုးဘိုး ကျန်းမာရေးကို သိပ်စိတ်မချလို့၊ ကိုကိုလည်း ရန်ကုန် မြန်မြန်ပြန်ပြောင်းရအောင် ကြိုးစားပါဦး။ ကိုကို မရှိတော့ ဘိုးဘိုးဘွားဘွားအတွက် စိတ်မဖြောင့်ရဘူး။ အရေး အကြောင်းဆို အိမ်မှာ ခင်လေးတစ်ယောက်ပဲ ကျန်နေတာ၊ ဆရာဝန်တစ်ယောက် မြန်မြန် ယူရင်လည်းယူ ကိုကိုရာ။ ရန်ကုန်အိမ်မှာ စောင့်ဖို့ ..."

"ဒြော် ... ငါကျတော့ နယ်မှာနေ။ ယူရမယ့် မိန်းမကို တော့ ရန်ကုန်မှာ အိမ်စောင့်ထားရမယ်ပေါ့။ မင်း တော် တော်အကွက်ဈေးပါလား ညီ"



စကားနည်းလှသော ခင်လေးရီက သူမ၏ ခင်ပွန်း သည် မျက်နှာကိုကြည့်ရင်း နှုတ်ခမ်းကို လက်ဖဝါးဖြင့် အုပ်ကွယ် လျက် ရယ်မောသည်။ ညီကတော့ ရင်ခေါင်းထဲက အသံထွက် အောင်ပင် အားပါးတရ ရယ်မောလေသည်။

လေယာဉ်ထွက်ခါနီးတော့ မှန်တံခါးအနီးရောက် အောင် သူ့လက်ဆွဲအိတ်ကို ဆွဲလျက် လိုက်ပို့နှုတ်ဆက်သည့် ညီကို ...

"အပြုံးဆီ ဘာမှာဦးမလဲ"

ဟု ပြုံးစစ မေးမိသည်။

"ပြောလိုက်ပါ ... မြန်မြန် အိမ်ထောင်ပြုလိုက်တော့ ကျွန် တော့်ကို စောင့်မနေနဲ့တော့လို့"

"ကြာသွားရင် ရန်ကုန်က ကြားအောင် လှမ်းအော်ပြီး မေတ္တာပို့နေလိမ့်မယ်"

ဟု သူ ပြောတော့ ... ညီက ...

"သေချာတယ် ... သေချာတယ်"

ဆိုပြီး ခေါင်းတဆတ်ဆတ် ညိတ်လျက် ရယ်လေ သည်။

www.burmeseclassic.com





## အခန်း(၉)

"Good Morning ပါ မမ"

"ဟာ … ဆရာ ပြန်ရောက်တာနဲ့ တန်းပြီး ဂျူတီဝင်ပြီလား၊ မနားတော့ဘူးလား"

"မနားပါဘူး မမရယ်။ လေယာဉ်နဲ့ဆိုတော့ ပင်ပန်းတာမှ မဟုတ်ဘဲ။ ကျွန်တော် စောစောရောက်တော့ မမလည်း သက်သာတာပေါ့"

"အံမယ်လေး … ချစ်ဖို့ကောင်းလိုက်တဲ့ ပါးစပ်လေးပါလား နော် …"

မမအိုးကြီးက သည်လိုပြောပြီး ပါးစုန့်ကြီးတွေ မို့တက်လာအောင် ရယ်မောလေသည်။ အလုပ်ခွင်ထဲမှာ ပျော်တတ်သည့် ကိုကိုသည် တစ်ယောက်တည်း အထီးကျန် ခြောက်ကပ်နေ

www.burmeseclassic.com



ရမည့် အိမ်ထဲမှာ ခဏတဖြုတ်ပင် မနားချင်တော့ပါ။ လွန်ခဲ့သ…
တစ်နာရီကျော်လေးကမှ ပြုံးရွှင်ရယ်မောလျက် ကြည်နူးပျော်…
ခြင်းများဖြင့် စွဲမှားခဲ့ရသည့် အဆွေအမျိုး အသိုက်အမြုံ မွေး…
မှု ရုတ်တရက် ပျောက်ဆုံးပြီး ဖြူန်းစားကြီး ပြောင်းလဲသွားမ…
အခြေအနေကို ရင်မဆိုင်ချင် …

လုပ်ငန်းခွင်ထဲမှာတော့ တစ်ဦးနှင့်တစ်ဦး ရိုင်…
ကူညီသည့် လုပ်ဖော်ကိုင်ဖက်တွေ ရှိသည်။ သူ့ကို အားကိုး…
လင့်ကြသည့် လူနာတွေ ရှိသည်။ သဘောမနောကောင်းပြီး စိ…
ထားပြည့်ဝသည့် သူ့အထက်က မမအိုဂျီ ရှိသည်။

ခန္ဓာကိုယ်က ဝ,ပေမယ့် ကျောင်းသူလေးတ…
ယောက်လို သွက်လက်တက်ကြွနေသည့် ကွန်ဆာလ်တင့်(…
ဆာဂျင် မမသည် သူ့ကို နှုတ်ဆက်ပြီးသည်နှင့် ခွဲစိတ်ခန်းထဲဝ…
ပြင်ဆင်နေရပြီ။ သည်ကနေ့ ကြာသပတေးသည် ခွဲစိတ်ရမ…
လူနာတွေကို ခွဲစိတ်ရမည့် သတ်မှတ်နေ့ရက်ဖြစ်၏။

"ဆရာဝန် နည်းပါတယ် ဆိုမှ အေအက်စ်တစ်ယော…
ပြောင်းဖို့ ထရန်စဖာ ကျလာပြန်ပြီ ဆရာရေ"

ဘလူးစတာပ်မ် ဆရာမကြီးက နားနေခန်းထဲ မဝင်…
သူ့ကို လှမ်းပြောသည်။

"မခင်ခင်ရွှေလား"

"အဟုတ်ပေါ့"

"သူက မိသားစုက မန္တလေးမှာဆိုတော့ မန္တလေး ပြော…
ချင်နေတာ …"



"အင်း … , ဘယ်သူမဆို မိသားစုနဲ့ အတူနေချင်ကြတာ ပေါ့နော်"

ဆရာမကြီး သည်းတွားလိုက်သည့် အဲသည်စကားသံက သူ့ရင်ထဲအထိ စူးနစ်ဝင်ရောက်သွားခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com


"ကြည့်စမ်း ... ကလေးကို နို့မတိုက်ပြန်ဘူးလား ဘီဘီ။ သေချာမှာထားရက်နဲ့ ...။ နို့မထွက်ဘူးဆိုပြီး နို့မှုန့်ချည်း အားကိုးလို့ ရမလား။ ခဏခဏ တိုက်၊ များများတိုက် နို့လိုက်လာမှာပေါ့ ...။ ဟင်းချို များများသောက် ... နွားမြီးမရရင် ပိန္နဲရွက် ဟင်းချို ခတ်သောက်ပေါ့ ... အံမယ်မယ် ... သူဌေးသမီးက နို့မှုန့်ချည်း ဖျော်တိုက်မယ် ပေါ့လေ။ နို့မှုန့်ဖိုး ဘယ်လောက်ရှိတယ် ဆိုတာ နင် သိလား ...

ဟဲ့ ... ဟိုကောင်မလေး ... ကလေးကို ဘယ်လို ထားတာလဲ ...။ ဇက်ကြီး လိမ်နေပြီ။ အသက်ရှူလို့ မရဖြစ်နေမှာပေါ့။ ကလေးသာ မွေးတတ်တာ။ ကလေး ကိုတော့ ဘယ်လိုချီရမယ် ဆိုတာတောင် မသိဘူး ဟုတ် လား ...

ခဏနေကျ အိုကျိ Roundတော့မှာ။ အားလုံး အပြင် ထွက်ကြ ... လူနာစောင့်တွေရော ... ဟဲ့ ... ပေကပ်မနေနဲ့ လေ။ ခဏထွက်ဦး ဆိုတာကို ..."

သည်အသံ ကြားလျှင် သူ မပြုံးဘဲ မနေနိုင်ပါ။ လေယာဉ်ကွင်းမှာ ညီပြောခဲ့သည့် စကားကို ပြန်ကြားတော့လည်း ပြုံးချင်သည်။ ခုလည်း လူမမြင်ရသေးပဲ ရူးရူးသေးသေး အသံပြာ ကလေးကို ကြားနေရပြီ ...။

ဟိုတုန်းကတော့ သည်အသံကြားလျှင် သူ အနည်း ဆုံး နှာခေါင်းတော့ ရှုံ့ပြီးပြီ။ စိတ်ထဲက မနှစ်မြို့နိုင်ခဲ့တာ ဘာကြောင့်လဲ။ ခုတော့ရော သည်အသံကို ရယ်ချင်ပြုံးချင်ပြီး စိတ်ထဲက သဘောကျသလိုလို ဖြစ်လာတာ ဘာကြောင့်လဲ ...

အဲသည် အပြောင်းအလဲကို သူ သေသေချာချာ သဘောမပေါက်နိုင်ခဲ့ ...။

အရာအားလုံးဟာ တဖြည်းဖြည်း တရွေ့ရွေ့တော့ ပြောင်းလဲနေတာပဲ မဟုတ်လား။

*[အရင်ကတော့ စိတ်ညစ်စရာလေးတွေ ဖြစ်ခဲ့တယ် မဟုတ် လား၊ တစ်ဦးတစ်ယောက်သော ညီလေးတော့ ရေတိမ်နစ် တော့မယ် ဆိုပြီးတောလေ]*

သည်စကားဆိုခဲ့စဉ်က သူမ၏ မျက်နှာအမူအရာ ကို သူ မှတ်မိ သည်။ အဲသည် မျက်နှာနုနုလေးမှာ ကလေးဆန် သည့် ဆိုးနွဲ့ချင်စိတ်သာ ထင်ဟပ်ပြီး အကျည်းတန်စေသည့် အငြိုးအတေးတွေ မရှိ။

ကိုကို့အပေါ် သူမ မမုန်းခဲ့ဘူးလား ...

အငြိုးတွေ နာကြည်းစိတ်တွေ မရှိခဲ့ဘူးလား ...

ညီကတော့ အဖြူဟာ သဘောထား ဖြူစင်ရိုး ဖြောင့်သူ ... တဲ့ ...။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်မလေး ... , လူနာတွေကို မအော်ပါနဲ့လို့ ... ပြောထားတာ မမှတ်ဘူးလား"

ဖျတ်ခနဲ လှည့်ကြည့်ပြီးသည့် အခါမှာတော့ အဖြူသည် မျက်လုံးလေးဝိုင်း ပါးစပ်လေးဟ,သွားပြီး ...

"ဟာ ... ဆရာ ပြန်ရောက်ပြီလား"

ဟု တအံ့တသြ ဝမ်းသာအားရ ဆိုလေသည်။



"ဒီ နို့မှုန့်တွေ ဘယ်သူဝယ်ပေးတာလဲ"

သစ်သားဗီရိုပုလေးပေါ် ရေပုလင်းတစ်လုံး၊ ခပ်ညစ်ညစ် ပလတ်စတစ်ရေခွက်တစ်ခု၊ ထမင်းထည့်သည့် ဒန်ချိုင့်တစ်လုံးနှင့်အတူ နွားတံဆိပ် နို့မှုန့်တစ်ထုပ်ကိုပါ တွေ့ရသည်။ ပုဆိုးဟောင်းတစ်ခုနှင့် ထုပ်ထားသော မျက်လုံးပြူးပြူးဝိုင်းဝိုင်း မျက်တောင်ရှည်ရှည် နှာတံပေါ်ပေါ်နှင့် မွေးကင်းစ ကလေးလေးသည် အဲ့ခနဲ အဲ့ခနဲ အော်ရင်း အနီးထဲမှာ ယက်ကန် ယက်ကန် ဖြစ်နေ၏။ နန္ဒင်း မလှူးရဘူးဟု သေချာမှာထားသည့်ကြားက တစ်ကိုယ်လုံး နန္ဒင်းတွေ ဝါထိန်နေအောင်လူးထားသည့် မေးစေ့ချွန်ချွန်နှင့် ဘီဘီဟူသော ကလေးအမေ ကုလားမလေးက ကိုကို့ မေးခွန်းကို ရိုးသားစွာပင် ဝမ်းသာအားရ ဖြေသည်။

"စောစောက အရပ်ရှည်ရှည်နဲ့ ဆရာမလေး ဝယ်ပေးတာ ဆရာ ...။ ဆရာမလေးက အရမ်းသဘောကောင်းတယ်။ ပါးစပ်ကတော့ ဆိုးတာ ...

ကျွန်မ ... နို့မထွက်ဘူး ဆရာ။ ကလေးက

www.burmeseclassic.com



တအားငိုဒယ်။ တစ်ညလုံး ငိုဒယ်။ ကလေး ဗိုက်ဆာတာ တူတာနားလို့ဆိုပြီး နို့မှုန့်ဖယ်ပေးဒယ်။ နို့ဘူးလည်း ဝယ်လာပေးတယ်"

"ကလေးကို အမေနို့ကလွဲပြီး လေးလသားအထိ ဘာမှ မတိုက်ရဘူးလေ။ နို့မထွက်ဘူးဆိုပြီး မတိုက်ဘဲ နေရင် ပိုဆိုးတော့မှာပေါ့။ ကလေးက ပါးစပ်နဲ့ များများစို့ပေးမှ နို့ကထွက်လာတာ။ ဒါ သားဦးမွေးတာလား"

"ဟုတ်ပါတယ် ဆရာ"

"သားဦးမိခင်တွေ ဒီလိုပဲ ဖြစ်တတ်ပါတယ်။ နို့ထွက် နောက်ကျတာ ဖြစ်မှာပါ။ ကလေးငိုတိုင်း နို့တိုက်ပေးပါ။ နောက်ပိုင်း နို့ထွက်လာပါလိမ့်မယ်။ ဟင်းခါးများများ သောက် ... ထမင်းများများစား၊ မိခင်က အဟာရရှိမယ့် အစာများများ စားပါ ...

ဒီလို နို့မှုန့်တွေက အစန့်မသင့်ရင် ကလေးကို အစာမကျေ ဖြစ်စေတတ်တယ်။ မိခင်နို့ဟာ ကလေးအတွက် အကောင်းဆုံးပါပဲ"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

လူနာမှတ်တမ်းကို စစ်ဆေးထားခဲ့ပြီး နောက်ခုဘင် တစ်ခုကို ကူးသည်။

"ဘယ်သူ ရှိမလဲ ... အဖြူမ ... ပေါ့။ သနားပါတယ် ဆိုပြီး ဟိုဟာလေး ဒီဟာလေးနဲ့။ နောက်ဆုံးတော့ သူပဲ အဆိုခံရတော့မယ်လေ ...



ဟိုတလောကလည်း တံမျက်စည်းလှည်းတဲ့ အကြိုင် ကို မီနပ်တစ်ရန် ဝယ်ပေးသတဲ့။ ဟိုက ပြန်ရောင်းစား လိုက်တော့ စိတ်တွေဆိုးလို့ ...ဟီဟိ"

နောက်ဘက်ဆီက အနီဝတ် သူနာပြုကလေးတွေ တိုးတိုး တိုးတိုး ပြောနေသံကို ပါးပါးလှပ်လှပ် ကြားရလေသည်။

www.burmeseclassic.com



"စေတနာ ထားတတ်တာ ကောင်းပါတယ် အဖြူ။ ဒါပေမယ့် နည်းလမ်းမှန်တဲ့ စေတနာဖြစ်ဖို့ အရေးကြီးတယ်၊ အဲဒါကို သတိထား ...။ ကိုယ်လုပ်မယ့် အလုပ်တစ်ခုဟာ ရေရှည်မှာ ဘယ်လိုအကျိုးဖြစ်ထွန်းမလဲ ... ကောင်းတဲ့ အကျိုးဆက်လား၊ မကောင်းတဲ့အကျိုးဆက်လား အဲဒါကို လေးလေးနက်နက် စဉ်းစားဖို့ လိုတယ်နော်"

"ဟုတ်ကဲ့ပါ ဆရာ ...။ အဖြူ ... ဆင်ခြင်ပါ့မယ် ... နက်စွကတော့ ကလေးဗိုက်ဆာနေတာကို သနားလို့ပါ။ သူ့အမေကလည်း နို့မထွက်၊ ကလေးကလည်း ဗိုက်ဆာလို့ တစ်ညလုံး ငိုနေတာ။ အဖြူက ကိုယ်ချင်းစာလို့ပါ။ မွေးတုန်းက ကလေးက ဝဝ,လေး။ ခု နို့မဝလို့ ပိန်တောင် ပိန်သွားတယ်"

သည်ကလေးမလေးကို သူ ဘယ်လို စေတနာမျိုး၊ ရည်ရွယ်ချက်မျိုးဖြင့် ပြောင်းလဲနိုင်မည်လဲ။ သူမကို အမှန်တကယ် အပြစ်တင်လိုစိတ်ရော၊ သူ့ရင်ထဲမှာ ရှိပါရဲ့လား ...။

မသေချာပါ။



ပြုံးချင်ချင် နှုတ်ခမ်းတွေကိုပင် သူ ကြိုးစားထိန်းချုပ်ထားရသည်။

"ဒါဆိုလဲ အမေကို နို့ထွက်အောင် နည်းလမ်းတွေ အကြံဉာဏ်တွေ ပေးပါလား။ အင်အားဖြစ်မယ့် အိုဗာတင်းတို့ မိုင်လိုတို့ ဝယ်ပေးပါလား"

အဖြူက မျက်လွှာပင့်လျက် သူ့ကို မော့ကြည့်လေသည်။ ဝမ်းနည်းရိပ် သမ်းနေသည့် အဲသည်အကြည့်သည် သူ့ရင်မှာ မမေ့ပျောက်နိုင်အောင်ပင် စွဲမြဲနေခဲ့၏။

"ဝယ်ပေးချင်ပါတယ် ဆရာ။ အဲလောက်ထိ အဖြူ မတတ်နိုင်လို့ပါ"

"အဖြူရယ်"

နောက်ဆုံးတော့ အဖြူဆိုသည့် မိန်းကလေးအပေါ် အပြစ်တင်စကားဆိုဖို့ပင် သူ မလုပ်နိုင်ခဲ့ပါ။

"ကဲ ... သွား .... သွား။ စေတနာဆိုတာကို ဗုန်းဗောလအော မလုပ်ပစ်နဲ့၊ တချို့လူတွေက စေတနာနဲ့ မတန်ဘူးကွ ... အဲဒါလည်း မှတ်ထားဦး"

ခေါင်းငုံ့ကျောခိုင်းသွားသည့် အဖြူသည် သူ့အတွက် ပုစ္ဆာများစွာကို ထားခဲ့၏။ ပင့်သက်များစွာကို ထားခဲ့၏။ ပြီးတော့ သူ အဓိပ္ပာယ် မဖော်နိုင်သည့် တစ်ခုခုကိုလည်း ထားခဲ့နိုင်သည်။

"ဒီကောင်မလေးက စေတနာလေးတော့ ကောင်းပါတယ် ဆရာရယ်။ လူငယ်ဆိုတော့ ခဏခဏ ပြောနေရတော့ စိတ်မရှည်ဘူး ထင်ပါရဲ့။ တချို့လူနာတွေကလည်း တကယ့်ကို စိတ်မရှည်ချင်စရာပဲ ဆရာရဲ့"

www.burmeseclassic.com

www.burmeseclassic.com



သူ့စားပွဲပေါ်က ခါတ်ဘူးထဲ ရေနွေးဖြည့်ပေးနေသည့် ဒေါ်တင်မျိုးနိုင်ကို မျက်လွှာပင့်ကြည့်မိသည်။ ဒေါ်တင်မျိုးနိုင်သည် ပြည်နယ်ဆေးရုံကြီးမှာ လုပ်သက်ရင့်ခဲ့ပြီဖြစ်သည့် ဒေသခံ သူနာပြုဆရာမ ... ၊ ဖြစ်သည်။

"တစ်ခါကတော့ ... ဟိုးဖရူဆို ဘောလ်ခဲဘက်က ပဒေါင်တိုင်းရင်းသူတစ်ယောက် (ငါးဥသန္ဓေ) ဖြစ်တာ ဆရာ။ မန္တလေးပို့ပြီး ဘိုင်အိုစီ လုပ်ရမှာ။ သူ့အမေ အဘွားကြီးကို ပို့ဖို့စရိတ် တတ်နိုင်လားမေးတော့ ခါးကြားထဲမှာ လိပ်ထားတဲ့ ပိုက်ဆံတွေ ပြည်ပြတယ်။ ဆယ်တန်ငါးကျပ်တန်တွေ ထွက်လာတာ ... ဟောင်းနွမ်းစုတ်ပြတ်လို့ ...။ ကျွန်မတို့တတွေ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြုံးမိကြတာပေါ့ ဆရာရယ် ...

အဲဒီအမျိုးသမီးကိုလည်း သူက အစားအသောက်တွေ အဲလို ဝယ်ပေးတဲ့အပြင် လမ်းစရိတ်မရှိတော့လို့ ဆေးရုံက ဆင်းတော့ သူက လမ်းစရိတ် ပေးလိုက်တဲ့အပြင် ကားဂိတ်သွားဖို့ မြင်းလှည်းတောင် ငှားပေးလိုက်သေး ... ဆရာရေ ...

ဒီဆေးရုံမှာတော့ အဲလို အိတ်ထဲက စိုက်ပေးလိုက်ရတဲ့ လူနာတွေက ခပ်များများပါ ဆရာရယ်။ ဟိုးဘက်တိုက်နယ် ဆေးရုံတွေဆိုရင်တော့ စဉ်းစားသာကြည့်တော့။ ဆရာဝန်တွေ ဆရာမတွေမှာ ခြေကြွခ မရတဲ့အပြင် စရိတ်ထုတ်ပေးပြီး ဆေးရုံတင်ပေးလိုက်ရတာချည်းပဲ"



ကြားနေရသည့် စကားသံတွေက ပုံရိပ်တွေအဖြစ် ပြောင်းလဲသွားပြီး၊ မသဲကွဲသည့် အာရုံထဲက ပုံရိပ်တွေကြားမှာ ဝမ်းနည်းရိပ်သမ်းသော မျက်ဝန်းတစ်စုံသည်သာ အထင်ရှားဆုံး ဖြစ်နေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော ... ဆရာလာတယ်"

လှိုက်လှဲပြီး ကြည်လင်နေသည့် အပြုံးကြောင့် သူ့အားတုံ့အားနာပင် ဖြစ်သွားရသည်။

"ထူးထူးဆန်းဆန်းပါလား ဆရာ ... ရဲ့"

"ရန်ကုန်က သယ်လာတဲ့ ပုစွန်ခြောက်လေးဘာလေး လက်ဆောင်ပေးချင်လို့ပါ။ အမိုးတို့ကလည်း ကိုယ့်အတွက် မကြာခဏ ထမင်းချိုင့် ပို့ပေးနေတာဆိုတော့ ..."

"ဒါများ ဆရာရယ် ... ဝါ့သ်ထဲမှာ ပေးလည်း ရပါတယ်"

"ဝါ့သ်ထဲမှာ မနက်က ဒေးသမားတွေကို ဝေပေးပြီးပါပြီ။ ခင်ဗျားက မနေ့ကတည်းက ပျောက်သွားလိုက်တာ"

"အဖြူက ဒီတစ်ပတ် နှစ်ရက်တောင် ဆက်နားရတယ် ဆရာရဲ့။ အရင်တစ်ပတ်က သီတာ့ အစား ဝင်ပေးထားလို့လေ။ အဲဒါကြောင့် အေးအေးဆေးဆေး နပ်နေတာ"

ခေါင်းလျှော်ပြီးစ,မို့ ပခုံးပေါ် ဖြောင့်စင်းနက်မှောင်သည့် ဆံပင်တွေ ဝဲဖြာကျနေပြီး ပါးပေါ်မှာ သနပ်ခါးပါးကွက်ခပ်ပါးပါးနှင့် ခပ်ပွပွ တီရှပ်ခိုပြာရောင်လေးကို အဆင်ကျဲကျဲ



ချည်ထဘီလေးနှင့် တွဲဖက်ဝတ်ဆင်ထားသော မိန်းကလေးသည် လုပ်ငန်းခွင်ထဲက ရင့်ကျက်မှုမျိုးနှင့် မဟုတ်ဘဲ ငယ်ရွယ်နုပျိုသော လန်းဆန်းမှုမျိုးဖြင့် ချစ်စရာကောင်းနေခဲ့သည်။ ဟိုတုန်းကတော့ သည်မိန်းကလေးကို ညီ ဘာကြောင့် စွဲမက်ခဲ့သည် ဆိုတာကို သူ စဉ်းစားမရချေ။

အဖြူသည် မျက်လုံးလေးဝိုင်းပြီး မျက်ခုံးထင်းထင်း နက်နက်ကလေးကလွဲလျှင် သူမ မျက်နှာပေါ်မှာ ဘယ်အရာမှ ထူးခြားလှပသည် မရှိ။ သူကတော့ မိန်းကလေးတစ်ယောက်ကို စွဲမက်ဖို့ဆိုတာ မျက်စိပသာဒက အဓိကဖြစ်သည်ဟု တွေးများတွေးမိခဲ့သလားမသိ။

ခြံဝအထိ ရောက်လာ ခြံတံခါး ဖွင့်ပေးရင်း စကားအမျှဉ်မပြတ် ပြောနေသည့် သူမ၏ ဟန်သည် တက်ကြွနေ၏။ ကြည်လင်နေ၏။ ပြီးတော့ အပြစ်ကင်းစင်နေသည်ဟုပင် ထင်မိ၏။

"အဖြူ ... မြကလပ် ရောက်ဖူးလား"

"ရောက်ဖူးပါတယ် ဆရာ၊ ဘာဖြစ်လို့လဲ"

"အားရင် လိုက်ခဲ့ ပေးပါလား ...။ ဘွားဘွားက ဆရာတော်ကြီးကို သင်္ကန်းကပ်ခိုင်းလိုက်လို့၊ ကိုယ် တစ်ခေါက်မှ မရောက်ဖူးသေးဘူး"

"စစ်ဆေးရုံသွားတဲ့ လမ်းဘက်မှာပဲလေ ဆရာရဲ့။ အင်း... လိုက်ခဲ့ပေးမယ်လေ ... ဒါပေမယ့် နှစ်ယောက်တည်းဆိုတော့ သူများတွေ မြင်သွားရင် ဆရာ သိက္ခာကျစရာများ ဖြစ်နေမလားလို့"

www.burmeseclassic.com

ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက်ထည့်ပြီး လျှောက်နေရာက သူ ခြေစုံရပ်ပစ်လိုက်၏။ အဖြူထံက ခစ်ခနဲ ရယ်သံထွက်လာသည်။



"ဝါသိထဲမှာ အဖြူ့ကို မတွေ့တော့ ကိုယ့်များ တမင်ရှောင်နေတာလားလို့"

"ဆရာ့ကို ..."

ဆံပင်ပျော့တွေ တဖျပ်ဖျပ် လှုပ်ရှားလျက် မျက်ခုံးပင့်ပြီး မေးလိုက်သည့်ဟန်ကလေးသည် သူ့မျက်စိထဲမှာ ထူးထူးခြားခြား ဖြစ်နေသည်။

"ဆရာ့ကို ဖြူက ဘာလို့ ရှောင်ရမှာလဲ"

"ဆုံးမတာ နည်းနည်းများသွားသလား။ အပြစ်တင်တာ လွန်သွားသလား ... ကိုယ့်ကိုယ်ကို ဝေဖန်နေတာ ...။ အဖြူ့အပေါ်မှာ ကိုယ် ဘာအငြိုးအတေးမှ မရှိပါဘူး။ အရင်က ညီနဲ့ပတ်သက်ပြီး မလိုလားနိုင်ခဲ့ဖူး ဆိုတာမှန်တယ်။ ဒါပေမယ့် ခုချိန်မှာတော့ ကိုယ်တို့နှစ်ယောက်ဟာ လုပ်ဖော်ကိုင်ဖက်တွေပဲ။ အမိုးတစ်ခုတဲအောက်မှာ ရည်ရွယ်ချက်တစ်ခုတည်းနဲ့ အလုပ်လုပ်နေတဲ့သူတွေ။ အဖြူ့ကို ကိုယ် ပြောဆိုမိတာဟာ ကိုယ့်ရင်ထဲက စေတနာသက်သက်နဲ့ပါ။ အဖြူ့ကို အများအယွင်းမရှိစေချင်တဲ့ ဆုံးမြတ်မိတာဟာ မှန်[illegible]န်စေချင်တဲ့ စေတနာ၊ အလုပ်မှာ ပိုပြီး

www.burmeseclassic.com

www.burmeseclassic.com



တိုးတက်စေချင်တဲ့ ရည်ရွယ်ချက်ကြောင့်ပါ ... အရင်က ... ကိုယ် မှတ်ချက်ချဖူးတဲ့ အမြင်မျိုးနဲ့ အဖြူ့ကို တစ်သတ်မတ်တည်းမြင်ပြီး တမင်နှိပ်ကွပ်နေတာမျိုး မဟုတ်ဘူးနော်"

အဖြူသည် မျက်ခုံးလေး ကြုတ်၊ ပါးစပ်ကလေး ခပ်ဟဟပွင့်လျက် အရုပ်တစ်ရုပ်လို မလှုပ်မယှက် ရပ်နေရာက သူ့ကို မျက်တောင်မခတ် စိုက်ငေးကြည့်နေ၏။ သူ့စကားဆုံးတော့ သူမသည် ဟိုးအဝေးကြီး တောင်ခြေဆီက ကြားရလောက်အောင် ပင် အသံကျယ်ကျယ်ရယ်ရင်း ...

"ဆရာ ဘာတွေ ပြောနေတာလဲ"

ဟု လှောင်ချင်သည့် ရယ်သံစွက်လျက် မေးလေသည်။ အဲသည်လို အမူအရာမျိုးကိုတော့ သူ အောင့်သက်သက် နှင့် ခံရခက်လှပါသည်။ သို့ပေမယ့် အရာတိုင်းအတွက် သူမ အပေါ် ခွင့်လွှတ်နေချင်သော စိတ်မျိုးသည် သူ့ရင်ထဲမှာ ဘယ်တုန်းက ဖြစ်တည်လာခဲ့သည် မသိချေ။

"ဆရာက အဖြူ့ကို အရင်ကလို အထင်သေးတဲ့စိတ်နဲ့ နှိပ်ကွပ်နေတာ မဟုတ်ဘူးဆိုတာ အဖြူသိပါတယ် ဆရာ ရဲ့ ...။ ဟုတ်ရင်လည်း အဖြူက ဂရုမစိုက်ပါဘူး။ အဖြူ့ စိတ်ထဲမှာ ဘယ်သူ့ကိုမှ မုန်းတဲ့စိတ်နဲ့ ဆက်ဆံတာမျိုး မရှိပါဘူး။ အရင်ကလို ကိုယ့်ကို ဘာကြောလို့ မခံချင်စိတ်နဲ့ တုံ့ပြန်လိုက်မယ် ဆိုတာမျိုးလည်း မရှိတော့ပါဘူး ...

လူ့ရဲ့ စိတ်ဆိုတာ အချိန်ကာလနဲ့လိုက်ပြီး ပြောင်းလဲ တတ်တာပဲ မဟုတ်လား ဆရာ။ အဖြူဟာ အရင်က



စိတ်မျိုးကို နည်းနည်းလေးမှ မပြုပြင်နိုင်ဘူးဆိုရင် ဘယ်လိုမှ နှာစ်တစ်ယောက် ဖြစ်မလာနိုင်ဘူး။ ဆရာ ဖြူ့ကို ဘယ်လိုပဲ အထင်သေးသေး အဖြူ စိတ်ခံတတ်မကျပါဘူး။ ဆရာ့ အပေါ်မှာ မကျေနပ်တဲ့စိတ်လည်း တကယ့်ကို မရှိပါဘူး ဆရာ။ ဆရာ့အနေနဲ့လည်း အဖြူ့အပေါ်မှာ အထင်ကြီးစရာ အနေအထားမှ မရှိခဲ့ဘဲ"

"မဟုတ်ဘူး ... အဖြူ"

"ဟို ... ဆရာ့ကို ... အဖြူ ရန်တွေ့နေတာ မဟုတ်ဘူးနော်။ တကယ် ...။ အမှန်ကို ပြောရရင် ဟိုက်စကူးလ်ကျောင်းသူ ဘဝကတည်းက အဖြူ ဆရာ့ကို အားကျခဲ့ရတာ၊ လေးစားခဲ့ရတာ။ ကျောင်းအုပ်ကြီး ရုံးခန်းအပြင်က ဟောလ်ထဲမှာ ထူးချွန်ကျောင်းသားတွေရဲ့ ဓာတ်ပုံတွေထဲ ဆရာ့ဓာတ်ပုံကို မြင်ရရင် အဖြူလည်း ဆရာ့လို ဆရာဝန် တစ်ယောက်ဖြစ်အောင် ကြိုးစားမယ်လို့ အမြဲ အားတက် ခဲ့ရပါတယ်။ ညီအစ်ကိုလို့ သိလာရတော့လည်း ဆရာ့ကို ဘယ်လို လေးစားတယ်ဆိုတာ ပြောပြခဲ့ပါတယ် ...

ဆရာက အဖြူ့ကို အထင်သေးနေတယ်လို့ သိရ တော့ ဒေါသဖြစ်မိတာပေါ့။ ဒါဟာ သဘာဝပါပဲ ဆရာ။ ကိုယ့်ကို ကောင်းတယ်လို့ ဝေဖန်ရင် ကျေနပ်တယ်။ ဆိုး တယ်လို့ ဝေဖန်ရင်တော့ စိတ်ဆိုးမှာပေါ့ ...။ ဒါပေမယ့် သေချာပြန်စဉ်းစားမိရင် ... ဆရာ ဝေဖန်တာတွေ မမှား ပါဘူး။ ဖြူက မနူးညံ့ဘူး၊ မယဉ်ကျေးဘူး၊ မိန်းမ မပီသ ဘူး၊ ရှာတယ်၊ ရိုင်းတယ် ..."

www.burmeseclassic.com

www.burmeseclassic.com



"အဲလောက်ထိ ကိုယ် မပြောခဲ့ပါဘူး အဖြူရာ ..."

"ဆရာကလည်း ... အားမနာပါနဲ့၊ အဖြူတောင် ကိုယ့်ကိုယ်ကိုယ် ဝေဖန်ရဲသေးတာပဲ"

"ကိုယ်ကတော့ မဝေဖန်ရဲပါဘူး။ အရင်က ဝေဖန်ခဲ့တာယ်ဆိုတာလည်း ညှိအတွက်ပါ။ ညှိနဲ့သာ မပတ်သက်ဘူးဆိုရင် အဖြူ့ကို ကိုယ် ဝေဖန်ဖို့အကြောင်း မရှိဘူးလေ။ ခု ညှိလည်း အိမ်ထောင်ကျသွားပြီဆိုတော့ ကိုယ်တို့ချင်း အဲဒီအကြောင်းအရာတွေကို သင်မှန်းချေလိုက်လို့ ရလောက်ပါပြီနော် ...။ ပြီးခဲ့တာတွေကို မေ့လိုက်ကြစို့လား"

သူမ ကလေးတစ်ယောက်လို ရယ်မောနေသည့်အခါ သူ့ရင်ထဲမှာ ဖြစ်ပေါ်လာသည့် ကျေနပ်စိတ်က သူ့ကို အံ့သြစေနိုင်ပါသည်။

"အဖြူကဖြင့် မေ့ထားတာ ကြာလှပြီ။ ဆရာက အဲဒါကို စိတ်ပူနေတာလား။ မထင်ပါဘူးနော်၊ ဒေါက်တာကိုကို ပြည့်စုံက ... ..."

"စိတ်ပူတာတော့ မဟုတ်ပါဘူး။ ဒါပေမယ့် အဲလို ... မရှင်းမလင်းစိတ်ကြီးနဲ့ မနေချင်ဘူးလေ ... ကိုယ့်ကိုယ်ကိုယ် စိတ်ထဲ မလုံဘူး ဖြစ်နေတယ်"

"ကောင်းပြီ ... ဒါဆို ... ကလေးတွေလို လုပ်ရအောင်"

ကောင်မလေးက လက်သူ့ိုးနှင့်လက်ခလယ်ကို ကွေးပြီး ထိပ်နှစ်ခုကို ထိထားလိုက်သည်။ ပြီးတော့ သူ့ရှေ့ လက်ဆန့်တန်းပေးသည်။ စော်ရင်ပြင်မပေါ်မှာ သူ ရယ်သံသည် သူ ကိုယ်တိုင် တစ်ခါမျှ မကြားဖူးသော ရယ်သံမျိုးဖြစ်နေခဲ့၏။ သူမ၏ ပျော့



ညွတ်သေးကွေးသော လက်ချောင်းလေးနှစ်ချောင်းကို ဖိနှိပ်ချလိုက်သည့်အခါ သူမကလည်း သူနှင့်အတူ ဟက်ဟက်ပက်ပက် ရယ်မောလေသည်။

တောင်ပေါ်သို့ ကွေ့ဝိုက်တက်သော လမ်းဖြူးဖြူးကို အပေါ်မှ စီးမိုးမြင်ရသည်။ တောင်ပေါ်ဆိုမှာတော့ လေသည်ပင် အတားအဆီးမဲ့ လွတ်လပ်၏။ သန့်စင်အေးမြ၏။ သည်နေရာကနေ အောက်ဘက်ချိုင့်ဝှမ်းက မြို့ကွက်ကို မြင်နိုင်သည်၊ ကားလမ်း၏ လက်ယာဘက်မှာ ခုတင်(၁၀၀)ဆေးရုံကိုလည်း မှုံပျမြင်ရသည်။ ကယားပြည်နယ်၏ အထင်ကရ တောင်ကွဲစေတီတော်ကိုလည်း သည်နေရာကနေ လှမ်းပြီး ဖူးမြော်ရသည်။ နေရောင်ခြည် လင်းလက်နေသည့် လောကငယ်ကလေးသည် သူ့အမြင်အာရုံထဲမှာ နှစ်လိုဖွယ်အတိ ဖြစ်၏။ သည်လို စိတ်ကြည်နူးရခြင်းမျိုး သူ မြို့ပြမှာ တစ်ကြိမ်တစ်ခါမှ မရရှိခဲ့ဘူး ထင်သည်။

"မှန်တာပြောရရင် နယ်သွားရမယ်ဆိုတော့ ကိုယ် တော်တော် စိတ်ညစ်သွားတယ်။ မို့တောင်စပြီး ရဲ့ကတည်းက ရန်ကုန်မြို့ထဲက ဆေးရုံတွေမှာ လှည့်ပတ်ပြီးနေခဲ့တာ။ တိုယ့်မြို့ ကိုယ့်အိမ်နဲ့ ကင်းကွာပြီး နေရတယ်ဆိုတဲ့ အချိန်မျိုး သိပ်မရှိခဲ့ဘူးလေ။ ပြီးတော့ မပြည့်စုံတဲ့ နေရာဒေသတစ်ခုမှာ နေရဖို့ ကိုယ့်မှာ ဘာမှ အဆင်သင့်မရှိခဲ့ဘူး။ ခုလည်း ရှိမှီးရှင်းကြောင့်သာ ကိုယ် နယ်ဆင်းလာရတာ ...

ဒါပေမဲ့ ... ဒီကောက်ဒုပာ ... အပြောင်းအလဲလို ဖြစ်သွားတဲ့ အနေအထား မှာ ကိုယ် ပျော်လာတယ်။ ဒီလို ညနေခင်းမျိုး ကိုယ် တစ်ခါမှ မရဖူးဘူး ... တကယ်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘဝမှာ ကျောင်းသားဘဝတုန်းက ကျောင်းစာ၊ ဆရာဝန်ဖြစ်လာတော့ အလုပ် ... ဒါပဲ ...

ပြီးတော့ မိန်းကလေးတစ်ယောက်နဲ့ ခုလို နှစ်ယောက်တည်း တစ်ခါမှ လျှောက်မလည်ဖူးဘူး ... အဲဒါ တကယ်ပဲ ...”

သူ့ဘာကို ပြောပြော သူမဟာ ရယ်ဖို့အဆင်သင့်ဖြစ်နေခဲ့တာပါပဲ။ ခုလည်း ... သူမ လက်ခုပ်လက်ဝါးတီးပြီး ရယ်နေပြန်ပြီ။

“ဒါဆို ... ဆရာက ညီ့လောက်တောင် မစွံဘူးပေါ့နော်”

“မစွံတာ မဟုတ်ပါဘူးဗျာ ... ဝါသနာမပါလို့ပါ”

“ဟုတ်မှာပါ ... ဟုတ်မှာပါ”

“နောက်တစ်ပတ် အော့ဖ်ရရင်လည်း ဘုရားတွေ လျှောက်ဖူးစို့ နော်”

“ခုလိုပဲလား”

“အင်းပေါ့”

အဖြူက အရယ်ရပ်သွားပြီး သူ့မျက်လုံးတွေထဲ ခပ်တွေတွေ စိုက်ကြည့်နေလေသည်။



တယ်လီဖုန်းခွက်ထဲက ထွက်လာသည့် အသံသည် နဂိုက လန်းဆန်းနေတတ်သည့် ညီ့အသံထက်ပင် ပျော်ရွှင်ဝမ်းမြောက်ခြင်းတွေ ပြည့်လျက် တက်ကြွနေ၏။ ညီ ဘာကြောင့် သည်လောက် ဝမ်းသာအားရ ဖြစ်နေသည်ကို သူ စဉ်းစားမရ။ ညီသည် တယ်လီဖုန်းခွက်ကို ကိုင်ထားရင်ပင် သည်ဘက်က သူ ပြောနေသမျှ ဘွားဘွားတို့ကို တစ်ဆင့် ပြန်အော်ပြောနေပုံရ၏။

“ညီ ... အရမ်း တက်ကြွနေပါလား”

ဟု သူ မေးလိုက်သည့်အခါ ညီ့ရယ်သံကို တယ်လီဖုန်းခွက်ထဲကနေ ကြားရသည်။

“ဟုတ်တယ် ... ဟုတ်တယ် ... ကိုကို ဘယ်လိုသိလဲ”

“သိတယ်လေ ... ပုံမှန်ထက်ကို ပိုပြီး တက်ကြွနေတယ်။ ကြားရတာနဲ့ကို သိသာတယ်”

“တက်ကြွစရာ အကြောင်းက ရှိနေပြီလေ ကိုကိုရဲ့”

“ဘာများလဲ”

“ခင်လေး ... လေ”

မသဲမကွဲ အသံသေးသေးတစ်ခု ကြားရသည်။ ကြောင်အော်သံလိုလို ...။ ဒါပေမယ့် ကိုကိုတို့အိမ်မှာ ကြောင်တွေ ခွေးတွေ မရှိ။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကို ရန်ကုန် မြန်မြန် ပြောင်းခဲ့တော့ ...။ နောက်ကြိုးလ ဆယ်လ မကိုင်ခင်ပေါ့"

သူ ချက်ချင်း သဘောပေါက်သွားပြီး ...

"ညီ ... ဒါကြောင့် အမြူးနေတာကိုး"

ဟု ရယ်သံဖြင့် ဖြေမိသည်။

"ကိုကို့ညီ ရှုပြစ်နေပြီလေ"

"ဝမ်းသာပါတယ်ကွာ ... ကွန်ဂရက်ကျူလိပ် လုပ်ဖို့ ကိုကို ရန်ကုန် တစ်ခေါက်ဆင်းခဲ့ပါဦးမယ်"

သူတို့ ညီအစ်ကိုက နဂိုက အသံတိုးတိုးမှာ တယ်လီဖုန်းပြောလျှင် မိုပြီး အသံတိုးနေတတ်သည်။ သူ့အတွက် ရသည့် အိမ်မှာ တယ်လီဖုန်း မရှိ။ တယ်လီဖုန်း ဆက်လိုလျှင် ကိုဖေသက်အောင်တို့အိမ်အထိ လာရသည်။ ကိုဖေသက်အောင်တို့ ငှားနေသည့် အိမ်ကလေးမှာ အောက်တို့တယ်လီဖုန်း ရှိသည်။ အဖြူတို့နေသည့် အမိုးကြီးကို အိမ်မှာ တယ်လီဖုန်းရှိပေမယ့် သူ သွားမဆက်ဖြစ်။ ကလေးတစ်ယောက်လို စိတ်ထဲရှိသလို သွားလာလှုပ်ရှားခွင့်ရသည့် အရာအမျိုးကို တစ်နယ်တစ်ကျေး မရောက်မှ သူ မြတ်နိုးခုံမင်လာပေမယ့် ဟိုးငယ်စဉ်ကတည်းက အရိုးစွဲခဲ့သည့် အတိမ်းအစောင်းမှန်လိုသည့် ဂုဏ်သိက္ခာကို မိုပြီး မြတ်နိုးတွယ်တာမိသည့်ကြောင့်လည်း တစ်ခါတလေ လွှတ်လှုပ်ပျော်ရွှင်မိပြီး တစ်ခါတလေတော့လည်း ပင်သက်တွေ အကြိမ်ကြိမ် ရိုက်ဖြစ်သည်။

ခုလည်း ရေချိုးခန်းထဲမှာ သူတစ်ယောက်တည်း



တယ်လီဖုန်းပြောနေပြီး ကိုဖေသက်အောင်တို့ မိသားစုက တယ်လီဗေးရှင်း ဧည့်ခန်းမှာ အာရုံရောက်နေပေမယ့် သူ့ကို တစ်ယောက်ယောက်က စိုက်ကြည့်နေသလို ခံစားနေရပြန်သည်။

"အံမယ် ... ဒါတင် ဘယ်ကလဲ အိမ်မှာ မင်္ဂလာတွေ အတော်များနေတယ် ကိုကိုရ"

ညီ့အသံကို ကြားရပြန်သည်။

"အင်း ၊ ဆိုပါဦး ..."

"ကိုကိုတို့ ကိစ္စကိုလည်း ဝါမဝင်ခင်မှာ ဘွားဘွားက အပြီးစီစဉ်မယ်တဲ့ဗျ"

"ကိုကို့ ဘာကိစ္စလဲ"

"ဟာဗျာ ... မသိချင်ဟန်ဆောင်နေပြန်ပြီ။ ကိုကိုနဲ့ မနီလာ ကိစ္စလေ ..."

"ဟာ ... ၊ အဲဒါ တကယ်လား။ ဘွားဘွားက နောက်သလို ပြောင်သလိုနဲ့ ကွာ ..."

"ကိုကိုပဲ သဘောကျတယ်ဆို"

"သဘောကျတယ်လို့ ပြောမိရုံလေးပါကွာ။ ဆံပင်ရှည်ရှည်လေးနဲ့ သိမ်မွေ့မွေ့လေးမို့ သဘောကျတယ် ပြောမိတာပါ။ သဘောကျရုံထက် မပိုပါဘူး"

"ဒါပေမယ့်လည်း လက်ခံလို့ရတဲ့ အနေအထား မဟုတ်လား ကိုကိုရဲ့ သိပ် ချေးမများနဲ့တော့ ခေါင်းညိတ်လိုက်ပါ ကိုကိုရာ ... ညီတော် ကလေး ချီရတော့မယ့်ဥစ္စာ"

"စဉ်းစားပါရစေဦးကွာ"

www.burmeseclassic.com

www.burmeseclassic.com



သူ့အပြောကို ညီ ဟက်ဟက်ပက်ပက် ရယ်နေတာကို သိသည်။ နောက်တော့ နှုတ်ဆက်စကား ပြောဖြစ်ကြသည်။ ဘယ်လို အဆုံးသတ်သွားသည်ဆိုတာ မသိလိုက်။ စိတ်အာရုံတွေ ရောထွေးနေဝါးနေဆဲပင်။ တယ်လီဖုန်းခွက်ကို ပြန်ချပြီးချိန်မှာမှ ဘာတွေ ပြောမိသည်ဆိုတာ တရေးရေး ပြန်စဉ်းစားယူရသည်။

နီလာ ...

နီလာ့ကို လက်ထပ်ရမည်။

အဲသည်လို သူ စဉ်းစားခဲ့ဖူးသလား ...

"ဆရာ ... ဘာတွေ ဒီလောက် အကြာကြီး ရပ်စဉ်းစားနေတာလဲ ... ရှန်ကုန့်က အဘိုးအဘွားတွေက မိန်းမစပ်နေပြီလား ..."

ကိုဖေသက်အောင်က တယ်လီဖုန်းတင်ထားသည့် ရှိုးကေ့စ်အနား ရောက်လာသည်။ ရှိုးကေ့စ်သည် ထမင်းစားခန်းနှင့် အိမ်ရှေ့ခန်းကို ပိုင်းခြားထားပေး၏။ ကိုဖေသက်အောင်က ဦးဆောင်ပြီး ထမင်းစားခန်းထဲ ရောက်လာကြသည်။

"မှန်လိုက်တာ ကိုဖေသက်အောင်ရယ် ... ခင်ဗျား ဗေဒင်ဆရာ လုပ်ဖို့ကောင်းတယ်"

"တကယ်လား ...။ တကယ့်ကို မှန်သွားတာလား"

"အဘွားက ကျွန်တော့်ကို ချည်ပြီးတုတ်ပြီး လုပ်နေတယ်လေ"

"အမျိုးသမီးက ဆရာဝန်ပဲလား"



"မဟုတ်ဘူးဗျ ... ၊ ပီအိတ်ချ်ဒီတက်နေတဲ့ ကောင်မလေး။ ရုပ်ဗေဒဌာနကက ကျူတာ။ ကျွန်တော့်ထက် နှစ်နှစ်လောက် ငယ်မလား မပြောတတ်ဘူး။ သူ့မိဘတွေနဲ့ကလည်း စီးပွား ရေးအရ ရင်းနှီးနေတော့ အိမ်မှာ ဝင်ထွက်သွားလာနေတာ။ အဲဒါနဲ့ ဘွားဘွားက မင်း ဒီကလေးမလေး သဘောမကျဘူးလားလို့ မေးတယ် ...

ကျွန်တော်ကလည်း ချောချောလှလှ သိမ်သိမ်မွေ့မွေ့လေးဆိုတော့ သဘောကျစရာလေးပဲလို့ ပြောမိတာပေါ့"

"ဆရာကလည်း ဝိနည်းလွတ်တွေ လုပ်နေပြန်ပြီ"

ထမင်းစား စားပွဲရှေ့မှာ ထိုင်မိကြသည်။ ကိုဖေသက်အောင်က ထမင်းမစားခင် အနည်းအကျဉ်း သောက်သည်။ သူက ကိုဖေသက်အောင် အမျိုးသမီး စီမံပေးသည့် ပြောင်းဖူးနေကြာ်၊ မှို့ကန်စွန်းရွက်ကြော်၊ တို့ဟူးကြော် စသည့်အမြည်းတချို့ ယူစားရင်း စကားစမြည် ပြောကြသည်။ တာဝန်မရှိသည့် ညနေခင်းတချို့မှာ သူ ကိုဖေသက်အောင်အိမ်သို့ ရောက်တတ်ပါသည်။ သို့သော်မယ့် ညနေခင်းတိုင်းတော့ မဟုတ်။ ဂျီပီနားသည့် ရက်မျိုးမှာ ကိုဖေသက်အောင်က သူ့ကို ဖိတ်တတ်သည်။ သူကတော့ ဂျီပီ မထိုင်ချင်။ ဘယ်တုန်းကမှလည်း ကိုယ်ပိုင်ဆေးခန်း မဖွင့်ခဲ့ဖူးတာမို့ သူ့ညနေခင်းများသည် အများအားဖြင့် စာဖတ်ခြင်း၊ လမ်းလျှောက်ခြင်း၊ ကားလျှောက်မောင်းခြင်း၊ ဂေါ့ဖ် လေ့ကျင့်ခြင်း စသည်တို့ဖြင့်သာ အချိန်ကုန်တတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခုတော့ အဘွားက အစောင်းကြီး စိစဥ်ထော့မယ့် လုပ်နေတယ်"

"ငြင်းစရာ အခြေအနေမျိုးတော့ မဟုတ်ပါဘူး။ ဒါပေမယ့် လူနှစ်ယောက် အိမ်ထောင်ပြုတာဆိုတာ အဲလောက် လွယ်ပါ့မလားဗျာ။ ကျွန်တော်တို့က ဆေးပညာအရ အိမ်ထောင်ပြုတယ်ဆိုတာ Sexul loveက အခိကကျတယ်လို့ ယူဆထားတယ် ဆိုပေမယ့် အဲဒီလို ... ကလေးတွေလို သဘောထားပြီး လူကြီးတွေက စိစဥ်ပေးတာကြီးကိုတော့ လည်း မလိုချင်ဘူးဗျာ။ နည်းနည်းပါးပါး ခံစားကြည့်ချင်သေးတာပေါ့"

"ဒါပေမယ့် ကောင်မလေးကို သဘောကျတယ်ဆို"

ညီ ပြောသည့် စကားကိုပင် ကိုပေသက်အောင်က ထက်ကြပ်ပြောသည်။

"သဘောကျရုံပဲလေ ...။ လိုချင်စိတ် ဖြစ်မလာဘူးဗျာ။ ပြီးတော့ ... ပြီးတော့ ... ဘယ်လို ခံစားမှုကမှလည်း ဖြစ်မလာဘူးဗျ"

"ရင်ခုန်တာ ... တာညာလား"

သူ အနည်းငယ်တော့ မျက်နှာပူနွေးသွားရသည်။ အသက်သုံးဆယ်ဆိုတာ ရင်ခုန်သင့်သည့် အရွယ် မဟုတ်ဘူးဟု သူ ထင်ပေမယ့် လက်ထပ်ဖို့ ဆိုလျှင်တော့ သူ့ စိတ်က နည်းနည်း လှုပ်ရှားမှု ရှိသင့်သည်။ အနည်းဆုံး ကြည်နူးပျော်ရွှင်သည့် စိတ်ကလေးပဲ ဖြစ်ဖြစ်ပေါ့။



"ဒါဆိုလည်း ကိုယ့်အသဘော ရှာပေါ့ ဆရာရယ် ...။ ကျွန်တော်ကို ဒီမှာ အသက်လေးဆယ်ကျော်မှ ရင်တွေဘာတွေ ခုန်ပြီး အသက်နှစ်ဆယ်ကောင်မလေးနဲ့ လက်ထပ်သွားတာမျိုး ရှိတယ်။ ဖူးစာဆိုတာလည်း ပါမှာပေါ့နော် ...

ကျွန်တော်ဆိုလည်း အိမ်က ပေးစားတဲ့မိန်းမ မယူဘဲ နယ်ပြောင်းလာတာ ... နယ်ရောက်မှ အိမ်ထောင်ကျတာပဲ ဆရာရဲ့ ..."

"နဖူးစာရွာလည်း ဆိုတာမျိုးပေါ့"

"အဘွားကလည်း မျက်စိမမှိတ်ခင် စိတ်ချသွားရချင်ဘယ် ထင်ပါရဲ့ ဆရာ။ လူကြီးတွေဆိုတာကတော့ ရှာကြံပြီး စိတ်ပူနေတာမျိုး မဟုတ်လား"

*[အဖြူပြာ တကယ်လည်း မိန်းမ မပီသဘူး၊ မသိမ်မွေ့ဘူးလေ]*

ရုတ်တရက် သူ့ အသိစိတ်တွေထဲ ဝင်လာသည့် စကားတစ်ခွန်း၊ မျက်နှာတစ်ခုကို သတိရတော့ သူ့ကိုယ်သူ အံ့သြသွားမိသည်။

သည်မိန်းကလေးက ကိုကိုပြည့်စုံအတွက် အမှတ်တရဆိုတာကို ချန်ထားပေးနိုင်သည်တဲ့လား။

ဘယ်လိုပါလိမ့် ...။

လူတွေအများကြီး၏ ရင်တစ်ကို နားကြပ်နှင့် ထောက်ပြီး စမ်းသပ်ခဲ့သည့်၊ ရောဂါရှာခဲ့သည့် ဆရာဝန်တစ်ယောက်က ရင်ထဲက ဝေဒနာကို ကိုယ်ဘာသာ နားမလည်နိုင်တာ က နည်းနည်းတော့ ဆန်းကျယ်နေခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ပေမယ့်လည်း အမျိုးသမီး လုပ်ဖော်ကိုင်ဖက်တွေသာမက မိန်းကလေးမိတ်ဆွေတွေလည်း အများကြီး ရှိနေသည့် ကိုကိုပြည့်စုံသည် တစ်ကြိမ်တစ်ခါမှ ရင်ခုန်ခဲ့ဖူးတာမျိုး မရှိခဲ့တာမို့ ...။



## အခန်း(၁၀)

"အတော်ပဲ ... အတော်ပဲ ... ဆရာကားနဲ့ တွေ့ပြီ။ ဟော့ ချီ ... မြင်းလှည်း မငှားနဲ့တော့ ... ဆရာကို လိုက်ပို့ခိုင်းမယ်လေကွာ"

အသည် အသံကို ဘယ်လောက်ဝေးဝေးက ကြား ကြား သူ မှတ်မိပါသည်။ ခုလည်း လူစုလူဝေး ရှုပ်ရှုပ်ထွေးထွေးနှင့် စက်ဘီးတွေ၊ ဆိုင်ကယ်တွေ၊ ကားတွေ၊ ကြားထဲ သူမ ဘယ်နေရာမှာ ဆိုတာကို သူ မှန်းဆ,နိုင်သည်။ ထင်သည့်အတိုင်းပင် ထီနှင့်စာအုပ်ဆိုင်ရှေ့မှာ သူ့ကို အများကြားထဲ ထင်ထင်ရှားရှားပင် တွေ့သည်။ အရပ်က ရှည်သည့်ကြားထဲ အဖြူဝတ်ထားသည့် သိုးမွေးခေါင်းစွပ်ဆွယ်တာ အဖြူပေါ်မှာ စတော်ဘော်ရီသီးများနှင့် ဒီဇိုင်းက ထင်ရှားပေါ်လွင်နေသည်။ အဖြူအနီဝတ်နှင့် မဟုတ်ဘဲ မြင်ရသည့်အခါ အဖြူသည် ပိဘိဆယ် ကျော်သက် ကောင်မလေးတစ်ယောက်လိုပင် ထင်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဈေးနေ့မို့ လှိုင်ကော်စည်ပင်သာယာဈေးကြီးက စည်ကားရှုပ်ထွေးနေသည်။ ဈေးဝယ်ဖို့ ဝါသနာမပါပေမယ့် ဈေးနေ့တွေဆို သူ ဈေးဘက်ရောက်ဖြစ်သည်။ ဘုရားပန်း၊ လက်ဖက်ခြောက်၊ ဓာတ်ခဲ၊ သရေစာ စသည့် လိုအပ်သည့် ပစ္စည်းလေးတွေ ဝယ်ချင်သည်။

ပြီးတော့ ဈေးနေ့မှာ ထူးထူးဆန်းဆန်းလေးတွေ မြင်ရသည်။ ဒေသခံ တိုင်းရင်းသားများ၏ ရိုးရာဝတ်စုံများ၊ ပတ်ဆင်မှုရွှေလှုများ၊ ဒေသအစားအစာများကို သူ စိတ်ဝင်စားသည်။ သစ်ခွပန်းပင်တွေ၊ ခေါင်ရည်အိုးတွေ ဝါးဖြင့် ပြုလုပ်သည့် မီးဖိုချောင်သုံး ပစ္စည်းတွေကလည်း သူ့စိတ်ကို ဆွဲဆောင်နိုင်သည်။ ထို့ကြောင့် နံနက်ဘက်စောစောဆိုသူ ဈေးဘက် လျှောက်သည်။ ခုလို စနေ၊ တနင်္ဂနွေဆို ဈေးနေ့နှင့် ကြုံလျှင် ပိုပြီးစည်ကားတတ်သည်။ မြို့၏ အနီးပတ်ဝန်းကျင် ရွာများမှ တရှော်လာကြဖြင့် ဈေးရောင်း၊ ဈေးဝယ် ကြသည့်အပြင် ဈေးပတ်ကအားတွေကလည်း ရှိသည်။ သူ ... ပတ်ဝန်းကျင်မှာ ရှားမှူး မြို့တွေ မှာကြီးတွေ အားလုံး ငါး၊ ... တစ်ခုစျေးမှ ... ဖရုံသီး၊ ဘော်လခဲ၊ ရွာသစ်၊ မိုးဖြိုး မပင်နုံ ... ဈေးပတ်ကအားတွေကို သုံးပြီး ဈေးရောင်းလိုက်ကြသည်။ ... လှုပ်လှုပ်ရှားရှား ရှုပ်ရှုပ်ထွေးထွေး မြင်ကွင်းတွေကို သူ ... အဆန်း ဖြစ်နေပြီး စိတ်ထဲက ... ဖြစ်မိသည်။

ဒါပေမယ့် ... ခဏမကိတ်တဲ့ အိပ်မက်မဲ့နော် ...

ဒီလို ဒေသမှာ အကြာကြီးနေဖို့ ဆိုတာတော့ ...။



သည်လို စိတ်ကူးမိလျှင်တော့ သူတစ်ယောက်တည်း ပြုံးချင်မိတတ်သည်။ ခုတော့င် ဖုန်းဆက်လျှင် ဘွားဘွားက တကျိုကျို နားမှုနားဆာ လုပ်တတ်သည်။

"ကိုယ့်အိမ်မှာက လူကြီးသူမတွေနဲ့ ...။ ရက်တရက် တစ်ခုခုဖြစ်ရင် ဘယ်သူမှ အာမ လုပ်တတ်တာ မဟုတ်ဘူး၊ မင်း မရှိရင် နာရေးသျှောင်းဆိုးက အခုစ ခက်တယ်။ မင်း အဘိုးကဆိုရင်လည်း ဆေးခန်းသွားရဖို့ကို ယာမ မင်းနဲ့ တွေ့ရမလိုပဲ ..."

မနေ့ညက ဖုန်းဆက်တော့ သည်လို ပြောခဲ့သေးသည်။

ရယ်တော့ ရယ်စရာပဲ ...

ကိုကိုအသက်က သုံးဆယ်ကိုးပေမယ့် အဘိုးအဘွားနှင့် နေသူမို့ တကယ်ကလေးတစ်ယောက်လို စိတ်ထဲ ဟင်ပီရသည်။ သည်ခရီးကို ထွက်ခဲ့ရပြီး တစ်နယ်တစ်ကျေး ရောက်ခဲ့မှ ကိုယ့်ကိုယ်ကိုယ် ရင့်ကျက်ပြီ၊ ကာကာယ့်ကို ကိုယ့်ကိုယ်ကိုယ် ပိုင်ရပြီ ဟု ... ကျေနပ်စိတ် ပေါ်ရသေးသည်။ သို့ပေမယ့်လည်း အဲသည် ကျေနပ်စိတ်ကလေးက အစားအသောက် အဆင်မပြေတာနှင့်ပင် ပြေလုပြေခင် ...။

"ဟဲ့ ... သေချာ မေးပါဦး ...။ ဆရာကဖြင့် ငတ်ဘုတ်။ အဲဒီ အမြှုမ ဟာလေ ..."

"ဟဲ ဟဲ ... ဟုတ်သားပဲ"

အဲသည် ဟဲဟဲ ... နှင့် သွားဖြီး ရယ်ပြတတ်သည့်

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလေးကိုမှင် သဘောကျစရာကောင်းသည် ဆင်မီသည်။ တကယ်တော့ ကိုကို့မှာ သည်လို သဘောကျစရာ ကောင်မလေးတွေ အများကြီး ရှိသည်။

"ဆရာ ..."

"လိုက်ပို့မှာပါ"

"ကွေ့လား ... , တို့ဆရာက သိပ်သဘောကောင်းတာ"

"ဒီနေ့ အော့ဖ်လား"

"ဖြူ့က နိုက် ဝင်ရမယ် ဆရာ။ ချို့နဲ့ ကျားမြာက အော့ဖ်။ ဒီနေ့ လူကြီးတွေလည်း မရှိကြတော့ ..., အိမ်မှာ တို့ဟူးနွေး လုပ်စားမလို့"

"လူကြီးတွေက ဘယ်သွားလို့လဲ"

"အင်းထဲ သွားကြတယ် ဆရာ ...။ နှစ်ရက်သုံးရက် ကြာမယ်"

"စိတ်တိုင်းကျ ကြွနေတယ်ပေါ့"

"တစ်ခါတလေ စိတ်လွတ် ကိုယ်လွတ်ပေါ့ ဆရာ။ ဆရာကိုလည်း ဖိတ်ပါတယ်။ ဆရာ တို့ဟူးနွေး ကြိုက်လားဟင်"

"အင်း ... တစ်ခါ စားဖူးတာ ကောင်းသားပဲ"

"ဟာ ... ဆရာ ကျားမြာ လက်ရာကိုသာ မြည်းကြည့်လိုက်၊ လုံးဝ ဆွေမျိုး မေ့သွားစေရမယ်"

"ညွှန်းလှချည်လားကွယ်"



သူမသည် ပါးစပ်နှင့်အပြည့် အာဘောင်အာရင်း သန်သန် ပြောရင်း ... ဆိုင်ရှေ့ လူသွားလမ်းဘေး ချထားသည့် ကြိမ်ခြင်းတောင်းကြီးကို ဆွဲမ,လိုက်ရင်း ...

"လိုက်ပို့မယ်ဆိုလည်း ကားပေါ်တင်တော့မယ်နော် ဆရာ"

ဟု ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တကယ့်ကို အိမ်မှာ သူတို့ လေးဦးသာ ရှိနေပါသည်။ ကျားမြှာက အိမ်မှာ ကျန်ခဲ့ပြီး တို့ဟူးကျိုထားပြီးပြီမို့ သူတို့ ရောက်သွားတော့ တစ်ယောက်တစ်လက် ဝိုင်းလုပ်ရင်း တို့ဟူးနွေးအတွက် အားလုံး အဆင့်သင့် ဖြစ်သွားပြီး နံနက်ဆယ်နာရီကျော်ကျော်မှာ သူတို့ အားလုံး ထမင်းစား စားပွဲရှေ့ ရောက်နေကြပြီ။ ကျားမြှာက အိုးသူကြီးဖြစ်ပြီး တို့ဟူးပန်းကန်တစ်ခုချင်း ပြင်ဆင်ပေးသည်။

အစားအသောက် ချေးများသူဟု သူ့ကိုယ်သူ ဘယ်တုန်းကမှ မထင်ခဲ့သည့် ကိုကိုသည် ... ၊ သည်ရောက်တော့မှ ရန်ကုန်က အစားအသောက်တွေဆီ မကြာခဏ စိတ်ရောက်သည်။ ကြီးဒေါ် ချက်ကျွေးသည့် ထမင်းဟင်းကို သူ ဘယ်တော့မှ မရွေးချယ်ခဲ့တာ၊ ချေးမများဖြစ်ခဲ့တာ တကယ်တော့ သူ့အကြိုက်နှင့် ကိုက်ညီနေသည်မို့ ခုမှ သဘောပေါက်ရသည်။ သည်မှာတော့ ပိုက်ဆံ ဘယ်လောက်ပေါပေါ ကိုယ် နှစ်သက်သည့် အရသာမျိုး လက်ညှိုးထိုး စားသောက်နိုင်သည့် ဆိုင်မျိုး မရှိလှချေ။

"ဘယ်နှယ့်လဲ ဆရာ ... အဆင်ပြေရဲ့လား"



သူက အထူးဧည့်သည်မို့ မေးခွန်းတွေ ဝိုင်းဝိုင်းလည်နေသည်။ သူ့ထက် အသက်အရာ ဝါအရ ငယ်ရွယ်သူတွေရှေ့မှာမို့ ဆိုပြီး ဘယ်လိုပဲ ဆင်ခြင်ပေမယ့် ကျောင်းသားဘဝကပင် သည်လို စိတ်လွှတ်ကိုယ်လွှတ် ပျော်ရွှင်မှုမျိုး မရခဲ့ဘူး ထင်မိသည်။

သူတို့အချင်းချင်း ကျီစယ်နောက်ပြောင်နေကြတာ တကယ့်ကို ပျော်စရာပဲ ...။

"ဆရာ ... အားမနာနဲ့နော်၊ များများစား ...။ ဆရာ နည်းနည်းပဲစားရင် ကျားမြှာက သူ့ခေါက်ဆွဲ မကောင်းဘူး ထင်ပြီး ... စိတ်ဓာတ်ကျသွားဦးမယ်"

"ဟုတ်တယ် ... ဆရာ။ ကျားမြှာက ထရန်စဖာ ထွက်လို့ ချောင်တဲရောက်သွားရင်တော့ အလုပ်ထွက်ပြီး ခေါက်ဆွဲရောင်းစားမလို့ ... တဲ့"

ကျားမြှာက ပါးအိုလေးတွေ ရဲလာပြီး ရှက်ရယ်ရယ်ပါသည်။ အဖြူတို့ သုံးယောက်ထဲမှာတော့ ကျားမြှာက စကားနည်းသည့် တိုင်းရင်းသူလေး ဖြစ်သည်။ ကိုကိုနှင့်လည်း အတူဝဲ့ပြီး ... သုပ်မလုပ်ဖူးတာမို့ အဖြူတို့ ချိုတို့လို ရင်းရင်းနှီးနှီးကြီး စ,ရဲနောက်ရဲတာ မဟုတ်ပေမယ့် သူကလေးလည်း အရယ်သန်သူကလေးပင် ...။

"ဟုတ်သားပဲ ... ညည်းတို့ ထရန်စဖာတွေ နီးပြီနော်"

"ဟုတ်ကဲ့ ဆရာ ...။ မဲနှိုက်ရမယ်လို့လည်း ပြောတယ်။ ဘယ်လိုစုန်း မသိသေးပါဘူး ဆရာရေ ... ကံတရားပေါ့။ အဖြူတို့တော့ ကျုတဲ့နေရာ သွားမှာပဲ"

"ဘော်လခဲ ရွာသစ် ဆိုရင်ရော ..."

www.burmeseclassic.com



သူ့မေးခွန်း အဆုံးမှာတော့ ခဏတော့ တိတ်ဆိတ်သွားပါသည်။

"သွားမှာပေါ့ ဆရာ"

မျက်ခုံးလေးပင့်လျက် သူ့ကို လှမ်းကြည့်ပြီး ဖြေလိုက်သည့် ကောင်မလေးမျက်နှာပေါ်က အပြုံးကိုတော့ သူက မယုံကြည်ပါ။

"ဒီနေ့သွား၊ မနက်ဖြန် ပြန်ပေါ့ ဆရာရယ် ဟီ ဟီ"

ချိုက အဖြူ့ကို မျက်စောင်းထိုးလျက် ခပ်တိုးတိုး ကျီစယ်သည်။

"ဆရာရန်ကုန်ကို ခဏခဏ ပြန်သလိုပေါ့ ... အဟဲ"

သည်ကောင်မလေး ... ဟာ ...

အဖြူဆိုသော ကောင်မလေးကိုတော့ သူ စိတ်ပျက်ရသလောက် သဘောမကျဘဲလည်း မနေနိုင်ပြန် ...။ သူမနှင့် ပတ်သက်ဆက်နွှယ်နေသည့် နှစ်သက်စိတ်ဆိုတာကိုတော့ သူ ဘယ်တုန်းကမှ ပြန်မဆန်းစစ်ခဲ့မိပါ။

"ဆရာ ... ၊ ရန်ကုန် မပြန်ဖြစ်သေးဘူးလား"

ဟု အဖြူက မေးသည်။

"ပြန်မှာ ... ဘာဖြစ်လို့လဲ"

"သွေးရိုးသားရိုး မဟုတ်ဘူး ဆရာ ...။ ဆရာ ရန်ကုန်က ပြန်ရင် ပါလာမယ့် ငါးခြောက်တွေ၊ မုန့်တွေကို မျှော်တာ ... မျှော်တာ ..."

ဖော်ကောင်လုပ်သည့် ချို့ကို အဖြူက ဖျတ်ခနဲ လှမ်းရိုက်သည်။



"တို့ဟူးတွေ အေးကုန်ဦးမယ်"

ဟု ကျားမြှာက သတိပေးသည်။ ဒေသစာတွေကို သူ ခုံခုံမင်မင် မဟုတ်ပေမယ့် အထိုက်အလျောက်တော့ နှစ်သက်ပါသည်။ တစ်ခါတလေ စားရတော့လည်း စားချင်စဖွယ်ဖြစ်တတ်သည်ပင်။ ခုလည်း ကျားမြှာ လက်ရာက စားကောင်းပါသည်။ ချိုချိုဆိမ့်ဆိမ့်ကလေးမို့ မုန်ညှင်းချဉ်နှင့် လိုက်ဖက်လှသည်။ ကြက်သွန်မြိတ်အနံ့ကလည်း သင်းနေသည်။

"ဆရာရော ပြောင်းဖို့ ကြိုးစားနေပြီလား"

အဖြူက တူနှစ်ချောင်းကို နှုတ်ခမ်းနားတေ့ထားရင်း မေးသည်။

"ဘယ်နှယ် ... လေးလ ကျော်ကျော်ပဲ ရှိသေးတာကို ...။ တစ်နှစ်တော့ အနည်းဆုံး နေရမှာပေါ့၊ ပြောင်းချင်လို့လည်း မရဘူးလေ ..."

"ပြီးရင်တော့ ရန်ကုန်ပဲ ပြောင်းမှာ မဟုတ်လား"

"အင်း ... ရန်ကုန်နဲ့ နီးနီးပေါ့ ...။ ရန်ကုန် မဟုတ်ရင်တောင် ပဲခူးတို့ တိုက်ကြီးတို့လောက်ဆို တော်သေးရဲ့"

"ဆရာတို့ နေရာတွေက ပြောင်းလို့လွယ်ပါတယ်။ ဆေးရုံတိုင်းမှာ ရှိနေတာပဲ"

"ဒါပေမယ့် ဗေးကင့်(စ်) ဖြစ်ဖို့မလွယ်ဘူးလေ"

"ဟုတ်ပါတယ်လေ ... ရန်ကုန်နဲ့နီးနီး ဆိုတာလည်း လူတိုင်း သွားချင်ကြတဲ့ နေရာဆိုတော့ ..."

www.burmeseclassic.com

www.burmeseclassic.com



အဖြူ့မျက်နှာမှာ အပြုံးရိပ် မထင်ပါ။ မျက်ခုံးတွေ စုကျုံ့လျက် စကားတိတ်ဆိတ်သွားသော မိန်းကလေးကို အမှတ်မထင် ငေးကြည့်ရင်း ... တစ်ချိန်က သည်မိန်းကလေးကို သူ အတော်ကြီး အထင်သေးခဲ့မိသည် ဆိုတာကိုလည်း သတိရသည်။ ခုတော့လည်း ... သူ အထင်သေးပြီး ကြည့်မရဖြစ်ခဲ့သည့် အချက်တွေက ဘာမှ အရေးမပါတော့ သလိုပင် ...

ဒါဟာ အချိန်ကာလ အခြေအနေရဲ့ ပြောင်းလဲမှုကြောင့်လား ...

သူမ ကိုယ်တိုင်က ပြောင်းလဲခဲ့လို့လား ...။



"ကဲ(လ်)ကပ် ..."

"ရပြီ ဆရာ"

"သွေးသွင်းဖို့ ရှာနိုင်းထားပြီးပြီလား"

"ဟုတ်ကဲ့ ... ပြောပြီးပါပြီ"

"ကလေးကလည်း သိပ်ထွားတယ်နော်။ ဖတ်စ်ပါရာ ဆိုတော့ ..."

"လေဘာပိန်းကလည်း နာရီ နှစ်ဆယ်ကျော် ကြာနေတယ် ဆရာ ..."

"Reiention ဖြစ်မှာစိုးရတယ် နော် ..."

မွေးလူနာက မွေးစင်ပေါ်မှာ မောပန်းမိန်းမောနေ၏။ မွေးခန်းထဲက တိုင်ကပ်နာရီကို သူ အမှတ်မထင် မော့ကြည့်မိသည်။ ည တစ်နာရီခွဲ။ သူ့ကို လာနှိုးတော့ ည၁၁နာရီခွဲ။ သူ့ကို လာနှိုးတော့ ည၉သန်းခေါင်ဖြစ်နေပြီ။ တာဝန်ကျ လက်ထောက်ဆရာဝန်ကလေးနှင့် သူနာပြုတွေအတွက် မွေးရခက်သော လူနာမျိုးဖြစ်သည်မို့ အရေးပေါ် ခွဲစိတ်ဖို့လိုအပ်သလို ဆုံးဖြတ်နိုင်ရန် သူ့အိမ်အထိ ရောက်လာခြင်းဖြစ်သည်။ သည်လို လူနာတွေအတွက် တာဝန်ယူဖို့ဆိုတာ ဆရာဝန်တွေအဖို့ အင်မတန် ခေါင်းပင်ပန်းသည့် ကိစ္စမျိုး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရှေ့လက်သုံးစကား ရှိငြားသော်လည်း ခုခေတ်ကြီးမှာတော့ ယောက်ျားဖောင်စီးဆိုသည့် အခြေအနေမျိုးလောက်ပင် အမျိုးသမီးတွေ မီးဖွားခြင်း မခက်ခဲတော့ပါ။ သည်လို ခေတ်မီဆေးဝါးတွေ ပြည့်စုံနေသည့်ကြားကပင် ဆေးရုံအရောက် နောက်ကျခြင်းနှင့် အခြား အခြေအနေ အမျိုးမျိုးကြောင့် မဆုံးရှုံးသင့်ပဲ ဆုံးရှုံးရသည့် အနေအထားမျိုးတွေ ရှိနေသေးသည်။

သူ့ရှေ့မှာ ရှိနေသည့် မွေးလူနာသည်လည်း သည်လို အခြေအထားမျိုး အချိန်မရွေး ပြောင်းလဲသွားနိုင်သည်။ သူမသည် မြို့နှင့် အလှမ်းဝေးသော ခေတ်မီဆေးဝါး ဆေးကုသမှု မရှိသော ရွာတစ်ရွာက အရေးပါသူ လူကြီးတစ်ယောက်၏ သမီးဖြစ်သည်။ နဂိုကပင် ကျန်းမာရေး ချို့တဲ့ခဲ့သူလည်း ဖြစ်သည်။ ကိုယ်ဝန်ဆောင်ကတည်းကလည်း မိမိ၏ ကိုယ်ဝန်အတွက် မိမိအတွက် ဘယ်လိုကြိုတင်ကာကွယ်မှုမျိုးကိုမှ မလုပ်ခဲ့။ တိုက်နယ်ဆေးရုံ တစ်ခုခုမှာ၊ ဒါမှမဟုတ် သားဖွားလက်မှတ်ရ ဆရာမတစ်ယောက်ယောက်ထံမှာ အပ်နှံစစ်ဆေးခြင်းမျိုးလည်း မရှိခဲ့ ...။

တကယ်တော့ သည်မျှ ခေတ်မီတိုးတက်ပြီး ကျန်းမာရေးအတွက် ဘက်စုံထောင့်စုံက ပွဲဖြိုးအောင် ဝိုင်းဝန်းကြိုးပမ်းနေကြသည့် ကာလမျိုးမှာ သည်လို အခြေအနေမျိုးတွေ ကြုံနေရသေးတာကိုပင် သူ မချင့်မရဲ ဖြစ်မိသည်။

"ဆရာ ... နာရီဝက် ရှိသွားပြီ"

"ထင်တဲ့အတိုင်းပဲ စစ္စတာရေ ...၊ ဆာဂျီကယ်လ်ကို လှမ်းပြီး မေးထား ...၊ အောက်စီဂျင်ရော ရှိရဲ့လားမသိ"

"မမကေသီကိုရော ... ဖုန်းဆက်ရမလား ဆရာ"



"အင်းပေါ့ ... အင်းပေါ့ ... နောက် နာရီဝက် အတွင်းမှာ အားလုံး အဆင်သင့် ဖြစ်ပစေ ... နော်"

လူနာက ဖြူဖပ်ဖြူလျော် ဖြစ်နေပြီ။ မမွေးဖွားမီကလည်း ကလေးက ထွားပြီး မိခင်က အားနည်းလှသည့်အတွက် ကလေးဆီက ကန်အားသာရှိပြီး မိခင်က မညှစ်နိုင်သည့်အတွက် ဖော့ဆက်ဖြင့် ညှပ်ဆွဲမွေးခဲ့ရသည်။ လူနာ၏ ဟတ်စထရီမှာလည်း ကိုယ်ဝန်နစဉ်အချိန်မှာ သားလျှောရန် သွေးသွန်ခြင်းမျိုး ဖြစ်ခဲ့ဖူးတာမို့ အစွမ်းကုန် ဂရုစိုက်ကြရသည်။ ခုလည်း ... နာရီဝက်ကျော်သည်အထိ အချင်းကျမလာသေး။ တစ်နာရီမှာ အချင်းမကျလျှင်တော့ မေ့ဆေးပေးပြီး သားအိမ်ထဲမှ လက်ဖြင့်ဆွဲထုတ်ရမည်။ သည့်ထက် ခက်ခဲလျှင်တော့ ခွဲစိတ်ပြီး ထုတ်ရမည်။ တစ်ဆက်တည်း အစ,အန မကျန်အောင် D.N.C လုပ်ရမည်။ သည်ကြားထဲမှာ သွေးပေါင်ချိန်ကို မကြာခဏ တိုင်းပေးနေရသည်။

"ဘာပဲဖြစ်ဖြစ် တော်သေးတယ်နော်။ ဆေးရုံကို အချိန်မီရောက်လာခဲ့လို့ ...။ အစ်မကလေးက ထွားထွားကြီး သိလား။ ကိုးပေါင်နီးနီးတောင် ရှိတယ်။ ယောက်ျားလေးဆိုတော့ ကောင်းတာပေါ့နော်။ အစ်မ ယောက်ျားနဲ့ အမေ အပြင်မှာ စောင့်နေတယ်။ ကလေးကတော့ သူတို့ဆီ ရောက်သွားပြီ။ မကြောက်နဲ့နော်။ အားတင်းထား ...

သားဦးဆိုတော့ နည်းနည်းတော့ ခက်တာပေါ့။ ဒါပေမယ့် ဆရာက သိပ်တော်တာ သိလား။ ဆရာ

www.burmeseclassic.com

www.burmeseclassic.com



မွေးပေးလို့ကတော့ ဘာမှ ကြောက်စရာမရှိဘူး ... ခဏ နေကျ ကလေးကို တွေ့ရမှာ ..."

ကြည့်စမ်း ...

အားလုံး ရင်တထိတ်ထိတ် စောင့်ဆဲမှာ သူမကတော့ ပိန်လှီသွေးကြွေးလှသော လူနာ၏ လက်ချောင်းတွေကို ဆုပ်ကိုင်ပြီး အားပေးစကား ပြောနေသည်။ သူမ မျက်နှာပေါ်က အပြုံးကြောင့် ပူပန်စိုးထိတ်မှုကြောင့် အနည်းငယ် ခုန်လှုပ်နေသည့် သူ့နှလုံးသံပင် ငြိမ်သက်နေးကွေးသွားသလို ထင်မိ၏။ သူမ၏ အပြုံးမှာ ခေါက်တာ ကိုကိုပြည့်စုံအပေါ် ယုံကြည်စိတ်ချသည့် ရုပ်မှုတွေလည်း ပျော်ဝင်နေသည် ဆိုတာကိုပင် သူ ခံစားရသည်။

ဒါပေါ့ ...

ဘာကြောင့် မယုံကြည်ရမလဲ ...

ဒါဟာ သူ့အတွက် – လုပ်ရိုးလုပ်စဉ် တစ်ခုပဲ။ တစ်ခါတလေ သည့်လို ခက်ခက်ခဲခဲတွေကို ကြုံတတ်တာ ဆရာဝန်ဝေါက်စ ဘဝမှာကတည်းက သည့်လို အတွေ့အကြုံမျိုး ရှိခဲ့ဖူးသည်ပဲ။ သို့ပေမယ့် ကိုကိုပြည့်စုံသည် ကံကောင်းထောက်မစွာပင် အမှားအယွင်း ဆိုတာကိုလည်း ခုထိ မကြုံဘူးသေးတာမို့ ဆိုးရွားပိတ်စင်တာမျိုးကိုလည်း ရင်ဆိုင်ဖို့ သတ္တိနည်းလှသည် ဆိုတာ သည်ကလေး မသိခဲ့ဘူးလေ ...။

"B.P တိုင်းထားဦးနော်"

"B.P ကောင်းနေတုန်းပဲ ဆရာ"

"အဆင့်သင့်ဖြစ်ရင် ခွဲခန်းထဲ ပို့မယ်နော်"



မွေးစင်၏ ခေါင်းရင်းဘက်မှာ လူနာကို အားပေးနေဆဲ သူမက ခေါင်းကိုလှည့်ပြီး သူ့ကို ကြည့်သည်။ သူ့မျက်နှာပေါ်က စိုးရိမ်လှုပ်ရှားမှုတွေကို အဖြူ ကောင်းကောင်း နားလည်နိုင်မှာပါ။ ထူးဆန်းစွာပင် သူမ၏ အကြည့်တွေက သိမ်မွေ့အေးချမ်းလှသည်ဟု ခံစားရသည်။ အဲသည် အကြည့်တစ်စုံအောက်မှာ အိပ်မွေ့ချခံရသူလို သူ နှစ်မြှုပ်စွာ နားနိုအိပ်ပျော်ချင်၏။

www.burmeseclassic.com

www.burmeseclassic.com



[illegible]

"ဆရာ ကော်ဖီနဲ့ ပေါင်မုန့်ထောပတ်သုတ်"

လူနာ စမ်းသပ်သည့် ခုတင်ပေါ် ပစ်လှဲဖို့ စဉ်းစားဆဲမှာ အခန်းတံခါး ပွင့်လာခဲ့သည်။ ပြုံးရွှင်လန်းဆန်းနေသော မျက်နှာနှင့် သပ်ရပ်ဖနေသော အဖြူအနီဝတ် သူနာပြုဆရာမလေးသည် သူ့ရှေ့က စားပွဲပေါ် ကော်ဖီမန်းကို တင်လျက် ...

"ပင်ပန်းသွားပြီလား ဆရာ"

ဟု သူမ၏ ခပ်ကျယ်ကျယ် ပင်ကိုယ်သံဖြင့် မေးလေသည်။ စောစောက သွေးစွန်းညစ်ပေနေသော အင်္ကျီဖြင့် မဟုတ်တော့။ မျက်နှာမှာလည်း ချွေးတွေ၊ အဆီတွေ မရှိတော့။ မျက်ခုံးနက်နက် တစ်စုံအောက်က မျက်ဝန်းများသည် စိတ်အား ထက်သန်မှုဖြင့် စူးရှတောက်ပြောင်မြဲပင် ...။

ဩော် ...

တစ်ချိန်ကတော့ ...

လည်ကုပ်ပေါ် ဝဲနေသည့် ဆံပင်တိုလေးနှင့် ပင့်ချီထားသော မျက်ခုံးနက်နက်နှင့် လောကကြီးကို ထိမထင်သလို ပြုံးတတ်သူလေး ...။



"ဘယ်ဆိုးလို့လဲ ... ဒီအချိန်ကြီး ပေါင်မုန့်ထောပတ်သုတ်တွေဘာတွေ ရသားပဲ"

"ရှ,ရမှာပေါ့ ဆရာရဲ့။ ခေါက်ဆွဲကြော် စားချင်တယ်ဆိုရင်တောင် ရအောင်လုပ်ပေးရမှာ"

"မထက်တို့ မောဘယ်လ်တို့ရော ..."

"စားနေကြပြီ ဆရာ ... ရှဲ ...။ ဆရာ ရိုပို့ရေးနေတုန်း မစောင့်နိုင်ဘူး၊ စားတော့မယ် ... ဆိုပြီး ... ဒီညတစ်ညလုံး နားမှမနားရတာဘဲ ဆရာ ..."

"ဟုတ်တယ် ...။ မတီတတ်ရုပ်ရတာ ကြာတော့ ခြေထောက်တွေ တောင့်ပြီး အကြောတက်သလိုလို ဖြစ်လာတယ်။ ခဏ လှဲကြည့်တာ အိပ်လို့ မပျော်ဘူး။ တစ်ကိုယ်လုံး တောင့်တင်းပြီး ထိုင်မရ ထ,မရနဲ့"

"ဖြူ နှိပ်ပေးမယ်လေ ဆရာ။ အကြောပြေသွားအောင်"

ပြောပြောဆိုဆိုပင် သူမက နောက်ကြောဘက် ရောက်လာပြီး သူ့ပခုံးကြောတွေကို ခပ်တင်းတင်း ဆုပ်နယ်နေတော့သည်။

"ဟာ ... ဟာ ... မလုပ်ပါနဲ့ ဖြူ ရ"

"ဘာဖြစ်လို့လဲ ... ဖြူ ကောင်းကောင်း နှိပ်တတ်ပါတယ် ဆရာရဲ့။ မမ အိုဂျီတောင် ဖြူ့အနှိပ်ခံနေကျ ဖြူ့လက်က သိပ်သန်တာ"

"မဟုတ်ပါဘူး"

"ဘာလဲ ... သူများတွေ ပြောမှာစိုးတယ်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



အဲသည်စကားကို သူမ ဘာသာ သဘောကျပြီး ရယ်မောနေလေသည်။ သူမ၏ အဲသည်စကားကို သူ မငြင်းမဆန်နိုင်ပါ။ ပွင့်လင်းတတ်ခြင်းသည် ကိုကို့လို မျိုးသိပ်ဟန်ဆောင်သူတစ်ယောက်အတွက် စိတ်အနှောင့်အယှက် တချို့တလေ ပေးနိုင်ပေမယ့် ... အဖြူ၏ ပွင့်လင်းရိုးသားမှုဆိုတာကို သူ ပိုမိုလက်ခံလာနိုင်၏။ အဖြူ့အပေါ်မှာ ညီ ပေးခဲ့သည့် မှတ်ချက်ကို သူ နားလည်စပြုလာပြီ။

"အဖြူ ရယ် ..."

"ခုလောလောဆယ်မှာ ဆရာ့ဝေဒနာတွေ ပျောက်ပြီး ဆရာ့ကို နှမ်းနှမ်းခြိုက်ခြိုက် အိပ်ပျော်သွားစေချင်တဲ့ ဆေးတနေဖြူ့ရင်ထဲမှာ ရှိပါတယ် ဆရာ။ ဆရာ့အနေနဲ့ကတော့ ... ဆရာဝန်နဲ့ ပေါက်အောက်က သူနာပြု ... ပြီးတော့ ... အမျိုးသမီးနဲ့ အမျိုးသား ... ပြီးတော့ ... အင်း အများကြီး [illegible]။ လူမှုဓလေ့ဆည်းဖျဉ်းတွေ ..."

[illegible] ... ဆရာ့စိတ်ထဲမှာ ခွဲခြား မျဉ်း [illegible] ဖယ်ပြီး အဖြူ့ကို လူနာ [illegible] ဆရာ"

"[illegible] ... အဖြူက [illegible] ... အာတွေ ပြောနေတာလဲ"

"အဖြူ့ [illegible] ဖြစ်နေတဲ့ ဆရာ [illegible]တွေကို ခု ခဏလေး [illegible] ပေးပါလို့ တောင်းပန်နေ[illegible]ပါ ဆရာ ...။ ဆရာ့အတွက်ပါ"

"အဖြူ နင်ဟာလေ ..."



ပြောစရာစကားတွေ အများကြီးရှိနေပေမယ့် မပြောဖြစ်ပါ။ သူမ၏ လက်ချောင်းတွေက သူ့ပခုံးပေါ် ကျောပေါ် လည်ကုပ်အစပ်တွေပေါ် လျှောက်သွားနေသည်။ တောင့်တင်းနေသည့် အကြောခြင်တွေ အခိုက်အတန့်တော့ လျော့ပါးသက်သာသွားရတာလည်း အမှန်ပင်ဖြစ်သည်။ နောက်တော့ သူ မငြင်းဆန်မိတော့ချေ။ အဖြူ့ကလည်း နောက်ထပ် အထွေအထွေ စကား မပြောတော့ ...။

"အဖြူက အရင်ကထက် အများကြီး ပြောင်းလဲလာပါတယ်။ အများကြီး သိမ်မွေ့ပြီး မိန်းကလေး ဆန်လာတယ်။ ပြီးတော့ သူနာပြုတစ်ယောက်လည်း ပီသပါတယ်။ ဒါပေမယ့် ဆတ်ဆတ်ထိ မခံတတ်တဲ့ စိတ်ကလေး ရှိနေတုန်းပဲ နော် ..."

"ဆရာက ဖြူ့ကို အဆိပ်မရှိတဲ့မြွေလို ဖြစ်စေချင်လို့လား"

သူ့ ကျီစယ်စကားကိုပင် သ[illegible]မိန်းကလေးက အလိုက်သင့် ရယ်မောပေးမရပါ။ သူ အိပ်ချင်[illegible] ပျောက်သွားပြီး စိ[illegible]သ်[illegible]င်လာသည်မှာ သူမ၏ ခပ်စွာစွာ [illegible]ကြောင့်လား၊ နှိပ်နယ်နေသည့် လက်ချောင်းတွေကြောင့်လား မသိ။ ကျောရိုးထဲမှာ တုတ်ချောင်းကြီးဖြင့် တုပ်ချည်ထားသလို တောင့်[illegible] နေသည့် ခံစားမှုလည်း တဖြည်းဖြည်း လျော့သွားပြီး ပေါင်မုန့်[illegible]ကင်နံ့ သင်းသင်းက မှာလာဟင်းလင်း ဖြစ်နေသည့် သူ့အခန်း အိမ်ထဲအထိ လျှာခနဲ ဝင်သွားသလား ထင်ရသည်။

"မြွေ ဟုတ်လား။ ကိုယ့်ကိုယ်ကိုယ် မြွေနဲ့ နှိုင်းရသလား

www.burmeseclassic.com

www.burmeseclassic.com



ကလေးမရယ်။ မိန်းကလေးဆိုတာ ပန်းကလေးလို မဟုတ်ဘူးလား"

"ဟင်အင်း ; ပန်းတော့ မဖြစ်ချင်ပါဘူး"

"ဘာဖြစ်လို့လဲ"

"ပန်းဆိုတာ အလှပြသက်သက်ပဲ ဆရာရဲ့။ ပြီးတော့ ... ပန်းလို နုရွပြီးနေရတဲ့ ဘဝမျိုးလည်း မဟုတ်တော့ ...။ အင်း ... ဘာတွေ လျှောက်ပြောနေမိမှန်းလည်း မသိဘူး နော်။ ဆရာ ... အိပ်ချင်ရင် ပြော ... နော်"

သူမ၏ ရယ်သံက အခန်းကျဉ်းလေးထဲမှာ ဝေ့ဝဲလို့ကျန်ခဲ့ နေခဲ့သည်။ သည်လို ဆေးရုံအတွေ့အကြုံမျိုးဆိုတာ အဆန်းတကြယ် မဟုတ်ပါဘဲ ... အနားမှာ သည်မိန်းကလေးရှိနေခြင်းကို သူ ကျေနပ်နေမိတာက ဆန်းကြယ်နေတာ မဟုတ်လား။

"ဟင်အင်း ... ကိုယ် မအိပ်ချင်တော့ဘူး"

'ဟောတော့ ... ကော်ဖီသောက်ပြီး မျက်လုံးကျယ်သွားပြီထင်တယ်'

"မဟုတ်ပါ ကိုယ် ခဏနေရင် အိမ်ပြန်တော့မှာလေ။ ခုတော့ အ[illegible] [illegible]ကား [illegible]ချင်နေသေးတယ်၊ အဖြူရဲ့ အဘိဓမ္မာတွေက နားထောင်[illegible] ကောင်းတယ်လေ ..."

"ဟော ... ဆရာ အဖြူ့ကို လှောင်ပြီ ..."

"အိမ်ထောင်ပြုဖို့ တစ်ယောက်ယောက် မတွေ့သေးဘူးလား"



လက်ချောင်းတွေကို ချက်ချင်း ဖြေလျှော့ပစ်လိုက်ပြီး အဖြူက သူ့စားပွဲရှေ့ ဖျတ်ခနဲ ရောက်လာခဲ့သည်။

"အဖြူ သွားတော့မယ်"

"နေပါဦး အဖြူရဲ့၊ ကိုယ် မေးတာလည်း မဖြေသေးဘဲ"

"မတွေ့သေးပါဘူး။ ကိုယ့်မျက်စိရှေ့ မြင်တွေ့နေရတာနဲ့ တင် စိတ်ဆင်းရဲလွန်းလို့ ...။ ဆရာက ညီ အိမ်ထောင်ကျတာနဲ့ပဲ အဖြူ့ကိုလည်း အတင်းကြီး အိမ်ထောင်ကျနိုင်းတာတော့ မတရားပါဘူး။ အဖြူ အိမ်ထောင်မကျချင်း ... စိတ်မချနိုင်ဘူးလား။ စိတ်မအေးနိုင်ဘူးလား။ ဘာကို စိုးရိမ်နေရသေးတာလဲ"

"စွာလိုက်တာ နော်"

"အင်းလေ ... အရင်ကတည်းကလည်း ကိုကို သိထားပြီးသားပဲ မဟုတ်လား"

ခပ်တိုးတိုး ရယ်နေမိရာကနေ အဖြူ့ဆီ တအံ့တသြ ကြည့်မိသည်။ အဖြူက သူမ ဘာသာ သတိထားမိဟန် မတူပါ။ ကိုကိုပြည့်စုံ ဟူသော အမည်ကြောင့် သူ့ကို သက်တူရွယ်တူ မိတ်ဆွေသူငယ်ချင်းတွေက 'ကိုကို'ဟူသာ ခေါ်ကြပါသည်။ သို့ပေမယ့် သူငယ်ချင်းတွေ ခေါ်သည့် 'ကိုကို'သည် ညီ ခေါ်သည့် 'ကိုကို'ဟူသော ခေါ်သံနှင့်တော့ လုံးဝခြားနားသည်။

ခပ်စောစောလေးက ကြားလိုက်ရသည့် ကိုကို ဟူသော ခေါ်သံသည် ညီက သူ့ကို ခေါ်နေကျ အခေါ်နှင့် တစ်ထပ်တည်း ဖြစ်ပါသည်။ အဲသည် ကိုကိုမှာ ရင်းနှီးချစ်ခင်

www.burmeseclassic.com

www.burmeseclassic.com



ခြင်းတွေအပြင် လေးစားခြင်း၊ အားကိုးခြင်း၊ ယုံကြည်ခြင်းတွေပါ ပျော်ဝင်နေသည်ဟု သူက မှတ်ယူသည်၊

"အဲ ..."

"အဖြူ"

"ဆောရီး ... ဆောရီး ... အဖြူက စိတ်ထဲကအတိုင်း အကျင့်ပါသွားလို့"

ဟု သူမက ရှက်စနိုး မျက်နှာဖြင့် ပြောလေသည်။

"စိတ်ထဲမှာ ကိုယ့်ကို အဲလို ခေါ်တာလား"

"ကြာပြီလေ ... ညီနဲ့ ရင်းနှီးနေကတည်းကပဲ ...။ ညီက ကိုကို့ကို ကိုကိုလို့ ပြောပြောနေတော့ ဖြူကလည်း အဲ့လိုပဲ လိုက်ပြောဖြစ်တာပေါ့"

"ကိုယ့်အကြောင်းတွေ အတင်းအုပ်ကြတယ်ပေါ့လေ ..."

ဟက်ဟက်ပက်ပက် ရယ်လိုက်တော့ သူမ မျက်နှာလေးက ကလေးတစ်ယောက်လို နှမြစ်သွားခဲ့ပါသည်။ သူဘာကို ရည်ရွယ်ပြီး ဘာတွေ လုပ်နေမိသည်ဆိုတာ ကိုယ်တိုင်မသိ။ သေချာသည်ကတော့ သူ တစ်ကြိမ်တစ်ခါမျှ မကြံရွယ်ခဲ့ဖူးသည့် စိတ်ကူးအိပ်မက်တွေ သူ့ရင်ထဲ ရောက်လာခဲ့ပြီး အဲသည်စိတ်အတိုင်း သူ လိုက်လျော နေမိသည်ပင်။

အဖြူနှင့် စကားတွေ ပြောနေချင်သည်။

တစ်ညလုံး ...

တစ်နေ့လုံး ...

ပြီးတော့ ... သည့်ထက်မက ... ပေါ့ ...



သူ့ကိုယ်သူ ထိန်းချုပ်ရနိုင်ဦးမည် ထင်ပေမယ့် မထိန်းချုပ်ချင်ခဲ့ ...။ လူတစ်ယောက်ပဲလေ ... ဖြစ်ချင်သည့် ဆန္ဒတစ်ခုကို တစ်သက်မှာ တစ်ကြိမ်တစ်ခါတော့ လိုက်လျောသင့်သည် ထင်မိရဲ့ ...။

"အတင်းအုပ်တာ မဟုတ်ပါဘူး။ ညီက သူ့အစ်ကိုအကြောင်း ဘယ်တော့မှ မကောင်းမပြောဘူး။ ညီ့အပြောတွေနဲ့ အဖြူလည်း ညီ့အစ်ကိုကို အထင်ကြီးလေးစားခဲ့ရတာပေါ့။ ဒါပေမယ့် တကယ်တမ်းကျတော့ ..."

သူ့စားပွဲရှေ့ ခေါက်ကုလားထိုင်မှာ အဖြူ ဝင်ထိုင်လိုက်သည်။ အဖြူ့ဆီက ကျီစယ်စကားပဲဖြစ်ဖြစ် အပြစ်တင်စကားပဲဖြစ်ဖြစ် သူ မျှော်လင့်ထားမိသည်ပင်။ ဘယ်လို စကားပဲဖြစ်ဖြစ် ကြားချင်သည်။ ပြီးတော့ ...

အဖြူ့ထံက ဘယ်လို ခွင့်လွှတ်မှုမျိုးဖြစ်ဖြစ် ...။

"တကယ်တမ်းကျတော့ စာမဖွဲ့လောက်ဘူး မဟုတ်လား"

"အဲလိုတော့ မဟုတ်ပါဘူး ...။ ဆရာ့အပေါ် အထင်ကြီးလေးစားတာတွေက လျော့မသွားပါဘူး။ ဒါပေမယ့် ... ဆရာက အဖြူ့ကို အမြင်ကတ်နေတယ် မဟုတ်လား"

"ဘာရယ်"

"အဖြူ့ကို ကြည့်လို့မရဘူး၊ အထင်သေးနေတယ်လေ ... အဲဒါကိုတော့ စိတ်မကောင်းဖြစ်ရတာပေါ့။ ငယ်ငယ်ကတော့ မာနနဲ့မို့ စိတ်ဆိုးတာပေါ့။ ခုတော့ စိတ်မကောင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရတာပေါ့။ အဲဒါပါပဲ … စကားတွေလည်း တောင်ရောက်မြောက်ရောက် … နဲ့ …။ သွားတော့မယ် … ကိုကို နှင်မထုတ်ခင် …"

"ကိုယ် … နှင်မထုတ်ပါဘူး။ အဖြူကသာ ကိုယ့်အပေါ် အမြင်စောင်းနေတာပါ။ အဖြူ ပြောသလိုပဲ ကိုယ့်အတွက် အခု ဘာစိုးရိမ်စရာမှ မရှိတော့ဘူးလေ"

"ရှင်"

ကော်ဖီမှုန့် ပန်းကန်လွှတ်တွေကို သိမ်းဆည်းပြီး အခန်းထဲက ထွက်ရန် ဟန်ပြင်နေသည့် ကောင်မလေးသည် သူ့ကို တအံ့တသြ မျက်လုံးပြူးကြည့်လျက် …

"ဘာကို စိုးရိမ်စရာ မရှိတာလဲ"

ဟု မေ့မေ့လျော့လျော့ ပြန်မေးလေသည်။

"ညီက အိမ်ထောင်ကျသွားပြီလေ"

"ဪ … ဟုတ်ပါ့"

"ခုချိန်မှာ ညီက ကိုယ့်ကို ခေါ်သလို ကိုကို'လို့ ခေါ်လိုက်တဲ့ အသံလေး ကြားရတာ တကယ်ကို စိတ်ချမ်းသာစရာပါပဲ"

"ရှင်"

"အဖြူ ကိုကိုလို့ ခေါ်လိုက်တာ ညီခေါ်သံနဲ့ တစ်ထပ်တည်းပဲ"

အဖြူက သူ့ကို မျက်စောင်းထိုးလေသည်။



နံနက် ငါးနာရီခွဲသည် … သည်နေရာမှာတော့ နှင်းတွေလည်း ပြွတ်သိပ်ပြီး မှောင်မိုက်ဆဲပင်။ ညတာရှည်သည့် ဆောင်းသည် တောင်ပေါ်တွေမှာ ပိုပြီး သိသာထင်ရှားသည်ဟု ထင်မိ၏။ ပြီးတော့ မြို့ပြဝန်းကျင်လို လင်းကြက်မတွန်ခင် ကားသံ၊ ဆိုင်ကယ်သံ၊ ဈေးသည် ဈေးဝယ်သံတွေလည်း မကြားရသေးတာမို့ ပကတိ ညအတိုင်းပင် …။ နှင်းတွေ ပိတ်ပြီး ကြယ်ရောင်တွေ မရှိတော့တာကသာ ညနှင့် ခြားနားနေခြင်း ဖြစ်သည်။ လမ်းတတ်မီးတိုင်တွေဆီက မာကျူရီမီးအလင်းသည် နှင်းထုကြောင့် ဖျော့တော့ဝေဝါးလျက် ရှိနေ၏။ အဖြူက သူမ၏ ယူနီဖောင်းထည့်သည့် အိတ်ကလေးကို ရင်ဘတ်ထဲမှာ ပိုက်ပြီး ခပ်ဖြည်းဖြည်း လျှောက်နေသည်။

"ညီနဲ့ ကွဲသွားတော့ ကိုယ့်ကို သိပ်စိတ်ဆိုးခဲ့မှာပဲလို့ ထင်နေတာ"

"မဆိုးပါဘူးလို့ ပြောခဲ့ပြီးသားပဲ နော်"

"ညီနဲ့ ဘာကြောင့် ကွဲသွားတာလဲ ဟင် …"

"မနီးချင်တော့လို့ပေါ့"

"ကောင်းကောင်း ဖြေပါ အဖြူရ"

www.burmeseclassic.com

www.burmeseclassic.com

"အဲဒါတွေ မေးပြီး ဘာလုပ်မလို့လဲ ဒေါက်တာ ကိုကို ပြည့်စုံရဲ့။ မလိုအပ်တော့ဘူး မဟုတ်လား။ မေ့တောင် မေ့နေပြီးသားကို ...။ ဘာလဲ ... ကိုကို့ ညီက ရင်ကွဲပြီး ကျန်ခဲ့တယ် ဆိုတာမျိုး မဟုတ်ဘူး ဆိုတာ သေချာ ချင်လို့လား။ ဖြူ့ဘက်က သစ္စာမဲ့လို့ ကွဲရတာလို့ ထင်လို့လား ... ဖြူက တစ်နယ်တစ်ကျေးမှာ ရည်းစား ရသွားပြီး ကိုကို့ ညီကို ထားခဲ့တာလို့ ထင်လို့လား ..."

တကယ့်ကို တိတ်ဆိတ်ငြိမ်သက်နေသည့် ဝန်းကျင်မှာ ခပ်ရွှာရွှာ ခပ်ရှူးရှူး အသံကလေး တစ်ခုပဲ ပျံ့လွင့်နေတာကို စိတ်ထဲ ကြည်နူးလို့ မဆုံး ...။

ဘာအတွက်မှန်း မသိဘဲ အဖြူ့ကို လိုအပ်နေမိတာပါလား ...

မြတ်စွာဘုရား ...။

ဒါဟာ သင့်လျော်ရဲ့လား ...

သဘာယာမှ သက်သက်လား ...။

"မဟုတ်ပါဘူး ... မဟုတ်ပါဘူး"

"ဒါဆို ဘာလို့ သိချင်ရတာလဲ"

"အဖြူ့ကို စိတ်ထဲမှာ ညီ ဘယ်လောက်ထိ ငြိတွယ်ပြီး ကျန်နေသေးလဲ ဆိုတာ သိချင်လို့"

"ရှင်းရှင်း မေးစမ်းပါ ကိုကိုရာ ...။ ဖြူက ညီ့ကို တကယ် ချစ်ခဲ့တာမှ ဟုတ်ရဲ့လားလို့ မေးချင်နေတာ မဟုတ်လား"

သူ ဖြေရှင်းမနေချင်တော့ပါ။ အဲသည်လို တစ်ဖွတ်ထိုး စိတ်ကလေးက သူမရဲ့ မွေးရာပါ ဗီဇဆိုလျှင် ပွင့်လင်းရိုးသား



ပြီး ကိုယ်ချင်းစာတရား ရှိတတ်သည့် စိတ်ကလေးကိုလည်း အမှတ်ပေးစာရင်းထဲမှာ ထည့်ရမည်။

အံမယ် ...

ကိုကိုတောင် မျက်နှာ လိုက်တတ်နေပြီပဲ ...

"အမှန်အတိုင်း အားမနာတမ်း ပြောရရင်တော့ ချစ်တယ်လို့ ထင်ခဲ့ရုံကလေးပဲ။ အဲဒါကြောင့် နှစ်ဦးသဘောတူ လမ်းခွဲခဲ့ကြတာ ..."

"နှစ်ဦး သဘောတူ ..."

"ဟုတ်တယ်"

နှင်းမှုန် သိပ်သိပ်သည်းသည်း ကြားမှာ အဖြူ့ မျက်နှာကို သဲသဲကွဲကွဲ မမြင်ရပါ။ အဖြူ့ စိတ်နှလုံးကိုတော့ မြင်တွေ့ရခက်လိမ့်မည်။ သို့ပေမယ့် အဖြူ့ စကားအားလုံးကို သူ ယုံကြည်နိုင်လေသည်။

ယုံကြည်ချင်သည့် စိတ်အခံကလည်း ရှိနေသည်။

"ဖြူ နှာစ်ဆင် လျှောက်တာကို သူက သဘောမတူဘူးတဲ့။ ဒါ အကြောင်းပြချက် တစ်ခုပဲလို့ ဖြူ နားလည်ခဲ့တယ်။ သူ့ဘက်က လူကြီးတွေ ကိုကိုက အစ ဖြူ့ကို သဘောမကျဘူးဆိုတာလည်း ဖြူ သိတာပဲ။ နှစ်ယောက်သား ဝေးသွားကြတော့ ခံစားချက်တွေက အစစ်အမှန် ပေါ်လာတယ်လေ ...။ သူ့ကို ဖြူ မလွမ်းဘူး၊ သတိမရဘူး၊ အဲဒါကို ဖြူက အမှန်အတိုင်း ဝန်ခံတယ် ...

ညီပြည့်ကတော့ ကိုကို့ညီဆိုတော့ သူ့ရဲ့ ခံစားချက် အစစ်အမှန်ကို ဖုံးကွယ်နိုင်တယ်လေ။ ဒါပေမယ့် ... သူ

www.burmeseclassic.com

www.burmeseclassic.com



ဖြူ့အပေါ်မှာ စိတ်ဝင်စားမှု လျော့လာတယ် ဆိုတာ သူ ရေးတဲ့စာတွေ ဖတ်ရင် သိနိုင်တာပဲ ...။ အဲလိုနဲ့ပဲ ကွဲကြတာပေါ့ ...

ကဲ ... ဘယ်သူမှ ... မနိုင်ဘူးနော် ...။ ဖြူကတော့ မနိုင်တဲ့အပြင် မိန်းကလေးဆိုတော့ ရှုံးတောင် ရှုံးသေးတယ်။ ယောကျ်ားလေးဘက်က နိမ့်နိမ့်ချချ ဝေဖန်ကန့်ကွက်တာကို ခံရလို့လေ ...”

“အဖြူ ရယ် ...”

စိတ်နှမ်း ပင့်သက်ရှိုက်မိပေမယ့် အဖြူတစ်ယောက်ကတော့ ရယ်နိုင်လေသေးသည်။

“ကဲ ... , ဘာသိချင်သေးလဲ။ အဖြူ အိမ်ထောင်မပြုတာ ကိုကို့ ညီကို လွမ်းဆွတ်တမ်းတနေလို့လို့ ... လုံးဝမထင်နဲ့နော်။ တကယ် ချစ်တဲ့သူ မတွေ့သေးလို့”

“တကယ် ... ချစ်တဲ့သူ ...”

“အင်းဟင် ...”

အဖြူ့စကားက သူ့ နှလုံးသားထဲ ပဲ့တင်ထပ်မြည်ဟီးသွားခဲ့သည်။

“အဖြူက အချစ်ဆိုတာကို သိပြီပေါ့”

သူ့ခြံဝင်းကလေးနှင့် နီးသထက် နီးလာသည်။ ကုန်းဆင်းမို့ ခြေလှမ်းတွေ ပိုပြီး သွက်လာ၏။

“တကယ် မချစ်ဘူး ဆိုတာကို သိပြီဆိုတော့ တကယ်ချစ်တယ် ဆိုတာကိုလည်း သိမယ် ထင်တာပဲ ...

ဒါပေမယ့် ပြောလို့ မရပါဘူးလေ။ ညီ့တုန်းကလည်း



ချစ်တယ်လို့ ထင်ခဲ့တာပဲ မဟုတ်လား ...။ အချစ်ဆိုတာ ဘယ်လိုလဲ ဖြူလည်း သေချာမသိပါဘူး ...။ ကိုကိုရော မသိဘူးလား ...”

“ဟင်အင်း”

“ဒါပေမယ့် ကိုကို့အတွက်တော့ အရေးမကြီးဘူး မဟုတ်လား”

အဲသည် မေးခွန်းက သူ့ရင်ဘတ်ထဲ အောင့်မျက်သွားစေပါသည်။ အဖြူ့ကို တစ်ခုခု ပြောချင်ပေမယ့် သူ့လည်ချောင်းတွေထဲ တစ်ဆို့နေခဲ့သည်။ ဘယ်လို အရာတွေက ပိတ်ဆို့တားဆီး ထားခဲ့သည်လည်း သူ မသိပါ။ ပြီးတော့ ရင်ထဲမှာ ဘာတွေ ရှိနေသည် ဆိုတာ သူ ကိုယ်တိုင်လည်း နားမလည်နိုင်ဘူး မဟုတ်လား ...။

အချစ်ဆိုတာ ...

ဘယ်လို ရယ်လို့ သူ နားမလည်နိုင်ခဲ့တာ အပြစ်မရှိဘူး ထင်ပါရဲ့ ...။

www.burmeseclassic.com

www.burmeseclassic.com



"အဖြူ"

"ရှင်"

"အဖြူ့ကို ကိုယ် လိုက်ပို့မယ်"

"ခေါက်ဆွဲ ကျွေးပေးခဲ့မယ်လေ။ ကိုကို ဘရိတ်ဖတ်စ် စားမယ်ဆို"

"နေပါစေတော့"

လှေကားရင်းမှာ ရပ်ပြီး မော်ကြည့်နေသည့် အဖြူ့ကို ငုံ့မိုးကြည့်မိသည်။ အဖြူ့ဆွတ်ဆွတ် ဆွယ်တာလေးနှင့် မိန်းကလေးသည် ယုန်ကလေးတစ်ကောင်လို သနားစဖွယ် ချစ်စဖွယ် ဖြစ်နေခဲ့သည်။

လောကကြီးဟာ တကယ်ပဲ မျက်လှည့်ပွဲ တစ်ခုလိုလား ...။

ညီ့ကို ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့ဖူးသည်။

"မလိုဘူးဆိုရင် ဖြူ့ဘာသာ ပြန်ပါမယ်။ ကိုကို လိုက်မပို့ပါနဲ့ ...။ အဖြူ လိုက်လာတာ ကိုကို့ကို ဘရိတ်ဖတ်စ် တစ်ခုခု စီစဉ်ပေးဖို့ လိုက်လာတာ။ အိမ်ပြန်လိုက်ပို့ခိုင်းဖို့ မဟုတ်ပါဘူး"



"မဟုတ်တာ"

"အားမနာပါနဲ့ ကိုကို ...။ ဖြူ ပြန်နေကျပါ။ ဆောင်းတွင်းကြီး ရာသီအေးတော့ ကိုကို့ ကားက စက်နှိုးရခက်မယ်။ ဖြူ လမ်းလျှောက်ပြန်တော့မယ်။ ကိုကိုလည်း နားတော့။ ဘာလုပ်ပေးခဲ့ရမလဲ။ ထမင်းကြော်နဲ့ ကော်ဖီလေး ပြင်ပေးခဲ့မယ်လေ ..."

"အဖြူ ..."

ရှက်လှပန်းရုံကြောင့် လှေကားထစ်လေးတွေ ရှေ့မှာ လမ်းမီးရောင် မထိုးဖောက်နိုင်ဘဲ မှောင်ရိပ်သမ်းဆဲပင်။ အဖြူက မျက်လွှာပင့်ကြည့်သည်။ ကြည်စင်နေသည့် မျက်ဝန်းတွေထဲ ဝေခွဲရခက်သည့် မေးခွန်းတချို့ကို သူ ဖတ်၍ရသည်။ အဝတ်အိတ်ကို မွေ့ပိုက်ထားသည့် အဖြူ့လက်ချောင်းလေးတွေကို ဆွဲယူလိုက်တော့ အဖြူ့နှုတ်ခမ်းလွှာတွေဆီက မသဲမကွဲ ရေရွတ်သံတိုးတိုးကြားရသည်။

ကိုကိုလား ...

အို ... လား ... ,

အေးစက်နေသည့် လက်ချောင်းကလေးတွေ သူ့လက်ဖဝါးထဲမှာ နွေးထွေးသွားစေချင်သည်။ အချိန်တွေ အကြာကြီး နှုတ်ဆိတ်ငြိမ်သက်နေမိကြသည် ထင်ပေမယ့် မကြာခင် မိုးလင်းလာတော့မှာ ...။

"ကိုကို ..."

ရင်ထဲက လှုပ်ရှားမှုကို မထိန်းသိမ်းနိုင်ခဲ့ ...

ဒါဟာ ရန်ခုန်တာတဲ့လား ...

www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ ... အချစ်တဲ့လား ...

ဟင်အင်း ...

မဟုတ်ဘူး ...။

နီးစပ်မှုကြောင့် ထင်ပါရဲ့ ...။

ဘာကိုမှ သေချာ မဆုံးဖြတ်နိုင်ဘဲ တဒိတ်ဒိတ်ခုန်နေသည့် ရင်ခုန်သံကို ကိုယ်ဘာသာ ပြန်ကြားနိုင်သည့် အခြေအနေမှာပဲ ငြိမ်သက်တွေဝေနေမိဆဲပင်။ ဒါပေမယ့် သည်လို အချိန် သည်ကာလငယ်လေးကို မဆုံးရှုံးလိုက်ချင် ...။ အနားမှာ ရှိနေစေချင်မိတာ အမှန်ပါပဲကွယ် ...

"ကိုကို ..."

အေးစက်နေသော လက်ချောင်းတွေကို သူမက ရှန်းဖယ်လိုက်သည်။ နှင်းတွေကြားမှာ သူမ မျက်ဝန်းတွေ တဖျပ်ဖျပ် လက်ပြီး တောက်ပနေတာကို မျက်ရည်တွေများလား ... လို့ ဘာကြောင့် မဆန်းစစ်မိခဲ့တာပါလိမ့်။

"ဆရာ ... ဘယ်လို လုပ်တာလဲ"

"ကိုယ် ..."

"ဖြူ့ကို အထင်သေးနေတုန်းပဲလား ဟင်"

"မဟုတ်ဘူး ... မဟုတ်ဘူး ...။ ကိုယ် ... ကိုယ် ... သတိလက်လွတ်နဲ့ ..."

အဲသည် အချိန်မှာ အဖြူ ပြုံးလိုက်သည့် အပြုံးက သူ့ ဘယ်လိုမှ ဘဝင်မကျနိုင်သည် လိပ်ပြာလွင့်ချင်စရာ ခနဲ့ပြုံးမျိုး ...။



"သတိလက်လွတ် ဖြစ်သွားရုံလေးပါ နော် ...။ ရည်းစားစကားပြောဖို့တော့ ရည်ရွယ်ချက် မရှိဘူး မဟုတ်လား ကိုကိုရဲ့ ...။ လက်ထပ်ခွင့် တောင်းဖို့ဆိုတာတော့ ပိုဝေးသေး ... ပေါ့ ...

လက်ကလေးကိုင်မိရုံပဲ ...။ ဘာဖြစ်တာမှတ်လို့ ဆိုပြီးတော့ ဖြူက ကျေနပ်မယ် ဆိုရင်တော့ ... ခဏတဖြုတ် သာယာမိမယ်ပေါ့ ...။ ဒီထက် ပိုရင်လည်း ပိုလာမယ်ပေါ့ ...

ဒါပေမယ့် ... အဖြူဟာ အဖြူပဲပေါ့ ...။ ယောင်မှားပြီး ရည်းစားစကားတောင် မပြောမိစေနဲ့ ... လို့"

"အဖြူ ..."

သူ့အသံက အက်ကွဲခြောက်ကပ်စွာ နှင်းထုထဲသို့ တိုးထွက်လာခဲ့သည်။ အဖြူ့ဆီက သည်လို စကားတွေကို ကြားပြီး မျှော်လင့်ထားသင့်တာပေါ့ ...။ ဟုတ်သားပဲ ...။

အဖြူဟာ ... သူ မှတ်ချက်ချခဲ့သည့် ဝိသေသများစွာနှင့် အဖြူပဲလေ ...

ပန်းတစ်ပွင့် ဖြစ်လျှင်တောင် ဆူးတွေ ပြည့်သိပ်နေသည့် နှင်းဆီလို ပန်းမျိုးပဲလေ ...။

ဒါပေမယ့် အဖြူရယ် ...။

"အဲဒီလို မဟုတ်ပါဘူး ...။ အဖြူ ... ကိုယ့်ကို အဲလို တစ်ဖက်သတ်ကြီး မစွပ်စွဲပါနဲ့။ ကိုယ် အချောင်သမား မဟုတ်ဘူး။ ပြီးတော့ ခံစားမှု မရှိတဲ့ စက်ရုပ်လည်း မဟုတ်ဘူး ...။ အဖြူ့အပေါ်မှာ သာယာချင်တဲ့စိတ်

www.burmeseclassic.com

www.burmeseclassic.com



သက်သက်နဲ့ ... ဆိုတာ ... မဟုတ်ဘူးကွာ ... မဟုတ်ဘူး ..."

"ဒါဆိုရင် ပြောလေ ...။ ရဲရဲတင်းတင်း ပြောလေ ... ကိုကိုရဲ့ ...။ ဖြူ့ကို လိုချင်တာလား ...။ ဒါမှမဟုတ် တူတူတန်တန် လက်ထပ်ချင်တာလား"

"ဟာ ... အဖြူ။ အဲလောက်ထိ ..."

"ဖြူ သွားတော့မယ် ...။ မဖြစ်နိုင်တာကို စိတ်ကူးမယဉ်ချင်ပါနဲ့ ကိုကို ...။ ကိုကို အခိုက်အတန့်လေး စိတ်ကူးယဉ်အိပ်မက် မက်လိုက်တယ်လို့ပဲ ဖြူ ယူဆလိုက်ပါရစေနော်။ ကိုကို့ကို ဖြူ အထင်မသေးချင်ဘူး ..."

မျက်ခမ်းအိမ်ထဲမှာ လက်ခနဲ စိုလဲ့တောက်ပလာသည့် မျက်ရည်တွေကို ဖျတ်ခနဲ မြင်လိုက်ရပြီး ... အဖြူက နှင်းမှုန်နှင်းထုတွေထဲ ကျောခိုင်း ထွက်ပြေးသွားခဲ့တော့သည်။

မျက်စိစုံမှိတ်ပြီး လေကားရင်းမှာ အရုပ်တစ်ရုပ်လို ကျန်ရစ်ခဲ့သည့် သူ့ရင်ထဲက နောင်တ,တရားတွေ ဝေဒနာတွေကို အဖြူ ... သိနိုင်မှာ မဟုတ်ပါ။

အဖြူ သိအောင်လည်း ဘယ်တော့မှ ပြောဖြစ်မည် မထင်တော့ပါ။



## အပိုင်း(၉လေး)

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၁)

"နှင် ... ခုတလော တစ်မျိုးပဲနော် ...။ သေချာတယ် သေချာတယ်"

"ထရန်စဖာတွေ နီး ... နီး ... လာလို့ စိတ်ဖောက်ပြန်လာတာ ဖြစ်မှာပေါ့"

ကျားမြာက မီးပူတိုက်နေပြီး ချိုကတော့ သနပ်ခါးလိမ်းနေသည်။ သူတို့ နှစ်ယောက်လုံးသည် ခုတင်ပေါ်မှာ တွေတွေ ငေးငေး ဖြစ်နေသည့် အဖြူ့ကိုသာ မြင်နိုင်ကြပြီး အဖြူ့ကိုယ်မှာ လွှမ်းဖုံးနေသည့် မီးတောက်ကိုတော့ မမြင်ကြရရှာ။ အဖြူ ကိုယ်တိုင်ပင် အဲသည် မီးလျှံ ဘယ်ထိ လောင်မြိုက်မည်ဆိုတာ မသိ ...။

ခွင့်မလွှတ်နိုင်ဘူး ... ဟု တင်းခံထားခဲ့ရသည့် မှားတွေဟာ မီးတောက်မီးလျှံတွေပေါ့ကွယ် ...

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို လောင်မြိုက်စေချင်ပေမယ့် တကယ်တမ်း လောင်မြိုက်ရသူက ကိုယ်တိုင်ပဲ မဟုတ်လား …။

ဖြူဖြူစံသည် ဘယ်တုန်းကမှ လိမ်ညာဟန်ဆောင်တတ်သူမဟုတ်။ ကိုယ့်ကိုယ်ကို လိမ်ညာဖို့ဆိုတာတော့ ပိုပြီးတော့တောင် ဝေးသေး။

ဒါဆို … ဘာဖြစ်လို့ … ,

ကိုကို့ မျက်ဝန်းတွေဟာ တကယ့်ကို နူးညံ့နေခဲ့တာ မဟုတ်လား …။

ဒါကို ဖြူ အသေအချာ မြင်ခဲ့သည်ပင်။ တကယ်ဆို … "သတိလက်လွတ်နဲ့ …" ဆိုသည့် စကားမျိုးအစား … ဖြူ့ကို ချစ်တယ် …' ရယ်လို့ပဲ ဖြစ်ဖြစ် … ,

လက်ထပ်ပါရစေ ဆိုတာမျိုးပဲဖြစ်ဖြစ် …

ခေါင်းအုံးကို ပိုက်ထားသည့် ရင်ခွင်ထဲကနေ ခုတင်ပေါ် ဆွဲလွှင့်ပစ်လိုက်တော့ သူငယ်ချင်းမနှစ်ယောက်က ဖြူ့ကို မျက်လုံးပြူးကြည့်သည်။ ဖြူ့ရင်တွေ ဘယ်လိုမှ မငြိမ်းချမ်းနိုင်တာကို သူတို့ မြင်ချင်လည်း မြင်မည်။ ဒါပေမယ့် ဘာကြောင့်ဆိုတာကိုတော့ သိနိုင်မည် မထင် …။ ချိုက သနပ်ခါးလိမ်းအဝတ်လဲပြီးလျှင် ယူနီဖောင်းကို အိတ်တစ်လုံးဖြင့် ထည့်ပြီးသူမ၊ ဂျူတီချိန်မို့ ဆေးရုံသွားဖို့ ပြင်သည်။ ချို အခန်းထဲက ထွက်သွားသည်နှင့် ကျားမြာက ဖြူ့အနား ရောက်လာတော့သည်။

"နင် ချိုနဲ့ စိတ်ဆိုးနေတာလား"

"ပေါက်ကရဟာ …"



"ဒါဆို ဘာဖြစ်နေတာလဲ"

"ငါ့ကိစ္စနဲ့ ငါပါ …"

"ငါ ပြောရမလား … နင် ဘာဖြစ်နေတယ် ဆိုတာ …"

ကျားမြာ မျက်လုံးတွေထဲ ဖြူ စိုက်ကြည့်လိုက်မိသည်။ အဲသည် မျက်လုံးတွေကပင် နှုတ်ခမ်းတွေအပြုံးလိုလိုက်ပြုံးနေပေမယ့် ကျားမြာသိနေသည် ဆိုသည့် ခန့်မှန်းစကားကိုပင် ဖြူက ရင်မဆိုင်ချင်။

"ဆရာနဲ့ ပတ်သက်တယ် မဟုတ်လား"

"သွားစမ်းပါ"

"နင် … နဲ့ ဆရာ"

"ကျားမြာ လျှောက်ပြောမနေနဲ့ …။ ဆရာ ဘယ်လိုနေတယ်ဆိုတာ နင်တို့ အမြင်ပဲ မဟုတ်လား။ လူပျိုဆိုပေမယ့် အနေအထိုင် စည်းကမ်းရှိတယ်။ အပြောအဆို စည်းကမ်းရှိတယ်။ နင်တို့ အမြင်မှာ ဆရာနဲ့ငါက အဲလို ပြောစရာဖြစ်နေလို့လား … ဟုတ်လား …"

"အင်း … လူတွေ အမြင်မှာ ပြောစရာ ဖြစ်လောက်စရာမဟုတ်ပါဘူး၊ ဘယ်သူကမှလည်း နင်တို့ကို မထင်ပါဘူး။ ချိုကတောင် မပြောပါဘူး။ ချိုနဲ့နင်က ဝါသ်ထဲမှာအတူတူညစ္စာ … ဒါပေမယ့် ငါက ထင်နေတာ …

ဟော့ … ဖြူ …။ နင် ဆရာ့ကို ချစ်နေတယ် မဟုတ်လား …"

"အဲဒီ ကယားမ, တော့လေ …"

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ့ကို အထင်ကြီးရုံသက်သက် မဟုတ်ဘူးလို့ ငါ ထင်တယ်လေ။ ဆရာ့အကြောင်းများ ပြောနေရရင် နှင့် မျက်လုံးတွေက တဖျပ်ဖျပ် တောက်ပြီး နင် ... ကိုကို' လို့ ခေါ်လိုက်တဲ့ အသံကလည်း ချိုလို့ ..."

"အရူးမ"

ခုတင်ပေါ်က ဆင်းပြီး ဖြူ အခန်းအပြင်ဘက် ခြေဆောင့်ထွက်ခဲ့သည်။ ကျားမြာ တစ်ယောက်ကတော့ ဖြူ့ကို ကျီစယ်လို့ အားရသည်မို့ အားပါးတရ အော်ဟစ်ရယ်မောရင်း ကျန်ရစ်ခဲ့သည်။ အိမ်ပေါ်ထပ်မှာ ချိုနှင့်ဖြူက တစ်ခန်းမို့ အိပ်ခန်းတစ်ခန်း လွတ်နေသေးသည်။ ကျားမြာ၏ မိဘများနှင့် ကျားမြာ၏ မောင်လေးက အောက်ထပ်မှာသာ နေသည်မို့ အိမ်ပေါ်ထပ်သည် သူမတို့ သုံးယောက်အတွက် သီးသန့်ကမ္ဘာလိုပင် ဖြစ်နေခဲ့သည်။ ကိုယ့်အိမ်ကိုယ်ယာ မဟုတ်ပေမယ့် ကျားမြာတို့ အိမ်မှာ ဖြူရော ချိုပါ နေသားကျခဲ့သည်။ အဆွေအမျိုးလို နေနိုင်ခဲ့သည်။ ပြီးတော့ အခိုက်အတန့်လည်း သောကကင်း နေသေးသည်။

ဘယ်လောက် ငြိမ်းချမ်းသည့် ဘဝလဲ ... ,

သည်လို အခြေအနေမျိုးမှာမှ ဖြူက ဘာကြောင့် လောင်မြိုက်ချင်သည်လဲ ...

နင်းတွေ သိပ်သည်းပြီး လမ်းမီးရောင်သာ ရှိသော လမ်းကလေးသည် အာရုံမှာ ဖျတ်ခနဲ ဖျတ်ခနဲ ပေါ်လာတတ်သည်။ သိပ်ကို စိတ်ကြည်နူးစရာ လမ်းကလေးပေါ် ...။



သူ့နံဘေးမှာ အတူရှိနေခွင့် ရသည်ကိုပင် ကျေနပ်နေခဲ့လျက်သားနှင့် ...

ကိုကိုဟာ ဖြူ့ကို အထင်သေးနေတာ ဟူသည့် စိတ် အစွဲအလမ်းကိုတော့ ဘယ်လိုမှ ဖျောက်ဖျက်မရနိုင်ခဲ့ ...။ သည်လိုနှင့်ပဲ နာကြည်းစကားတွေ ပြောဖြစ်ခဲ့သည် ...။

ဝရန်တာမှာ ရပ်မိသည်။ အောက်ထပ် ဂိုဒေါင်ဘက်မှာ အလုပ်သမများ၏ စကားသံ၊ ဆန်ကောမွှေ့သံတို့ကို မကြားရတော့။ ညနေလည်း အတော်စောင်းခဲ့ပြီမို့ အလုပ်သိမ်းခဲ့ပြီထင်၏။ ခေတ်ဟောင်း သီချင်းတစ်ပုဒ် လွင့်လာသည်။ အောက်ထပ် တယ်လီဗေးရှင်းရှေ့မှာ ကျားမြာလည်း ရောက်နေပြီလား မသိ။ ခဏကြာလျှင် ဖြူ့ကို တီဗီဇာတ်လမ်းကြည့်ဖို့ လာခေါ်တော့မည်။ ဆေးဖြူသုတ်ထားသည့် ခြံစည်းရိုး သစ်သားချောင်းများ၏ အတွင်းဘက်မှာ ဂမုန်းပန်းအိုး၊ ပိန်းသစ်ခွအိုးတွေ အစီအရီ ရှိသည်။ ကစ်မီကွစ်တွေလည်း အရောင်စုံလင်စွာ ရှိသည်။ ကစ်မီကွစ် အပွင့်ဝိုင်းဝိုင်းကလေးတွေက ချစ်စဖွယ်ပေမယ့် သူ့တစ်ပင်လုံး ဆူးတွေချည်းမို့ ... အလှကြည့်နေရုံ သက်သက် ဖြစ်နေရရှာတာ မဟုတ်လား ...။

အဖြူ ... ကိုယ်တိုင်ကရော ...

ကစ်မီကွစ်လား ...

နှင်းဆီ ... လား ...

ဒါမှမဟုတ် အဆိပ်ပြင်းသည့် မြွေတစ်ကောင် လား။

www.burmeseclassic.com

www.burmeseclassic.com



*[မိန်းကလေးဆိုတာ ပန်းကလေးလို မဟုတ်ဘူးလား]*

သူ့အပြော သူ့အပြုံးတွေကို ပြန်သတိမရဘဲ မနေနိုင်။

ပန်းဘဝတော့ မဖြစ်ချင်ပါဘူး ကိုကိုရယ် ...

မွှေးနေ လှနေတုန်းသာ ပန်းအိုးမှာ ထိုးချင်ကြတယ်ပေါ့။ ဆူးတွေနဲ့ ဆိုရင်တော့လည်း အလှကြည့်သက်သက်ဖြစ်ရဦးမယ် ...။

အလှကြည့်သက်သက်ထက် လန်းနေတုန်းခဏ ပန်းစိုက်အိုးထဲက ဘဝကို ကျေနပ်ရမည်လား ...။

ကိုကိုကတော့ ဖြူ့ကို ပန်းစိုက်အိုးထဲမှာပင် နေရာပေးမည် မထင်။ မွှေးတဲ့ ပန်းရယ်လို့ နမ်းမွှေးပြီး ခဏမှာပဲ စွန့်ပစ်လိုက်မှာ မဟုတ်လား။

သို့ပေမယ့် ကိုကို့ မျက်ဝန်းတွေထဲက နူးညံ့လှသည့် ကြင်နာရိပ်တွေကို ယုံကြည်ကိုးစားချင်ဆဲမို့ ခက်လှသည်။ မာန်တင်းထားခဲ့ပေမယ့်လည်း သည်အနှောင်အဖွဲ့က လွတ်မြောက်အောင် ရုန်းထွက်ချင်စိတ် မရှိဘူးဆိုတာ သူ့ကို ကျောခိုင်းခဲ့ရသည့်လမ်းမှာပင် ဖြူ့ကိုယ်ဖြူ သေချာ နားလည်ခဲ့ရသည်။ နာကြည်းခြင်းတွေ ကြားထဲကပင် မဝံ့မရဲ ခေါင်းပြူလာခဲ့သည်။ အဲသည် ယုံကြည်ချင်စိတ်ကလေးကပင် သူမကို ခုလို ရပ်နေနိုင်ဖို့ အင်အားတွေ ပေးနေသည်ထင်ရဲ့ ...။

ပြီးတော့လည်း ဂျူတီချိန်တွေမှာ ဝါ့သ်ထဲသို့ မပျက်မကွက် သွားရသည်။ သူ့ကို စကားမပြောဘဲ၊ သူ့မျက်နှာရိပ်ကိုတော့ မြင်နိုင်သည့် ခပ်လှမ်းလှမ်းကနေ စောင့်ကြည့်ရသည်။



ဝါ့သ်ထဲမှာ ဆရာဝန်တွေ လှည့်လည်စစ်ဆေးချိန်ဆိုလျှင်တော့ သူနှင့် အဖြူ့ကြားမှာ ခြားနားနေသည့် လှေကားထစ်များစွာကို ဘယ်သူမှ မပြောဘဲ သိသာထင်ရှားစွာ မြင်လေသည်။ သူ့အနားမှာ လက်ထောက်ဆရာဝန်နှစ်ယောက်၊ တစ်ခါတစ်ရံ မေထရွန်ကြီး၊ ဘလူးစတပ်ဖ်တွေများစွာ၊ စီနီယာတွေများစွာ ...။ အဖြူတို့ကတော့ နောက်ဆုံးမှာ အဆိုအငေါက်ခံ ဘဝမျိုးသာသာပါပဲ ...။ မသိမ်မွေ့ဘူး၊ မိန်းမ မဆန်ဘူးဟု မှတ်ချက်ဆိုးများစွာနှင့် ညီဖြစ်သူ၏ ချစ်သူဘဝကိုတောင် ပိုင်ဆိုင်ခွင့် မပေးချင်ခဲ့သူက ... ,

အို ...

မျက်ရည်တွေ ...

မျက်ရည်စက်တွေက ဆေးပြာသုတ်ထားသည့် ဝရန်တာလက်ရန်းပေါ်သို့ လွင့်စင်ကျသွားခဲ့သည်။ ဖြူ မှန်းတီးလှသည့် မျက်ရည်စက်များစွာကို ဖြူ အံ့သြထိတ်လန့်စွာ ကြည့်မိ၏။

ဘယ်တုန်းက မျက်ရည်ကျခဲ့ဖူးသလဲ ...။

ဆယ်တန်းစာမေးပွဲ ရှုံးစဉ်ကပင် မျက်ရည် မကျခဲ့ဘူး မဟုတ်လားကွယ် ...။

သူ့ကို ဖြူက စ,ပြီး နှုတ်ဆက်ရမှာလား ...။ သည်လို ဆက်ပြီး မရပ်တည်နိုင်တော့ပါဘူးကွယ်လို့ ... ရင်ထဲရှိသမျှ ဝန်ခံလိုက်ရတော့မှာလား ...။

ဒါပေမယ့် မေ့မရသည့် နံနက်ခင်းလေးမှာ တုန်းကလို ...

www.burmeseclassic.com

www.burmeseclassic.com



[ကိုယ် သတိလက်လွတ်နဲ့ မှားယွင်းသွားမိတာ ပါကွယ်]

လို့ ဆိုလျှင်ဖြင့် ...

ဖြူဖြူစံလောက် မိုက်မဲရူးသွပ်သည့်မိန်းမ သည် ကမ္ဘာမှာ ရှိနိုင်မည် မထင်ပါလေတော့ ...။



ဖြူတို့ မျှော်လင့်နေသည့် ဖြူတို့တစ်သုတ်အတွက် ပြောင်းရွှေ့မိန့်သည် အတော်ကလေး နောက်ကျသည် ထင်ရပေမယ့် ရောက်လာခဲ့ပါသည်။ ပျော်စရာလား စိတ်ဆင်းရဲစရာလား ကိုယ်တိုင် မဝေခွဲတတ်ပေမယ့် ကိုယ်ကိုယ်တိုင် ဦးဆောင်ပြီး ကိုယ့်ကိုယ်ကိုယ် အမှီသဟဲပြုရမည့် နေ့သစ်တစ်နေ့ကတော့ မကြာခင်မှာ ရောက်လာတော့မည်ပင်။ ထရန်စဖာတွေ ထွက်သည့် နေ့ကတော့ ဖြူသည် အမှန်တကယ်ပင် သူ့ကို မေ့လျော့ပြီး ရင်ထဲ ကတုန်ကယင်နှင့် ဘုရားစာတွေချည်း ဖိရွတ်နေခဲ့ရသည်။ ပြောင်းရွှေ့မိန့်တွေ ထွက်နေပြီ ကြားပေမယ့် အမိန့်စာရင်းတွေက ဖြူတို့ဆီ အဆောတလျင် ရောက်မလာသေး။ ဖြူ့ထံ ရောက်လာခဲ့သည်က ဖြူ မျှော်လင့်မထားသည့် သတင်းတစ်ပုဒ် ဖြစ်ပါသည်။

"ဆရာ ရန်ကုန်သွားမလို့တဲ့ ... နင် ကြားပြီးပြီလား အဖြူ"

"ဟင်အင်း"

သည်ရက်ပိုင်းတွေမှာ အဖြူတို့နှစ်ယောက် တစ်ယောက်နှင့်တစ်ယောက် မျက်နှာချင်း မဆိုင်မိအောင် ရှောင်တိမ်း

www.burmeseclassic.com

www.burmeseclassic.com



နေရင်းပင် စိတ်တွေ ပင်ပန်းခဲ့ရသည်။ သူ့ဘက်ကတော့ နောင်တ, ရနေတာမျိုးလည်း ဖြစ်ကောင်းဖြစ်နိုင်သားပေါ့။ အဖြူဟာ ဒေါက်တာကိုကိုပြည့်စုံအဖို့ သည်လောက် အတိုင်းအတာအထိ ရင်းနှီးခဲ့ဖို့ မသင့်လျော်သည့် မိန်းမမျိုးရယ်လို့ ... နောင်တ, ရနေသည်လား... ဝါ့သ်ထဲမှာ ဆရာဝန်တွေ လှည့်လည်ချိန်နှင့် အရေးကြီးမွေးလူနာ၊ ခွဲစိတ်ရမည့် လူနာချိန်တွေက လွဲလျှင် သူ့ကို မြင်ရတွေ့ရ နည်းလာသည်။ ဖြူ့ဘက်ကတော့ အထူးတလည် ရှောင်တိမ်းနေစရာ မလိုဘူးဟု ထင်ပေမယ့် တကယ်တော့ ဖြူသည် ကိုယ့်စိတ်အတွေးကို ရှောင်ပြေးနေရုံနှင့်ပင် ပင်ပန်းလှပြီ။ ရှောင်ပြေးလို့လည်း လွတ်မှမလွတ်နိုင်တာဘဲ ...။

"ရန်ကုန်မှာ မိန်းမသွားတောင်းမယ် ဆိုလားပဲ"

"ဘာရယ်"

"အော်လိုက်တာဟယ် ... တိုးတိုးပြောစမ်းပါဟဲ့"

ဖြူ ဘာဖြစ်သွားသည်လဲ ...။ ဖြူ့နလုံးက ဘာကြောင့် ဆောင့်ခုန်သွားရတာတဲ့လဲ ...။ ဖြူ့လည်ချောင်းတွေထဲ ဘာတွေ တစ်ဆို့ လာနေတာလဲ ...။ နှုတ်ခမ်းတွေက ချက်ချင်းသွေ့ခြောက်ပြီး မျက်ဝန်းတွေ ပူနွေးလာတာ ဘာကြောင့်လဲ ...။

ဘာကြောင့်လဲ ...။

"သူ့အဘွားက လှမ်းခေါ်လို့ ... တဲ့ ...။ မိန်းမတောင်းပြီး ... ဝါမဝင်ခင် စေ့စပ်ထားရမယ် ... တဲ့ ...။ ဒါဆို ဝါကျွတ်တော့ မင်္ဂလာဆောင်မယ် ဆိုတဲ့ သဘောပေါ့ ...

ဒါပေမယ့် ... ခုမှ တပို့တွဲ ရှိသေးတာ။ အဝေးကြီး ရှိသေး ...။ မိန်းမယူပြီး ဆရာက ရန်ကုန်ရအောင်



ပြန်ပြောင်းတော့မှာ ထင်ပါရဲ့။ တို့ဆီက အအေအက်စ်တွေထဲက ဆိုလည်း ချောချောလှလှတွေ ရှိပါတော် ...။ ဆရာက မကြိုက်ဘူးလား မသိ ...

အေးလေ ... ခု ယူရမယ့် မိန်းမလည်း ဆရာကြိုက်ချင်မှ ကြိုက်မှာပေါ့။ သူ့အဘွားက ပေးစားတာလားမှ မသိဘဲ ... နော် ... အဖြူ ..."

ချို ... ဘာတွေ ပြောနေပါလိမ့် ...

နားထဲ လေတွေတိုးနေသလိုလိုပင် ... ဆူညံလျက် နားတွေ အူနေသည်။ မျက်လုံးအိမ်တွေကလည်း စပ်ဖျဉ်းနေခဲ့သည်။ လျှပ်စစ်မီးဖိုပေါ်က ရေနွေးတွေ ပွက်ပွက်ဆူနေတာကို လှမ်းမြင်နေပေမယ့်လည်း ဦးနှောက်ဆီ အသိက မရောက်ဖြစ်ချေ။ ဟိုးဝေးဝေးဆီကလား ... ကာပင်တာစ် (CAPENTERS)၏ END OF THE WORL သီချင်းသံကို ကြားနေမိသည်။

"ဘယ်သူ ပြောလို့လဲ ချို့ရဲ့"

တစ်ယောက်ယောက် မေးလိုက်သံ ကြားသည်။ ဖြူတို့ နားနေခန်းထဲမှာ ဖြူတို့နှစ်ဦးအပြင် ဘယ်သူတွေ ရှိနေသည်လဲ။

"ဆရာ ကိုဖေသက်တို့ မမောင့်ယဉ်လ်တို့ ဝိုင်းနောက်နေကြတာ နားစွန်နားဖျား ကြားတာပဲ။ မေးတော့ ဘယ်မေးရဲမလဲ။ ဒါပေမယ့် သေချာပါတယ်။ မယုံရင် မမတင်မျိုးခိုင်ကို မေးကြည့်ပေါ့ ... မမတင်မျိုးခိုင်လည်း ရှိတယ်။ မမအိုဂျီကြီးတောင် ရှိသေးတယ် ...

ဆရာဝန်မ, ယူရင် ဟင်းကောင်းကောင်း ချက်မကျွေး

www.burmeseclassic.com



နိုင်မှာစိုးလို့လား ဆရာ ... လို့တောင် ပြောနေသေးတာ။ အမျိုးသမီးက ဆရာဝန် မဟုတ်ဘူး”

မဆိုင်ပါဘူး။

မဆိုင်ဘူးနော် ...။

အလိုက်သင့် ရယ်မောရပေမယ့် သည်လို ဟန်ဆောင်ရခြင်းအလုပ်ကို ဘယ်တုန်းကမှ မတတ်မြောက်ခဲ့သည့် အဖြူသည် မှားနေနှန်းထဲကနေ ထမင်းဘူး ကိုင်ထွက်လာခဲ့ပြီး လက်ဖက်ရည်ဆိုင်မှာ တစ်ယောက်တည်း သွားထိုင်နေခဲ့သည်။

ဘာများတတ်နိုင်မှာတဲ့လဲ ...

နှလုံးအိမ်က သူ့အလိုလို နာလာသည့် ဝေဒနာ ...

ရင်တစ်ခုလုံး ဆို့ကျပ်ကြေကွဲလာသည့် ခံစားမှု ...

ဘယ်အရာကိုမှ လိုလိုချင်ချင် ဖိတ်ခေါ်ခဲ့တာ မဟုတ်မှန်းတော့ သေချာပါသည်။

*[ကိုယ် ... အချောင်သမား မဟုတ်ဘူး။ ပြီးတော့ ခံစားမှုမရှိတဲ့ စက်ရုပ်လည်း မဟုတ်ဘူး]*

ဒါပေမယ့် ...

တခဏတာ သာယာမှုကလေးကို ရှုံးသွပ်စွာနဲ့ ရှေ့တိုးဖို့ ကြိုးစားခဲ့တယ် မဟုတ်လား ကိုကို ...။ တကယ်တမ်းကျတော့ ရဲရဲဝံ့ဝံ့လည်း ခြေလှမ်း မလှမ်းရဲခဲ့ဘူး မဟုတ်လား ...

အေးလေ ...

ဒီလိုပဲ ဖြစ်ရတာပါပဲ ... အသုံးချခံဘဝကလေးမှာပင် မျက်စိမှိတ် ယောင်ဝင်ဖို့ မိုက်မိုက်မဲမဲ ဆုံးဖြတ်မိတော့မလို့နော်။ ကံကောင်းလို့ ... ပါ လား ...



သည်လို ဆိုပေမယ့် နှလုံးသားဆီက နာကျင်မှုဝမ်းနည်းမှုကတော့ ဦးနှောက်အသိမှာ နည်းနည်းလေးမျှပင် မဝင်ဆန့်ပါ ...။

“အဖြူရေ ... အဖြူရေ ... လှိုင်ကော်တဲ့ ဟော့ ...”

အို ...

ဘာတွေ ဖြစ်ကုန်ပြီလဲ ...။

ခက်ခက်နှင့် ချို ... ဖြူ့ထံ ပြေးဝင်လာနေသည်ကို မြင်လိုက်ရသည်။ မျက်ရည်မကျဖြစ်တော့သည့်အတွက် သူငယ်ချင်းမများကို ကျေးဇူးတင်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



စိန်ပန်းပြာတွေ လွှမ်းသည့် နေရာလေးတစ်ခုသည် အိပ်မက်တစ်ခုထဲမှာလိုပင် လှပနေခဲ့ပါသည်။ နှင်းတွေ ကောင်းစွာ မပျောက်တတ်သေးပေမယ့် စိန်ပန်းပြာတွေ ပွင့်နေကြပြီ။ စိန်ပန်းအနီ၊ အပြာရောပြီး သစ်ရွက်စိမ်းများပါ ဝေနေလျှင်တော့ သဘာဝလောကကြီးသည် အရောင်စုံသည့် ပန်းချီကားတစ်ချပ်လိုပင် လှပနေတတ်ပါသည်။ ဖြူကတော့ စိန်ပန်းပြာသည် အနီရဲရဲနှင့် ယှဉ်လိုက်လျှင် မပေါ်လွင်လှတာမို့ တာဖွဲ့လောက်စရာဟု မထင်ပေမယ့်၊ ပန်းပွင့်ဖတ်ကလေးတွေကတော့ တကယ့်ကို ကဗျာဆန်လှပယ်လေသည်။ အဲသည်လို လှပသည့် ပွင့်ဖတ်တွေ ကြွေလေရာ စိန်ပန်းပြာပင်ကြီးအောက် အုတ်ခုံလေးပေါ်မှာ သူနှင့်အတူထိုင်ဖြစ်ခဲ့တာဟာ တကယ့်ကို အမှတ်တရပေါ့။ အဖြူဆွတ်ဆွတ်ကားရှေ့ဖုံးပေါ်မှာ စိန်ပန်းပြာပွင့်ဖတ်တွေ၊ ညာတံစိမ်းတွေ ဖြုတ်ခနဲ ဖြုတ်ခနဲ ကြွေကျပျံ့ကျဲလာခဲ့တာလည်း ... လှပသည့် ဒီဇိုင်းတစ်ခုလိုပါပဲ ...။

စိတ်အေးစရာ သတင်းတစ်ခု သေချာပြီး ဖြစ်လျက် ဖြူ့ရင်ထဲမှာ ပူလောင်ကြေကွဲနေခဲ့ရတာကို ကိုယ်တိုင်ပင် နားမလည်နိုင်ပါ။ ဖြူစောင်သန့်ရှင်းပြီး ဘယ်လိုအပြစ်မျိုးမှ မရှိဘူးဟု



ထင်ရလောက်အောင်ပင် ကြည်လင်သိမ်မွေ့လှသည့် ယောကျ်ားတစ်ယောက်၏ မျက်နှာကို ငေးကြည့်နေချင်လှပေမယ့် မိန်းမမဆန်ဘူးဟု မှတ်ချက်ချခံရဖူးသည့် ဖြူသည် သည်မျှ မရဲတင်းနိုင်ပါ။ ဘယ်တုန်းက ငြိမ်သက်တည်ရှိနေမှန်း မသိဘဲ မကြာမတင်ရက်ပိုင်းကလေးတွင်ကမှ ရုန်းကြွပေါ်လွင်လာခဲ့သည့် ရင်ထဲကခံစားချက်ဆိုတာကိုလည်း ... 'အချစ်'ဟု ခေါင်းစဉ်တပ်လိုက်ရမှာ ဖြူ ကြောက်လန့်နေခဲ့ပြီ။

နောက်တစ်ကြိမ် ထပ်ပြီး ရှုံးနိမ့်နာကျင်ရဦးမှာလား ...

သည်တစ်ကြိမ်ကတော့ဖြင့် မျိုသိပ်ကြေကွဲရမည့် ဖြူဖြူစုံ၏ အာရုံသက်သက်သာ ဖြစ်လိမ့်မည်။

"ရန်ကုန်သွားရမှာမို့ ..."

"ဟုတ်ကဲ့ ... ကြားပြီးပါပြီ ဆရာ"

စကားသံတွေ ပေါ့ပါးသွက်လက်နေသည်ဟု ကိုယ့်ကိုယ်ကိုယ် မယုံကြည်ပါ။ ကြက်သွေးရောင်နှင့် အဖြာရောသော ပုဆိုးကွက်အောက်က သန့်ပြန့်သော ခြေဖမိုးနှင့် လေ့းညှင်းရောင် ဖိနပ်သဲကြိုးတို့၏ လိုက်ဘက်တင့်တယ်ခြင်းကို စိတ်ထဲက သဘောကျစွာ ငေးမောနေဖြစ်သည်။ နေ့ဂျူတီလဲပြီး အိမ်အပြန် လမ်းမှာ ဟိုအရင် သူ ပြောင်းလာစ,ကလို လှမ်းရှည်ကြီးပေါ်မှာ ဆုံကြသည်။ သည်တစ်ကြိမ်မှာတော့ သူက ...

"စကားပြောချင်လို့"

ဟု ရိုးသားစွာ တောင်းဆိုခဲ့သည်။ ဒါကိုပဲ ကျေနပ်မိခဲ့သည် ထင်ပါရဲ့။ ကိုယ့်ကိုယ်ကိုယ် ဆန်းစစ်ကြည့်လျှင်တော့

www.burmeseclassic.com

www.burmeseclassic.com



သူ့ထံက တစ်စုံတစ်ရာ မျှော်လင့်မိနေဆဲ ဆိုတာ သေချာလာရသည်။ ဒါပေမယ့် ဘာမျှော်လင့်မိသည် မသိ။

အချစ်လား ...

တန်ဖိုးထား အထင်ကြီးမှုလား ...

ဒါမှမဟုတ် ဘဝ လုံခြုံမှုများလား ...

"နှစ်လ,သောက် ကြာမှာဆို ..."

"ဟုတ်တယ် ...။ နိုင်ငံခြား သင်တန်းတစ်ခု ပါနေလို့လေ ...။ သင်တန်းကတော့ ... မိခင်ကလေးနဲ့ ဆိုင်တဲ့ ရက်တိုသင်တန်းပါ။ ဒါပေမယ့် ပြင်ရ ဆင်ရမှာနဲ့ ဆိုတော့ ..."

"ဘာပဲဖြစ်ဖြစ် ဝမ်းသာစရာပေါ့နော် ...။ ဖြူ့အတွက် လက်ဆောင်ဝယ်ခဲ့နော် ဆရာ ..."

သူက မတုံ့ပြန်ပါ။ ဖြူ့ကို ငေးစိုက်ကြည့်နေသည် ထင်မိပေမယ့် ဖြူ မျက်လွှာပင့်ပြီး၊ မျက်လုံးချင်း ဆုံပြီး မကြည့်ရဲ ...။ ပင့်သက်ကိုပင် အောင့်ထားမိသည် ထင်ပါရဲ့။ လူတစ်ကိုယ်လုံး နွမ်းနယ်မွန်းကျပ်လာသည်။

"ကိုယ် ... , အဖြူ့ကို တောင်းပန်ချင်လို့ပါ"

တော်စမ်းပါကွယ် ...

အဲသည်စကားကို မကြားချင်ဘူးဆိုလျှင် ကိုကိုက တွေးလိမ့်ဦးမည် ထင်သည်။

"ဘာကိုလဲ"

"အဖြူ့ကို စော်ကားမိသလို ဖြစ်သွားတယ်"

"မေ့လိုက်ပါပြီ"



"မမေ့ပါဘူး , မညာနဲ့"

"ဟောတော် ..."

အခါတိုင်းတွေလို အော်ဟစ်ရယ်မောပစ်ဖို့ ကြိုးစားပေမယ့် အဖြူ့နှုတ်ခမ်းတွေက အကျည်းတန်စွာ တွန့်ကွေးသွားခဲ့သည်။ ရက်စရာ ကောင်းလိုက်တာ ...

အဖြူဟာ ဘယ်ယောက်ျားတစ်ယောက်ကိုမှ ပြတ်ပြတ်သားသား တုံ့ပြန်ဖို့ ဝန်လေးခဲ့တာ မဟုတ်ဘူးနော်။

"အဖြူဟာ ညာလို့ရတဲ့ မိန်းကလေးမှ မဟုတ်တာ ... အဖြူ ဘယ်တုန်းကမှ ဟန်မဆောင်ခဲ့ဘူး မဟုတ်လား။ အခု ဘာကြောင့် ဟန်ဆောင်ချင်ရတာလဲကွယ်"

အုတ်ခုံပေါ်ကနေ ဖျတ်ခနဲ ခုန်ဆင်းလိုက်မိသည်။ သူ့အနားက ထွက်ပြေးသွားချင်နေတာလား ဆိုတာ ကိုယ့်ဘာသာလည်း မသိ။ သူကရော အဖြူ့ကို ဘယ်လို ဖြေသိမ့်ပေးချင်တာလဲ။ ကလေးတစ်ယောက်ကို ခေါင်းပွတ်ပေးပြီး ချော့သိပ်ချင်တာမျိုးထက် မပိုဘူး မဟုတ်လား ...။ ဖြူသည် ... သူ့နှုတ်ခမ်းနွေးနွေးနှင့် ခဏထိကပ်ခွင့် ရခဲ့သော ညာဖက် လက်ဖမိုးလေးဆီ တိတ်တခိုး ငုံ့ကြည့်မိလျက် ဝမ်းနည်းနာကျင် လာခဲ့သည်။ ခပ်စိပ်စိပ် ရင်ခုန်လာခဲ့သည်။

"ကိုကို ဘာပြောချင်တာလဲ ...။ တောင်းပန်ဖို့ဆိုရင်တော့ ဖြူ့ဘက်က ကျေပြီးပြီလို့ပဲ သဘောထားလိုက်ပါ။ ဖြူနဲ့ ကိုကိုဟာ သံသရာတစ်ကွေ့မှာ အခိုက်အတန့်လေး ဆုံခဲ့ရတာကလွဲပြီး တစ်လမ်းစီ သွားနေတဲ့သူတွေပါ။ ရောက်နေတဲ့လမ်းချင်း တူပေမယ့် ဦးတည်ရာချင်းက မတူကြ

www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ဝေးသွားကြပြီးရင် အဲဒီ မိနစ်ပိုင်း အချိန်ကလေးဆို တာ သိပ်မကြီးစားရဘဲ မှုန်ဝါးပြီး ပျောက်ကွယ်သွားမှာ ပါ။ အဲတော့ … ကိုကို စိတ်ထဲမှာ ဝန်ထုပ်ဝန်ပိုးတစ်ခုလို ဖြစ်မနေစေချင်ဘူး"

နာကျင်စွာ မျက်နှာလွှဲသွားလျက် …

"ဒီထက် နားထောင်ကောင်းမယ့် စကားမျိုး မပြောနိုင်ဘူး လား အဖြူရယ်"

ဟု သူက ခပ်တိုးတိုး ညည်းတွား ရေရွတ်လေ သည်။

"ကိုကို ပြောသလိုပဲ ဖြူက ဟန်မဆောင်တတ်ဘူးလေ"

"ကိုယ် … ပြောချင်တာက အဲဒီ ခဏလေးအတွက်ကို မဟုတ်ဘူး။ ညီနဲ့ ပတ်သက်ပြီး အဖြူ့ကို ကိုယ် အထင် အမြင်သေးခဲ့တာ မှန်ပေမယ့် ခု ဒီမှာ ပြန်ဆုံရတော့ ညီနဲ့ ပတ်သက်ခဲ့ဖူးတဲ့ အတွက်ကြောင့်ပဲ ကိုယ် ဖြူ့ကို သံယော ဇဉ် တွယ်ခဲ့ပါတယ်။ အဖြူ့အပေါ်မှာ စော်ကားချင်တဲ့ စိတ်မျိုး၊ အထင်သေးချင်တဲ့ စိတ်မျိုးနဲ့မဟုတ်ဘဲ … စိတ် လှုပ်ရှားခဲ့မိတာကိုလည်း ကိုယ် ဝန်ခံပါတယ်။ မိန်းက လေးတွေနဲ့ နီးနီးစပ်စပ် အတူတွဲပြီး အလုပ်လုပ်ခဲ့ပေမယ့် ရင်းနှီးခဲ့ပေမယ့် … အဖြူ့ကို စိတ်ထဲခံစားရသလိုမျိုး ဘယ်သူ့ အပေါ်မှာမှ မခံစားခဲ့ရဖူးဘူး …

ဒါပေမယ့် …

ကိုယ် အဲဒီလို မဖြစ်သင့်ဘူးလို့ ထင်မိတယ်။ ညီ သာသိရင် ကိုယ့်ကို ဘယ်လို ပြောမလဲ။ တစ်ချိန်တုန်းက



ကိုယ်နဲ့ညီ … အဖြူ့အတွက်နဲ့ အတိုက်အခံ ဖြစ်ခဲ့ရဖူး တယ်လေ …"

"ကိုကို … အဲဒါတွေ အဖြူ့ကို ပြောဖို့ မလိုဘူးထင်တယ် နော် …။ အဖြူ့ကို ကိုကို ချစ်ဖို့၊ လက်ထပ်ဖို့ကို တောင်း ဆိုဖို့စိတ်ကူး မရှိတာလည်း အမှန်ပါပဲ။ ဖြူ့အပေါ် မရိုးသားစိတ်မျိုး မထားသင့်ဘူးလို့ ကိုယ့်ကိုယ်ကိုယ်လည်း ညာ၊ ဖြူ့ကိုလည်း ညာပြီး စိတ်ဖြေသိမ့်နေတာ မဟုတ် လား …

တကယ်တော့ … တဒင်္ဂ ရူးသွပ် စိတ်လှုပ်ရှားမိရုံ လေးပါ။ သေချာစဉ်းစားကြည့်ရင် မှားယွင်းချင်လည်း မှားယွင်းသွားနိုင်တယ်ပေါ့ …။ အဲဒါကို ပြန်တွေးမိရင် ကိုကို နောင်တ,ရစရာ မဟုတ်လား။ တကယ်သာ မှားယွင်းခဲ့ရင် ကိုကို တစ်သက်လုံး နောင်တရ,နေရမှာ မဟုတ်လား …

ဖြူဟာ ကိုကို့လို လူမျိုးနဲ့ ထိုက်တန်တဲ့ မိန်းက လေးမှမဟုတ်ဘဲ။ …။ အဲဒီလို တွေးမိတိုင်း ကိုကို ဖြူ့ကို အားနာပြီး မျက်နှာပူနေတာ မဟုတ်လား …"

ပြောရင်းပင် ရင်ထဲက ကြေကွဲလာသည်။ ဖြူသည် လည်း ခံစားတတ်သည့် နှလုံးသားနှင့် လူသားတစ်ယောက်ပဲမို့၊ ပြီးတော့ … ကိုကိုဟာ ဖြူ တိတ်တခိုး လေးစားမြတ်နိုးရသည့် လူသားတစ်ယောက်ပဲမို့ … နီးစပ်တွယ်တာခွင့် ဆိုတာကို မက်မော မျှော်လင့်ချင်စိတ်မျိုး ဖြူ့မှာရှိခဲ့လျှင်လည်း ကိုယ့်ကိုယ်ကို အပြစ် မတင်ချင်ပါ။ ဒါပေမယ့် ကိုကို … စိတ်အတွေးကို ကိုကို့လိုလား

www.burmeseclassic.com

www.burmeseclassic.com



တောင့်တချက်တွေကို၊ ကိုကို့စည်းစနစ်ကျလှသည့် ဘ၀၏ ဖယား ကွက်တွေကို ဖြူက သိနေမိတာမို့ ...

"ကိုကို ... ဖြူ့အတွက် ပြန်ငဲ့ကြည့်မနေပါနဲ့။ ကိုကို့ရဲ့ ရှေ့ဆက်ရမယ့် လမ်းမှာ အားလုံး အဆင်သင့်ဖြစ်နေပြီ မဟုတ်လား ...။ တစ်ချိန်တုန်းက ဖြူ့ကို ဝေဖန်ခဲ့သလို ပဲ ပြတ်သားလိုက်စမ်းပါ ကိုကိုရယ်။ မိန်းမပီသတဲ့ သိမ်မွေ့တဲ့ ဇနီးလောင်းတစ်ယောက် ရှိနေပြီပဲဥစ္စာ"

ရင်ထဲမှာ ဘာမှ မကျန်ရစ်တော့ဘဲ စကားလုံးတွေ ကို လေထဲ လွှင့်ပစ်လိုက်ရသလိုမို့ တင်းကျပ်နေသည့် စိတ်တွေ အတော်အတန် လျော့ပါးသက်သာသွားသည်။ ဒါပေမယ့် ကြေကွဲ မှုကတော့ နှလုံးအိမ်ကို လွှမ်းမိုးနေဆဲပါပဲ ...။

ဘာကိုမှ မျှော်လင့်မထားပါဘဲလျက် ... မျှော်လင့် ချင်လာအောင် သူကပဲ ကြင်နာရိပ်တွေ ပြခဲ့တာကို အပြစ်လည်း မတင်ချင်တော့ပါ။ ကိုကိုပြည့်စုံဟာ ဘယ်လိုလူဆိုတာ သိထား လျက်နှင့်ပင် လွဲချော်ခဲ့ရသေးတာ မဟုတ်လား ...

အံ့သြစရာနော် ...

မိန်းမ မဆန်သည့်၊ မသိမ်မွေ့သည့် ဖြူ့အပေါ်မှာ စိတ်လှုပ်ရှားခဲ့မိသတဲ့ ...။

ကားရှေ့ဖုံးပေါ် လက်ထောက်ပြီး ရပ်လိုက်မိသည်။ မျက်ဝန်းအိမ်တွေ ပူနွေးနေပေမယ့် မျက်ရည်ကျချင်စိတ်လည်း မရှိတော့။ သူနှင့် ပတ်သက်လျှင် ဖြူ့နှလုံးသားသည် ထူးဆန်း စွာ ခွင့်လွှတ်နိုင်ခြင်းတွေ ပြည့်နှက်လို့နေခဲ့သည်။

သူ့ကို ငြိမ်းချမ်းစေချင်ခဲ့သည်။



ပျော်ရွှင်စေချင်ခဲ့သည်။

သူ တောင်းဆိုလာခဲ့လျှင် ဘာကိုမဆို ပေးဆပ်ဖို့ လိုက်လျောချင်ခဲ့သည် ...။

ဒါဟာ ဖြူဖြူစစ်မှ ဟုတ်ရဲ့လား ...။

တကယ်တော့ အဖြူသည် သူ့အတွက်ဆို သီးသန့် အဖြူတစ်ယောက် ဖြစ်နေခဲ့တာ ကိုယ့်ဘာသာ မသိလိုက် ...။

ခပ်ဖျော့ဖျော့ ကိုယ်ရနံ့နှင့်အတူ သူက အဖြူ့အနား ရောက်လာခဲ့သည်။ အဖြူ့ထံက မျက်ရည်တွေကို မျှော်လင့် သည်လား ...။

"အဖြူ ..."

အဲသည့်ခေါ်သံက နှလုံးအိမ်နံရံတွေထဲ ရိုက်ခါမြည် ဟီးလို့ ...။

"ကိုယ် ... ဟာ တကယ်တော့ အဖြူ့လောက် မပြတ်သား ရဲတဲ့ သတ္တိနည်းတဲ့ကောင်ပါ ...။ ကိုယ့်ကိုယ်ကိုယ် သိပ် အထင်ကြီးခဲ့မိတယ်။ ထိန်းချုပ်မျိုသိပ်နိုင်တဲ့သူ ... လို့။ ဒါပေမယ့် ဒါဟာ ဟန်ဆောင်တာပဲ မဟုတ်လား ...။ အမှန်ကို ရင်မဆိုင်ရဲတာ၊ ပျော့ညံ့တာ၊ သတ္တိနည်းတာ မဟုတ်လား"

"မဟုတ်ပါဘူး ကိုကိုရယ်။ ကိုကို့ ရွေးချယ်မှုက အမြဲတမ်း မှန်ပါတယ်"

"ကိုယ့်ကို လှောင်တာပေါ့"

"ဟင်အင်း ... ၊ စိတ်ခံစားမှုဆိုတာ အမြဲ အသစ်အသစ်

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နေတာပဲ မဟုတ်လား ကိုကိုရဲ့ ... ဦးနှောက်ကသာ မှန်ကန်တဲ့ ရွေးချယ်မှုကို ပေးနိုင်မှာပေါ့ ...”

“မဟုတ်ဘူး”

ကိုကို့ ပေါက်ကွဲသံကို သူမ ခုမှပဲ သေချာကြား ဖူးရသည်။ ဖြူသော အရေပြားပေါ်က သွေးနီဥတွေ ပေါက်ကွဲပြီး မျက်နှာတစ်ပြင်လုံး နီမြန်းလျက် မျက်ဝန်းအိမ်တွေထဲ နီရဲစိုစွတ် လာသည့် သူ့ကို နီးကပ်စွာ မြင်နေရသည့် အခိုက်အတန့်မှာ ... ကိုကိုပြည့်စုံ ဟူသော လူတစ်ယောက်ရှေ့မှာ ကိုယ့်ကိုယ်ကိုယ် အမြဲထိန်းချုပ်နေခဲ့သည့် အဖြူသည် ကယောင်ကတမ်းလို လွင့်ပါး ပျက်ကြေသော စိတ်တွေကို ထိန်းသိမ်းမရဘဲ သူ့ရင်ခွင်ထဲ အတင်း တိုးဝင်ဖက်တွယ်မိလေသည်။

“ကိုကို”

ဘာတွေ ဘယ်လို ဖြစ်ဖြစ် ...

သည် အခိုက်အတန့် လေးမှာတော့ ...။

ဆင်ခြင်တုံတရားတွေ၊ စည်းကမ်းဆိုတဲ့ ကြိုးတွေ၊ ခဏလေး မျက်စိမှိတ်ထားပေးပါကွယ် ...။



စကားမဆိုဖြစ်ဘဲ တစ်ယောက်လက် တစ်ယောက် ဆုပ်ကိုင်ပြီး စိန်ပန်းပြာပွင့်ဖတ်တွေ ခင်းသော လမ်းကလေးပေါ် အချိန်တွေ အကြာကြီး လျှောက်ဖြစ်ခဲ့ကြသည်။ အနာဂတ်မဲ့သော ဒုက္ခသည် သူမတို့ နှစ်ဦးအတွက် ဖြစ်သည်ဟု ဖြူက ယုံမှတ် ခဲ့သည်။ သူ့အတွက်ကတော့ သည်လို ဖြစ်ချင်မှ ဖြစ်လိမ့်မည် ပေါ့ ...။ ကိုကိုပြည့်စုံဟာ အကျည်းတန်တဲ့ နာကျင်မှုဆိုတာကို လက်ခံယူနိုင်မည့်သူမျိုး မဟုတ်ပါ ...

လှပသော အနာဂတ်တစ်ခုက သူ့ကို စောင့်ကြိုနေနှင့်ပြီးသားလေ ...။

www.burmeseclassic.com

www.burmeseclassic.com


အိပ်မက်လို အငွေ့သာထင်သော နေ့ရက်တစ်ရက် ဖြတ်သန်းကျော်လွန်သွားပြီး နှစ်ရက်မြောက်နေ့မှာတော့ ဖြူ မြင်ကွင်းရှေ့ကနေ ပျောက်ကွယ်သွားခဲ့ပါသည်။ သူ ပျောက်သွားပေမယ့် သူ့အကြောင်း သတင်းစကားတွေကတော့ ဖြူတို့ ဝါသ် ထဲမှာ၊ ဖြူအပါးမှာ ဝေ့ဝဲကျန်ရစ်နေဆဲပင် ဖြစ်သည်၊ သူကတော့ ဖြူ့ကို ပွင့်ပွင့်လင်းလင်း ဖွင့်ပြောအသိပေးဖို့ကိုပင် အားနာခဲ့ သည်ထင်ပါရဲ့ ...။

ဘယ်သူမှ မသိလိုက်သည့် ဖြူတို့နှစ်ဦးကြားက နွေးထွေးသည့် တိမ်မျှင်စလို ဆက်နွယ်မှုကလေးကိုပဲ ဖြူကတော့ ကျေနပ်စိတ်ဖြင့် ရှူးနမ်းဖွာ သိမ်းထားချင်သည်။ ခေါင်းအုံးအောက်မှာ ထားအိပ်စရာ ဓာတ်ပုံလေးတစ်ပုံပင် မရှိပေမယ့်၊ ရယ်မောနေစဉ်မှာ မျက်တောင်များဖြင့် ကွယ်လျက် မျက်လွှာချထားတတ်သော ...၊ တစ်ခုခုကို အာရုံစူးစိုက်နေလျှင် မျက်နှာကို မော့ပြီး မျက်ခုံးတွေ ကြုတ်ထားတတ်သော ...၊ ရှည်သွယ်နူးညံ့သော လက်ချောင်းများဖြင့် လူနာ၏ သွေးခုန်နှုန်းကို စမ်းသိပ်လေ့ရှိသော ...၊ သူ့ကို ကျီစယ်သည့်အခါ မျက်နှာ နီမြန်းလာပြီး လက်ကိုင်ပဝါဖြင့် လည်ကုပ်အစပ်က ချွေးစို့သည်ဖြစ်စေ၊ မစို့သည်ဖြစ်စေ ပွတ်သုတ်နေတတ်သော ...

သူ့ပုံရိပ်များစွာသည် ပိတ်ကားထက်က လိုပင် ဖြူ့ အာရုံထဲမှာ ထင်ထင်ရှားရှား စွဲမြဲနေခဲ့သ

ဘယ်လိုပဲ ဖြစ်ဖြစ်လေ ...။

ခွဲသွားရမှာပဲ ဆိုတာ သိပေမယ့် အပြစ်တင်လိုစိတ် မရှိ။ နာကြည်းစိတ် မရှိ။ အဲသ အပေါ် အမြဲ ကျေနပ်စိတ်တွေဟာ ဟိုအရင်ကတည်း ထဲမှာ ကိန်းဝပ်ဖြစ်တည်နေခဲ့သည် ထင်ပါရဲ့ ...။ ဖြူ့ အထင်သေး ရှုတ်ချခဲ့သည့် လူတစ်ယောက်ဟု သိပြီး နာလိုခံခဲ့ ဖြစ်ခဲ့ရဖူးပေမယ့် ပြန်ပြီး ဆုံဖြစ်ကြတော့ အလွယ်တကူပဲ ခွင့် လွှတ်ကျေအေးနိုင်ခဲ့သည်။

ဒါပေမယ့် ...

သူကတော့ ... သူ့ရဲ့ ဟန်ဆောင်ထိန်းချုပ်မြဲ စည်းစနစ်အတိုင်းပင် သူ့ရင်ထဲ ဖြစ်ပျက်သမျှ ဖြူ့ကို ဘာတစ်ခုမှ မသိစေရဘဲ သိုဝှက်သိမ်းဆည်းပြီး ကျောခိုင်းသွားခဲ့တာပါပဲ။

ပြီးတော့ သူဟာ ရင့်ကျက်လှသည့် လူတစ်ယောက် ဟန်ဆောင်ပြီး ဖြူ့ရှေ့မှောက် ပြန်ရောက်လာလိမ့်ဦးမည်။ သူ့ရဲ့ ဣန္ဒြေသိက္ခာ ပြည့်ဝသိမ်မွေ့သည့် ဇနီးသည်နှင့် အတူပေါ့ ... ,

သည်လို တွေးမိလျှင်ဖြင့် ... အဖြူသည် သူနှင့် နောက်ထပ်ဆုံရမည့် တစ်ရက်၊ တစ်နာရီ၊ တစ်မိနစ်ကိုမျှ ရင် မဆိုင်ချင်တော့ချေ ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၂)

ကျားမြာက နီရဲ မို့အစ်နေသော မျက်ခွံတွေကို အနိုင်နိုင် အားယူဖွင့်လျက် အဖြူ့ကို ကြည့်သည်။ ကျားမြာ၏ နီညိုရင့်ရောင် ဆံပင်တွေကို ခပ်ကြမ်းကြမ်း ပွတ်ပစ်လိုက်ရင်း အဖြူ အားပါးတရ ရယ်မောပစ်လိုက်ပါသည်။ အဲသည် အရယ်ကိုပင် ကျားမြာက မယုံနိုင်သလို ငေးစိုက်ကြည့်နေသေး၏။ ဘယ်လိုကြောင့် သည်လို ဆုံးဖြတ်မိသည် ဆိုတာ ကိုယ့်ကိုယ်ကို မသိပေမယ့် အဖြူသည် ဘယ်နေရာမျိုးမှာမဆို ကြံ့ကြံ့ခံ ရပ်တည်နိုင်လိမ့်မည်ဟု ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ကတော့ ခိုင်မာနေနှင့်ပြီးသား ဖြစ်သည်။

တစ်ယောက်တည်း အထီးကျန်သမားဖြစ်သည့် အဖြူက လှိုင်ကော်ပြည့်သူ့ဆေးရုံမှာ ပြန်ပြီး တာဝန်ကျပေမယ့် မိဘမောင်နှမ သိုက်သိုက်ဝန်းဝန်းနှင့် အမြဲမခွဲမခွာ နေလာခဲ့သည့် ကျားမြာက ရွာသစ်တိုက်နယ်ဆေးရုံမှာ တာဝန်ထမ်းဆောင်ရမည် ဆိုတော့ အပြင်လူတွေ နားမလည်နိုင်စရာပေမယ့် ကျားမြာတို့

www.burmeseclassic.com

www.burmeseclassic.com



မိသားစုခများမှာတော့ နေ့စဉ် မျက်ရည်စက်လက် ဖြစ်ရသည်။ စိတ်မချနိုင်ခြင်း၊ မခွဲခွာနိုင်ခြင်းအပြင် မြို့ပြက ခွာပြီး အစစအရာရာ နိမ့်ကျလျက် လိုအပ်ချက်တွေကလွဲပြီး ဘာမှ မရှိသည့် နေရာ တစ်နေရာသို့ တစ်ယောက်တည်း သွားရမည့် အနေအထားမျိုးကို ဘယ်သူက မျှော်လင့်ချင်မှာလဲ။ အဖြူတို့ သုံးယောက်မှာ ကျားမြွာသည် စိုးရိမ်စိတ် အကြီးဆုံးဖြစ်သလို၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချစိတ်လည်း အနည်းဆုံး ဖြစ်သည်။

ထို့ကြောင့်လည်း အဖြူသည် ကျားမြွာနှင့် နေရာချင်း လဲပြီး ရွာသစ်ဆေးရုံသို့ ပြောင်းရွှေ့ရန် လျှောက်လွှာ တင်ခဲ့သည်။ ဒါဟာ ဖြူဖြူစုံအတွက် စွန့်စားခန်း တစ်ရပ်မှ မဟုတ်တာဘဲ ...။ အဖြူ့ရဲ့ မွေးရာပါ ဗီဇကပင် အဲသည်လို ခက်ခဲကြမ်းတမ်းမှုတွေနှင့် သဟဇာတ ဖြစ်ခဲ့သည်လား မဆိုနိုင်ခဲ့ ...။

"တော်ပြီ ... ငိုမနေနဲ့တော့ ကျားမြွာ ...။ ဆေးရုံအုပ်ကြီးက ထောက်ခံပေးရင် အမြန်ဆုံး ပြင်ဆင်ချက် ထွက်လာမှာပဲ"

"မဟုတ်သေးပါဘူးဟယ်"

"ဟုတ်ပါတယ်ဆို ...။ ငါ အခုပဲ မမအိုဂျီကို မေးလာခဲ့ပြီးပြီ"

"နင် ဘာဖြစ်လို့ အဲဒီလို လုပ်ရတာလဲ...။ ငါ့မှာ မိသားစုက ဝိုင်းပြီး ပံ့ပိုးပေးလို့ ရဦးမယ်။ နင့်မှာက မိသားစုနဲ့လည်း အဝေးကြီး၊ အဆက်အသွယ်ကလည်း ခက်လိုက်သမှ ...။ နင် အဲလို မလုပ်ပါနဲ့ အဖြူရယ် ...။ ငါ သွားမှာပါ။ ကိုယ့်ကိုယ်ကိုယ် အားတင်းပြီး သတ္တိမွေးရမှာပေါ့"



ကျားမြွာကို ခုတင်ပေါ် ဆွဲထူလိုက်ပြီး ဝရန်တာသို့ ပခုံးက ဖက်ပွေ့ခေါ်လာသည်။ ကျားမြွာတို့ အိမ်ဝရန်တာလေးက ခပ်ကျဉ်းကျဉ်းပေမယ့် ဝရန်တာကနေ မြင်ရသည့် မြင်ကွင်းကလေးကတော့ စိတ်ကြည်နူးစရာ ကောင်းသည်။ မြေနီလမ်း၏ သည်ဘက်မှာ စည်းရိုးကိုယ်စီနှင့် တိုက်ပြားပြားကလေးတွေ ရှိပြီး၊ ဟိုတစ်ဖက်ခြမ်းမှာတော့ ဝါးရုံပင်တောတွေသာ ရှိသည်။ မြေနီလမ်းကလေးထိပ်မှာ ကတ္တရာလမ်းမ ရှိသည်။ လမ်းမ၏ တစ်ဘက်မှာတော့ ရေကန်ကြီး ရှိနေပြီး၊ အစိမ်းရင့်ရောင် ကြာဖက်များ၊ အနီနှင့်အဖြူရောင် ကြာပန်းများ၊ ဗေဒါအုပ်များကို သည်ဝရန်တာကလေးဆီကနေ လှမ်းမြင်နေရသည်။ ချမ်းစိမ့်လှသည့် ဆောင်းညများမှာပင် ဖြူတို့ သူငယ်ချင်းသုံးယောက် ဆုံမိလျှင် သည်ဝရန်တာလေးမှာ ဂစ်တာတစ်လက်ဖြင့် သီချင်းတွေ အော်ဟစ်ဆိုကြသည်။ ကောက်ညှင်းကြော်၊ တို့ဟူးကြော်၊ ရေနွေးတစ်အိုးဖြင့် စကားဝိုင်းဖွဲ့ကြသည်။ အဲသည်လို ညမျိုးကို နောက်ထပ် အချိန်ဘယ်လောက်ကြာမှ ပြန်ရနိုင်မှာလဲ ...။ ခုတော့ ချိုသည့်လည်း ပင်လောင်း ပြည်သူ့ဆေးရုံသို့ မကြာခင် သွားရတော့မည် ...။

"နင် မသွားနိုင်ပါဘူး ကျားမြွာရယ် ...။ သွားလည်း ဟိုမှာ နင် ကြာကြာနေနိုင်မှာ မဟုတ်ဘူး။ နင်နဲ့ငါက မတူဘူး ကျားမြွာ။ နင်က မိသားစုထဲမှာ တကယ့်အလိုလိုက်ခံ၊ အယုယခံ ... ပိုးကောင်လေးလို အမွေးခံခဲ့ရတာ။ အဲတော့ ... ကြမ်းတမ်းတဲ့ လူနေမှု စရိုက်တွေကို ရင်းနှီးဘူး၊ မပြည့်စုံတဲ့ ဒဏ်ကို မခံနိုင်ဘူး ...

www.burmeseclassic.com

www.burmeseclassic.com



ငါကတော့ ဒီလို မဟုတ်ဘူး။ မွေးကတည်းက ငါ့စရိုက်က ခပ်ကြမ်းကြမ်းရယ်။ သိတတ်တဲ့အရွယ်ကတည်းက မိဘစီးပွားရေးကို ဝိုင်းကူခဲ့ရတယ်။ အိမ်မှာလည်း ရေဆွမ်း၊ ထမင်းချက်၊ အဝတ်လျှော်တဲ့ အလုပ်ကစ,ပြီး ဈေးရောင်း၊ ဈေးဝယ်၊ ပိုက်ဆံသိမ်းတဲ့ အလုပ်အထိ အားလုံး လုပ်ဖူးတယ်။ အဲဒီကြားထဲက စာကြိုးစားခဲ့ပေမယ့် ကံကြမ္မာက ငါ့ဘက်မှာ မရှိပါဘူးဟာ။ ဆယ်တန်းအောင်တော့ ရိုးရိုးမေဂျာပဲ ရမယ့်အတူတူဆိုပြီး နာ့စ်ဆင် လျှောက်ခဲ့တာ။ အဲလိုနဲ့ ရန်ကုန်က ပင်လောင်း၊ ပင်လောင်းကနေ လှိုင်ကော် ရောက်လာတာ။ ပင်လောင်းက ဦးလေးတွေကလည်း ငါ့ကို သိပ်ကြာကြာ တာဝန်ယူချင်တာ မဟုတ်ဘူး။ ငါ့မိဘတွေကလည်း ငါ့အကြောင်းကို သိတော့ စိတ်ချပြီးသားပဲလေ ...။ မိဘဆိုပေမယ့်လည်း အမေက အရင်းမှမဟုတ်ဘဲ။ ဖေဖေရဲ့ နောက်မိန်းမဆိုတော့ အမေလိုတော့ နေရာတကာ စိုးရိမ်ပေးနေတာမျိုး မဟုတ်ဘူးလေ ...

ဒီတော့ ငါ့ဘဝက တစ်ယောက်တည်းပဲ ဆိုလည်း မမှားဘူး။ ဘယ်နေရာ ရောက်ရောက် ပြဿနာ မရှိဘူး။ အစားအသောက် အအိပ်အနေ ဆင်းရဲတဲ့ဒဏ်၊ ပင်ပန်းတဲ့ ဒဏ်၊ ဘယ်လို ဒဏ်ရာဒဏ်ချက်မျိုးမှ ငါ မကြောက်ဘူး။ ပြီးတော့ ... ငါနဲ့ ခွဲရလို့ ငိုမယ့်သူလည်း မရှိ။ ငါ့အတွက် စိုးရိမ်သောက ရောက်နေရာမှာမျိုးလည်း မရှိ"

"အံမယ် ... ငါတို့ ရှိတယ်လေ"



ကျားမြှာက အဖြူ့ပခုံးကို တွန်းပစ်ရင်း မကျေမနပ် ပြောသည်။ ဖြူ့ရင်ထဲမှာတော့ ဆုံးဖြတ်ချက်အတွက် ကိုယ့်ဘာသာ ကျေနပ်နေခဲ့ပါသည်။ ကိုယ့်ဘဝကို ကိုယ်စိတ်ကြိုက် ကိုယ့်ဘာသာ ဆုံးဖြတ်ခွင့်ရတာက ဘယ်လောက်များ ကျေနပ်စရာကောင်းလိုက်သလဲနော်။ ခုချိန်ထိတော့ ဘယ်သူ တစ်ဦးတစ်ယောက်ကမှ ဖြူ့ဆုံးဖြတ်ချက်တွေကို ဖျက်ဆီး တားမြစ်နိုင်သည့် အခွင့်အရေးမျိုး မရခဲ့ဖူးသေး ...။

ဒါပေမယ့် ...

သူ ဆိုလျှင်ရော ...။

အနိုက်အတာနဲ့ မေ့လျော့နေသည့် သူ့ကို ဖျတ်ခနဲ သတိရတော့ ရင်တစ်ခုလုံး သိမ့်ခနဲ လှိုက်ခါ နွေးထွေးသွားရသည်။ သတင်းစာထဲမှာ "စေ့စပ်ကြောင်းလမ်း ..." သတင်းတွေ၊ "လက်ထပ်ပြီးစီးခြင်း" သတင်းတွေချည်း ခုတလောမှာ ဖတ်မိနေသည်။ ဖတ်သာ ဖတ်ရလျှက် တကယ်တမ်းမှာ ဒေါက်တာကိုကိုပြည့်စုံဆိုသည့် အမည်တစ်ခုကို မြင်ရလျှင် ဘယ်လိုဖြစ်မည်ဆိုတာ ကိုယ့်ကိုယ်ကိုယ် မမှန်းဆတတ်။ ပုံလဲ ကျမသွားနိုင်ဘူးဆိုတာတော့ သေချာပါသည်။

ဒါပေမယ့် အဖြူဟာ စိတ်ထဲရှိသမျှ မျိုသိပ် ဟန်ဆောင်ဖို့လည်း မပိုင်နိုင်သူမို့ ...။

"ငါက ... မတရားဘူးပေါ့ အဖြူရယ် ...။ တကယ်တော့ ကံတရား အတိုင်းပဲဟာ။ ဘယ်တတ်နိုင်မလဲ။ ငါ ကိုယ်တိုင် မသွားချင်သလို နင့်ကိုလည်း မသွားစေချင်ပါဘူး"

www.burmeseclassic.com



ဆိုသည့် ကျားမြာ၏ အသံတိုးဖျော့ဖျော့ကို ကြားမိသည်။

"ဟင်အင်း ... , ငါကတော့ နင် တွေးသလို မတွေးပါဘူး။ အဲဒီလို နယ်စွန်နယ်ဖျား ဒေသတွေ ငါ သိပ်ရောက်ဖူးချင်တာ။ ပြီးတော့လည်း အဲဒီက တိုင်းရင်းသားတွေရဲ့ ဘဝကို တွေးကြည့်မိရင် ငါ ဆုံးဖြတ်လိုက်တာကို ငါ ဘယ်တော့မှ နောင်တမရဘူး။ နင်လည်း အမြင်ပဲ မဟုတ်လား။ ဆေးဝါးမမီလို့၊ ပိုက်ဆံ မတတ်နိုင်လို့၊ ကျန်းမာရေး ဗဟုသုတ မရှိလို့ တို့ဆီ ရောက်လာပြီးမှ ပျက်စီးတာတွေ ...

တချို့နေရာတွေမှာ ဆေးရုံကြီး ရှိနေပြီး ဆရာဝန်မရှိလို့၊ နွင့်ယူထားလို့ ဆိုပြီး မမွေးနိုင်တဲ့ လူနာတွေ ဒုက္ခရောက်ရတာ။ ဒီအထိ မလာနိုင်တဲ့သူတွေ လမ်းမှာတင် ဆုံးသွားလို့ ဖြစ်သလဲ့ သကြိုဟ်ခဲ့ရစာ ...။ အဲလို လူတွေဆီ ငါ သွားကြည့်ချင်တယ်။ တတ်နိုင်သလောက်တော့ ဖြည့်ဆည်းပေးချင်တယ် ...

ငါလို လူမျိုးမှလည်း သွားလို့ ဖြစ်မှာလေ။ မိသားစုနဲ့ ကလေးနဲ့ လူတွေကျတော့လည်း အဆင်မပြေဘူး၊ မဟုတ်လား"

"အဲလိုဆို ... ဆရာ့ကိုပါ ရွာသစ်ကို ခေါ်ပါလား။ သူလည်း လူပျိုပဲ"

"အံမယ်လေး ... ကျားမြာရယ်"



နှစ်ယောက်သား တွန်းထိုးပြီး ရယ်ကြရသည်။ ဝါသ်ချင်း မစာ့ဝေမယ့် ပြုနှင့် ပတ်သက်ပြီး ရင်နှီးရသည်မို့ ကျားမြာလည်း သူ့အကြောင်း အထိုက်လျောက်တော့ သိသည့်ပင်။ ကိုကိုပြည့်စုံရဲ့ စိမ်ကိန်းတွေထဲမှာ အဲသည့်လို ကြမ်းတမ်းချောင်ကျလှသည့် နေရာဒေသမျိုးတွေဟာ ဘယ်လိုများ ပါဝင်ပတ်သက်နေမှာပါလိမ့်နော်။ အထူးကုသမားတော်တစ်ယောက်ဖြစ်လိုလှသည့် ရည်ရွယ်ချက်ထဲမှာ ပိုက်ဆံငွေကြေးဆိုတာ မပါဝင်ဘူး ဆိုလျှင်တောင် ကိုကိုသည် ဝစ္စာဖြတ်လိုက်ဆန်ဆန်၊ စိတ်ကူးယဉ်တာမျိုး ဘယ်တော့မှ ဝါသနာပါသူ မဟုတ်ချေ။ လှိုင်ကော်လို မြို့ကြီးမှာတောင် ရန်ကုန်၊ မန္တလေးကလို ဖက်ထုပ်ကြော်၊ အသားလိပ်၊ ဟော့ပေါ့ ဆိုတာမျိုးတွေကို မကြာခဏ တောင့်တ ရေရွတ်နေတတ်သူမျိုး ....။

"ဟော့ ... ခုချိန်ဆို တို့ဆရာလည်း လူပျိုမှ ဟုတ်သေးရဲ့လား။ မင်္ဂလာဆောင်ပြီး နေလောက်ပြီးလား မသိ"

"အဲလောက်ကြီးတော့ မမြန်နိုင်ဘူး ထင်တာပဲ ကျားမြာရဲ့။ သူတို့လို လူမျိုး မင်္ဂလာဆောင်တယ်ဆိုတာ သိပ် အချိန်ယူရတာ ...။ ပိုက်ဆံလည်း အရမ်းကုန်တာ"

"အင်း ... စိတ်ထဲမှာ နှမြောသလိုလိုကြီးပဲနော်"

"အံမယ်"

အဖြူက မျက်လုံး ပြူးကြည့်လိုက်တော့ ကျားမြာက ဖော်ကလေး ပုဝင်သွားလျက် ဟီးဟီး ... ဟု အသံထွက်ရုံ ဖြေးဖြေး ရယ်လေသည်။ ဖြူလည်း ကျားမြာနှင့်အတူ လိုက်ရယ်ရင်းဖြင့် မျက်ဝန်းတွေထဲ ပူနွေးလျက် မှုန်ဝါးလာသည်။ လွမ်းမက်

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆိုတာ ကမ္ဘာဆန့်လှသည်လား ...။ စိတ်ကျူးယဉ်ချင်စရာလား။ သည်လို ဖော့တွေးမေမယ့် တစ်သက်တာမှာ ဆုံစည်းဖို့ မျှော်လင့်နေခွင့်ပင် မရခဲ့ဖူးဘူးဆိုတာကို သတိရလျှင်တော့ ရင်က အောင့်မျက်နှာကျင်ရပါသည်။

အချစ်'ဆိုတာကို မယုံကြည်ချင်သူမို့ ဖြူ့ကို ဒဏ်ခတ်သည်လား ...။

ဟင်အင်း ...

နောက်ထပ် မကြေကွဲချင်တော့ဘူးကွယ် ...။



# အခန်း(၉)

"Good Morning ပါ မမ"

"ဟာ ... ဆရာ ပြန်ရောက်တာနဲ့ တန်းပြီး ဂျူတီဝင်ပြီလား၊ မနားတော့ဘူလား"

"မနားပါဘူး မမရယ်။ လေယာဉ်နဲ့ဆိုတော့ ပင်ပန်းတာမှ မဟုတ်ဘဲ။ ကျွန်တော် စောစောရောက်တော့ မမလည်း သက်သာတာပေါ့"

"အံမယ်လေး ... ချစ်ဖို့ကောင်းလိုက်တဲ့ ပါးစပ်လေးပါလား နော် ..."

မမအိုဂျီက သည်လိုပြောပြီး ပါးစုန့်ကြီးတွေ မို့တက်လာအောင် ရယ်မောလေသည်။ အလုပ်ခွင်ထဲမှာ ပျော်တတ်သည့် ကိုကိုသည် တစ်ယောက်တည်း အထီးကျန်ငြိမ်သက်နေ

www.burmeseclassic.com

www.burmeseclassic.com



ရမည့် အိမ်ထဲမှာ ခဏတာဖြုတ်မင် မနားချင်တော့ပါ။ လွန်ခဲ့သည့် တစ်နာရီကျော်လေးကမှ ဖြိုးရှင်ရယ်မောလျက် ကြည်နူးပျော်ရွှင်ခြင်းများဖြင့် ခွဲခွာခဲ့ရသည့် အဆွေအမျိုး အသိုက်အမြုံ နွေးထွေးမှု ရုတ်တရက် ပျောက်ဆုံးပြီး ဖြုန်းစားကြီး ပြောင်းလဲသွားမည့် အခြေအနေကို ရင်မဆိုင်ချင် ...

လုပ်ငန်းခွင်ထဲမှာတော့ တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီသည့် လုပ်ဖော်ကိုင်ဖက်တွေ ရှိသည်။ သူ့ကို အားကိုး ပျော်လင့်ကြသည့် လူနာတွေ ရှိသည်။ သဘောမနောကောင်းပြီး စိတ်ထားပြည့်ဝသည့် သူ့အထက်က မမအိုဂျီ ရှိသည်။

ခန္ဓာကိုယ်က ဝ,ပေမယ့် ကျောင်းသူလေးတစ်ယောက်လို သွက်လက်တက်ကြွနေသည့် ကွန်ဆာလ်တင့်(န်) ဆာဂျင် မမသည် သူ့ကို နှုတ်ဆက်ပြီးသည်နှင့် ခွဲစိတ်ခန်းထဲဝင်ဖို့ ပြင်ဆင်နေရပြီ။ သည့်ကနေ့ ကြာသပတေးသည် ခွဲစိတ်ရမည့် လူနာတွေကို ခွဲစိတ်ရမည့် သတ်မှတ်နေ့ရက်ဖြစ်၏။

"ဆရာဝန် နည်းပါတယ် ဆိုမှ အေအက်စ်တစ်ယောက် ပြောင်းဖို့ ထရန်စဖာ ကျလာပြန်ပြီ ဆရာရေ့"

ဘလူးစတပ်ပ် ဆရာမကြီးက နားနေခန်းထဲ မဝင်ခင် သူ့ကို လှမ်းပြောသည်။

"မခင်ခင်ရွှေလား"

"အဟုတ်ပေါ့"

"သူက မိသားစုက မန္တလေးမှာဆိုတော့ မန္တလေး ပြောင်းချင်နေတာ ..."



## အခန်း(၁၂)

ထူးဆန်းစွာပင် ပြန်ရဖို့ ရက်တွေကို စိတ်မောမျှော်လင့်နေတာကလွဲပြီး ရန်ကုန်မှာ၊ အိမ်မှာ သူ အနားယူဖို့ အချိန်ဆိုတာ သိပ်မရှိခဲ့ရ။ နိုင်ငံခြားသင်တန်းက ပြန်လာလျှင် ရိုပို့တင်ရမှာမို့ ရန်ကုန်မှာ အချိန်ပိုရဦးမည်ဆိုလျှင် မိန်းကလေးဘက်နှင့် ညှိနှိုင်းစေ့စပ်ချင်သည်ဟု ဘွားဘွား ပြောလာမှ သူ့စိတ်ထွေထဲ ပူလောင်လှုပ်ရှား လာရတော့သည်။ ရန်ကုန်ရောက်ကတည်းက နီလာနှင့် အတူသွား အတူလာတော့ ရှိခဲ့သားပင်။ ဒါပေမယ့် ... စေ့စပ်ရမည် ဆိုတာတော့ မဖြစ်နိုင်ဘူးဟု ပြန်ပြီးကိုယ့်ဘာသာ ငြင်းဆန်နေမိ၏။ ကိုကိုပြည့်စုံအတွက် အိမ်ထောင်တစ်ခု မဖြစ်မနေ ထူထောင်ဖို့ မလိုအပ်သေးဘူး မဟုတ်လား။ ပြီးတော့ ... နီလာ့အပေါ်မှာ အပေါ်ယံထက်ပိုပြီး လိုက်လှဲမရတာကိုလည်း အားနာမိသည်။ အစည်းအဝေးအပြီး အိမ်ပြန်ရောက်လျှင် ဘွားဘွားက သူ့ကို ကြိုသည့် အကြည့်မှာ မေးခွန်းတစ်ခု...

www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်ခြင်းတွေ ပါဝင်သည်ဟု ထင်သည်။ တစ်ညနေမှာတော့ ထမင်းဝိုင်းပြီး ... ပြီးချင်းပင် ဘိုးဘိုးက သူ့ကို အပေါ်ထပ်လှေသာ ဆောင်မှာ မေးခွန်းတွေ တစ်ခုပြီးတစ်ခု မေးလေတော့သည်။

"မင်း အဘွားက မင်းဆီက သဘောထားကို ပြတ်ပြတ် သားသား သိချင်နေတယ်"

"သားကလည်း ပြတ်ပြတ်သားသား ပြောချင်နေတာ ကြာပြီ။ ဒါပေမယ့် ... မိန်းကလေးဘက်ကိုလည်း စကား အရိပ်အမြွက် ပြောထား၊ ကမ်းလှမ်းထားပြီးပြီဆိုတော့ ဘွားဘွားကို အားနာတယ်။ ဒီအသက်အရွယ် ရောက်မှ ကျွန်တော့်အတွက် လူကြီးတွေ မျက်နှာပျက်ရတာမျိုးလည်း မဖြစ်စေချင်ဘူး"

"ဟာ ... ဒီကိစ္စမျိုးဆိုတာ အားနာနေလို့ ဖြစ်တာမျိုးမှ မဟုတ်တာဘဲကွာ ... မင်း ဒီကောင်မလေးကို မကြိုက်ဘူး လား"

ဘိုးဘိုးက သည်လို တို့တိုး ပြောတော့လည်း ရှင်းပြရ ခက်နေပြန်သည်။ တစ်မျိုးပါပဲ ...။ ရင်ထဲက ပြဿနာ မဟုတ်လား ...

"မိန်းကလေးဘက်ကလည်း မင်းကို လေးစားနေတဲ့ သဘောမျိုးပါကွ။ ဒါပေမယ့် ကိုကိုရေ ...။ ဒီတစ်သက် အိမ်ထောင်မပြုတော့ဘူးလို့ ဆုံးဖြတ်ထားတာမျိုး မဟုတ်ဘူး ဆိုရင်တော့ ဒီကလေးမလေးဟာ မင်းနဲ့ သင့်လျော်ပါ တယ်ကွယ်။ မင်းလည်း အမြင်ပဲ မဟုတ်လား။ ရုပ်ရည်၊ ပညာအရည်အချင်း၊ မျိုးရိုး၊ စာရိတ္တအားလုံး မင်း ... လို

ချင်တဲ့ အနေထားမျိုးပဲ မဟုတ်လား။ ဘိုးဘိုးတို့လည်း အသက်ကြီးပြီ ဆိုပေမယ့် ... ခွကျကျ ရှေးအဘိုးကြီးမျိုး မဟုတ်ပါဘူးကွာ ...။ လူငယ်တွေရဲ့ သဘောကို နားလည် ပါတယ်။ အတင်းအကျပ် ပြောရမယ့် သူတွေလည်း မဟုတ်တာဘဲ ...

နေစမ်းပါဦး ...။ မြေးက အိမ်ထောင်မပြုချင်တာ လား ...။ ဒါမှမဟုတ် တစ်ရပ်တစ်ရွာမှာ ... သဘော ကျနေတဲ့ နှစ်သက်နေတဲ့ မိန်းကလေးများ ရှိနေသလား ..."

အသက်သုံးဆယ့်သုံးနှစ်၊ သားဖွားမီးယပ်ပါရဂူကြီး ဟု ကိုယ့်ကိုယ်ကိုယ် ရှန်းကျက်ပြီ ထင်ခဲ့သမျှ ဘိုးဘိုးရှေ့မှာ လူမျိုးပေါက်ကလေးတစ်ယောက်လို စိတ်ကျဉ်းကျပ် တုန်လှုပ်ဆဲ။ ဘွားဘွားက ရောက်လာခဲ့ပြန်သည်။

"တစ်နယ်တစ်ကျေးမှာ မသင့်မလျော် ဖြစ်သွားမှာလည်း စိတ်ပူတယ်ကွယ်။ ဒါ အမှန်ပြောတော ...။ ညီတုန်းကလည်း ဒီလို ဖြစ်မလား ဆိုပြီး စိတ်ပူခဲ့ရတာ 'မဟုတ်လား"

အဲသည်လို စကားမျိုးကို ရင်မဆိုင်ရဲတာ ...။

ခုနေများ ... ,

မိန်းကလေးတစ်ယောက်ကို သတိရမိကြောင်း သူ ဝန်ခံဖြစ်လျှင် ...

ဟောင်းခဲ့ပြီးသည့် တစ်ချိန်က ဈေးရှေ့မှာ ဘွားဘွား ကိုယ်တိုင် မြင်ခဲ့ရသည့် အဖြူကို ခုချိန်မှာ ပြန်မြင်ရလျှင် ဘယ်လို မှတ်ချက်ချလေမလဲ ...။ အဲသည် အချိန်တုန်းက ဘွားဘွား ရင်ဘတ်ပိရင်း စိတ်ပျက်လက်ပျက် ညည်းတွားခဲ့သည့်



www.burmeseclassic.com

www.burmeseclassic.com

ဟန်ကို အာရုံထဲ ပြန်မြင်ယောင်လျှင် စိတ်တွေက တုန်လှုပ်တွေဝေ ပြန်သည်။

"သားရယ် ...။ အိမ်ထောင်ပြုပြီးပြီဆိုရင် ဘွားဘွားတို့လည်း စိတ်အေးရတာပေါ့။ ပြီးတော့ ... ရန်ကုန်က ပြောင်းရရင်လည်း အိမ်ရှင်မ ရှိတော့ ထိန်းထိန်းသိမ်းသိမ်း ရှိတာပေါ့။ အိမ်လည်း ပိုပြီး ကျက်သရေ ရှိတာပေါ့ကွယ် ..."

"ဘွားဘွားကလည်း ...။ ကျွန်တော် တစ်ယောက်တည်း နေတော့ အိမ်က ကျက်သရေ မရှိဘူးပေါ့"

မိန်းမလို မိန်းမရ ပြောမိတာ ရယ်ချင်စရာပင်။ ကိုယ့်ဘာသာ ရယ်ချင်လာပြီး ဟက်ဟက်ပက်ပက် ရယ်ပစ်လိုက်မိသည်။ ဒါပေမယ့် ရယ်မောပစ်လိုက်ရုံဖြင့် သည်ပြဿနာ ပြီးဆုံးသွားနိုင်သည် မဟုတ်ဘူးဆိုတာလည်း သိသည် ...။

ကိုယ်တိုင် ... ဘာကို တွေဝေနေမှန်း မသိနိုင်တာက ခက်လှသည်။

အိမ်ထောင်ဆိုတာ ဘာအတွက်လဲ ...။

အချစ်ဆိုတာ ကရော ...။



ညီ့ကို မြင်ရစဉ်မှာ ရင်ထဲမှာ ချည်ခင်ထွေးလို ဖြစ်နေသည့် အရှုပ်တွေထဲက ခေါင်းပြူခွင့် ရလာသလို အသက်ရှူဝပြီး ပေါ့ပါးလန်းဆန်းသွားသည်။ ဖခင်တစ်ယောက် ဖြစ်လာတော့မည့် ညီသည် အသားတွေ ဖိုဖြူ ပိုဝလာပြီး ယခင် နုပျိုလှသော မျက်နှာလေးကတော့ ပိုပြီး တည်ငြိမ်လျက် အရောင် ပြောင်းသွားသည်။ ညီနှင့် နိုင်ငံခြားက ပြန်လာပြီးမှ တွေ့ရသည်။ ညီသည်လည်း နိုင်ငံခြားကုန်ပို့ သင်္ဘောပတ်နှင့်ပါသွားပြီး ကိုကိုနှင့် မရှေးအနှောင်းပင် ဆင်းလာ၏။ သင်္ဘောမှဆင်းဆင်းချင်း အိမ်မှာ အစ်ကိုဖြစ်သူကို ရုတ်တရက် မြင်လိုက်ရတော့ ညီသည် ကလေး တစ်ယောက်လို မြူးတူးနေ၏။ မွေးဖွားလုနီး ကိုယ်ဝန်နှင့် ဇနီး သည်က မိန်းမပီပီသသပင် မျက်စောင်းထိုးပေသည်။ သို့ပေမယ့်လည်း ညီကတော့ ဂရုစိုက်လှတာ မဟုတ်ချေ။

ညီအစ်ကိုနှစ်ယောက် ငယ်စဉ်ကလို ပခုံးဖက်ပြီး အိမ်ရှေ့လမ်းကလေးအတိုင်း လမ်းလျှောက်ရင်း စကားပြောဖြစ် သည်။ ညီက သူ့ချစ်ဇနီးကို ဇီဒီယိုမွေး သွားဦးမယ် ...ဟု အကြောင်းပြသည်။ သူတို့ အိမ်ရှေ့က လမ်းရှည်ကလေးသည်

www.burmeseclassic.com

www.burmeseclassic.com



ဝက်ပါလို ကောက်တိကောက်ကွေ့နှင့် အဆင်းအဘာ၏လည်း များပြီး အတော်ရှည်လျားသည်။ သစ်ပစ်ရိပ်လည်း ဂျားမါးလှတာ မို့ ညနေစောင်းမှာ၊ နံနက်စောစောတွေ ခုလို ညဘက်တွေမှာ လမ်းလျှောက်၍ ကောင်းသည်။

"ကိုကို ... မနီလာကို ဘာဖြစ်လို့ ငြင်းတာလဲ"

ဟု ညီက ခနီးသည့်ဆီမှ ကြားလာပြီး မေးသည်။ ညီ့ကိုကျတော့ သူ့မှာ ဖြေစရာအဖြေ အဆင်သင့်ရှိသည်။ ဖြေလည်း ဖြေရသည်။

"မချစ်လို့ပေါ့ကွာ"

"ဗျာ"

သည်တစ်ခါတော့ ညီက အံ့ဩတကြီး ဖြစ်လာသည်။ ညီ ဘာကြောင့် အံ့ဩရသည် ဆိုတာကို သူ နားမလည်နိုင်။ အချစ် ... ဆိုတဲ့စကားကို ... ကိုကို့ထံက ကြားရလို့လား ...။ ညီ့အံ့ဩခြင်းကိုပင် သူက ပြန်ပြီး အံ့ဩနေမိသေးတော့ ...။

"ဒါဆို ... ဘယ်သူ့ကို ချစ်တာလဲ ..."

"မသိဘူးလေ"

"ဟာ ... ကိုကို အကြောင်းကြောင်း မလုပ်နဲ့။ ကိုကို နယ်မှာ ရည်းစားရနေပြီလား။ ညီ့ကို ပြောပြဦး။ ဘာလူမျိုးလဲ။ ဗုဒ္ဓဘာသာမှ ဟုတ်ရဲ့လား"

ညီ စိုးရိမ်တာတွေကို ရိပ်မိရပြီး ဟက်ဟက်ပက်ပက် ရယ်မောမိသည်။ သူ့အတွက် အားလုံးက ဝိုင်းပြီး စိုးရိမ်ပူပန်ပေးကြတာကို သူ နားလည်နိုင်သလို အားတုံ့အားနာလည်း ဖြစ်ရသည်။



အင်းလေ ...

ဘယ်သူမှ မလွန်ပါဘူး ...။

ဒါပေမယ့် သူ့အတွက် ညီ့ထံက တစ်ခုခုကို ကြားချင်မိသည်။ ဆုံးဖြတ်ချက်၊ ဝေဖန်စကား၊ ငြိုငြင်မှု၊ ဘယ်တစ်ခုပဲ ဖြစ်ဖြစ်ပေါ့လေ ...။

အဲသည်လို ကြားလိုက်ရမှလည်း လောလော လတ်လတ် ခံစားနေရသည့် စိတ်ဒုက္ခတွေက လွတ်မြောက်နိုင်မည် ထင်မိ၏။ ပြီးတော့ ... ရှုးသွပ်သည်ပဲ ဆိုဆို သူ့ရင်ထဲမှာ ဘာတွေ ရှိနေသည် ဆိုတာကို ညီ သိနိုင်လိမ့်မည် ထင်၏။ သူ့ ခံစားချက်တွေကို ညီက မှန်ကန်စွာ ဘာသာပြန်နိုင်လိမ့်မည် ထင်မိသည်။

"အမြူ့ကို ညီ ... ဘာကြောင့် ချစ်ခဲ့တာလဲ"

"ဗျာ"

ညီက မျှော်လင့်ထားသည့် အဖြေ မဟုတ်သည့်အတွက် ရုတ်တရက် ကြောင်အမ်းသွားသည်။ မိနစ်ပိုင်းမျှပင် ကြာသည်ထင်၏။ ခြေလှမ်းတွေ တုံ့ခနဲ ရပ်လိုက်ပြီး ညီက သူ့ဘက်လှည့်လာသည်။ သူ့မျက်လုံးတွေထဲ စိုက်ကြည့်သည်။ သည်လောကကြီးမှာ သူနှင့် အနီးကပ်ဆုံးက ညီသာဖြစ်သည်ဟု ယုံကြည်ခဲ့သည် ...။ အမြူ့ရဲ့ 'ကိုကို' ခေါ်သံသည်ပင် ညီ့ ခေါ်သံနှင့် တူလှသည်မို့ ရုတ်တရက် စိတ်ထဲမှာ ကြည်နူးခဲ့ရတာ ...။

"အမြူနဲ့ ပတ်သက်ပြီး ပြောစရာ ရှိနေတာလား"

"မေးတာကို အရင်ဖြေကွာ"

ညီက ကျစ်ခနဲ စုတ်သတ် ညည်းတွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ချစ်တာကို ဘာကြောင့်လို့ ဘယ်လိုပြောရပါမလဲ ကိုကိုရ။ ချစ်စရာကောင်းလို့လို့ ထင်တာပဲ"

"နီးစပ်မှုကြောင့်ရော ... မဖြစ်နိုင်ဘူးလား"

"ဖြစ်နိုင်တာပဲ ... ဆိုပေမယ့် အမြူနဲ့ကျတော့ မဖြစ်နိုင်ဘူးလေ။ ညီမှာ နီးစပ်စရာ မိန်းကလေးသူငယ်ချင်းတွေ အများကြီးပဲဥစ္စာ၊ ဒါပေမယ့် အမြူက ထူးခြားတယ်၊ တခြား မိန်းကလေးတွေနဲ့ မတူဘူး။ အဲဒါကို သတိထားမိပြီး ချစ်သွားတာ ထင်ပါရဲ့ ...

ဒါပေမယ့် ... ကိုကို ..."

ညီစကား ရုတ်တရက် ရပ်သွားသည်။ ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက် ထိုးသွင်းလျက် ရပ်နေသည့် ညီသည် မျက်နှာတွေ ကုပ်ကျပြီး ဖိနပ်ဦးတည်ရာ မြေကြီးကိုသာ စူးစိုက်ကြည့်နေခဲ့၏။ ရှေ့ဆက်ဖို့ စကားတွေ တွန့်ဆုတ်ချင်သည်။ သို့ပေမယ့် တင်းကျပ် ပိတ်ဆို့နေသည့် အခြေအနေတစ်ခုကနေ ရုန်းထွက်ချင်သည်။

သည့်ထက် ပိုပြီး ပြတ်သားရဲဝံ့ချင်တာ မဟုတ်လား။

ကလေး ... ရယ် ...

ကိုယ့်ရင်ထဲမှာ အလွမ်းတွေချည်း ပြည့်သိပ်နေတာ အံ့ဩစရာပါပဲ။ နှင်းတွေ သိပ်သည်းနေပြီး မာကျူရီမီးရောင် အလင်းတန်းထဲမှာ ပြန့်ကြဲဝေ့ဝဲနေသည့် နှင်းမှုန်တွေကို မြင်နေရသည့် အလင်းရောင်မဲ့သည့် နံနက်ခင်းလေးတစ်ခု ...။

အေးစက်နေသည့် လက်ဖဝါးနှင့် လက်ချောင်းရှည်ရှည်လေးတွေရဲ့ အတွေ့ ...။



ရင်ခုန်ခြင်းတွေကို မထိန်းသိမ်းနိုင်ဘဲ လက်ဖမိုးလေးကို နှုတ်ခမ်းဖြင့် ထိရုံ နမ်းရှိုက်မိတာကို ... ယောကျ်ားတစ်ယောက်ရဲ့ သာယာလိုမှု သက်သက်တဲ့လား ...။

ငြင်းဆန်ခဲ့ပေမယ့် သည့်ထက်ပိုပြီး သေချာခိုင်မာသည့် အကြောင်းပြချက်ကိုလည်း ကိုယ့်ဘက်က မပေးနိုင်ခဲ့ဘူးလေ ...။

"အမြူ ... ကို ... ချစ်နေတာလား"

ညီက ရုတ်တရက် ခေါင်းမော့လာပြီး သူ့မျက်လုံးတွေထဲ ထွင်းဖောက်ကြည့်လျက် မေးလေသည်။

www.burmeseclassic.com



လ,ရောင်က တဖြည်းဖြည်း မြင့်တက်လာသည်။ လမ်းထိပ်နှင့် နီးလာတော့ ဆက်မသွားဖြစ်ကြဘဲ လမ်းကလေး၏ အမြင့်ဆုံး ကုန်းထိပ်မှာ ရပ်မိကြ၏။ ကြွေပြားအစိမ်းရောင်တွေ ကပ်ထားသည့် စည်းရိုးနံရံမှာ မှီရပ်မိသည်။ ညီက သူ့လက်ချောင်းတွေကို တင်းတင်းကျပ်ကျပ် ဆုပ်ညှစ်ထား၏။

"အဲဒါ ... ကိုကို ... အဝေးမောင်းနေတာ ...။ ကြောင်နေတာ"

ညီတုန်းကတော့ ...

[အဲဒီ မိန်းကလေးနဲ့ဆို သဘောမတူနိုင်ဘူး]

ဟု ဘို့ဘက်က ပြတ်ပြတ်သားသား ပြောခဲ့ဖူးသည်။ ညီရဲ့ ဆန္ဒ၊ ထင်မြင်ချက်၊ အယူအဆတွေကို မှားယွင်းသည်လို့ သူက ထင်ခဲ့တာကိုး ...။

"ညီတို့နှစ်ယောက် ချစ်ခဲ့တာလည်း အမှန်ပဲ။ လမ်းခွဲခဲ့ရတာလည်း အမှန်ပဲ။ ဒါပေမယ့် အဲဒါ ကိုကို့ကြောင့်မှ မဟုတ်ဘဲ ...။ အမှန်အတိုင်း ဝန်ခံရရင် သူနဲ့ ဝေးသွားပြီး တခြားမိန်းကလေးတွေနဲ့ ပိုပြီး ကျယ်ကျယ်ပြန့်ပြန့်



ဆက်ဆံလာရတဲ့အခါ ညီမြင်တွေက သူ့တစ်ယောက်တည်းအပေါ်မှာ တည်ငြိမ်အောင် ထိန်းမထားနိုင်ခဲ့ဘူး ...

အဲဒီ အပြောင်းအလဲမှာ ခင်လေးနဲ့ ဆုံရတာ ...။ ခင်လေးဟာ ကိုကို့ရဲ့လူကြီးတွေ သဘောကျသလို ယိမ်းမှုပြီး မိန်းမပီသတယ်၊ အေးဆေးတယ် ...။ အဲဒီ ယိမ်းမှု့ အေးဆေးတဲ့ ဟန်ကလေးက ညီကို ဆွဲဆောင်သွားနိုင်ခဲ့တာ။ ဘွားကလည်း အဲလို ဖြစ်မယ်ဆိုတာ သေချာသိလို့များ ညီကို ခင်လေးတို့အိမ် အလွှတ်ခိုင်းလိုက်သလားတော့ မသိဘူး။ မြင်မြင်ချင်းပဲ ခင်လေးကို ချစ်မိသွားတယ်"

လူ့ရွာသစ် လိုတရ(ဆုတောင်းပြည့်)ဘုရား အိမ်ကို ကြွသည့်နေ့မှာ ဘွားဘွားက ညီကို ခင်လေးတို့အိမ် အလှူဖိတ်စာ ပိတ်ခိုင်းလိုက်သည့် ဆိုတာ သတိရလိုက်သည်။

"အချစ်ဆိုတာ ဆန်းကျယ်ပါတယ် ကိုကိုရာ ...။ ပြီးတော့ ဘယ်ဟာ အမှန်၊ ဘယ်ဟာ အမှားလို့လည်း သေချာ ထောက်ပြလို့ ရတာမျိုး မဟုတ်ဘူး။ အဖြူကိုလည်း ချစ်တယ် ... ဆိုတဲ့ ရင်ထဲက လှုပ်လှုပ်ရှားရှား ခံစားမှုမျိုးနဲ့ ချိမ်နေတာပဲ။ ဒါပေမယ့် ... ခင်လေးကို တွေ့တော့ အဖြူကို လွယ်လွယ်ကူကူ မေ့နိုင်ခဲ့တယ် ...

ဒါပေမယ့် ... သေချာတာ တစ်ခုကတော့ အချစ်ဆိုတာ ဘဝကို ပြည့်စုံအောင် ဖြည့်ဆည်းပေးနိုင်တဲ့ အရာပဲ ...။ ပိုပြီး လှပအောင် တန်ဆာဆင်ပေးနိုင်တဲ့ အရာပဲ ...။ ပြီးတော့ ... ဘဝကို ပိုပြီး တပ်မက်စေနိုင်သေးတယ် ...။ ပိုပြီး တွယ်ငြိစေနိုင်သေးတယ် ...

www.burmeseclassic.com

www.burmeseclassic.com



အဲတော့ … ကိုကို့ စိတ်ထဲမှာ ချစ်နေပြီလို့ ထင်ရင် ရဲရဲသာ ချစ်လိုက်စမ်းပါ”

အားပါးတရ ပြောပြီး ညီက တဟားဟား အော်ရယ်လေသည်။ သူကတော့ … တစ်ချိန်က ညီ့အပေါ် သူ တင်းကျပ်ခဲ့သမျှတွေအတွက် (မှန်သည်ဟု ယုံကြည်ခဲ့တာတောင်) နည်းနည်း ရှက်ရွံ့အားနာရသည်။

“အဖြူက မနုးညံ့လှဘူး ဆိုရင်တောင် နည်းနည်းတော့ ပျော့ပျောင်းသိမ်မွေ့လာပြီ မဟုတ်လား ကိုကိုရ …။ ညီက … အဖြူ့စိတ်ရင်းကို သိနေလို့လည်း စိုက်တွန်းရဲတာပါ … နော် …။ ဒါပေမယ့် … အိမ်ထောင်ကျပြီးမှ ခုနစ်သံချီ အော်ရယ်တာမျိုး လက်မြန်ခြေမြန် ရှိတာမျိုးကို သည်းမခံနိုင်ဘူး ဆိုရင်တော့ မတတ်နိုင်ဘူးပေါ့ ကိုကိုရာ …။ အဲဒီအချိန်ကျမှတော့ ညီ မြှောက်ပေးလို့ ဆိုတာမျိုး မဖြစ်စေနဲ့နော် …”

ညီကတော့ ရယ်နိုင်လေသေးသည်။ ညီ့ရှေ့မှာ သူ တဖြည်းဖြည်း သေးငယ် ကျုံ့ဝင်သွားသလို ခံစားနေရသည်ကို ညီကတော့ မသိပါ။ ဒါပေမယ့် … သည့်ထက်မက မြန်ပြီး ခံစားပေးဆပ်ရမည် ဆိုလျှင်တောင် ရင်ထဲက တဖြည်းဖြည်း ရစ်ပတ်လာပြီးခဲ့သည့် အချစ်ကို မြန်ပြီး ဆွဲနုတ်မရနိုင်ဘူးဆိုတာ ခုတော့ ကိုကို နားလည်ပြီ။

ညီ့ရှေ့မှာ ခုလို ဝန်ခံရဲဖို့၊ ကိုယ့်ကိုယ်ကိုယ် ဝန်ခံရဲဖို့ … သတ္တိတွေ၊ အင်အားတွေက ဘယ်လိုများ ရ,လာခဲ့တာပါလိမ့် …။



ကွန်မျူတာထဲ ထည့်ထားသလို … အစီအရီ ပြည့်သိပ်နေသည့် မကြာသေးခင်က အတိတ်နေ့ရက်ကလေးတွေက လှုပ်းဆွတ်ခြင်းတွေသာ ရှိနေသည့် နှလုံးသားထဲမှာ အမြဲ ရှင်သန် အသက်ဝင်နေခဲ့သည်။ အဖြူ့ကို မေ့လို့ မရဘူးကွယ် …

နီးနီးစပ်စပ် ငြိတွယ်တာမျိုး မရှိခဲ့ဖူးဆိုတာ …။

“ညီ”

“ဗျာ”

“ခုလို ပြောဖို့ တော်တော် ကြိုးစားခဲ့ရတယ်”

ညီက ပခုံးတွန့်ရင်း ဓာတ်လိုက်ဆန်ဆန် ပြုံးရယ်လေသည်။

“ကိုယ့်ကိုယ်ကိုယ် … လည်း အထပ်ထပ် ဆန်းစစ်ခဲ့ရတယ် …။ ကိုယ့်အပေါ် အမြဲ ဖိစီးနေတဲ့ ကိုယ်ကိုယ်တိုင် သတ်မှတ်ခဲ့တဲ့ စည်းမျဉ်းတွေ၊ ဥပဒေသတွေ … စံချိန်တွေကို ကိုယ်ဘာသာ ရိုက်ချိုးဖျက်ဆီးဖို့ဆိုတာ တော်တော်ကို မလွယ်တဲ့ အလုပ်ပဲ နော် …။ ယဉ်ကျေးသိမ်မွေ့ရမယ်၊ ပညာတတ်ရမယ်၊ မျိုးရိုး မြင့်ရမယ် … အဲဒီလို သတ်မှတ်ချက်တွေနဲ့ … ဒီနေ့အထိ နေလာခဲ့တာ …

ဒါပေမယ့် … ရင်ထဲမှာ မမြင်နိုင်တဲ့ ကြိုးက ပိုပြီး ခိုင်နေတယ် …။ အဲဒီလို မိန်းကလေးတစ်ယောက်ကို ချစ်မိသွားမယ် … လို့ …

ကိုယ့်ကိုယ်ကိုယ်တောင် မယုံနိုင်ဘူး ဖြစ်နေတယ်”

“သူ့ကို ဖွင့်ပြောပြီးပြီလား ကိုကို …”

မသိစိတ်ဖြင့် စက်ရုပ်တစ်ရုပ်လို ခေါင်းယမ်းမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ... နောင်တ ရနေလိမ့်မယ် ... တဲ့ ...။ သူဟာ ကိုယ်နဲ့ ထိုက်တန်တဲ့ မိန်းကလေးမျိုး မဟုတ်ဘူးတဲ့ ...။ ကိုယ့် ... ရင်ထဲမှာ ရှိနေတာကို သူ သိတယ် ...။ ကိုယ့် တွေဝေနေတာကိုလည်း သူ သိတယ် ..."

"တကယ်ပဲ ... သူ့ကို လက်မထပ်ရဲဘူးလား ..."

"လူကြီးတွေကို ဖွင့်မပြောရဲဘူး ...။ သဘောမတူမှာ၊ ခြင်းလိုက်မှာမျိုးကို စိုးရိမ်တာ မဟုတ်ဘူး။ ရှက်တာ ...။ အဖြူ ... လို့ ဖွင့်ပြောလိုက်ရင် ကိုယ့်ကိုကြည့်မယ့် အကြည့် တွေကို ရင်မဆိုင်ရဲဘူး ..."

"ညီ့ကိုတော့ရော ..."

"ညီက ... နားလည်ပေးနိုင်မယ် ထင်တယ်လေ ..."

ရုတ်တရက် ညီက ကိုကို့ပခုံးကို ဆွဲဖက်ပြီး အော် ဟစ်ရယ်တော့ အတော်ကြီး ရှက်သွားမိပါသည်။

"တကယ်တော့ ညီ့အစ်ကိုက ကလေးပဲ ရှိပါ သေးလား ..." တဲ့။ သည်စကားတစ်ခွန်းနှင့်ပင် ညီ ကလေ့စားချေ တာ လုံလောက်ပြီပဲ ... သူက သတ်မှတ်မိသည်။ နောက်တော့ ညီ့လိုပင် ခေါင်းကို လှန်လျက် ကောင်းကင်နှင့် မျက်နှာချင်းဆိုင် လျက် အကျယ်ကြီး အော်ရယ်မိသည်။ သည်လိုဆိုတော့ စိတ် အစဉ်က သန့်ရှင်း စင်ကြယ်သွားသလိုပဲ ...။

[ကိုကို့ ရွေးချယ်မှုဟာ အမြဲတမ်း မှန်ပါတယ်] ... တဲ့။

သူမက သည်လိုပဲ ယုံကြည်စိတ်ချခဲ့မှတော့ ဘာကို တွေဝေနေစရာ လိုတော့လဲ။ ဝေးနေရသည့် ရက်တွေမှာ တယ်မှ လွမ်းဆွတ်ခဲ့ရသည်ဆိုတာ ကိုယ်တိုင် အသိဆုံးပဲ မဟုတ်လား ...။ ခဏလေး ဆုပ်ကိုင်နမ်းမွေးခဲ့ဖူးသည့် လက်ဖမိုးလေးကိုပင် အိပ်မက် ထဲမှာလည်း ဖွဖွနမ်းမိသည် ...။ ပြီးတော့ "ချစ်တယ်" လို့လည်း အားတင်း ပြောခဲ့သည်။

ဖြူကတော့ မယုံနိုင်ဘူး ... တဲ့။

အပြန်ခရီးမှာ မျှော်လင့်ချက်ဖြင့် စိတ်စောပြီး တက်ကြွ နေခဲ့သည်။ တစ်သက်တာလုံး ခိုင်မာစွာ ယုံကြည်လာခဲ့သည့် စိတ်အစွဲတွေကို ဖျက်ဆီးရိုက်ချိုးနိုင်သည့် အင်အား တွေ ရှိနေသည် ဆိုမှတော့ 'အချစ်'ဆိုတာကို သူ မယုံကြည်နိုင်စရာ မရှိတော့ ...။

ခပ်သေးသေးစွာစွာ ရန်တွေ့သံလေးကို အာရုံမှာ ကြားယောင်ရင်း ရူးသွပ်သူတစ်ယောက်လို ... တစ်ယောက်တည်း ပြုံးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျားမြှာက သူ့ကို မြင်လိုက်တော့ မျက်လုံးလေး အဝိုင်းသားဖြင့် အံ့သြဟန်ပြသည်။ နောက်တော့ ခြံစည်းရိုးတံခါးဆီ ဝမ်းသာအားရ ပြေးလာသည်။

"ဆရာ ... ပြန်ရောက်ပြီလား ..."

တဲ့ ...။ ယခင်က အမြဲလို လှုပ်ရှားသက်ဝင်နေသော ဝါးရုပ်ပင်ရှေ့က ခြံဝင်းကလေးသည် ခုတော့ ထူးခြားစွာပင် ဆိတ်ငြိမ်နေသည်။

"ညနေ ဖလိုက်နဲ့ ပြန်ရောက်တယ် ...။ ဝါ့သိထဲ မသွားသေးဘဲ ရေမိုးချိုးပြီး ဒီကို တန်းလာတာ ...။ အိမ်မှာများ ရှိကြမလားလို့ ...။ ပုစွန်ခြောက်တွေ၊ ငါး ခြောက်တွေလည်း ဆေးရုံထဲ ယူမသွားချင်တာနဲ့လေ ..."

ကားနောက်ခန်းထဲက ပလတ်စတစ်ခြင်းကို ယူထုတ်ရင်း အလောတကြီး ဖြစ်နေသည့် စိတ်ကို အလိုလိုက်လျက် မျက်လုံးက ဖွေရှာမိသည်၊ ညနေခင်းမို့ ဂိုဒေါင်ဘက်က အလုပ်သမတွေကိုပင် မမြင်မိတော့ ...။ ခြောက်နှာရှိမှ ဂျူတီလဲမှာမို့လို့လား ...။



လက်ပတ်နာရီကို မသိမသာ ငုံ့ကြည့်မိသည်။

"အဖြူကော့ မရှိဘူး ဆရာရဲ့ ...။ ချိုလည်း ပင်လှောင်း သွားလိုက်ပြီ။ ကျွန်မ တစ်ယောက်တည်းလေ ..."

"ကျားမြှာက ရွာသစ်ဆို ...။ မသွားရသေးဘူးလား ...။ ခဏ ပြန်လာတာလား"၊

ကျားမြှာ၏ အပြုံးက နွမ်းရော်လှသည် ထင်မိ၏။ [ကျားမြှာ တစ်ယောက် သနားပါတယ် ...။ မဲဇာ ရောက်သွားလို့ တငိုငို တရယ်ရယ် ... နဲ့]ဟု အဖြူ ညည်းညည်းညူညူ ပြောခဲ့တာကို သတိရမိသည်မို့ ကျားမြှာကို သည်မှာ မြင်လိုက်ရတော့ ဇဝေဇဝါ ဖြစ်သွားခဲ့ရတာ ...။

"ဆရာ မသိသေးဘူးဘဲ ..."

"ဘာကိုလဲ .."

"အိမ်ထဲ ဝင်ပါဦးလား ဆရာ ...။ ဆရာ့ကြည့်ရတာ အလောတကြီး ဖြစ်နေပုံနဲ့ ဘာတွေများ အရေးကြီးနေလဲ"

လက်ထဲက ပလတ်စတစ်ခြင်းကို ဆွဲယူလိုက်ရင်း ကျားမြှာက ကျီစယ်ဖြိုးဖြင့်ပြောသည်။

[မဝင်တော့ပါဘူး]ဟု ငြင်းဆန်မည် ကြံဆဲမှာပင် ...

"အဖြူက ရွာသစ်ကို သွားပြီ ဆရာရဲ့ ...၊ ဒီနေ့ဆို ဆယ့်သုံးရက်တောင် ရှိပြီ"

ဟု အပြောမှာ ခြေထောက်တွေ ဆက်ပြီး မရပ်[illegible] နိုင်လောက်အောင် အင်အားတွေ မဲ့ပြီး အံ့သြဝမ်းနည်း[illegible]သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အဖြူဟာ ... သူ့ကို ပုစ္ဆာတွေ အများကြီး ပေးနိုင်သူပါလား ...။

## အခန်း(၁၃)

စီးကရက်မီးခိုးငွေ့တွေ လေထုထဲ လွင့်တက်သွားသည်ကို လိုက်ငေးကြည့်မိသည်။ မီးရောင် ဝါကျင့်ကျင့်သည့် ဝန်းကျင်ကို၊ အထိုက်အလျောက် အလင်းရောင် ပေးနိုင်ပေမယ့် လ,ရောင် လင်းလက်ဖြာကျနေသည့် လမ်းကလေးကတော့ မီးရောင်ထက်ပိုပြီး အေးမြစွာ လှမ်းမြင်နိုင်သည့် လ,ရိပ်ကြောင့် ငြိမ်းချမ်းစွာ ဆိတ်ငြိမ်နေသည် ထင်ရ၏။ သည်လမ်းကလေးထက်မှာ လွန်ခဲ့သည့် သုံးလခန့်က ရင်ခုန်သံတွေနှင့်အတူ လျှောက်ခဲ့ဖူးသည်။ သည်လို ညဥ့်နက်နက်မျိုးတော့ မဟုတ်။ အလင်းရောင် မပေါ်သေးသည့် နံနက်စောစောကြီးမှာ ...။ ပြီးတော့ ... ချစ်နေမိသည်ဟု ခုမှ နားလည်နိုင်သည့် မိန်းကလေးတစ်ဦးနှင့် အတူပေါ့ ...။

ခုတော့ ... သူ့အနားမှာ သူမ မရှိ။ သို့ပေမယ့် အဖော်တစ်ယောက်တော့ ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ညီ ... ဘယ်တုန်းကတည်းက စီးကရက်သောက်တတ်နေသည် ဆိုတာ သူ မသိပါ။ ညီ့ နှုတ်ခမ်းမှာ စီးကရက်ဖြူဖြူ တွဲခိုနေသည်ကို အံ့ဩနေမိဆဲမှာပင် ညီက ...

"လောကကြီးဟာ အမြဲတမ်း ပြောင်းလဲနေတာပဲနော်"

ဟု သဘာဝဓမ္မ ဆရာတစ်ယောက် လေသံလို တည်တည်ငြိမ်ငြိမ် ပြော၏။ သူကတော့ ညီ့စကားမှာ တွေဝေနေဆဲပင် ...။

"လူတွေရဲ့ စိတ်နဲ့ လိုအင်ဆန္ဒတွေ ဆိုတာလည်း ပြောင်းလဲနိုင်တာပဲ။ အကျင့်စရိုက် ဆိုတာလည်း ပြောင်းလဲနိုင်တာပဲ။ ဒါပေမယ့် ... အဲဒါတွေ နားလည်နိုင်ဖို့ကျတော့ အချိန်နဲ့ အတွေ့အကြုံတွေ လိုတယ်"

အိမ်ထောင်သည်တစ်ယောက် ဖြစ်သွားသည့် ညီက သူ့ထက် ပိုပြီး ရင့်ကျက်နိုင်သည်လား ...။ သူကတော့ တိတ်ဆိတ်နေမိသည်။ စိန်ပန်းပြာ၊ စိန်ပန်းနီတွေ၊ ပျဉ်းမ၊ ကုက္ကိုတွေ၊ အော်ရေးရှားပင်တချို့ ရှိနေသည့် လမ်းထက်မှာ ညီနှင့်အတူ လမ်းလျှောက်နေရတာကိုပင် အိပ်မက်လို ထင်မိသည်။ ညီက မထင်မှတ်ဘဲ ရောက်လာခဲ့သည် မဟုတ်လား။ သူ ပြန်ရောက်သည့်နောက် နှစ်ပတ်အကြာမှာပင် ညီ ရောက်လာခဲ့တာ။ နည်းနည်းချူချာလာပြီ ဖြစ်သည့် သူ့ကားအဖြူလေးကို လဲပေးဖို့ ရောက်လာသည်ဟုပင် ထင်ခဲ့သည်။

"ညီ ဘာဖြစ်လို့ ရောက်လာတာလဲ သိလား"

"ကိုယ့်ကို ကား လာလဲပေးတာ မဟုတ်လား"

ညီက မီးခိုးသီးမတတ် ရယ်မောရင်း ...



"ဘယ်က ဟုတ်ရမှာလဲ"

ဟု ငြင်းသည်။

"ကား လဲပေးရုံ သက်သက်နဲ့တော့ ခင်လေး မွေးကာနီး ဖွားကာနီး ကျွန်တော် အရေးတကြီး ဘယ်လာပါ့မလဲ ကိုကိုရာ"

"ဒါဖြင့် ဘာကိစ္စလဲ"

"ဘွားဘွားက လွှတ်လိုက်တာ ..."

သည်လောက်ဆို အကြောင်းအရာကို သူ ခန့်မှန်းနိုင်ပြီ။

"ကိုကို ... မအူမလည် လုပ်ပြီး ပြန်သွားတာကို ဘွားဘွားက အစာမကျေ ဖြစ်နေတာ ...။ ခုတော့ ... မနီလာက ကိုကို့အကြောင်း ဘယ်လိုကြားလာလည်း မသိဘူး။ ကိုကို ... ဒီမှာ ကောင်မလေး တစ်ယောက်နဲ့ တွဲနေတယ် ... တဲ့။ အမှန်တကယ် ကြားတာ ဟုတ်ချင်မှ ဟုတ်မှာပေါ့။ သူ့ဘက်က ငြင်းဖို့အကြောင်း ပြတာလည်း ဖြစ်နိုင်တာပဲ ...။ အဲဒါ လူကြီးတွေက စီစဉ်တာကို သူ လက်မခံနိုင်ဘူးပေါ့ ကိုကိုရာ ...။ ရှင်းရှင်း ပြောရရင် ငြင်းတာပေါ့။ အဲဒါကို ဘွားဘွားက ... သူ့မြေးလို လူ့အဖိုးတန်လေး အသန့်စားလေးကို ငြင်းရပါ့မလားဆိုပြီး ဒေါသူပုန်ထ တော့တာပဲ ...။ အဲဒါနဲ့ပဲ မနီလာ ထက်သာတဲ့ မိန်းကလေးနဲ့ ပေးစားမယ်ဆိုပြီး ... ခု ... L.A မှာ ဆေးကောလိပ်တက်နေတဲ့ မမသဲနဲ့ လှမ်းချိတ်တော့တာပဲ ..."

သဲသဲဟု သူတို့ ညီအစ်ကို ခေါ်သည့် သဲနုအောင်

www.burmeseclassic.com

www.burmeseclassic.com



သည် ကိုကို ငယ်သူငယ်ချင်းလည်း ဖြစ်ပြီး တစ်လမ်းတည်း အတူနေ အိမ်နီးချင်းလည်း ဖြစ်ခဲ့သည်။ ကိုကိုတို့ ရှစ်တန်းနှစ် အရောက်မှာ သူတို့ တစ်မိသားစုလုံး အမေရိကားသို့ ပြောင်းရွှေ့ သွားခဲ့သည်။

"အဲဒါ ကိုကိုကို ဖွန်လဆန်းမှာ ရန်ကုန် အရောက်ပြန်ခဲ့ဖို့ ကျွန်တော့်ကို အကြောင်းစုံ ပြောပြပြီး ခေါ်ခိုင်းလိုက်တာဗျ"

စီးကရက်တိုကို ကဏ္ဍရာလမ်းပေါ် ချပြီး ဖိနပ်ဦးဖြင့် ထိုးချေလိုက်ရင်း ညီက ...

"ကိုကို မိန်းမ မရမချင်း ကျွန်တော်တော့ ငြိမ်ငြိမ် နေရမှာ မဟုတ်ဘူး"

ဟု ရယ်စရာလိုလို အတည့်လိုလိုဖြင့် ရေရွတ်ညည်းတွားနေလေသည်။

"ဒီတစ်ခါတော့ ဘွားဘွားက အတည့်မှပါက်ကြီးဗျ။ ကိုကို့ သဘောကို မေးပါဦးလို့ ညီက ပြောတော့ မေးစရာ မလိုဘူး ... တဲ့။ ဒင်းကို သူ့အမေက မွေးရုံမွေးခဲ့တာ ... တဲ့။ မှဲ့စွန်းမထင်အောင် ပြုစုပျိုးထောင်လာရက်နဲ့ တမင် သက်သက် သိက္ခာချခံရတာ ... တဲ့။ ကိုကို့ကို အိမ်ထောင် ပြုစေချင်တာထက် တစ်ဖက်က ငြင်းလိုက်တာကို ခံပြင်း နေတာ ..."

ရင်ထဲမှာ အမှုငွေ့တွေက ရန်းကြွ မွှေနှောက်ပြီး မုန်တိုင်းတစ်ခုလို ပြင်းထန်လာသည်။ နာကြည်းခံပြင်းရိပ်ဖြင့် စကားသံစူးစူးလေး အာရုံထဲမှာ ပြန်ကြားသည်။ ပြီးတော့ မျက်ရည်ဖြင့် စိုလက်တောက်ပြောင်နေသည့် မျက်ဝန်းတစ်စုံ ...။



[သတိလက်လွှတ် ဖြစ်သွားရုံလေးပါနော် ...။ ရည်းစားစကား ပြောဖို့တော့ ရည်ရွယ်ချက် မရှိဘူး မဟုတ်လား ကိုကိုရဲ့။ လက်ထပ်ခွင့်တောင်းဖို့ ဆိုတာတော့ ပိုဝေးသေးပေါ့]

မျက်ခွံတွေကို ယောင်ယမ်း မှိတ်ပစ်လိုက်သည်။ စိတ်အစဉ်က ဖမ်းဆုပ်မရ၊ လွင့်မျောလျက် အဲသည် အသံလေးကို ရှာဖွေမိ၏။ ရင်ထဲ လပ်ဟာခြင်းက ဆောက်တည်ရာမဲ့ ဖြစ်လောက် အောင်ပင် နှိပ်စက်ခဲ့လေသည်။

ဘာကို လိုအပ်တာလဲ ...။

ဂုဏ်သိက္ခာနဲ့ ... တည်တည်ဝါဝါ ရပ်နိုင်မည့် ဘဝ တစ်ခုလား ...

ဒါမှမဟုတ် ...

အချစ်လား ...။

"ကိုကို ... နက်ဖြန် သွားမယ် ညီ"

"ဗျာ"

ညီက ကြောင်အမ်းမင်သက်လျက် ခေါ်လှမ်းတုံ့သည်။

"ညီနဲ့ ရန်ကုန် ပြန်လိုက်မယ်ပေါ့"

"မဟုတ်ဘူး ...။ ယာဉ်တန်းကြီးနဲ့ ... ရွာသစ်ကို ..."

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ခက်ခဲပင်ပန်းလှသည့် ခရီးကြမ်းကို တစ်သက်မှာ ဗိုလ်မဆုံးအကြိမ် ကြုံရပေမယ့် မညည်းတွားခဲ့မိ။ စိန်ပန်းပြာတွေ မြင်ရသည့် ခရီးမှာ အတိုတ်ချိန် တိုတိုကလေးကို သတိရမြင်ယောင်ရင်း အလွမ်းနှင့် ကြည်နူးနှစ်သိမ့်ခြင်းတွေသာ ရှိသည်။ မနက်အစောကြီး ကားနှင့် ဆင်းသွားသည့် ညီက ...

"ကိုကို့ရဲ့ အပြောင်းအလဲကတော့ ညီ့အတွက် အံ့သြစရာအကောင်းဆုံးပဲ"

ဟု ပြောခဲ့သည်။

"ဒါပေမယ့် ကိုကို စိတ်မပူပါနဲ့။ ညီ ... အားလုံး ဖြေရှင်းလိုက်မယ်။ ရန်ကုန်က ပြဿနာတွေ ရှင်းသွားရင် ဖုန်းဆက်လိုက်မယ်။ ရန်ကုန်မှာ မင်္ဂလာဆွမ်းလေးတော့ လုပ်ရဦးမှာ မဟုတ်လား ..." တဲ့။

ကိုကို့ရဲ့ အချစ်ရဆုံး ညီလေး ...။

ကျေးဇူးတင်တယ် ... လို့တောင် မပြောဖြစ်ခဲ့ ...။ နားလည် ဖြည့်ဆည်းပေးနိုင်မှုအတွက်ရော၊ တစ်ချိန်က ညီရဲ့ အဖြူ အတွက်ရော ...။



"ရှင်တို့ ဘာဖြစ်လို့ ဒီလောက်တောင် ဆေးရုံကို ကြောက်ရတာလဲ။ ဆေးရုံလာရမှာများ ငရဲပြည် ဆင်းရမှာ ကျနေတာပဲ။ အထင်နဲ့ ရမ်းကုနေကြတာ။ လူနာကဖြင့် မြော့နေပြီ။ ငှက်ဖျားဆိုတာ ဆေးမြီးတိုနဲ့ ကုလို့ရတာ မဟုတ်ဘူး။ ခဏပဲပျောက်မယ် ...။ ပိုးက ဦးနှောက်ထဲအထိ ပျံ့သွားရင် သွားရော ..."

ဟော ...

သိပ်ကို သေချာတာပေါ့ ...။ အဲသည် အသံလေးပဲ။

နွမ်းနယ်နေသမျှတွေ ခဏလေးအတွင်းမှာ ပျောက်ကွယ်လွင့်စင်လျက် အိပ်ရေးဝပြီး အိပ်ရာက နိုးစ,လို လန်းဆန်းကြည်လင်လာခဲ့သည်။

"ဆရာဝန် မရှိလည်း နာ့စ်တွေ ရှိနေတာပဲ။ ပိုက်ဆံမရှိရင်လည်း အလကား ကြည့်ပေးမယ် ... အဲလောက် တောင်းတောင်းပန်ပန် ပြောနေရတာ ကျွန်မတို့အကျိုး တစ်ခုမှ မရှိဘူး။ စာအုပ်ကို ကျော်မထပ်နဲ့ နော် ...။ ပြောနေတာ မရဘူးလား ..."

www.burmeseclassic.com

www.burmeseclassic.com



အိုစီဒီ ထင်ပါရဲ့ ...။ ဆရာဝန်က ခွင့်ယူထားတာလား ...။ မရောက်သေးတာလား ...။ အခန်းအပြင်မှာ အစီအစားနှမ်းလျှော့ပျော့နှင့် အမျိုးသား၊ အမျိုးသမီး၊ ကလေးတွေတချို့ကို မြင်ရသည်။ ခန်းဆီးစလေးသာ ကန့်ထားသည့် အခန်းထဲ လှမ်းဝင်လိုက်တော့ မျက်နှာညိုညို မှန်မှိုင်းမှိုင်းနှင့် အပြင်ဘက်က လူနာတွေရဲ့ အကြည့်တွေ ကိုကိုထံ စုပြုံကျလာသည်။

"တစ်ယောက်ပြီးမှ တစ်ယောက် ဝင်ပါလို့ ပြောနေတာနော်"

တကယ့်ကို အော်ကြီးဟစ်ကျယ် ရယ်ချင်မိတော့သည်။

"ဆရာမ ... ကျွန်တော့် ဒဏ်ရာက အရေးကြီးနေလို့ပါ"

"ဟောတော် ..."

ရင်ဖုံးအင်္ကျီဖြူ ထဘီနီနှင့် သပ်ယပ်စွာ ထုံးဖွဲ့ထားသည် နောက်တွဲဆံထုံးနှင့် ကက်ပ်ဖြူဖြူလေး ဆောင်းထားသည့် ဆရာမလေးသည် ခေါင်းကို လှည့်နေအောင် နောက်ပြန်လှည့်ကြည့်လိုက်ရင်း မျက်လုံးအဝိုင်းသား၊ နှုတ်ခမ်းလေး ဟဟပွင့်လျက် သူ့ကို ကြောင်အမ်းစွာ အရုပ်တစ်ရုပ်လို စိုက်ကြည့်နေတော့သည်။

"အဖြူ"

ဟင်အင်း ...

မငိုနဲ့ ...

မျက်ဝန်းကြည်ကြည်လေးတစ်စုံ ချက်ချင်း စွတ်စိုလာသည်။



"ကိုကို ... အဖြူ့ဆီ လိုက်လာတာလား"

မျက်လွှာချရင်း ခပ်ဖြည်းဖြည်း ခေါင်းညိတ်ပြလိုက်တော့ ဖြူးမွဲမွဲ နှုတ်ခမ်းကလေးကို သွားဖြင့် ဖိကိုက်ထားရင်း မျက်ရည်လည်ချင်သည့် မျက်ဝန်းတွေကို မျက်တောင်ဖျားဖြင့် သိမ်းကွယ်ပစ်ဖို့ ကြိုးစားရင်း လူနာတွေရှေ့မှာ ရင်ထဲက ခံစားချက်တွေကို ထိန်းချုပ် ဟန်ဆောင်နေရသည့် ကောင်မလေးအဖြစ်က တကယ့်ကို သနားစရာ ...

ပြီးတော့ ... ချစ်စရာလည်း ကောင်းသေးရဲ့ ...။

သနပ်ခါး ဖွေးဖွေး နဖူးပြင်လေးကို ဖိကပ်နမ်းရှိုက်ချင်စိတ်တွေကို သိမ်းဆည်းမျိုချပစ်လိုက်ရင်း လူနာမှတ်တမ်းစာအုပ်တွေနှင့် သွေးပေါင်တိုင်းကရိယာ ရှိနေသည့် စားပွဲဆီ လျှောက်သွားလိုက်သည်။

"ဆရာ ... မရှိဘူးလား ...။ ကိုယ် ကြည့်ပေးမယ်လေ"

သူမက လက်ကလေး နှစ်ဖက်ကို ဆုပ်ယှက်လို့ ... ငြိမ်ငြိမ်ကလေး ရပ်နေရာကနေ မျက်တောင်တွေ တဖျပ်ဖျပ် ခါလိုက်ရင်း ...

"ကျေးဇူးတင်ပါတယ် ဆရာ"

တဲ့ ...။ လှိုက်ခါ အက်ကွဲနေသည့် အသံကလေးက နှလုံးအိမ် အနက်ရှိုင်းဆုံး တစ်နေရာဆီအထိ စီးမျော စိမ့်ဝင်သွားခဲ့ပြီး ... ချစ်ခြင်းနှင့် ရောယှက်လျက် ... သူ့ရင်ကို ကြည်နူးခြင်းတွေ ပြည့်သိပ်စေခဲ့တော့သည် ...။

www.burmeseclassic.com

www.burmeseclassic.com



(ဂျူး)

ကမာ၊ ပုဇွန်ပင်
5th August, 2001
SUNDAY.
11:52 AM.

www.burmeseclassic.com